
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

မျက်နက်ဝန်းရဲ့ မေတ္တာတံချူ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၀၉၀၆၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၄၉၀၆၀၆


၂၀၀၆ ခုနှစ် စက်တင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၇၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန်(၀၁၈၀၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃(က) မလိခလမ်း
မရမ်းကုန်းမြို့နယ် ရန်ကုန်

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်



www.burmeseclassic.com

# SU MYAT MON MON INTERVIEW

**အမေး** - ညီမလေး ဆုမြတ်မွန်မွန်ကို ...
အစ်မတို့သိချင်တဲ့ မေးခွန်းလေးတွေ မေးချင်လို့ပါ။

**အဖြေ** - မင်္ဂလာရှင်၊ မေးနိုင်ပါတယ်။

**အမေး** - အခုဆို နေရာတိုင်းမှာ ညီမလေးရဲ့စာအုပ်ကြော်ငြာတွေ ပလူပျံနေတာ တွေ့ရတယ်၊ စေတနာစာပေကထုတ်တဲ့ စာအုပ်တိုင်းမှာလည်း ညီမလေးရဲ့ကြော်ငြာတွေ မြင်... ရတဲ့ အတွက် ပရိသတ်က အရမ်းစိတ်ဝင်စားနေကြ... ဒီအကြောင်းလေးတွေကို နည်းနည်းပြောပြပါဦး။

**အဖြေ** - ဟုတ်ကဲ့.... ဒါတွေအားလုံးဟာ စေတနာစာပေက ထုတ်ဝေသူ ကိုကျော်လှိုင် ရဲ့ စိတ်ကူးတွေပါ၊ စေတနာ စာပေမှာ အသစ်မတင်ဖြစ်တာ ကြာပြီဖြစ်... အတွက် အစွမ်းကုန်ကြိုးစားပြီး တင်ဖို့လုပ်နေတာပဲ... လက်ကမ်း ကြော်ငြာတွေ၊ ပေါ်စတာတွေ၊ ဓာတ်ပုံတွေ... စုံနေတာပါပဲ။



**အမေး** - စာအုပ်ထုတ်ဖြစ်ပုံလေး ပြောပြပါဦး။

**အဖြေ** - စေတနာစာပေနှင့် စာအုပ်ထုတ်ဖြစ်သွားတာ မမမိုးသူ(စာရေးဆရာမ ပုဏ္ဏမီ)ရဲ့ ကျေးဇူးတွေ ကြောင့်လည်း ပါပါတယ်။ ကျွန်မက မမမိုးသူရဲ့ ... တစ်ယောက်ဖြစ်သည့်အပြင် မမနှင့်လည်း ခင်မင်... ပါတယ်၊ ဝတ္ထုတိုလေးတွေ ရေးနေရုံနဲ့ မတင်းတိမ်... ကျွန်မက ကျွန်မရဲ့ ဝါသနာကို မမကိုပြောပြတဲ့အ... မမက ကျွန်မရဲ့စာမူ တွေကို စေတနာစာပေက ... ပေးပါ၊ အဲဒီမှာ စေတနာစာပေက ကျွန်မရဲ့ စာမူ... ဖတ်ကြည့်ပြီး သဘောကျတာနဲ့ ထုတ်ဝေဖို့ကမ်း... တဲ့အတွက် ယခုလို စာအုပ်ထုတ်ဖြစ်တဲ့ အခြေ... အထိရောက်ခဲ့တာပါ။

**အမေး** - စေတနာစာပေလို ထိပ်တန်းစာပေတိုက်ကြီးတစ်တိုက်နဲ့ ညီမလေး ဆက်သွယ်မိတာ အနုပညာခရီးအစမှာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့နော်၊ စေတနာစာပေလို ထိပ်တန်းစာပေတိုက်ကြီး တစ်တိုက်နဲ့ ညီမလေးဆက်သွယ်မိတာ အနုပညာခရီးအစမှာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့နော်။

**အဖြေ** - ဟုတ်ကဲ့.... ကျွန်မရဲ့စာအုပ်တွေကို စေတနာစာပေက ထုတ်ဝေဖို့ ကမ်းလှမ်းတော့ ကိုယ့်နားကိုတောင် ကိုယ်မယုံချင်ဘူး၊ အိပ်မက်လားလို့တောင် ထင်မိတယ်၊ ဘာကြောင့်လဲဆိုတော့ အစ်မတို့သိတဲ့အတိုင်း စေတနာစာပေက စာပေလောကမှာ အင်အားအကြီးဆုံး စာရေးဆရာတွေစုနေတဲ့ စာပေတိုက်ကြီးလေ၊ ဒီလိုတိုက်မျိုး က ကျွန်မကို ကမ်းလှမ်းလာတယ်ဆိုတော့ ဝမ်းသာအားရ လက်ခံလိုက်မိပါတယ်။



**အမေး** - ညီမလေးရဲ့ အရင်က စာပေလှုပ်ရှားမှုလေး တွေကိုလည်း ပရိသတ်သိအောင် ပြောပြပါဦး။

**အဖြေ** - စာပေကို ကျွန်မအသည်းနှလုံးထဲက မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ၊ ငယ်စဉ်ကတည်းက ကဗျာလေးတွေရေးတယ်၊ နီးစပ်ရာ မဂ္ဂဇင်းတိုက် တွေကို စာမူတွေရေးပို့တယ်၊ အပျိုစင် Fashion Image မှာ ဝတ္ထုတိုလေး...ကွ ...ဖြစ်ခဲ့ တယ်။

SU MYAT MON MON INTERVIEW

www.burmeseclassic.com

# SU MYAT MON MON INTERVIEW

မေး - ညီမလေးစာအုပ်မထွက်မီကတည်းက
ကြော်ငြာ တွေကိုကြည့်ပြီး ပရိသတ်က
အရမ်းစိတ်ဝင်စားပြီး တစ်မေးတည်းမေးနေကြတယ်၊
စာအုပ်တွေ အများကြီး ရေးထားပြီးပြီလား။

ဖြေ - ဟုတ်ကဲ့....၊ ကျွန်မ (၁၀)အုပ်ကျော် ဇရေးသားထားပြီးပါပြီ။

မေး - ညီမလေး စာအုပ်ကြော်ငြာတွေမှာ
ဆရာမ မဟူရာ(လှိုင်ကော်)က ကူညီမွမ်းမံသည်လို့
ရေးထားတာ တွေ့ရပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့
နည်းနည်းပြောပြပါဦး။

ဖြေ - ဟုတ်ကဲ့....၊ ဆရာမ မဟူရာ(လှိုင်ကော်)က
စာပေလောကမှာ ကျွန်မထက် သမားရင့်၊
ဝါရင့်ပြီးသားလေ၊ ဆရာမက မေတ္တာနဲ့
ကျွန်မရဲ့စာတွေကို ဖတ်ပေးတယ်၊ ကူညီပြီးတော့
ပြုပြင်မွမ်းမံပေးတယ်၊ ဒီအတွက် ဆရာမကျေးဇူးကို
တစ်သက်မမေ့ပါဘူး၊ ကျွန်မက အတွေ့အကြုံ
နုနယ်သေးတဲ့အတွက် သမားရင့် ဝါရင့် ဆရာမရဲ့
ကူညီတည့်မတ်မှုက တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ၊
ဆရာမရဲ့ကျေးဇူးကို
ဒီကနေ ဦးခိုက်ပူဇော်လိုက်ပါတယ်။





အမေး - ပရိသတ်က ထူးထူးခြားခြား စိတ်ဝင်စားနေတဲ့
ညီမလေးကို ဒီပြင်စာပေတိုက်တွေက
ကမ်းလှမ်းတာရှိပါသလား။

အဖြေ - ဟုတ်ကဲ့ .....၊
ကျွန်မ ကိုယ့်ကိုယ်ကိုယ်တောင်
မယုံနိုင်အောင် အံ့သြမိပါတယ်၊
စာပေတိုက်ကြီး (၂)တိုက်က
ကျွန်မကိုစိတ်ဝင်စားလို့ လာပြီး
ကမ်းလှမ်းကြပါတယ်၊
ကျွန်မက မိခင်စာပေတိုက်နဲ့ပဲ လုပ်ဖို့
စိတ်ကူးရှိတဲ့အတွက်
သူတို့နဲ့ မဖြစ်နိုင်သေးပါဘူး။

အမေး - ညီမလေးရဲ့စာအုပ်တွေကို
ဦးဦးဖျားဖျား ဖတ်ရှုပြီးတဲ့သူတွေ
ရှိမှာပေါ့နော်၊ သူတို့ရဲ့မှတ်ချက်လေးတွေရှိရင်
သိချင်ပါတယ်၊

အဖြေ - စေတနာစာပေက ကျွန်မထက်ဝါရင့်တဲ့
အစ်ကို အစ်မတွေ ဝိုင်းဝန်းဖတ်ရှုပြီးတော့
ဝေဖန်ထောက်ပြပေးကြတယ်၊
ဆရာမင်းမြတ်သူရဆိုရင် ကျွန်မရဲ့ဝတ္ထုကိုဖတ်ပြီး
တကူးတက ဖုန်းဆက်ပြီး အားပေးတယ်၊
ကျွန်မမှာ ထူးခြားတဲ့ဟန်ပန်ရှိတယ်တဲ့၊
အားလုံးထက် တစ်ဘာသာကွဲထွက်နေတဲ့အတွက်
အောင်မြင်မှာ သေချာတယ်တဲ့၊
ဆရာမ ရှုင်မိုး(ဆေးတက္ကသိုလ်)ကလည်း
အသစ်တစ်ယောက်ဖြစ်ပေမဲ့
အံ့သြဖွယ်ကောင်းလောက်အောင်
ဆွဲဆောင်မှုရှိတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# SU MYAT MON MON INTERVIEW

အမေး – ညီမလေးကို စာအုပ်မထွက်မီကတည်းက ပရိသတ်စိတ်ဝင်စားနေတဲ့အတွက် ထူးခြားတဲ့စာရေးဆရာမတစ်ယောက်လို့ အသိအမှတ်ပြုပါတယ်၊ ညီမလေးရဲ့ပရိသတ်အတွက် တစ်ခုခုပြောပေးပါဦး။

အဖြေ – ဟုတ်ကဲ့၊ ကျွန်မက လူငယ်တစ်ယောက်ပါ၊ ဒါကြောင့် ကျွန်မ နှလုံးသားထဲက ထွက်လာတဲ့ စာတွေဟာ ဒီနေ့ခေတ်လူငယ်တွေကို ကိုယ်စားပြုမှာပါ၊
ကျွန်မရင်ထဲကခံစားမှုတွေကို မျှဝေကြည့်ပါ၊
ကျွန်မ ခံစားချက်နဲ့ သူတို့ခံစားချက်တွေ ထပ်တူညီကြမှာပါ၊
ကျွန်မနဲ့ နှလုံးသားချင်း နီးစပ်ကြမှာပါ၊
ကျွန်မ စာတွေကိုဖတ်ပြီး မျှော်လင့်ချက်အသစ်တွေ ရကြမှာပါ။

BURMESE CLASSIC .com



အမေး – ဒခ်မတိုသိချင်တဲ့ မေးခွန်းလေးတွေကို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ညီမလေး ဆုမြတ်မွန်မွန်ကို ကျေးဇူးတင်ပါတယ်၊ စာပေလောကမှာ ထာဝရ အောင်မြင်ပါစေလို့လည်း ဆုတောင်းလိုက်ပါတယ်။

အဖြေ – ဟုတ်ကဲ့.....၊ ပေးတဲ့ဆုနဲ့ပြည့်ပါစေရှင်။



www.burmeseclassic.com

www.burmeseclassic.com







မဟူရာ(လှိုင်ကော်)
ကူညီမွမ်းမံသည်

# ဆုမြတ်မွန်မွန်



## မျက်နှက်ဝန်းရဲ့
## မေတ္တာတံချူ



စီစဉ်သူ
မောင်ကျော်လှိုင်(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com









တီ ... တီ ... တီ ... တီ ... တီ ...

နာရီ Alum(အလမ်းမ်)မှ အဆက်မပြတ် ပေါ်လာသော အသံကြောင့် သားဇော် အိပ်ရာမှ နိုးခဲ့ပါသည်။ ချမ်းချမ်းစီးစီး အိပ်ကောင်းတုန်းအချိန်မှာ နိုးသွားရသဖြင့် စိတ်တိုကာ Alum (အလမ်းမ်)ကို ပြန်ပိတ်ပြီး အိပ်ပစ်ပြန်ပါသည်။ ငွမ်းပုံထဲကို ပိုမိုတိုးဝင်ပစ်ကာ ခန္ဓာကိုယ်ပါ ကျုံ့ပစ်ရင်း ကွေးကောင်းကောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကျွေး နေလေသည်။ သူ ကျွေးလို့ ပြန်လည်ခွေးစ၊ လူကလည်း မှေးမှေး ပြန်ဖြစ်ကာစမှာပင် သူ့ စောင်တစ်ခုလုံး ဆွဲခွာခြင်း ခံလိုက်ရပြန် လေသည်။ ဒီတစ်ခါတော့ လူက ဒေါသထွက်စပြုနေလေပြီ။

"အမယ်လေး ... မအေကိုများ သတ်တော့မှာလား၊ ထ, တော့ သားခော်၊ ငါးနာရီထိုးပြီလေ၊ ထတော့"

မမေက သူ့ စောင်ကို ဆွဲယူထောင်သိမ်းရင်း သူ့ကို လည်း ကလွှစ်လှုပ်နှင့် နှိုးနေပါသည်။ မေမေ့အသံကြားလျှင် သူ မထဘဲနှင့် မနေနိုင်တော့။ မေမေက ဝါးစပ်လည်း မြန်သလို၊ လက်လည်း မြန်ပါသည်။ ဆိုးဆိုးဆတ်ဆတ်ရှိကာ ခုချိန်ထိလည်း ခေါင်းခေါက်၊ ပိုက်ကျော့ဆွဲလိမ်တာမျိုးလည်း လုပ်တတ်တာမို့ မေမေ့ လက်တွေ ရောက်မလာခင် သူ အမြန်ထလာရပါသည်။

မေမေက Alum(အလမ်းမ်)မြည်တာတောင် မအေ နိုးမှ၊ မအေမပါဘဲ ဘယ်နေရာမှမရဘူး အစရှိသော ဘတွတ်တွတ် မြည်တွန်မှုတွေ ကို ဝါးစပ်မှလည်း အဆက်မပြတ် ပြောရင်း၊ လက်ကလည်း အိပ်ရာသိမ်း၊ စားပွဲရှင်းသည့် အလုပ်တွေကိုပါ လုပ်ရင်း ချမ်းချမ်းအေးအေး မနက်ခင်းမှာ ချမ်းပုံမပေါ်လှဘဲ နေလည်း နေတတ်လှပေသည်။





မေမေ့ကို ကြည့်လိုက်လျှင် ဘယ်တော့မှ မေမေ ထိုင်နေတာ သူ တစ်ခါမှ မမြင်ဖူးချေ။ ထိုင်နေသည်ဆိုလျှင်လည်း လက်ထဲမှာ တက်တင်းထိုးနေတာပဲဖြစ်ဖြစ်၊ ပန်းအိုးထိုးနေတာပဲ ဖြစ်ဖြစ်၊ ဒါတွေမလုပ်ဘဲ နေလျှင်တောင် ဦးဇောတိကာစာအုပ် ဖတ်နေတာပဲဖြစ်ဖြစ်၊ တစ်ခုခုကတော့ ပါနေတာပင်။ အအားနေ သည်ဆိုတာ မရှိလှပါ။ အမြဲတစေ ပေါ့ပါးဖျတ်လတ်ကာ သွက် လက်နေလေ့ရှိပါသည်။

"သားဇော် ... မြန်မြန်လုပ်ကွာ၊ မြတ်မြတ် စောင့်နေရရှိမ်းဦးမယ်"

စောင့်ပစေပေါ့ တကတဲ"

ဒီစကားကိုတော့ မေမေ မကြားအောင် တိတ်တိတ် လေးပြောခြင်း ဖြစ်ပါသည်။ ဒီလို ဒီဇင်ဘာ ချမ်းချမ်းစီးစီး အချိန်မှာ ဘယ်သူကများ အိပ်ရာက ထချင်ပါ့မလဲ။ နွေးနွေး ထွေးထွေး အိပ်ရာထဲမှာသာ ကွေးချင်တော့မပေါ့။ သို့သော်ငြား လည်း ကိုယ် အင်မတန် စိတ်အားထက်သန်ရတဲ့ ကိစ္စမျိုးဆိုလျှင် တော့ တစ်မျိုးပေါ့လေ။ ဒီကိစ္စကတော့ ဘယ်လိုမှ စိတ်အား မထက်သန်တဲ့ စိတ်မပါတဲ့ ကိစ္စမျိုးဝင်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ လုပ်ရပ်ကို အစိပ္ပာယ်သိပ်မရှိလှဘူးဟုလည်း သားဖော်က မြင်လေသည်။ အကြောင်းရင်းမှာ မေမေတို့၏ မိတ်ဆွေရဲ့သမီးကို သွားကြို ရမည့်ကိစ္စပင် ဖြစ်ပါသည်။ သွားကြို ရမှာကလည်း အိပ်ရာထ အဆင်မပြေသည့် ရှစ်နာရီ၊ ကိုးနာရီ အချိန်မျိုးလည်း မဟုတ်။ နေရာကလည်း ကားဂိတ်၊ ဘူတာကြီး၊ လေဆိပ်တို့မှာလည်း မဟုတ်ချေ။ ကားပြသည့် ဘိုးဘိုးကြီး နတ်နန်းမှာ ဖြစ်ပါသည်။

မန္တလေးမှလာမည့် အနှီမိန်းကလေးသည် ညလုံးပေါက် ကားမောင်းလာမည်ဖြစ်ပြီး ရန်ကုန်အဝင်ကိုတော့ ဝင်တတ်မည် မဟုတ်တော့ပါ။ ဒါကြောင့် အဲဒီနေရာမှာ အချိန်းအချက် လုပ်ကာ သဘောအားဖြင့် သားဖော်သည် လမ်းပြမည်သူ လုပ်ရမည်သာ ဖြစ်ပါသည်။ ဒီလို မသေချာသော၊ မသဲကွဲသော အလုပ်ကို မလုပ်ချင်သည့် သားဖော်က အိမ်ကဒရိုင်ဘာကို ကြိုခိုင်းဖို့ ရွှတ်ပြောသော်ငြားလည်း မေမေက လက်မခံပါ။

"အဖေးကြီးက လာရတဲ့ မိန်းကလေး သားရယ်။ ပြီးတော့ ဆွေဆွေတို့နဲ့ မေမေက အရမ်းရင်းနှီးကြတာ၊ သူတို့ သမီးကို ဒရိုင်ဘာနဲ့ အကြိုလွှတ်တာ ဘယ်ကောင်းပါ့မလဲ၊ သား အားတဲ့အချိန်လည်း ဖြစ်နေတာပဲ၊ သားပဲ သွားကြို





လိုက်ပါကွယ်။ သူတို့ကတော့ မကြိုခိုင်းပါဘူး။ ဒါပေမဲ့ မြတ်မြတ်က လမ်းတွေ မသိတော့ အခက်အခဲ ဖြစ်နေမှာပေါ့၊ ခုလာတာ ခဏတဖြုတ်လည်း မဟုတ်ဘူး၊ ကိုယ်နဲ့အလုပ်ဟွဲလုပ်ဖို့လာတာ၊ မေမေတို့ မန္တလေးသွားရင်လည်း အားနာရလောက်အောင် ဧည့်ဝတ်ကျေပွန်ကြတာ၊ သား သွားကြိုလိုက်ပါကွယ်"

တကယ်လည်း သားဖော်တို့ အထက်မြန်မာပြည် ဘုရားဖူးခရီးထွက်စဉ်က အန်တီဆွေနှင့် အန်ကယ်မြလွင်တို့မှာ အားနာစရာကောင်းလောက်အောင်ကို ဧည့်ဝတ်ကျေပွန်ခဲ့ကြပါ သည်။

ယဉ်ကျေးချိုသာကာ သဘောသကာယကောင်းလွန်းလှသော မန္တလေးသား မန္တလေးသူတွေ ပီသစွာ သူတို့က အလွန်အမင်း အားနာရလောက်အောင်ကို ဧည့်ဝတ်ကျေပွန်ခဲ့သည်မှာ ယခုထိပင် မမေ့မရနိုင်သေးချေ။

အဲဒီတုန်းက သူတို့ရဲ့ တစ်ဦးတည်းသော သမီး မြတ်မြတ်ဖော်ကို တစ်ခါသာ တွေ့လိုက်ရပါ သည်။ စစ်ကိုင်းမှာ သွားနေသဖြင့် စစ်ကိုင်းမှာသာ တွေ့ခဲ့ဖူးခြင်းဖြစ်၍ မှတ်မှတ် ထင်ထင်လည်း သိပ်မရှိလှပါ။ အခုတော့ ထိုမြတ်မြတ်ဖော်လေး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရွှေမြို့တော်ကြီးကို လှမ်းချီလာခဲ့လေပြီ ဖြစ်သဖြင့် ရန်ကုန်သား ဝိသစ္စ၁ သူကလည်း တာဝန်ကျေရပါဦးမည်။

ပြီးတော့ သူမက ခဏတဖြုတ် အလည်အပတ်သဘော လာတာမဟုတ်ဘဲ ကိုယ်နှင့် အလုပ်တွဲလုပ်ဖို့ လာတာဖြစ်လေရာ ရေရှည်ပတ်သက်ရမည့်သူများ ဖြစ်တာရောကြောင့် သားဖော်က အင်တင်တင်နှင့် လက်ခံလိုက်ရခြင်း ဖြစ်ပါသည်။ ငြင်းမရတာလည်း ပါတာပေါ့လေ။

သားဖော်က မျက်နှာသစ်ပြီးတာနှင့် အဝတ်အစားလဲပြီး အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာခဲ့ပါသည်။ ညြေ နှင်းထဲအရောက်မှာ မေမေက မိုင်လိုခွက်ကို ကမ်းပေးရင်း ...

"နွေးနွေးလေးပဲ သား၊ သောက်သွားဦး၊ သားက ဓာရောက်လည်း စောင့်နေနော်၊ သူတို့ရောက်လည်း စောင့်နေလိမ့်မယ်၊ ဆုံမဲ့နေရာက အဲဒီမှာပဲ"

သူက မေမေ့ လက်ထဲမှ မိုင်လိုခွက်ကို ယူကာ တစ်ကျိုက် မော့လိုက်ရင်း ...

"အဲဒီ အမျိုးသမီးကလည်း လေယာဉ်နဲ့ လာလည်းပြီးရော၊ ဒါမှမဟုတ် ရထားနဲ့ အေးအေးလာပေါ့၊ ပင်ပန်းအောင်"





"ဪ ... ဒီကျတော့ သူသုံးဖို့ ကားက လိုဦးမှာလေ သားရဲ့၊ မြတ်မြတ်က ဒီမှာနေရမဲ့ဟာ၊ ဒါကြောင့် သူစီးနေကျ ကားကို ယူလာတဲ့သဘောပါ"

"ဟွန်း ... သူက လမ်းကြောတွေ သိတာဆိုတော့"

သားဖော်က မကျေမနပ်ပြောရင်း ကုန်သွားသောခွက်ကို မေမေ့ လက်ထဲ ထည့်ပေးလိုက်ရင်း၊ ကားသော့ကို ဖြုတ်ကာ ထွက်လာခဲ့ပါသည်။ မြတ်မြတ်ဖော်ရဲ့ မိဘတွေက သဘောကောင်းသလောက် အဲဒီမြတ်မြတ်ဖော်ဟာ ရှုတင်တင် မျက်နှာပေးနှင့် ဘယ်လိုမှန်းလဲ မသိပါ။ သူနှင့်လည်း ခင်သည်မှာ ပြော၍မရပေ။ သူတို့ မိသားစု မန္တလေး ရောက်တုန်းက သူမအိမ်မှာ မရှိပါ။

စစ်ကိုင်းဘုရား သွားဖူးတော့မှ စစ်ကိုင်းအိမ်မှာ တွေ့ရပါသည်။ ဖေဖေနှင့် မေမေတို့ကို ချိုသာဖော်ရွေစွာ နှုတ်ဆက်လျက် သူ့ကိုတော့ ဝတ္တရားကျေရုံမျှသာ နှုတ်ဆက်ပါသည်။ သနပ်ခါးတွေ ထူပြိန်းနေအောင် လိမ်းထားလျက် ရှုတည်တည် မျက်နှာပေးနှင့် သူမသည် ခင်စရာလည်း မကောင်းလှ၊ မိန်းကလေးတွေကို ကူညီခင်မင်တတ်သော သူပင်လျှင် ခင်မင်စိတ် မရှိဘူးဆိုလျှင် သူမရဲ့ မျက်နှာပေးကို သိနိုင်ပါသည်။

www.burmeseclassic.com



သားဇော်က ကားကို အေးအေးဆေးဆေးဝင်မောင်းထွက်လာခဲ့ပါသည်။ ငါးနာရီကျော်ခန့်မို့ မှောင်ကောင်းတုန်းပင်။ ကားအသွားအလာ ရှင်းလင်းကျဲပါးလျက် ဒီဇင်ဘာဦးမို့ ကျန်းမာရေး လိုက်စားသူများလည်း တွေ့ရပါသည်။ သားဇော်ကတော့ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့တွေ ဘာတွေ ဝါသနာလည်း မပါလှပါ။ ကိုယ် စိတ်ပါသလောက် ရုပ်ရှင်ကြည့်၊ Internet (အင်တာနက်) မွှေပြီး အိပ်ချင်သည့်အချိန်အိပ်ကာ ဒီလိုဒီဇင်ဘာမျိုးမှာ ဆိုရင်လည်း မနက်စောစောစီးစီး ကွေးလို့ကောင်းသည့် အရသာကို နှစ်ခြိုက်မဆုံးပေ။

ခုတော့ ဟိုမိန်းမကြောင့် ဒီမိလည်း ပျက်ရချေပြီ။ အမှုမျိုး ဒီတွေးနှင့် သားဇော်က ကားကို လမ်းရှင်းနေသဖြင့် အရှိန်တင် မောင်းလာခဲ့ပါသည်။ ဘိုးဘိုးကြီးနတ်နန်း အနားသို့ ရောက်ခါနီးမှာတော့ အရှိန်လျှော့ကာ မောင်းပါသည်။ ဒီမိန်းမကလည်း ဘာအကြောင်းနဲ့များ ဒီနေရာကို ရွေးတာပါလိမ့်။ အတော်လည်း ပေါက်ပေါက်ရှာရှာ တွေးတတ်သည့် မိန်းမဟု မှတ်ချက်ချမိပါသည်။

အင်း ... ပြောပြထားတဲ့ ကားကိုတော့ ခပ်လှမ်းလှမ်းမှာ တွေ့နေရပေပြီ။ ကားက တူခိုး နောက်ခန်းပါသောသော





နောက်ဖွင့် Hilux Surf ဖြစ်ပါသည်။ ကားကို သဘောကျသွားပါသည်။ ကိုယ်ကတော့ ဘယ်သွားသွား ပွဲလည်ဆန့်သည့် မက်ခ်စုရုမို့ တစ်ခါတစ်ရံ ဒီလို ခပ်မိုက်မိုက် ကားတွေကိုလည်း သဘောတော့ ကျမိသားပင်။

သားဇော်က ရန်ကုန်ဘက်ကို လမ်းပြန်ယူပြီး ထိုကားနှင့် ဘေးချင်းမကျတကျမှာ ရပ်၍ ကားပေါ်က ဆင်းလာခဲ့ပြီး ထိုကားဆီသို့ လျှောက်လာခဲ့ပါသည်။ မီးရောင်တွေကြောင့် သဲသဲကွဲကွဲတော့ မြင်ရသားပင်။

ကားက တံခါးတွေ ပိတ်ထား တာမို့ သားဇော်က တံခါးကို အသာခေါက်လိုက်ပါသည်။ ဘယ်ဘက်ကို ခေါက်လိုက်တာမို့ တံခါးချပ်က ဖျတ်ခနဲပွင့်ကာ လူတစ်ယောက် ဆင်းလာလေသည်။

ရုတ်တရက်မို့ လန့်ချင်သလိုတောင် ဖြစ်သွားရတာမို့ အသံမထွက်သည့် ကိုယ့်ပါးစပ်ကိုပင် ကျေးဇူးတင်ရပါမည်။ ဆင်းလာသောသူမှာ အသက်သုံးဆယ်အရွယ်ရှိ ညိုညိုတုတ်တုတ် ခိုင်ခိုင် မိန်းမတစ်ဦးဖြစ်ကာ မျက်နှာကလည်း တစ်လောကလုံးကို သူ လုပ်ကျွေးထားရသည့်အလား ရှစ်ခေါက်ချိုး ဒီမိုင်းနှင့်ပင်။ မျက်နှာမှာလည်း ဘယ်အချိန်ကတည်းက ထလိမ်းထားသည့်နှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိရသော သနပ်ခါးဘဲကျား အဖွေးသားနှင့်။ ထိုမိန်းမအာနိုးသည် သားဇော်ကို ရှုတည်တည်ကြည့်လျက် ...

"သားဇော်လို့ ဆိုတာလား"

"ဟုတ်ပါတယ်၊ ဒါ မြတ်မြတ်ဇော်တို့ကား ဟုတ်တယ်မလား"

"ဟုတ်တယ်"

အဲဒီအချိန်မှာပင် တစ်ဖက်က တံခါးတစ်ချပ်လည်း ပွင့်လာကာ ကျေးရှူးရှင် ဖြစ်သော မြတ်မြတ်ဇော်လည်း ဆင်းလာပါသည်။

အမယ်လေး ... သူသည်လည်း သနပ်ခါးအဖွေးသားနှင့် ပါပဲလား။ မန္တလေးသူတွေ သနပ်ခါး ကြိုက်တတ်ကြောင်း ကြားဖူးသော်လည်း ဒီလိုအချိန်ကာလမရွေး မျက်နှာဝေါ် ဒေါ်သီစက်ရုံတည်ထားသည့် မိန်းကလေးမျိုးကိုတော့ မတွေ့ဖူး သေးပါချေ။

မိန်းမနှစ်ယောက်စလုံးမှာ ဆင်တူမျက်နှာပေးတွေနှင့် ဖြစ်လေသည်။ အစကတော့ မေမေ့ထံမှ မြတ်မြတ်ဇော်နှင့်သူ့ မိန်းမဖော်တို့ နှစ်ဦးသား ရန်ကုန်ဆင်းလာကြမည် ဆိုသောအခါ သူပင် အနည်းငယ် အံ့ဩခဲ့ရပါသည်။





အခုတော့ ထူး၍ မအံ့ဩတော့ပါ။ မြတ်မြတ်ဇော်၏မိန်းမဖော်မှာ ယောကျ်ားနှစ်ယောက်လောက်တော့ အသာလေး ကိုင်ပေါက်နိုင်စွမ်းရှိကြောင်းကို သူ ခန့်မှန်း၍ ရခဲ့ချေပြီ။

ပုံစံက ခေါင်ကျကျ ပြားကျကျ လာခဲ့ဟူသော ပုံမျိုးဖြစ်ကာ ဘာကိုမှ သိပ်ဂရုမစိုက်၊ မမှုတတ်သော ပုံတွေဖြစ်လျက် အရယ်အပြုံးလည်း မရှိ။ ခံစားချက်လည်း ကင်းမဲ့သော မျက်နှာထားများနှင့် ဤမိန်းမနှစ်ယောက်သည် စက်ရုပ်တွေနှင့် ပိုတူလေသည်။ အတိအကျ ပြောရလျှင် သနပ်ခါးလိမ်းတတ်သော စက်ရုပ်များဖြစ်ပြီး သနပ်ခါးလိမ်းတတ်တာ တစ်ခုပဲ မိန်းမဆန်ပုံရလျက် ကျန်တာတွေက ယောကျ်ားဆန်ဆန်တွေ ဖြစ်လေသည်။

"ရောက်နေတာ ကြာပြီလား"

"ဆယ့်ငါးမိနစ်လောက်တော့ ရှိပါပြီ၊ ကဲ ... သွားကြရအောင်"

"ဟုတ်ကဲ့ သွားတာပေါ့"

သားဇော်က ကိုယ့်ကားဆီကိုပင် ပြန်လာတာ ရှေ့မှ အသာမောင်းထွက်လာခဲ့ပါသည်။ ဘယ်လိုမိန်းမတွေမှန်းလဲ မသိချေ။ ဘယ်သူနှင့်ဖြစ်ဖြစ် ပဋိသန္ဓာရစကား ဆိုတတ်သော အဖွဲ့ကျတတ်သော သားဇော်ပင်လျှင် သူတို့နှင့် တွေ့ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ မပြောနိုင်လောက်အောင် ဆွံ့အတာတော့ တစ်မျိုး ထူးဆန်းလေသည်။ သူ့ဘေးက အထိန်းတော်ကတော့ တကယ် လန့်ဖျားမျက်နှာထား ဖြစ်ပါသည်။

ဟင်... ဒီလူတွေနှင့် ရေရှည်ဆက်ဆံရလျှင် သားဓော် လုလည်း သူတို့လိုပင် စက်ရုပ် ဖြစ်သွားနိုင်လောက်လေသည်။ ညလုံးပေါက် ခရီးဆေးမောင်းနှင်လာတာကိုပင် အိပ်ရေးပျက်ဟန် နွမ်းနယ်ဟန် မရှိသော မိန်းမတွေကို ချီးလည်း ချီးကျူးမိသလို ဖြုလည်း ဖြုရလေသည်။

အစက သူမနှင့် အလုပ်တွဲလုပ်ရာမှာ အလုပ်မတွင် လောက်ဟု ထင်ထား သမျှ အခုတော့ သူတို့က ကိုယ့်ထက်ပင် ဝိရိယရှိကာ အပင်ပန်းခံနိုင်မည့်ပုံ ပေါက်နေသဖြင့် သားဓော်လှက နောက်ကြည့်မှန်ထဲမှနေ၍ သူမရဲ့ကားကို တစ်ချက်ကြည့်ကာ အသာပြုံးရင်း ပခုံးတွန့်မိပါသည်။ မြတ်မြတ်ဓော် ဆိုသော မိန်းမ သည် စတွေ့ကတည်းက သူ့အတွက် ထူးခြားမှုတွေကို ပေးခဲ့သော မိန်းမ ဖြစ်လေသည်။

အိမ်ရောက်သောအခါ မေမေရောမေမေကပါ ဝမ်း သာ အယ်လဲဆီးကြိုကြပါသည်။ သားဓော်ကတော့ သူတို့အလွမ်း သင့်နေတုန်း ကိုယ့်အိပ်ခန်းဆီကို အသာလစ်လာခဲ့လေသည်။





ကျန်တာတွေ သူ စိတ်မဝင်စားတော့။ သူ့စိတ်ထဲမှာ မြတ်မြတ်ဓော်နှင့် သူမရဲ့ ကိုယ်ရံတော် မိန်းမအားနိုးတို့သည် မိန်းမမဆန်သော မိန်းမများအဖြစ် သတ်မှတ်ရုံကလွဲ၍ ဒီထက်လည်း စိတ်မဝင်စားတော့ပါ။ ကိုယ်နှင့် အလုပ်တွဲလုပ်မည့် မိန်းကလေး က အဲလို ဖြစ်နေသည့်အတွက် တစ်မျိုးတော့ ကျေနပ်ရတာပင်။

တစ်အချက် ဘီးတော်၊ မှန်တော်ရေးနှင့် ပဲမများသည့် အတွက် စိတ်ချမ်းသာရမည် ဖြစ်သလို မိန်းမချောတွေနှင့် အီတတ် သော သူ့အတွက်လည်း လာဘ်မပိတ်စေတော့။ သနပ်ခါးအမွှေး သား ခပ်ရိုးရိုး ဝတ်ဆင်မှုနှင့် အပြုံးအရယ် မရှိ ခံစားချက်ကင်းမဲ့ သော စက်ရုပ်ဆန်ဆန် မိန်းမသားနှင့် ဘယ်သူမှလဲ အူတိုမှာ မဟုတ်တော့ချေ။ သားဓော်မှာ သူငယ်ချင်းမက ရည်းစားမကျတွေ အများသားမို့ ဒီလို အလုပ်လက်တွဲလုပ်မည့် မိန်းမတစ်ယောက် သည် ချောမောလှပနေပါက ကိုယ့်ခွင်တွေ ပျက်သွားနိုင်သည် လေ။

အခုတော့ ဒါတွေလည်း စိုးရိမ်စရာ မလိုတော့။ ဒါတွေ မလိုအပ်သည့်အပြင် ယောကျ်ားလေးမို့ ကိုယ်က အပင်ပန်း ခံရကိန်းလည်း မမြင်လှဘဲ သူကသာ ဒိုင်ခံကျုံးလုပ်မည့်သဘော မြင်တာမို့ သားဓော်သည် သူမရဲ့ ရှုတည်တည် မျက်နှာပေးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်မမှုတော့ဘဲ စိတ်ထဲမှ ဇွေကာ လောလောဆယ်တော့ စွမ်းပုံထဲ ပြန်ရောက်လျက် မိုးလင်းမှ ပို၍ ချမ်းစိမ့်လာသော အရသာကို နွေးထွေးမှုနှင့် ဖြေဖျောက်ကာ ပြန်လည်အိပ်ပျော်သွားခဲ့လေသည်။





"ကျွန်တော် လုပ်ငန်းအကျဉ်းသဘော ပြောပြရရင် ရုံးက ကမ်းနားလမ်းမှာ ရှိတယ်၊ စက်ရုံကတော့ လှိုင်သာယာမှာပေါ့၊ ရုံးမှာ ထုတ်လုပ်ရေးနဲ့ စီမံခန့်ခွဲရေး နှစ်ပိုင်းရှိတယ်၊ ခင်ဗျား မရောက်ခင်ကတော့ ဒါတွေ ကျွန်တော် တာဝန်ယူရတာပေါ့။ အခု ခင်ဗျား ရောက်လာပြီဆိုတော့ တစ်ယောက်တစ်ခုစီ ယူကြမယ်၊ သဘောတူလား"



www.burmeseclassic.com

www.burmeseclassic.com



"မတူဘူး"

"ဘယ်လို"

သူမရဲ့ စကားက တိုပြတ်ပြတ်နှင့် တစ်ခွန်းတည်း သားဇော်က ပြန်မေးမိပါသည်။ တကယ်တော့ သားဇော် လုပ်ကိုင်နေသည့် အထည်ချုပ်စက်ရုံသည် သားဇော်၏ မိဘများနှင့် မြတ်မြတ်ဇော်တို့ မိဘများ အချိုးတူပါဝင်စုပေါင်းကာ ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း အန်ကယ်မြလွင်တို့က မန္တလေးမှာနေကာ တခြားစီးပွားရေးတွေလည်း ပိုင်ဆိုင်ထားတာမို့ ဒီလုပ်ငန်းမှာ ငွေအားသာ ပါလျက် လူအားပါမလာပါ။ ဒီလုပ်ငန်း တည်ထောင်တာ တစ်နှစ်ကျော် ကြာလာမှ လူအားအဖြစ် သူတို့ရဲ့ သမီးဖြစ်သူ မြတ်မြတ်ဇော်ကို တစ်ဖက်တစ်လမ်းက ကူညီဖို့ စေလွှတ်လိုက်တာပင်။

အရင်တုန်းကတော့ စက်ရုံရော ရုံးမှာပါ သားဇော်က အကြီးအကဲ ဖြစ်လျက် အုပ်ချုပ်ခဲ့ရသော်ငြား ဒီလုပ်ငန်းကြီးရဲ့ ရှယ်ယာတစ်ဝက်တိတိပါသော လူတစ်ယောက် ရောက်လာသော အခါမှာ သူ့ကိုလည်း အရေးပါသော အုပ်ချုပ်မှုတစ်ခုခု လွှဲပေးရမည်ဖြစ်ရာ သမားရိုးကျသော ဤနည်းကို သဘောမတူဘူး ဆိုလာသဖြင့် အနည်းငယ်တော့ အံ့ဩမိသားပင်။ သားဇော်က မြတ်မြတ်ဇော်ရဲ့ မျက်နှာကို သေချာကြည့်လျက် ...





"ဘာဖြစ်လို့ မတူရတာလဲ၊ ဘာအကြောင်းရှိလို့လဲ"

"သေချာပြောရင်တော့ အကြောင်းရင်းက နှစ်ချက်ရှိတယ်။ တစ်ချက်ကတော့ ကျွန်မက ခုမှ ဒီလုပ်ငန်းကို စဝင်မှာ၊ ဒီတော့ ထုတ်လုပ်ရေးပိုင်း ကိုင်တာတွေလည်း နားမလည် သလို၊ စီမံခန့်ခွဲရေးလည်း နားမလည်ဘူး"

"ဒါက ကျွန်တော် ပြပေးမှာပေါ့၊ ပြပေးမယ်လေ၊ နောက်တော့ နားလည်လာမှာပေါ့"

"နှစ်အချက် ကျန်သေးတယ်၊ အဲဒါကတော့ ကျွန်မ ဒီမြင် အလုပ်တစ်ခု လုပ်စရာရှိသေးတဲ့အတွက် အချိန်ဖဲ့ပေးရဦးမယ်၊ အဲဒါကြောင့် သဘောမတူတာ"

"ဟင် ... ဘာဆိုင်လဲ၊ အလုပ်က နှစ်ခု ရှိတာ၊ တစ်ခုဆီ ယူလိုက်ပြီးတာပဲ၊ ခင်ဗျား နောက်အလုပ် လုပ်ချင်လည်း ခင်ဗျား အဆင်ပြေအောင် ညှိပေါ့"

"ဟင့်အင်း ... အဲဒါကို ကျွန်မ သဘောမတူဘူး၊ တာဝန် ခွဲမယူချင်ဘူး"

သူမက ခေါင်းကို အသာယမ်းရင်း အေးအေး ဆေးဆေးပင် ပြောလေသည်။ သားဇော်ကတော့ မြတ်မြတ်ကို နားမလည်သလို ကြည့်လျက် ကိုယ့်ကို အတိုက်အခံ လုပ်တာလားဟု



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိ၍ သူ့ မျက်နှာကို အကဲခတ်တော့လည်း ဘာမှ အတိုက်အခံပုံစံလည်း မရှိ။ သူမဘာသာ အေးအေးဆေးဆေး မျက်နှာလေးနှင့် သူ့ကို ကြည့်နေလေသည်။ သူက ခေါင်းကို တစ်ချက်ယမ်းလိုက်ရင်း ...

"မဟုတ်သေးပါဘူး၊ လုပ်ငန်းသဘောကို ကျွန်တော် သေချာရှင်းပြပေးမယ်လေ၊ တာဝန်ကြီးနှစ်ခု ရှိတဲ့ဟာကို ကျွန်တော် အရင်ဆုံး ပြောပြမယ်၊ အဲဒါကိုမှ ထပ်ပြီး ကျွန်တော် အသေးစိတ် ရှင်းပြမယ်၊ ခိုက်ပြမယ်၊ ခင်ဗျား နားလည်သဘောပေါက်လာတဲ့အထိပေါ့၊ အဲဒီခါကျမှ ခင်ဗျားက တာဝန်ယူလိုက်ပေါ့၊ ဒါဆို တစ်ယောက် တစ်ခုဆိုဆိုတော့ သက်သာမယ်၊ ပွဲတွဲကြီး လုပ်နေရတာထက်စာရင်လေ၊ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ နှစ်ယောက်မျှလုပ်တော့ ပိုမကောင်းဘူးလား၊ တစ်ခုခုဆို ပိုအတိုင်ပင်ရတော့ ပိုကောင်းဘူးလား၊ ပြီးတော့ ရှင်က Service ပိုရင့်တဲ့သူပဲ၊ ကျွန်မကတော့ နှစ်ယောက်တွဲလုပ်တာ ပိုကောင်းတယ် ထင်တယ်၊ အိုပိုကိုကောင်းတာ၊ ကျွန်မ သီးသန့်တာဝန်မယူဘူး"

"ဟင် ... ဒါက ခင်ဗျား ကပ်နေတာပဲ"





"ဘာကပ်တာလဲ၊ ကျွန်မ ရောက်မလာခင်တုန်းကတော့ ရှင်တစ်ယောက်တည်း လုပ်နေရတာပဲ၊ ခု ကျွန်မက ရှင့်ကို ကူညီဖို့ ရောက်လာတဲ့ သဘောပဲ၊ ရှင့်တာဝန်တွေ ပေါ့တောင်သွားဦးမဲ့ဟာ၊ ရှင်ကသာ ကပ်နေတာပါ"

"ကျွတ် ... ခင်ဗျားက နားကိုမလည်နိုင်ဘူးပဲ"

သူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းယမ်းပစ်လိုက်လေသည်။ သူမကို ဒီလို ပြောရဆိုရ ခက်လိမ့်မည်ဟု သူ မထင်ထားသမျှ တက်တက်စင်အောင် လွဲလေသည်။ လူကြည့်လျှင် နူးညံ့မှုမရှိ၊ ခံစားချက်မရှိသော မျက်နှာလေးအေးအေးနှင့် တကယ်တကယ့်ကျလျှင်တော့ အင်မတန် လက်ပေါက်ကပ်မည့်သူပင်။

သူ့တာဝန်သူယူ၊ ကိုယ့်တာဝန်ကိုယ်ယူ အေးအေးဆေးဆေး နေရရဲ့သားနဲ့ ပူးတွဲကြီး လုပ်ရတော့မှာမို့ သဘောမှာ ပြောမရ ဆိုမရသော အနှီမိန်းမကို စတွေ့တာနှင့် ဆလံသချင်နေပေပြီ။

သူမကတော့ ခပ်အေးအေးပင် လက်ပိုက်လျက် သူ့ကို မြိုးတေ့တေ့ ကြည့်ကာ ...

"ရှင်ကသာ Understand (အန်ဒါစတန်း) မဖြစ်တာပါ။ ကျွန်မပြောနေတာ နည်းကျနေတာပဲကို၊ ဒီလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၊ ကျွန်မက တစ်ရှိထစ်လျှော့ပေးပါ့မယ်၊ နဂိုအတိုင်းပဲ ရှင် အုပ်ချုပ်ပါ၊ ကျွန်မက ရှင့်ရဲ့ တစ်ဆင့်ပေါ့။ ရှင်ခိုင်းတာ ကျွန်မလုပ်ပါ့မယ်။ ဘယ်လိုလဲ”

အဲဒီလိုကျတော့လည်း ဖြစ်မှာ မဟုတ်ချေ။ ငွေညီတူညီမျှလည်း ပါသေး၊ ဖေဖေတို့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေလည်း ဖြစ်သေးတဲ့အပြင်၊ ကိုယ့်ဖက်ကလည်း လေးစားရသော လူကြီးသူမတွေရဲ့ သမီးကို ကိုယ့်လက်အောက်ငယ်သားနေရာမှာ ထားလို့လည်း မဖြစ်တာမို့ သူမရဲ့ သဘောအတိုင်းသာ ပူးတွဲချုပ်ပိုင်ယူရတော့မှာပင်။

သားဇော်က ကိုယ့်ကို ပြုံးစိုက် ကြည့်နေသော မြတ်မြတ်ဇော်ရဲ့ မျက်လုံးတွေကို ရုတ်တရက် တွေ့လိုက်ရလျှင် တစ်မျိုးဖြစ်သွားပြီးမှ ...

“တော်ပါပြီဗျာ၊ ခင်ဗျား ပြောတဲ့ သဘောအတိုင်းပဲပေါ့၊ တစ်ခုတော့ရှိတယ်၊ ဒီလို ပူးတွဲအုပ်ချုပ်နေရတဲ့အခါ ဆုံးဖြတ်ချက်ချရမဲ့ အပိုင်းတွေ ရှိလာရင် သဘောထားကွဲလွဲမှာ စိုးလို့ ကျွန်တော်က ပြောတာပါ၊ သူ့အပိုင်း ကိုယ့်အပိုင်း ခွဲထားတော့ ဒါမျိုးတွေလည်း မရှိတော့ဘူးပေါ့၊ အဲဒါကြောင့်ပါ”





သူ့စကားကို သူမက အရေးမကြီးသည့်အလားပြုံးရင်း ...

“ကျွန်မတို့ရဲ့ ပန်းတိုင်က ဒီလုပ်ငန်း အောင်မြင်တိုးတက်ဖို့ပဲ မဟုတ်လား၊ ဒါဆိုရင် ပန်းတိုင်ချင်း တူနေတဲ့အတွက် ပြဿနာကြီးကြီး မရှိနိုင်ပါဘူး”

သားဇော်က ဘာမှ မပြောတော့ဘဲ အသာထလာခဲ့လေသည်။ ဘယ်လို မိန်းမမှန်းလဲ မသိချေ။ သူ ဖြစ်ချင်သည့်ဆန္ဒတစ်ခုကိုပဲ ရှေ့တန်းတင်ကာ ပြောဆိုသွားကာ ပုံစံကလည်း ဆရာကြီးလိုလို ဘာလိုလိုနှင့်။ ဒီပုံအတိုင်းဆိုလျှင် ရှေ့ဆက်ကြုံလာရမည့် ခရီးစဉ်တွေအတွက် သူ ရင်လေးမိပါသည်။

စကတည်းက ယဉ်သကိုဟု ဆိုရလောက်အောင် အေးအေးဆေးဆေးနှင့် သူ ဖြစ်ချင်တာ ရအောင်ပြောသွားသော၊ ကိုယ်ကလည်း ဘာရယ်ကြောင့်မှန်းမသိ လက်ခံပေးဖြစ်သွားသော ထိုမိန်းမကို သားဇော်က သိပ်တော့ မကျေနပ်လှပေ။ ကိုယ်က အိမ်ရှင်ဖြစ်တာရော၊ ယောကျ်ားလေး ဖြစ်နေတာရောကြောင့် သည်းခံလိုက်လျှောတာဖြစ်လျက် နောက်တစ်ကြိမ်မှာတော့ ဒါမျိုး ဖြစ်မလာရဟု ကြုံးဝါးထားမိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





တကယ်တမ်း အလုပ်စလုပ်ကြသောအခါ သူမက သူ ထင်ထားတာထက်ကို တော်မှန်း သိခဲ့ပါသည်။ ဒီအလုပ်နှင့် အစိမ်းသက်သက် ဖြစ်သော်ငြား သူ ပြောပြ ရှင်းပြတာတွေကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ကာ ချက်ချင်း မရှင်းတာ ပြန်မေး၊ သုံးသပ်ပြတာနှင့် သဘောပေါက်လွယ်တာကို သိခဲ့ရပါသည်။ သူ ချီးကျူးမိသော်လည်း ပါးစပ်ကတော့ ထုတ်မပြောဖြစ်ပါ။





အစ်ခါတစ်ရံ ကြားညှပ်သုံးတတ်သော အင်္ဂလိပ် အသုံးအနှုန်း လေယူလေသိမ်း အသံထွက်များမှာလည်း ပီသ,တိကျ နားထောင်ကောင်းလှ၍ အရည်အချင်းအားဖြင့် အဘက်ဘက် က ကောင်းလှသော်လည်း တစ်ခုကိုတော့ သူ ဘဝင်မကျမိချေ။ ဒီလောက်ချမ်းသာသည့်မိဘတွေရဲ့ တစ်ဦးတည်းသောသမီးလည်း ဖြစ်၊ ကိုယ်ကိုယ်တိုင်လည်း ခေတ်ပညာတတ်တွဲ့ရတစ်ယောက်၊ အသက်အရွယ်အားဖြင့်လည်း အရွယ်ကောင်း၊ အရွယ်ငယ် ဝတ်လို့ ... သို့ ပြင်လို့ဆင်လို့ ကောင်းတုန်းအရွယ်မှာ အင်မတန်ရိုးစင်း လှသော ဝတ်စားပြင်ဆင်မှုကို သူ အံ့တော့ အံ့သြမိသ ... ပင်။

ဆိုပါစို့။ စက်ရုံထဲမှာ သူမကို ရှင်းလင်းပြသနေသည့် သူ့ရဲ့ ဝတ်စားဆင်ယင်ပုံက သူ့ရာထူးနှင့် ညီလျော်စွာ ရှပ်အင်္ကျီ လက်ရှည်ဖြစ်ဖြစ်၊ လက်တိုဖြစ်ဖြစ် သပ်သပ်ရပ်ရပ်ဖြစ်ကာ ပုံကျ ဖြောင့်လှသော စတိုင်လ်ဘောင်းဘီနှင့် ကြည့်ကောင်းစွာ တည်ရှိ သော်လည်း သူမက ကျားပါးစပ်ကလစ်တစ်ခုဖြင့် ဆံပင်တွေကို တင်သိမ်းထားလျက် ရှပ်အင်္ကျီလက်ရှည် တစ်ထည်နှင့် ထိုအင်္ကျီ နှင့် အသားကျလိုက်ဖက်သည့် ပါတိတ်တစ်ထည် ဝတ်ထားမည်။

မျက်နှာကတော့ အခါများစွာ မပြောင်းလဲသော သနပ်ခါးပါးကွက်နှင့်ပင်။ အိမ်နေရင်းဆို သနပ်ခါးတွေ ပိန်းပိန်



www.burmeseclassic.com

www.burmeseclassic.com



အောင်ထူလျက် ရှုံးသွားလျှင်တော့ ကြည့်ကောင်းရုံ လိမ်းမည်။ သနပ်ခါးကတော့မပြတ်စေရ။ နှုတ်ခမ်းနီ မိတ်ကပ်ဆိုတာ မမြင်ဖူးသော အရာများပင်။

သူမ မိခင် အန်တီဆွေသည်လည်း သူမလို မဟုတ်ပါ။ လူကြီးဆန်သဖြင့် ယဉ်လှသော်လည်း ခေတ်မီသောသူတစ်ဦးဖြစ်ရကာ သနပ်ခါးဘဲကျားနှင့်လည်း မတွေ့ဖူးပါ။ မြတ်မြတ်ကျမှပင် ဘယ့်နှယ် ဤမျှ သနပ်ခါးကြိုက်ကာ အဝတ်အစားရိုးလွန်းလှသလဲ ဆိုတာ သူ စဉ်းစားမရချေ။ အတော်အတန်ပြင်ဆင်ရင်ကို အ[illegible]ကို ကြည့်ကောင်းသွားမည့် မြတ်မြတ်သည် တမင်ကို ဤကဲ့သို့ နေတတ်တာဟုပင် တွေးရပါမည်။

နှစ်ပတ်အတွင်းမှ မြတ်မြတ်က လုပ်ငန်း သဘောသဘာဝတွေကို အတော်အတန် နားလည်နေပေပြီ။ နားမလည်မှလည်းနေတော့၊ သူနှင့်အတူ မခွဲမခွာ တပူးတွဲတွဲကြီး ရှိနေသည့်ဟာသူ့မှာ ခြေချုပ်လည်း မိနေပါသည်။

ဘယ်သွားသွား သူ့နံဘေးမှာ သနပ်ခါး ခပ်ဖွေးဖွေးနှင့် ရိုးသော်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိသော မျက်နှာပေးနှင့် မိန်းမတစ်ယောက်ရယ်၊ အဲဒီနောက်နား မကျတကျမှာလက်နှစ်ဖက်နောက်ပစ်လျက် စက်ရုပ်မျက်နှာနှင့် မိန်းမတစ်ယောက်





ရယ် ပါနေလေရာ သူ့ကို ကိုယ်ရံတော်တွေ ခန့်ထားသည့်သူလိုလိုဘာလိုလို ရုံးမှ စတက်ဖ်များက တီးတိုးသဖန်းပိုးကြသည်ကိုလည်း သူ ကြားရပါသည်။ သူနှင့် ယှဉ်လျှင် အသွင်အပြင်က အရမ်းကွာခြားနေတာမို့ မြတ်မြတ်နှင့်ရော တစ်မျိုးတစ်မည် မမြင်ကြသေးချေ။ အင်း ... မမြင်သေးဆိုသော နောက် မြင်လာနိုင်ဖွယ် ရှိလားဆိုတော့လည်း မရှိလှပါ။

"သား ... မြတ်မြတ်နဲ့ အဆင်ပြေရဲ့လား"

ဒီနေ့တော့ ခုနစ်နာရီခန့် စောစောစီးစီး နိုးနေတာမို့ သူ ကော်ဖီသောက်ဖို့ ဆင်းလာစဉ် မေမေက နှုတ်ဆက်ရင်း မေးခြင်းဖြစ်ပါသည်။ နေ့သာသော တနင်္ဂနွေဖြစ်သည့်အပြင် ရုံးပိတ်ရက်လည်း ဖြစ်တာမို့ ဒီနေ့တော့ မရောက်တာ ကြာပြီဖြစ်သော ရောင်းရင်းများနှင့် သူ့ရဲ့ အိစိကလိုလေးများထံ သွားဖို့ စိတ်ကူးထားပါသည်။ အရင်အားရက်များမှာ မြတ်မြတ်ကို ရှင်းပြ သင်ပြပေးရတာတွေနှင့် အားသည်မရှိပါ။

သူက နားချင်တာတောင် သူမက ဒီဟာမေး ဟိုဟာမေးမို့ စိတ်ပေါက်ပေါက်နှင့် ရွှဲ့ကာ အကုန် မနားမနေ လုပ်လည်း သူမကတော့ ခပ်ပြုံးပြုံးပင်။ ကြာတော့ ကိုယ်ပဲ ပင်ပန်းလာသည်မို့ သားဖော်က ရွှဲ့လည်းမနေတော့။ စိတ်ထဲမှာတော့ မြတ်မြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မခံချိမခံသာ ဖြစ်တာတော့ အမှန်ပင်။ သူမထံမှာ ဘာမှန်းမသိသေးသော ထူးခြားမှုတစ်ခု ရှိကာ အဲဒီ ထူးခြားမှုဟာ ဘာလဲ ဆိုတာတော့ သူကိုယ်တိုင်လည်း အဖြေမရှာသိနိုင်။

နံနက်ခင်း မနက်စာ စားချိန်မှာတော့ မေမေက မြတ်မြတ် အကြောင်း စကားစလာခဲ့လေသည်။

"သား ... မြတ်မြတ်နဲ့ရော အဆင်ပြေရဲ့လား"

သားဖော်က ရှေ့မှ ပေါင်မုန့်မီးကင်တစ်ချပ် ယူစားရင်း ...

"ပြေပါတယ်၊ သူက အလုပ်တော့ ကြိုးစားတယ်"

သူကာ ဗုအ်ဖာမှန်တာကိုတော့ အမှန်တိုင်း ဖွင့်ဟ ချီးကျူးလိုက်ပါသည်။

"အလုပ်တော့ ကြိုးစားတယ်ဆိုတော့ ဘာရှိသေးလဲ"

"အင်း ... တစ်ချက် တစ်ချက်တော့ ဘယ်လိုမှန်းလဲ မသိဘူး၊ သားက သူ့ကို ထုတ်လုပ်ရေးနဲ့ စီမံရေး ကြိုက် တယ်ခိုင်းတာလည်း မဟုတ်ဘူးတဲ့၊ အတူစဲ တွဲလုပ်မယ်တဲ့ လေ"

"ဩော် ... သူမှ မကျွမ်းကျင်သေးတာ သားရယ်၊ အတူ တွဲလုပ်မှပေါ့"





"သားကလည်း အခု ဆိုလိုတာ မဟုတ်ပါဘူး၊ သူ ကျွမ်းကျင်သွားတဲ့အခါမှာပါ၊ ဒါဆို သူက လက်မခံဘူးလေ၊ ဘာမှန်းလဲ မသိဘူး"

မေမေက သူ့ကို သဘောတကျ ရယ်ရင်း ...

"အတူတွဲလုပ်လည်း ကောင်းတာပဲကွယ်၊ သားက ဘာလို့ မလုပ်ချင်ရတာလဲ"

"မလုပ်ချင်တာ မဟုတ်ပါဘူး၊ သားက ဒီလိုများ လုပ်ချင်မလားလို့ပါ"

မေမေက ဘာမှ မပြောတော့ဘဲ ကော်ဖီ ငှဲ့ပေးရင်းမှ ...

"သား ဒီနေ့ ဘယ်သွားမလို့လဲ"

"မျိုးကျော့တို့ဆီ သွားမယ် မေမေ၊ သားလည်း သူ ရောက် လာကတည်းက ခြေချုပ်မိနေတာ၊ ဒါနဲ့ သူက ဒီမှာပဲ အမြဲနေမှာလား"

"မြတ်မြတ်က ကွန်ဒိုတစ်ခန်း ဝယ်ပြီး နေမလို့ပါ၊ မေမေ က အတင်းခေါ်ထားတာ၊ သူကတော့ ခဏခဏ ပြောတယ်၊ ဒီမှာ အသားကျသွားရင် ကွန်ဒိုဝယ်တော့မယ်တဲ့၊ သူ ဖြောင်းမှာပါ၊ သူ ရှိတော့ မေမေ အပျင်းပြေသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့။ မချောကလည်း အဖျင်းပြောတယ်၊ သား အပြင်သွားရင် မြတ်မြတ်ကိုပါ ခေါ်သွားပါလား၊ သူလည်း ဘယ်မှ မရောက်ဖူးသေးဘူးမှလား”

“ဟာ ... မေမေကလည်း သား သူငယ်ချင်းတွေဆီ သွားပါတယ်ဆိုနေမှ”

“ဪ ... သူက ဘယ်မှ မရောက်ဖူးလို့ပါ သားရယ်၊ ဘုရားပဲဖြစ်ဖြစ် ပို့လိုက်ပါ၊ ပြီးတော့ ဈေးလေး ဘာလေး ပို့လိုက်ဦး”

သားဇော်က စိတ်ရှုပ်စွာဖြင့် ငြင်းဆန်ရန် ပါးစပ် အဟမှာပင် မြတ်မြတ်နှင့် မချောတို့ ထမင်းစားခန်းထဲ ဝင်လာပါသည်။ သူတို့ ရောက်လာသဖြင့် သားဇော်က မကျေမနပ်နှင့်ပင် ပါးစပ်ပိတ်ထားလိုက်ရလေသည်။ မေမေက ပြုံးရယ်ရင်း ...

“လာ ... မြတ်မြတ်၊ ဒီနေ့ နောက်ကျတယ်နော်”

ဒီနေ့ နောက်ကျတယ်နော် ဆိုသဖြင့် အရင်နေ့တွေက ဘယ်များသွားသလဲဟု သူက အကဲခတ် ကြည့်မိလေသည်။ မြတ်မြတ်က သူ့ကို မကြည့်ဘဲ ကုလားထိုင်မှာ ဝင်ထိုင်ရင်း ...

“မုန့်ဟင်းခါး ဝင်စားနေလို့ အန်တီ။ အန်တီတို့ဖို့လည်း ဝယ်လာတယ်၊ ပူပူလေး စားလိုက်ပါဦး အန်ကယ်ရော”





“လာလိမ့်မယ် မြတ်မြတ်ဇော်၊ အားနာစရာကွယ်၊ အင်း ... အနံ့ကတော့ မွှေးနေတာပဲ၊ သားရော စားလိုက်လေ”

သူက မေမေ့ကို ခေါင်းတစ်ချက်ညိတ်ပြရင်း မြတ်မြတ်ကို အကဲခတ်လိုက်ပါသည်။

လမ်းလျှောက်ထွက်လာတာမို့ ထင်ပါသည်။ မျက်နှာက ထွေလပျစ် သနပ်ခါးတွေဟာ ဟိုတစ်ဝက် ဒီတစ်ဝက်နှင့် ကျိုးတိုးကြားတားဖြစ်ကာ အရုပ်ဆိုးပါသည်။

“ဟား ... ဘာတွေ စားနေတုန်းကွ”

“ဪ ... ဒီမှာ မြတ်မြတ်က မုန့်ဟင်းခါး ဝယ်လာတယ် လေ ဖေကြီးရဲ့၊ လာ ... ပူတုန်းစားရအောင်”

“ဟား ... အတော်ပဲပေါ့ကွာ၊ မြတ်မြတ်ရေ သိုင်းကျူးပဲ ဟေ့ ... ဟား ဟား”

ဖေဖေက ပျော်တတ် သဘောကောင်းသူပီပီ ရွတ် နောက်နောက် ပြောရင်း ကော်ဖီဝိုင်းမှာ ဝင်ထိုင်ပါသည်။ ကော်ဖီဝိုင်းမှာ သူတို့ မိသားစုသုံးဦးရယ်၊ မြတ်မြတ်ရယ်နှင့်မို့ လူစုံတက်စုံ ဖြစ်နေပါသည်။ ဖေဖေက မုန့်ဟင်းခါးစားရင်းမှ ...

“မြတ်မြတ်က အပြင်က ဝယ်လာတာလား”

“ဟုတ်တဲ့ အန်ကယ်၊ မြတ်မြတ် လမ်းလျှောက်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဟုတ်လား၊ ကောင်းတယ်ကွာ၊ ကျန်းမာရေး လိုက်စားတာ တကယ်ကောင်းတယ်"

"မြတ်မြတ်က မနက်တိုင်း လမ်းလျှောက်တာလေ မေကြီးရဲ့"

မေမေက ကြားမှ ဝင်ပြောပါသည်။ သူကတော့ မုန့်ဟင်းခါး စားရင်း ကြားထဲမှ ချက်နှာပူလာသည်။ မနက်ဆို သူ့မှာ ကိုးနာရီအမီ ထရတာ အမော၊ ဒါတောင် မေမေ နှိုးပေလို့သာပင်။

မြတ်မြတ်ကို စောင့်ရသည်လို့တော့ ဘယ်တော့မှ မရှိပါ။ သူ သွားခါနီးတိုင်း ကားနားမှာ သနပ်ခါး ဖွေးဖွေးနှင့် အသင့်စောင့်နေတတ်စမြဲ။

"ဟုတ်လား၊ ကောင်းတာပေါ့ မြတ်မြတ်ရယ်၊ ဒါနဲ့ ဒီနေ့ သမီးတို့ ပိတ်ရက်ပဲ၊ သမီးလည်း ဘယ်မှ မရောက်သေးဘူး မဟုတ်လား၊ သား ... မင်း မြတ်မြတ်ကို အပြင်လေးဘာလေး ပို့လိုက်ဦးလေ"

"ရပါတယ် အန်ကယ်၊ သားဇော် သွားစရာရှိတာ သွားပါစေ"





"ဘယ်ဟုတ်မလဲ၊ သူ့မှာ ဘာသွားစရာမှ မရှိဘူး၊ သမီး ပို့ချင်တဲ့နေရာသာ ပို့နိုင်း၊ သား မြတ်မြတ်ကို အပြင်ပို့လိုက်၊ ထမင်းလည်း အပြင်မှာ ကျွေးပေါ့၊ မနေ့ဖြူအေါ်စောရီမှာ မစားဖူးသေးဘူးမလား၊ မြတ်မြတ် စားကြည့်၊ မန္တလေးက အေးမေတ္တာနဲ့ ဘယ်ဟာက ပိုကောင်းသလဲလို့"

ဖေဖေက ဒီလောက်ပြောနေမှတော့ သူ ငြိမ်နေလို့ မကောင်းတော့ပါ။ သူက မြတ်မြတ်ကို တစ်ချက်ကြည့်ရင်းမှ ...

"ဟုတ်တယ်လေ မြတ်မြတ်၊ ဘယ်သွားချင်လဲ ပြောပါ"

"ဟို ... ဘုရားတော့ သွားချင်တယ်"

"အိုကေလေ၊ ဒါဆို ရှစ်နာရီလောက် သွားတာပေါ့။ မြတ်မြတ် အသင့်ပြင်ထားလိုက်လေ"

"ဟုတ်ကဲ့"

သူက မုန့်ဟင်းခါးကို လက်စသတ်ကာ ထလာခဲ့ပါသည်။ ဘာပဲပြောပြော မြတ်မြတ်က ကိုယ့်ရဲ့ ပါတနာလည်းဖြစ်သည့်အပြင် ကိုယ့်အိမ်မှာ လာတည်းနေသော ဧည့်သည်သဘောမျိုးလည်း ဖြစ်တာမို့ သားဇော်က ကြည်ဖြူစွာပင် လိုက်ပို့ဖို့ ဆုံးဖြတ်ချက်ချမိတာ ဖြစ်ပါသည်။ ဒါတွေအပြင် မြတ်မြတ်ရဲ့ မျက်လုံးလေးတွေကလည်း သူ့ကို တစ်မျိုးဖြစ်စေတာကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မျက်လုံးချင်း ဆုံအောင် သိပ်မကြည့်တတ်သော မြတ်မြတ်ဟာ ဆုံလာခဲ့ရင်လည်း အခိပ္ပာယ်တစ်မျိုးပါသော အကြည့်တွေနှင့် ကြည့်တတ်တာကို သူသတိထားမိသလို ထိုမျက်ခန်းလေး တစ်စုံမှာ ဝတ်မှုံ စားပုံ၊ နေထိုင်ပုံတွေနှင့် ဘာမှမဆိုင်လောက်အောင် လက်လက်တောက်ပကာ လှပလွန်းတာကိုလည်း သူ သတိပြုမိခဲ့ပါသည်။

ဘုရားတက်မှာမို့ Crocodileမိကျောင်းစပို့ရှပ် အပြာရောင်နှင့် လိုက်ဖက်မည့် ပုဆိုးတစ်ထည်ဝတ်ကာ ဖုန်းကိုတော့ ခါးဆားမှာ ချိတ်လိုက်ပါသည်။ သူ ကိုင်နေကျ ဝေါလက်ကို ကိုင်ရင်း အောက်ထပ်သို့ ဆင်းလာသောအခါ မြတ်မြတ်ကို ဧည့်ခန်းထဲမှာ စောင့်နေတာ အဆင်သင့် တွေ့ရပါသည်။ အင်း … မြတ်မြတ်က အဲဒီတစ်ခုတော့ အတော်ချီးကျူးဖို့ ကောင်းပါသည်။

ယောက်ျားလေးဖြစ်သော သူ့ထက်ပင် ဝီရိယရှိကာ အချိန်မှန်လေး ရှိသောကြောင့်ပင်။ ဒါပေမဲ့ အစောနက ပျက်တစ်ဝက် ရှိတစ်ဝက် သနပ်ခါးတို့ဟာ ပြန်၍ အသစ်တစ်ဖန် ညီညာပြန့်ပြူးလာတာကလွဲလို့ ဘာမှထူးခြားမလာ။ သူက သက်ပြင်းကို ကျိတ်ချလိုက်ရင်း …

“သွားရအောင်လေ မြတ်မြတ်။ မချောရော မပါဘူးလား”





မြတ်မြတ်ရဲ့ ဘော်ဒီဂတ်မှာ မချောဟု အမည်တွင်ပါသည်။ မချောဘူးဆိုသော အခိပ္ပာယ်ကို ယူရုံလျှင်တော့ နာမည်ပေးသူမှာ အင်မတန်တော်သည်ဟု ချီးကျူးရမည်ဖြစ်ပြီး ချောလွန်းသဖြင့် ‘ချော’ဆိုသော အဓိပ္ပာယ်နှင့် ပေးလျှင်တော့လည်း တမင်များ ရွဲ့ပေးသလားဟု ထင်ရပါမည်။

မြတ်မြတ်က သူ့အမေးကို ခေါင်းယမ်းပြရင်း …

“မချော မလိုက်ဘူး။ ဒါနဲ့ သားဇော်။ မြတ်မြတ်ရဲ့ ကားနဲ့ပဲ သွားရအောင်နော်၊ မြတ်မြတ် မောင်းမှာပါ၊ မြတ်မြတ် လမ်းတွေ မှတ်ထားချင်လို့ပါ”

ရုတ်တရက်မို့ သားဇော် ဘာပြန်ပြောရမှန်း မသိစွာနှင့် မြတ်မြတ် မျက်နှာကို ငေးကြည့်နေမိပါသည်။ သနပ်ခါးတွေနှင့် မှုန်ဖွေးနေသော မျက်နှာတစ်ခုက ရန်ကုန်သူတွေရဲ့ ခေတ်မီပြင်ဆင်မှုနှင့် ယှဉ်လိုက်လျှင် နောက်မှာ အများကြီး ကျန်ခဲ့လေပြီ။

“ရတယ်မလားဟင်။ ကားမောင်းတာတော့ စိတ်ချပါ။ မြတ်မြတ် ကျွမ်းကျင်နေပါပြီ။ ကိုးတန်းထဲက မောင်းလာတာပါ”

“ဪ … အဲဒါကြောင့် မဟုတ်ပါဘူး၊ အင်းလေ … ရပါတယ်၊ သွားတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



လက်ခနဲ တောက်ဝသွားသော မြတ်မြတ်ရဲ့ အပြုံးက ကလေးပာစ်ယောက်နှယ် ပျော်သွားပုံပင်။ ရှေ့မှ ဦးဆောင်၍ ထွက်သွားပါသည်။ ကြိုတင်စီစဉ်ထားပုံရသော မြတ်မြတ်ရဲ့ စီးတော်ယာဉ်ကြီးမှာ ပေါ်တီကိုအောက်၌ အဆင်သင့် ရပ်ထားသည်ကို တွေ့ရပါသည်။ ကားဒီဇိုင်းကတော့ လူဒီဇိုင်းနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းပင်။ မက်တယ်ရောင် ပြောင်လက်တောက်ပနေသော Hilux Surf မှာ နှင်းကွဲမီးတွေ၊ ဂဝ်ဖရိန်တွေနှင့် ခပ်ကြမ်းကြမ်းရှိကာ စတိုင်မိုက်လှပါသည်။

သူ ဘေးဘက်မှ ဝင်ထိုင်ပြီးသောအခါ မြတ်မြတ်က စက်နှိုးကာ မောင်းထွက်လိုက်ပါသည်။ ကားကက်ဆက်က ဖွင့်ထားတာမို့ စက်နှိုးလိုက်တာနှင့် တစ်ပြိုင်နက် သီချင်းသံက ထွက်လာပါသည်။ သီချင်းက ပိုးအိစံ အချွေ။ အရိ နှမာ အသိဆုံးပါဆိုသော သီချင်းသံက ပျံ့လွင့်လာသဖြင့် သူ တိတ်တဆိတ် ပြုံးမိသွားရပါသည်။ အင်း ... လိုက်လည်း ဂိုက်ပါပေရဲ့။ ကားကြီးက အပျံစား မိုက်တာ လူငယ်ဖန်ဆီ ဆန်သလောက် သီချင်းသံက ဂန္ထဝင်တွေမို့ သဘောကျစိတ်ဖြင့် ပြုံးသွားရလေသည်။

"သားဇော် ... ဘာပြုံးတာလဲ"

"ဟင် ... ခြော် ... မဟုတ်ပါဘူး"





"ဟင်း ... မာင်း ... သားဇော် တွေးနေတာကို မြတ်မြတ် သိပါတယ်၊ လူနဲ့ကား၊ ကားနဲ့သီချင်း သဟဇာတ ဖြစ်မနေဘူးလို့ တွေးနေတာလား"

သူ မြတ်မြတ်ကို ဖြုံသွားပါသည်။ သူများအတွေးတွေကိုလည်း ထိုမိန်းမက ပုံဖော်နိုင်စွမ်းလည်း ရှိလေသည်။

"မဟုတ်ပါဘူး"

"ကားက မြတ်မြတ် မောင်လေးရဲ့ကားပါ၊ ကားချင်းလဲလာတာလေ"

"ခြော် ..."

သားဇော်က ဘာမှ စကားမဆိုတော့ဘဲ လမ်းမဘက် ထွက်လာပြီမို့ မြတ်မြတ်ကို လမ်းတွေ ပြောပြလာပါသည်။ သူမကလည်း ခေါင်းတညိတ်ညိတ်ဖြင့် မှတ်သားလာလေသည်။ ကားမောင်းတာတော့ မြတ်မြတ် တကယ်ကျွမ်းကျင်တာကို တွေ့ရလေသည်။

လမ်းကြောယူတာတွေ ဘာတွေမှာ တွေဝေတာမျိုး မရှိဘဲ လှစ်ခနဲ လှစ်ခနဲ ရှိတတ်သဖြင့် တစ်ခါတစ်ခါ လမ်းမသိတာရော ဟုတ်ရဲ့လားဟု သူက တွေးကြည့်မိသေးသည်။ ဒါပေမဲ့ မန္တလေးလို မြို့ကြီးပြကြီးမှာ မောင်းလာသူအတွက်တော့ သိပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကွာဟမှု မရှိဘူးဆိုတာ တွေးမိသောအခါ သူ ပြန်ဘဝင်ကျသွားပါသည်။

ဘုရားရောက်သောအခါ ကားကို ထားပြီး ခါတ်လှေကားနှင့်ပင် တက်လာခဲ့ကြပါသည်။ ဘုရားပေါ်မှာတော့ လူက အတန်အသင့်ပင် ရှိကာ အေးအေးချမ်းချမ်း ရှိလှပါသည်။ ဘုရား အတူတူဖူးဖြစ်သွားသော ကိုယ့်ကိုယ်ကိုယ်နှင့် မြတ်မြတ်ကို နိုင်းဆချိန်ကြည့်ကာ ဘယ်မိန်းကလေးနှင့်မှ ဘုရားအတူ မဖူးဘူးဆိုတာကိုလည်း သွားသတိရမိသောအခါ ကိုယ့်အဖြစ်ကို ပြန်ပြုံးချင်သွားပါသည်။

လှပေချောပေဆိုသော သူများနှင့် ဒီလောက် တွဲလာခဲ့ပြီးမှ သနပ်ခါးအဲကျားကြီးနှင့် မတောသူနှင့် ဘုရားအတူလာဖူးရသော ကိုယ့်အဖြစ်မှာ ရယ်စရာလည်း ကောင်းလှပေသည်။ အင်းပေါ့လေ၊ မြတ်မြတ်မို့လို့လည်း ဘုရားကိုလာတာပေါ့၊ တခြားကောင်မလေးတွေက ဘုရားဘယ်လာပါ့မလဲ။ သူကိုယ်တိုင်ကလည်း လှတာပတာတွေနှင့် တွဲကာ ဘုရားလာဖို့ တစ်ခါမှလည်း စိတ်ကူးခဲ့တာ မဟုတ်တာပဲလေ။

သူက မွေးနေ့ထောင့်မှာ ဆီမီး အမွှေးတိုင် ပူဇော်ကာ ပုတီးစိပ်နေသော မြတ်မြတ်ကို မလှမ်းမကမ်းက ဇရပ်က





စောင့်ဖို့ စိတ်ကူးကာ ဇရပ်ထဲ လှမ်းလာခဲ့ပါသည်။ အဲဒီအချိန်မှာပဲ သူ မမျှော်လင့်သော သူတစ်ယောက်နှင့် ဆုံတွေ့ခဲ့ရတာဖြစ်သည်။

"သားဇော်လှ ... သားဇော်လှ ... ဟုတ်တယ်နော်"

သားဇော်က ကိုယ့်ကို ဝမ်းသာအားရ လာနှုတ်ဆက်သော အမျိုးသမီးကို မော်ကြည့်လိုက်ပါသည်။ ရုတ်တရက်တော့ ဇဝေဇဝါပင်။ အမျိုးသမီးမှာ သူနှင့် ရွယ်တူပင် ဖြစ်ကာ ချောမော လှပလွန်းပါသည်။ အံ့ဩဝမ်းသာနေပုံလေးကကို ဘာမှ ပတ်သက်ဖူးခြင်း မရှိသောသူများ ဆိုလျှင်တောင် မိတ်ဆွေဖွဲ့ ခင်မင်ချင်လောက်အောင် သက်ဝင်ချောမောလှိုသာလှည်း။

"တို့ကို မမှတ်မိဘူးနဲ့တူတယ်၊ ဟေသာလေ၊ မိုးဟေသာပေါ့၊ သားဇော်နဲ့ ဆယ်တန်းတုန်းက တစ်ခန်းတည်းပဲလေ"

"ဩော် ... အင်း ... မှတ်မိပြီ၊ ဟေသာ ဟုတ်တယ်၊ ဆောရီးပဲ၊ ဟေသာက ပိုချောလာတော့ မမှတ်မိဘူး"

သူ့စကားကို သဘောကျဟန်ဖြင့် ဟေသာက ဟက်ဟက်ပက်ပက် ရယ်မောလိုက်စဉ်မှာ ပေါ်လာသော သွားတက်လေးကြောင့် သူ ပိုမို မှတ်မိသွားပါသည်။ မိုးဟေသာနှင့် သူက ဆယ်တန်းတည်းက တစ်ခန်းတည်းဖြစ်ကာ သူကလည်း ကျောင်းမှာ နာမည်ကြီးသလို ချောမောသော ဟေသာကလည်း နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပါသည်။ သူတို့နှစ်ယောက်ကိုလည်း ဘာလိုလို ညာလိုလို အစခံခဲ့ရသားပင်။

သူနှင့် ဟောသာကလည်း အနည်းငယ် ခေါ်ပြောတာမှလွဲ၍ ဒီအဆင့်ထက် မပိုခဲ့ကြပါ။ သူကလည်း နာမည်ကြီးလှသော သူ့မာန အရှိန်လေးနှင့် ဖြစ်သလို၊ ဟော သာကလည်း ဝိုင်းဝိုင်းလည်ခံနေရသောသူပီပီ မူကလေး ဟန်လေးနှင့်သာပင်။ ဆယ်တန်းဖြေပြီးသွားတော့ အောင်စာရင်းထွက်ပြီးနောက်ပိုင်း ဟောသာနှင့် မတွေ့ကြတော့ပါ။ သူ့ဖခင် တာဝန်ထမ်းဆောင်ရာ ကိုရီးယားသို့ လိုက်ပါသွားတော့မည်ဟု နှုတ်ဆက်စကား ဆိုသွားခဲ့ပြီးနောက်ပိုင်း မတွေ့ဖြစ်ကြတော့။

ဟောသာတစ်ယောက် ကိုရီးယား ရောက်သွားပြီဟုပဲ သတင်းကြားခဲ့ရပါသည်။ သူနှင့် ဟောသာ့ကြားမှာ အချစ်လည်း မရှိခဲ့။ သံယောဇဉ်လည်း မရှိခဲ့တာမို့ ဘာအဆက်အသွယ်မှလဲ မရှိခဲ့ကြ။ ဒီလိုဖြင့် မေ့မေ့ပျောက်ပျောက် ရှိခဲ့ပြီး ယခုလို နှစ်အကြာကြီးနေမှ ပြန်တွေ့ရသော်လည်း အထူးတလည် ခံစားချက်တော့ ရှိမနေပါ။

ဟောသာကတော့ သူနှင့် ဆုံတွေ့ရသည့်အတွက် ပျော်ရွှင်ဝမ်းသာနေဟန် ရှိလေသည်။





"ဟောသာ ခဏ လာလည်တာလား"

ဟောသာက ခေါင်းလေးကို ချစ်စဖွယ် ခါယမ်းရင်း ...

"မဟုတ်ဘူး၊ အပြီး ပြန်ပြောင်းလာတာ၊ ဒယ်ဒီလည်း အလုပ်က နားလိုက်ပြီလေ၊ ဒါပေမဲ့ ဒီမှာတော့ နည်းနည်း ပါးပါး လုပ်ဦးမှာပေါ့"

"ဟောသာ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"တစ်ပတ်ပဲ ရှိသေးတယ်၊ ရန်ကုန်က အရမ်းပြောင်းလဲသွားတာပဲနော်။ လမ်းတွေဆို မှတ်မှတ်မှတာင် မမှတ်မိချင်တော့ဘူး၊ ခုတောင် မာမိက ဘုရားဖူးချင်လွန်းလို့ လာတာ၊ မမျှော်လင့်ဘဲ ဆုံရတာနော်၊ ဟောသာဖြင့် ဝမ်းသာလိုက်တာ၊ သူငယ်ချင်းတွေနဲ့လည်း အဆက်ပြတ်နေကြပြီလေ၊ သားဇော်ရော ဟောသာ့ကို ခင်သေးရဲ့လား"

"ခင်ပါတယ် ဟောသာရယ်၊ ကိုယ်လည်း တွေ့ရတာ အရမ်းဝမ်းသာတာပါပဲ"

သားဇော်က အလိုက်သင့် ပြန်ပြောပေးပါသည်။ ဟောသာ ပုံစံက အရင်ကလို မူဟန်ပိုပိုလေး မဟုတ်တော့ပါဘဲ သွက်လက်ချက်ချာကာ ဖော်ရွေနေပါသည်။ နိုင်ငံခြားမှာ သနေ



www.burmeseclassic.com

www.burmeseclassic.com



ကြာသောသူပီပီ အသားအရေ ဖြူစင်ဝင်းပလျက် အရင်ကထက် များစွာ ပိုချောလာသော မိန်းမချောတစ်ဦးကို သူကလည်း တွေ့ရ၍ ဝမ်းမသာစရာ မရှိပါ။

"ဒါဆို ပျော်စရာကြီးပေါ့။ ဟောသာ ဟိုမှာလည်း ဒီက သူငယ်ချင်းတွေကို အရမ်းသတိရတာပဲ၊ သားဖော်ရော သူငယ်ချင်းတွေနဲ့ တွဲဖြစ်သေးလား"

"တွဲဖြစ်ပါတယ်၊ အရင်က သူငယ်ချင်းနှစ်ယောက်လောက် နဲ့ပါပဲ၊ မျိုးကိုတို့ နော်ဝင်းတို့ရဲ့ပဲလေ၊ သူတို့ကလည်း ဟောသာနဲ့ ပြန်ဆုံရင် ဝမ်းသာမှာပါ"

"အင်းဟင် ... ပျော်စရာပေါ့။ ဟောသာ အရမ်းတွေ့ချင်တာပဲ၊ ဟောသာ ဘယ်လိုဝမ်းသာမှန်းတောင် မသိဘူး သိလား။ တကယ်ပဲ ဟောသာတို့တွေ ရေစက်မကုန်လို့ ပြန်ဆုံတာပေါ့နော်"

"ဒါပေါ့၊ ဟောသာလိုတဲ့ အကူအညီ ရှိရင်လည်း ပြောပါ၊ ဘာမှ အားမနာနဲ့၊ ဒီမှာ ကိုယ့်ကတ်"

ဟောသာက သူ့ကမ်းပေးသော ရွှေရောင်ကတ်လေးကို လှည့်ပတ်ကြည့်ကာ ဖတ်လိုက်ရင်း ...

"သားဖော်က ကိုယ့်လုပ်ငန်းနဲ့ကိုယ်ပေါ့၊ သူဌေးပဲ"





"မဟုတ်ပါဘူး၊ ပါတနာတစ်ယောက်နဲ့ ပါသေးတယ်၊ ဟောသာရော"

"ဟောသာက ဟိုမှာ ဒီဇိုင်းကျောင်း ဆက်တက်တယ်၊ ဟောသာက ဒီဇိုင်းတွေ အရမ်းဝါသနာပါတာလေ၊ အဲဒါ ဒီဇိုင်နာသင်တန်း တက်တယ်၊ သင်တန်းဆင်း အောင်လက်မှတ်တော့ ရထားတယ်၊ ဒီမှာတော့ အဲဒီပညာ ထွန်းကားလား မသိဘူး၊ ဟောသာ့ အလုပ်က စဉ်းစားတုန်းပါ"

"ဒီဇိုင်နာ ... ဟုတ်လား ဟောသာ"

"ဟုတ်တယ်၊ သားဖော် စိတ်ဝင်စားလို့လား"

"အင်း ... စိတ်ဝင်စားပါတယ်၊ ဒါနဲ့ ဟောသာ့ မာမီရော"

"မာမီ ဘုရားဝတ်ပြုနေတယ်၊ ဟော ... စကားတွေကောင်းနေတာနဲ့ သားဖော်ကိုတောင် လိပ်စာမပေးရသေးဘူး၊ ကတ်တော့ မရှိဘူး သားဖော်ရယ်။ ခုလောလောဆယ် ဖုန်းနံပါတ်ပဲ ယူထားလိုက်နော်၊ (-------)တဲ့။ ဒါ့ထက် သားဖော်ရော ဘယ်သူနဲ့ လာတာလဲ၊ မားသားကို လိုက်ပို့တာလား"

သားဖော်က ခေါင်းယမ်းပြရင်း မျက်လုံးကလည်း မြတ်မြတ် ရှိရာသို့ လှမ်းကြည့်စဉ်မှာ မြတ်မြတ်က ဘုရားဝတ်ပြုပြီး ထလာသည်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညှိသည်ကို လိုက်ပို့တာပါ၊ ကဲ ... ဒါဆို ကိုယ့်ကို ခွင့်ပြုပါဦး ဟောသာ၊ ကိုယ် ဟောသာ့ဆီ ဖုန်းဆက်ပါမယ်။ ကိုယ့်ဆီလည်း ဆက်ပေါ့။ အိမ်လည်း လာလည်လို့ ရပါတယ်၊ နောက်မှ ဆုံကြမယ်နော်"

"အိုကေ ... အိုကေ ... ဆီးယူ"

သားဇော်က အပြုံးနှင့် နှုတ်ဆက်ပြီး ဟောသာ့အနားမှ ထွက်လာခဲ့ပါသည်။ မြတ်မြတ်အနားသို့ ရောက်သောအခါ မြတ်မြတ်က သူ့ကို အားနာဟန်ဖြင့် ပြုံးပြရင်း ...

"စောင့်ရတာ ကြာလို့ စိတ်ညစ်နေပြီလား"

"မညစ်ပါဘူး၊ ကိုယ့် အသိတစ်ယောက်နဲ့ တွေ့နေတာနဲ့။ မြတ်မြက် ဘယ်သွားဦးမလဲ"

"မသွားတော့ပါဘူး။ သားဇော် သွားစရာရှိရင် သွားဝါ"

"ကျွန်တော်က မရှိပါဘူး"

"ဟုတ်ရဲ့လား သားဇော်ရဲ့ ... ဟင်း ဟင်း"

မြတ်မြတ်က မယုံသလိုဖြင့် ခနိုးခနဲ့ ရယ်မောနေတာကို သူ အံ့အားသင့်သွားပါသည်။ ခုလို ရယ်တာ ပြုံးတာ သိပ်မရှိလှသော မြတ်မြတ်သည် အခုခါမှာတော့ သူ့အတွက် အဆန်းဖြစ်နေပါသည်။





"သားဇော်လည်း မြတ်မြတ်အတွက်နဲ့ စိတ်ရှုပ်နေရမှာပဲ၊ မြတ်မြတ် နားလည်ပါတယ်၊ သားဇော် သွားချင်တဲ့နေရာ ပြောလေ၊ မြတ် လိုက်ပို့ပါ့မယ်"

"ဟာ ... မဟုတ်တာ၊ ရပါတယ်"

"ဒါဆိုလည်း အိမ်ရောက်မှ ကိုယ့်ဘာသာ သွားတော့လေ၊ ပြန်ကြတာပေါ့၊ ဒါနဲ့ သားဇော်ကို အကူအညီတစ်ခု တောင်းစရာရှိတယ်"

"ပြောလေ၊ ဘာများလဲ"

"မြတ်မြတ်ကို ကွန်ဒိုတစ်ခန်းလောက် ရှာပေးပါ"

"ကျွန်တော့်တို့အိမ်မှာ နေရတာ အဆင်မပြေလို့များလား မြတ်မြတ်"

"မဟုတ်ပါဘူး၊ အင်မတန် အဆင်ပြေပါတယ်၊ ဒါပေမဲ့ ကိုယ့်ဘာသာ သီးသန့်နေချင်လို့ပါ၊ အစကတည်းက မြတ်မြတ်က သားဇော်တို့အိမ်မှာ ခဏတည်းတဲ့သဘောပါ၊ အခန်းရရင် ပြောင်းဖို့ အစီအစဉ် ရှိပြီးသားပဲလေ"

"ဟုတ်ကဲ့၊ ကျွန်တော် ရှာပေးပါ့မယ်၊ မြတ်မြတ် သဘောကျတာလည်း ရွေးပေါ့"

"ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးကြားမှာ စကားထပ်ပြောစရာ မရှိတော့ဘဲ ဘုရားပေါ်မှ တိတ်တဆိတ် ပြန်ဆင်းလာခဲ့ကြပါသည်။ ကားပေါ် အရောက်မှာပင် သူ့ဟင်းနိဖုန်းက မြည်လာသဖြင့် ဖွင့်နားထောင်လိုက်သောအခါ သူ့ရဲ့ ခပ်အီအီ ကောင်မလေးဖြစ်နေရာ အနားမှာ မြတ်မြတ် ရှိသဖြင့် စကားအနည်းငယ်ပြောပြီး ပြန်ချိန်းကာ ဖုန်းပိတ်လိုက်ပါသည်။ ဘာကြောင့်မှန်းမသိဘဲ မြတ်မြတ် ရှေ့မှာ သူ မပြောချင်ပေ။ မြတ်မြတ်ကို မျက်နှာပူအားနာတာမျိုးလည်း မဟုတ်ဘဲ တစ်မျိုးပင်။

မြတ်မြတ်က လမ်းတွေကို မှတ်မိစွာ မောင်းရင်း သူ့ကို ထူးထူးဆန်းဆန်း စကားတစ်ခွန်း မေးလာခဲ့ပါသည်။

"သားဇော် ဘာဆုတောင်းခဲ့လဲဟင်"

"ဗျာ"

"ဪ ... ဘုရားမှာ ဘာဆုတောင်းခဲ့လဲလို့ မေးတာပါ"

"ဘာဖြစ်လို့ မေးတာလဲ၊ မြတ်မြတ်ရော"

"မြတ်မြတ်က အရင်မေးတာ၊ အရင်ဖြေမှပေါ့"

ကြည့် ...။ အဆင်ပြေမယ် ကြံကာရှိသေး ထိုမိန်းမရဲ့ ဇာတိက ပြလာပြီ။ အစပိုင်း ဟုတ်မလိုလို သဘောချိုချိုတွေနှင့် ပြောမည်။ ပြီးရင် အဖုအားရှူးရှူးသွားကာ သူ့ကို ထေ့သလို





ကပ်သလို လုပ်တော့မည်။ မြတ်မြတ်ကား သူနှင့် ပတ်သက်လာလျှင် ခန့်မှန်းရခက်သော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

"ဘာလုပ်ဖို့ သိချင်တာလဲ"

"သိချင်တာ သိချင်တာပဲပေါ့ သားဇော်ရဲ့"

"မပြောပြဘူး ဆိုရင်ရော"

မြတ်မြတ်က သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လာလေသည်။ ကြည့်ချိန်မှာ ခဏလေး ဘာမှ မဟုတ်သော အခိုက်အတန့်လေး ဖြစ်ပေမဲ့ ကြည့်လာသော မျက်ဝန်းတစ်စုံရဲ့ လှပမှုကို သူ ထပ်မံသတိထားမိပြန်ပါသည်။ မျက်လုံးလေးတွေ လှရဲ့သားနဲ့ မျက်နှာပေါ် ဘာကြောင့် အရုပ်ဆိုးစေသည့် သနပ်ခါးဖုံဖုံတွေ တင်ထားရတာလဲဆိုတာ သူ စဉ်းစားမရချေ။

သူ့စကားကို မြတ်မြတ်က အသာမဲ့ရင်း ...

"မပြောနဲ့ပေါ့၊ တစ်ချိန်ကျ သိမှာပဲ"

"ဘယ်လို မြတ်မြတ်ရဲ့။ ဘယ်တစ်ချိန်ကို ပြောတာလဲ"

"ဘာမှ မဟုတ်ဘူးရှင်၊ ကဲ ... ကဲ ... လမ်းတွေလည်း မှေ့ပြီ၊ ပြောဦး"

မြတ်မြတ်ပုံစံက အရင်ပုံစံအတိုင်း ပြန်ဖြစ်သွားပါသည်။ သူကတော့ မြတ်မြတ်ဇော်ဆိုသည့် မိန်းမကို နားကိုမလည်



www.burmeseclassic.com

www.burmeseclassic.com




တော့ချေ။ စိတ်ရော ကောင်းရဲ့လားဟု စဉ်းစားမိသေးသည်။ တစ်ခါတစ်ခါ အေးတိအေးစက်၊ တစ်ခါတစ်ခါ သူနှင့် အတိုက်အခံလုပ်ကာ ဂွတိုက်တတ်သလို တစ်ခါတစ်ခါကျပြန်တော့လည်း စကားအချိုအသာတွေ ပြောတတ်ပြန်သေးသည်။

ထိုနေ့က အိမ်ပြန်ရောက်သောအခါ သူက အဝတ်အစားလဲ၍ ကားယူကာ မေမို့ထံ သွားဝါသည်။ မေမိနှင့် မုန့်စား၊ စကားပြောကာ ဈေးဝယ် ထွက်ကြပါသည်။ မျက်နှာပေါ်မှာ အပိုလိုမရှိ ပြင်ဆင်ခြယ်သထားသော မေမိရဲ့ ရောင်စုံမျက်နှာလေးကို မြင်သောအခါ အမြဲတစေ သနပ်ခါးဖွေးလျက် ရှိသော မြတ်မြတ်ကို သွားသတိရမိလေသည်။ မြတ်မြတ်ကို မေမို့လို ပြင်ဆင်ပေးလိုက်လျှင် ဘယ်လိုနေမလဲလို့ သူ တွေးကြည့်မိသည်။

အင်း ... ဘယ်လိုနေမယ် မသိပေမဲ့ အရာရာမှာ ဘုကျ ဂျစ်တိုက်တတ်သော မြတ်မြတ်ဟာ အဲလိုတွေကို လက်ခံလာမည့် မိန်းမတစ်ဦးလည်း မဟုတ်တာကို ကြိုသိနေပါသည်။ မြတ်မြတ်က သူ့အတွက်တော့ လုပ်ဖော်ကိုင်ဖက် မတည့်အတူနေပါတနဲ့သော ဖြစ်လာမည့် တစ်ဦးတစ်ယောက်ပင် ဖြစ်လေသည်။







"သားဖော် ခဏလောက်"

သူ အလုပ်လုပ်နေစဉ်မှာပင် သူ့ဆီသို့ အရိပ်တစ်ခု ရောက်လာတာမို့ မော်ကြည့်လိုက်သောအခါ မြတ်မြတ် ဖြစ်နေပါသည်။ မြတ်မြတ်နှင့် သူ့စားပွဲမှာ အနည်းငယ်သာ ခြားပါသည်။ အခုမှ စတင်ရောက်လာကာစ သင်ယူလုပ်ကိုင်တုန်းမို့ တစ်ခန်းစီ မခွဲသေးဘဲ သူ့အခန်းထဲမှာပင် စားပွဲထားပေးရပါသည်။ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူရယ် မြတ်မြတ်ရယ် နှစ်ယောက်တည်းမို့ တစ်မျိုးတော့ ဖြစ်မိသားပင်။ ဒါပေမဲ့ မြတ်မြတ်ကို အကဲခတ်ရတာ ဒါတွေလည်း သိပ်ဂရုစိုက်ပုံ မရတာအပြင် သူ့ဘာသာ အေးအေးဆေးဆေးပဲ အလုပ် အာရုံဝင်စားနေတာမို့ ကြာတော့ သူ့အတွက် ရိုးသွားပေပြီ။

သူက လုပ်လက်စ အလုပ်ကို ခဏရပ်ကာ ...

"ပြောလေ၊ ဘာများလဲ"

"မေးစရာလေး ရှိလို့ပါ"

"ဘာမေးမှာလဲ၊ မေးလေ၊ ဘာနားမလည်လို့လဲ"

"မဟုတ်ပါဘူး၊ မြတ်မြတ် မေးချင်တာက ခု ဒီမှာရှိတဲ့ ဒီဇိုင်နာတွေက ဘယ်က သင်တန်းဆင်းတာလဲ၊ သူတို့ရဲ့ အရည်အချင်းက ဘယ်အတိုင်းအတာထိ ရှိလဲ အဲဒါ သိချင်လို့ပါ"

မြတ်မြတ် အမေးကြောင့် သူ အံ့သြသွားရလေသည်။ ဘာစိတ်ကူးနှင့် မေးတာလဲဆိုတာကို သူ ချက်ချင်း သဘောမပေါက်ချေ။ မြတ်မြတ် မျက်နှာကိုသာ ကြည့်နေလျက် ဘာပြန်ဖြေရမှန်း မသိ။ မြတ်မြတ်ကတော့ သူ့စားပွဲပေါ်မှာ လတ်နှစ်ဖက် ထောက်ရင်း သူ့ကို ငုံ့မိုးကာ ကြည့်နေလေသည်။ မီးခိုးရောင်ကုတ်ကို လက်ပင့်တင်ထားကာ သူ့အား ပြုံးစစ ငုံ့ကြည့်နေပုံဟာ တဆိတ်





တော့ စတိုင်လ်မိုက်သား။ မြတ်မြတ်ဟာ သွားတာလာတာ နေတာ ထိုင်တာတွေဟာ စတိုင်လ်တော့ ကျလှပါသည်။

လမ်းလျှောက်ပုံ ကိုးရိုးကားရား ဖြစ်မနေပေ။ စကား ပြောပုံဆိုပုံတွေဟာ အဆင့်အတန်း မြင့်ပါသည်။ မန္တလေးသူပီသစွာ၊ အပြောအဆို ယဉ်ကျေးပါသည်။ သို့သော် ပြင်ဆင်ပုံကတော့ တော်တော် ခေတ်နောက်ကျသည်။ သူမရဲ့ပြင်ဆင်ပုံနှင့် ပြောဆို နေထိုင်ပုံတို့ကား လုံးဝမလိုက်ဖက်လှချေ။ ဒီထက် ရင်းနှီးသွား ရင်တော့ မြတ်မြတ်ကို သူ အကြံပေးဖို့ စိတ်ကူးထားပါသည်။

"သားဇော် မသိဘူးလား"

"ဟင် ... သိပါတယ်၊ ကဲ ... ထိုင်ပါဦး မြတ်မြတ်ရဲ့၊ ဒါက အေးအေးဆေးဆေး ပြောကြတာပေါ့"

မတ်တတ်ကြီး ရပ်နေသော မြတ်မြတ်ကို သူက သူ့ရှေ့မှ ခုံမှာပင် ထိုင်ခိုင်းလိုက်ပါသည်။ မြတ်မြတ်က ခေါင်း ညိတ်ကာ အသာဝင်ထိုင်သည်။ သားဇော်က မြတ်မြတ်ကို အကဲခတ်လိုက်ရင်း ...

'ဒီမှာ ဒီဇိုင်နာရယ်လို့တော့ သီးသန့် မရှိဘူး မြတ်မြတ်ရဲ့၊ ဘာလို့လဲဆိုတော့ ကိုယ်တို့က ဖက်ရှင်ဦးစားပေးမှ မဟုတ် တာ၊ ဒီမှာက ရှပ်တွေပဲ ချုပ်တာလေ။ ပြီးတော့ ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း စတိုင်လ်ရိုးရိုးပဲပေါ့။ ဒါတွေက ပုံမှန် လည်ပတ်နေတာပဲလေ၊ ဘာဖြစ်လို့လဲ"

"မြတ်မြတ် တွေ့တာတွေ ပြောရရင် တချို့အထည်တွေက အရောင်အသွေး စပ်ဟပ်ရွေးချယ်မှု မှားနေတယ်၊ လွဲနေတယ် သားဇော်။ ဒါတွေကို ပြင်ဖို့လိုမယ်၊ နောက်ပြီးတော့ ဖက်ရှင်အသားပေးတဲ့ဘက်ကိုလည်း မြတ်မြတ်တို့ လုပ်ကြရတော့မယ်"

သူက မြတ်မြတ် စကားကို အတော်ရှုယ်ချင်သွားရလေသည်။ မြတ်မြတ်က ဖက်ရှင် အသားပေးတဲ့ အဝတ်အထည်တွေလည်း ထုတ်ချင်တယ် ဆိုပါလား။ သူကတော့ အရင်ဆုံးကိုယ့်ဖက်ရှင်ကို ကိုယ်လှအောင် ပြင်ဆင်ဦးဟုပဲ အကြံပေးချင်ပါသည်။

သူများ အဆင်သင့် ထွင်ထားတဲ့ ဝတ်စုံတွေကိုတောင် လှပစွာ ရွေးချယ်မဝတ်တတ်၊ မပြင်မဆင်တတ်တဲ့ မြတ်မြတ်က ဒီက အဝတ်အစားတွေရဲ့ အရောင်စပ်ဟပ်မှုလိုသတဲ့။ ဖက်ရှင်ဘက်ကိုလည်း ဝင်ချင်သတဲ့။ ဒီဇိုင်နာတွေရဲ့ အရည်အချင်းကိုတောင် မေးလိုက်သေးသည်။ တော်တော်လည်း ကျလောက်တဲ့ မြတ်မြတ်ဇော်ပါလား။





သူ့စိတ်ကူးထဲမှ အပြုံးဟာ အပြင်မှာလည်း နှုတ်ခမ်းပေါ်မှာ တွဲခိုသွားတာမို့ မြတ်မြတ်က သူ့ကို မျက်မှောင်ကုတ်ကြည့်ရင်း ...

"ဘာလဲ ရှင်က မြတ်မြတ်ကို လှောင်တာလား"

"မလှောင်ပါဘူး မြတ်မြတ်ရဲ့၊ ဒါတွေ လုပ်ဖို့ဆိုတာ ဖက်ရှင် ဒီဇိုင်းကို တော်တော်နားလည်ဖို့ လိုလိမ့်မယ်။ ကိုယ်က အဲဒါတွေလည်း သိပ်နားမလည်ဘူး၊ ပြီးတော့ ဈေးကွက် အနေအထားလည်း ရှိသေးတယ်၊ ဒီမှာက သူ့စက်နဲ့ သူ့အလုပ်သမား အကိုက်ပဲ မြတ်မြတ်ရဲ့"

သူက မြတ်မြတ်ကို ကလေးတစ်ယောက်ကို ချော့မော့သည့်အလား ရှင်းပြနေပါသည်။ မျက်မှောင်ကုတ်ချိထားသော မြတ်မြတ်ရဲ့ ပုံစံဟာလည်း ကလေးကြီးတစ်ယောက်နှယ် ခြားပေ။

ဆံပင်တွေကို ညှပ်ကြီးတစ်ခုဖြင့် သိမ်းဖွဲ့တင်ထားကာ မျက်မှောင်ကုတ် ကြည့်နေသော ပုံမှာ ရယ်ချင်စရာလည်း ကောင်းလှပါသည်။

"ဒါဆို ရှင်က ဘာလဲ"

"ဟင် ... ဘာ ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သူပင် မြတ်မြတ် စကားကို နားဆန်းသွားရသည်။ မေးပုံက ကျောချမ်းစရာ။ ကုလားထိုင်မှာ ခပ်ဆောင်းဆောင်း ထိုင်ရင်း လက်တစ်ဖက်ကို စားပွဲပေါ် တင်ထားပြီး မေးပုံသည် တကယ့်ကို မိုက်ကယ်စတိုင်။

သူ မြတ်မြတ်ကို ရယ်လည်းရယ်ချင်ကာ နောက်လည်း နောက်ချင်လာလေသည်။

ရှုံးသိုးသိုးနှင့် စိတ်ဆိုးပုံသည် သူ တွေ့မြင်ဖူးသော မိန်းကလေးများစွာတို့၏ စိတ်ကောက်ပုံနှင့် ခြားနားလို့နေကာ ရယ်ချင်စရာ ကောင်းနေလေသည်။ လှလည်းမလှပါဘဲနှင့် စူပုပ်နေပုံမှာ သူ့အတွက်တော့ စချင်စရာ အဆန်းပင်တည်း။

"ရှင်က မြတ်မြတ် ပြောတာတွေကို မဖြစ်နိုင်တာတွေ ပြောတယ်ဆိုပြီး ဟားနေတာလား"

"ဟာ ... မဟုတ်ပါဘူး၊ အဲလိုတော့ လုံးဝ မဟုတ်တာ အမှန်ပါ မြတ်မြတ်ရယ်၊ ဒါပေမဲ့ ကိုယ်ကလည်း နည်းလမ်းကျတာကို ပြောပြတာလေ"

"ဟုတ်ပါတယ်၊ ဒါကို မြတ်မြတ် လက်ခံတယ်၊ ဒီမယ် သားဇော်ကို မြတ်မြတ် တစ်ခုပြောမယ်။ မြတ်မြတ် လုပ်ငန်းချဲ့ချင်တယ်၊ ပြီးတော့ ခေတ်မီတဲ့ အဝတ်အစား





တွေ ထုတ်ချင်တယ်။ ထိုင်းနိုင်ငံကထုတ်တဲ့ Pin တို့ TRI တို့လို အရည်အသွေးတွေ တကယ်လုပ်မယ်ဆို တကယ် ဖြစ်ပါတယ်၊ အဲဒါ သားဇော် ဘယ်လိုသဘောရလဲ"

သူက သက်ပြင်းကို အသာချရင်း မြတ်မြတ်ကို ကြည့်လိုက်ပါသည်။ မြတ်မြတ်ရဲ့ မျက်လုံးတွေက မျှော်လင့်ချက် ရိပ်ဖြင့် တဖျပ်ဖျပ် တက်ကြွလွန်းနေလေသည်။

"အင်း ... ကောင်းပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ၊ အရင်းအနှီးက မြတ်မြတ်တို့ ပူစရာ မလိုပါဘူး၊ အစပိုင်းမှာ အနည်းအကျဉ်းနဲ့ပေါ့၊ နောက် တဖြည်းဖြည်း အရှိန်ရလာရင် သူ့ဘာသာ လည်ပတ်ပြီး သွက်သွားမှာပဲလေ"

"အင်း ... အဲဒီတော့ မြတ်မြတ်က ဘယ်လို စိစဉ်ချင်လဲ၊ ကိုယ်ကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ဖက်ရှင်တွေ နားမလည်ဘူးနော်"

မြတ်မြတ်ထံမှ ပိုင်နိုင်သော အပြုံးတစ်ခု လင်းလက်လာပြီးလျှင် ...

"စိတ်ချပါ၊ သားဇော် အဲဒီကဏ္ဍတွေ မဝင်ရပါဘူး၊ အလုပ် အတူတွဲလုပ်နေတဲ့ ပါတနာချင်းမို့ မြတ်မြတ်က



www.burmeseclassic.com

www.burmeseclassic.com



အသိပေးတာပါ၊ ဒါပေမဲ့ သားဇော် နည်းနည်းတော့ ကူညီရမယ်နော်”

သူက နောက်သို့ မှီချပစ်တော့ရင်း ...

“ဟူး ... လုပ်ကွာ၊ လုပ် လုပ်၊ လိုတာရှိရင်သာပြော၊ အစီအစဉ်က ဘယ်တော့စမှာလဲ”

“သိပ်မကြာမီပေါ့၊ မြတ်မြတ် သားဇော်ကို လုပ်ငန်းစဉ်ရေးပြီး ပြပါ့မယ်၊ ဒါဆို သဘောတူပြီပေါ့နော်”

“အင်း ... တူတယ်ပေါ့၊ ဒါ့ထက် ... အောင်မြင်ပါ့မလား”

“အိုး ... ကြည့်လိုက်လေ”

မြတ်မြတ်ထံမှ သေချာပိုင်နိုင်သော အပြုံးတစ်ခုဖြင့် သူ့ကို စိန်ခေါ်သလို ပြုံးကြည့်နေလေသည်။ သူကတော့ တားမနေချင်တော့။

ဘာမှ မဖြစ်လာလဲ ဒါမှ သင်း မှတ်သွားမည်ဟူသော အတွေးဖြင့် စိတ်ပုပ်သည်ဟုပဲဆိုဆို ဘာဆိုဆို သူ ထင်ရာ သူ လုပ်ချင်သော မြတ်မြတ်ကို ဒီအတိုင်းသာ လွှတ်ပေးဖို့ စိတ်ကူးထားပါသည်။

လက်ရှိ အလုပ်နှင့်အောင် ပုံမှန်လည်ပတ်၊ အချိန်မီပေးနေရာမှ နောက်ထပ် မြေစမ်းခရမ်းပျိုး လုပ်ငန်းတစ်ခုကို ထပ်ထူ





ထောင်ချင်နေသေးသော သကောင့်အမျိုးသမီးက တားလည်း ရမှာမဟုတ်တော့။

ခေတ်မီလှပသည့် ဒီဇိုင်းဝတ်စုံတွေကို ကြီးကြပ်မည့်သူက ဆယ့်နှစ်နာရီ ဆံပင်လိမ်တင်ထားသောဒီဇိုင်း။ သနပ်ခါး ပြတ်သည် မရှိသော မျက်နှာပြင်နှင့် ရုပ်အင်္ကျီ ပါတိတ်ထဘီတို့နှင့် ဘယ်လို ကိုယ်ပိုင်ဒီဇိုင်းတွေ ထွင်လာဦးမလဲဆိုတာ သူ ရယ်ချင်စွာဖြင့် စောင့်ကြည့်ရပါသည်။ သူက ဒီဇိုင်းအကြောင်းလည်း နားလည်တာဆိုတော့ ...။

ဒီဇိုင်းဆိုမှပင် သားဇော် တစ်ယောက် ဟေသာ့ကို သွားသတိရမိပါသည်။ ဟေသာက ဒီဇိုင်းပညာမှာ ဒီပလိုမာရထားတယ်ဆိုပဲ။ လက်ရှိမှာ အလုပ်လည်းမရှိသော ဟေသာ့အတွက် မြတ်မြတ်ရဲ့ အလုပ်သစ်မှာ အဆင်ပြေမလား မပြောတတ်ချေ။ ဘာပဲပြောပြော တတ်ထားသည့် ပညာရပ်တစ်ခုကို လူမှန်နေရာမှန် အသုံးချစေချင်သော စေတနာဖြင့် သားဇော်က ဟေသာ့ကို ဒီဇိုင်နာခန့်ဖို့ စိတ်ထဲမှ ကျိတ်ဆုံးဖြတ်ထားလိုက်လေသည်။



www.burmeseclassic.com



တစ်ပတ်လောက်ရှိသည့် အချိန်အတိုင်းအတာတစ်ခု လောက်မှာ မြတ်မြတ်က သူ့ကို စာအုပ်အရှည် ခပ်ပါးပါးတစ်ခု လာပေးပါသည်။

"အဲဒါ မြတ်မြတ် ဆွဲထားတဲ့ လုပ်ငန်းစဉ်ပဲ။ ဝန်ထမ်း ဘယ်နှယောက် ဘာစက်ပစ္စည်းကအစ အကုန်ပါတယ်၊ သားဖော် ဖတ်ကြည့်ပြီး မြတ်မြတ်နဲ့ ဆွေးနွေးပါ"





"အင်း ... ကောင်းပြီ၊ ဗြော် ... ဒါနဲ့ မြတ်မြတ် လမ်းတွေ သိနေပြီမလား"

"သိပါပြီ၊ ဘာလို့လဲ"

"ဒါဆို ကိုယ့်ကားကို မြတ်မြတ်ဘာသာ မောင်းပြန်သွားလိုက်ပါ၊ ရုံးဆင်းရင် ကိုယ့်သူငယ်ချင်းတွေ လာခေါ်မှာမို့ ကိုယ် အိမ်ပြန်မလိုက်တော့ဘူး၊ မေမေ့ကိုလည်း ကိုယ် အပြင်ကပဲ စားခဲ့မယ်ဆိုတာလေးရော တစ်ဆိတ်လောက် ပြောပေးပါနော်"

"ကောင်းပါပြီ၊ ဗြော် ... ဒီစာအုပ်ကို ပေးရင်ပေးလိုက်ပါလား၊ အိမ်ရောက်မှ ယူပေါ့"

"ရပါတယ်၊ ကိုယ်ပဲ ယူထားလိုက်မယ်"

"ပြီးတာပဲ၊ ပျောက်မှာစိုးလို့"

မြတ်မြတ်က သူ့ကားသော့ကို ယူကာ ထွက်သွားပါသည်။ ညနေ ရုံးဆင်းတော့ သူ့သူငယ်ချင်းတွေနှင့် မြတ်မြတ်မှာ ပွတ်ခါသီခါလေး ဆုံသွားရလေသည်။

"ဟေ့ကောင် ... မင်းမလည်း မိန်းမ ရသေးတာတောင် မဟုတ်ဘဲနဲ့ ဒီလောက် အလုပ်တွေ ကြိုးစားနေတယ်၊ နေပါဦး၊ မင်းကား မောင်းသွားတာ မန္တလေးက မင်းရဲ့ ပါတနာဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူက စာရွက်စာတမ်း တချို့ကို သိမ်းဆည်းရင်းမှ...

"အေး ... သူ့ကို ကားပေးလိုက်တာ"

"ဟော့ကောင် ... ဒါက မင်းရဲ့ အတည်ကြီးလား"

သားဖော်က မျက်နှာကို ရှုံ့မဲ့ပစ်ရင်း ...

"ဘယ်ကလာကွာ၊ မင်းတို့ သေချာဖြင့် မမြင်ဖူးဘဲနဲ့၊ ဒီလောက် ပုံတုံးကြီးများ၊ အဲဒါတော့ လုံးဝ သွားမစနဲ့နော်၊ မီးခဲပဲ၊ မလုပ်နဲ့"

"မင်းကသာ ပြောနေတာ၊ မင်းနဲ့ ပါတနာတွေလည်းဖြစ်၊ မင်းတို့အိမ်မှာတောင်နေတာ၊ ကျေနွ မင်း ဘိုးတော်က မင်းနဲ့ ပေးစားဖို့နဲ့ တူတယ်နော်"

မျိုးကိုရဲ့ စကားကို နောင်ဝင်းကပါ ထောက်ခံဟန်ဖြင့် ...

"အေးလေ ... အဲဒီ ဘယ်သူ ... မြတ်မြတ်။ အေး ... သူ့မိဘတွေကလည်း သူ့သမီး အပျိုကို လူပျိုရှိတဲ့အိမ်မှာ တည်းခိုင်းတာ မင်းတို့ချင်း ရင်းနှီးစေချင်လို့ နေမှာပေါ့။ ဒါ့အထင် နှစ်ဖက်မိဘတွေက မင်းတို့ကို သဘောတူပုံပဲ၊ မင်း စဉ်းစားကြည့်စမ်း"





သူ့သူငယ်ချင်းတွေ ပြောမှပင် ဒီအဖြစ်အပျက်ကို သူ စဉ်းစား တွေးတောလာမိပါသည်။ ဘုရားရေ ... သူနှင့် မြတ်မြတ်ကို သဘောတူစွာဖြင့် ပေးစားမလို့။ ဒါတော့ မဖြစ်နိုင်ပေ။ ရင်လည်း ခုန်ချင်စရာမရှိ။ စိတ်ဝင်စားစရာလည်း မရှိသော ခပ်ရိုးရိုး မိန်းမတစ်ယောက်။

သာယာနာပျော်ဖွယ် စကားလည်း မဆိုတတ်၊ စိတ်ကို ပျော်ရွှင်လာအောင်လည်း မလုပ်တတ်သော မိန်းမတစ်ယောက်ကို သူ ဘယ်နည်းနှင့်မျှ လက်မထပ်နိုင်ပေ။ သူလက်ထပ်မည့် မိန်းမသည် သူ မချစ်တောင်၊ သူ သာယာမိသော၊ ချော့မော့လှပကာ နူးညံ့သိမ်မွေ့သော မိန်းကလေးတစ်ယောက်သာ ဖြစ်သင့်လေသည်။ မြတ်မြတ်တော့ ဘယ်နည်းနှင့်မျှ ဖြစ်မလာနိုင်။ ထို အဖြစ်အပျက်ကို ဘယ်နည်းနှင့်မျှ သူ လက်ခံနိုင်မည် မဟုတ်ချေ။

မျိုးရိုးကောင်းကာ ဥစ္စာဓနေ ကြွယ်ဝပြည့်စုံသော်လည်း မိန်းမတစ်ယောက် မပီသစွာ ရှိလွန်းသော မြတ်မြတ်ကို သူ လက်ထပ်ဖို့ဆိုတာ သူ တစ်ခါမျှ မတွေးမိသော အရာပင်။

အတ္တကြီးတယ်ပဲဆိုဆို သူ လက်ထပ်မည့် မိန်းကလေးသည် ချော့မော့လှပကာ နူးညံ့သိမ်မွေ့လျက် သူ့ကို ရင်ခုန်ချင်စရာ ကောင်းအောင် ပြုစုယုယသည့် အလုပ်ပဲ လုပ်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသာ အစဉ်အားကိုးလျက် အင်မတန်မိန်းမပီသသော မိန်းကလေးကိုသာ သူ လက်ထပ်လိုသည်။ သူနှင့် ရင်ပေါင်တန်းကာ အလုပ်တွေ အပြိုင်ကြဲလုပ်သော မိန်းမမျိုး အထူးသဖြင့် နူးညံ့သိမ်မွေ့မှု တစ်စက်လေးမှ မရှိသော မိန်းမမျိုးကို သူ လက်မထပ်ချင်ပါ။

"အေးကွာ၊ မင်းတို့ ပြောမှပဲ စဉ်းစားမိတယ်၊ ဒါပေမဲ့ သိပ်မဖြစ်နိုင်ပါဘူးကွာ၊ မေမေက အဲဒီလိုမျိုး ငါ့ကို ဖွင့်ပြောမှာပေါ့၊ ငါ့ကို အဲဒီကိစ္စနဲ့ ပတ်သက်လို့ ဘာတစ်ခွန်းမှ မပြောဘူး၊ ဒီအတိုင်းအေးဆေးပဲ"

"တော်ကြာ ပြောချင် ပြောလာမှာလေကွာ၊ မင်း အတည်တကျ ရည်းစားလည်း ရှိတာ မဟုတ်ဘူးဆိုတော့ စီစဉ်ရင် ဘယ့်နှယ် လုပ်မလဲ။ ဒါနဲ့ မြတ်မြတ်ဖော်ကရော မင်းနဲ့ ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး၊ သူ့ကိုလည်း ငါ အံ့သြတယ်။ အလှအပကို လုံးဝ ဝါသနာမပါတဲ့ မိန်းမမျိုး ငါ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ အလုပ်ပဲ သူ စိတ်ဝင်စားတယ်၊ အဲဒါပဲ၊ ခုတောင် ဖက်ရှင်ဘက် ဝင်ဦးမယ်လို့တဲ့။ သူ့ပုံကို မြင်မှ မင်းတို့ ပိုရယ်မှာ။ သူ့စကားနဲ့ သူ့ပုံနဲ့တော့ တစ်လွဲပဲ"





"ခုန ကားမောင်းသွားတဲ့ စတိုင်လ်ကတော့ မိုက်ကယ်ပဲ၊ တောသူပုံ မထွက်ပါဘူး"

"အေး ... တောသူပုံမျိုးတော့ မဟုတ်ဘူး၊ သွားတာ လာတာ၊ စားတာသောက်တာတွေက အဆင့်တန်းမြင့်တယ်၊ ဒီဇိုင်းက ဆိုးတာ။ သူ့မိဘတွေရော၊ သူ့မောင်လေးရော ခေတ်မီမီပါပဲ။ သူက ခေတ်တုံးတာလည်း မဟုတ်ဘူး၊ ရှပ်အင်္ကျီတွေတော့ ကောင်းကောင်းကန်းကန်း ဝတ်တာပဲ။ အဲဒါတွေပဲဝတ် အလှပြင်တာလည်း တစ်ခါမှ မတွေ့ဖူးဘူး။ ဆံပင်ကလည်း ဘယ်လောက်ရှည်မှန်းတောင် မသိပါဘူး။ အမြဲ ခေါက်တင်ထားတာ၊ သနပ်ခါးတော့ တော်တော်ကြိုက်တဲ့ပုံပဲ။ မင်ကိုအသားဖုံးအောင် လိမ်းထားတာ။ နောက် တွေ့လာမှာပါ"

"ဒါကြောင့် မင်းက မကြိုက်တာကိုး။ တော်တန်ရုံ အချောမျိုးဆို ဒီလောက် နီးနီးကပ်ကပ်နေရတာနဲ့တင် ရည်းစား ဖြစ်လောက်ပြီ"

"အဲလိုလည်း မဟုတ်ပါဘူးကွာ၊ သူ့မှာ"

သူ့မှာ သိပ်ကို လှပသော မျက်နက်ဝန်းလေးတစ်စုံ ရှိတယ်ဆိုတာကိုတော့ ပြောမည် လုပ်ပြီးမှ သားဖော် မပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ အဲဒီ မျက်နက်ဝန်းလေးက တစ်ခါတစ်ရံ စိုက်ကြည့်တတ်သောအခါ သူ တစ်မျိုးတော့ တစ်မျိုးဖြစ်သွားတတ်စမြဲပင် မဟုတ်ပါလား။

အဲဒီ မျက်ဝန်းလေးဟာ မြတ်မြတ်နှင့် ဘာမှမဆိုင်သည့်အလား သူ့ဘာသာ ကွဲထွက်နေသော လင်းလက် တောက်ပသည့် အရာလေးဖြစ်ကာ သူကလည်း မြတ်မြတ်ကို မခင်ပဲ မျက်ဝန်းလေးကို ပိုခင်မိနေတာ ဘာကြောင့်လဲတော့ မသိ။

တစ်ခါတစ်ရံမှာ မျက်ဝန်းလေးက သူ့ဘာသာ သီးသန့်ကွဲထွက်လျက် တစ်ခါတစ်ရံတော့လည်း မြတ်မြတ်နှင့် တစ်ပေါင်းတစ်စည်းတည်း ဖြစ်သွားပြန်လေသည်။

"တော်ကြာ ဒါကိုပဲ သံယောဇဉ် တွယ်သွားဦးမယ်"

"သံယောဇဉ် ! … ဟား ဟား ဟား … သွားမယ် ဟော ကောင်တွေ၊ ဗိုက်ဆာပြီ … လာ"

သူက နောင်ဝင်း စကားကို ဟာသလုပ်ရင်း ရှေ့မှ ဦးဆောင်ကာ ထွက်လာခဲ့ပါသည်။ သံယောဇဉ်တဲ့။ သံယောဇဉ် ဆိုတာကို သူ သေသေချာချာ တိတိပပ မသိလှပါ။ သူနှင့် တွဲသည့် မိန်းကလေးတွေအပေါ်မှာ သူသံယောဇဉ် ရှိလားမေးရင် မရှိဘူးဟု ဖြေရမှာပင်။ သံယောဇဉ် ဆိုတာကိုတော့ သူ မသိ။





သေချာတာကတော့ သံယောဇဉ်ဆိုသည့် ကြိုးတစ်ချောင်းဟာ အချစ်ထက်ကိုပင် တစ်ခါတစ်ရံ အစွမ်းထက်အဖျက်ရခက်သည့် နှောင်ကြိုးတစ်ချောင်း ဖြစ်နေတတ်တာကို သူ ကြားဖူးနားဝရှိပါသည်။ သူနှင့် မြတ်မြတ် ကြားမှာ သံယောဇဉ် ဆိုတာ ရှိလာမည် ဟု သူ မထင်ပါ။

အင်း … မျက်နက်ဝန်းလေးတစ်စုံ အပေါ်မှာတော့ သူ စသတိထားမိသည့် အ[illegible]ကတည်းက သံယောဇဉ် ကြိုးတစ်ချောင်း တင်ထားပြီးပြီ ဆိုတာကို သူ့ဘာသာပင် ကျိတ်၍ ဝန်ခံထားခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





မြတ်မြတ်ရဲ့ လုပ်ငန်းအကြောင်းကို ဖတ်ကြည့်တော့ သေချာစနစ်တကျ ပြုစုထားတာကို တွေ့ရပါသည်။ ကုန်ချော ထုတ်ပြီး အဝတ်အထည်တွေ ရလာလျှင် ဆိုင်တွေမှာ တင်တာ ထက် ကိုယ့်ဆိုင်နှင့်ကိုယ် ဖွင့်ဖို့ အစီအစဉ်ပါ ဆွဲထားသည်ကို တွေ့ရသည့်အတွက် အကြံကတော့ မသေးလှဟု ကောက်ချက် ချမိပါသည်။





အခြေအနေ သိပ်မဆိုးဟု မျှော်လင့်ဖွယ် ရှိသလို အလုပ်လည်း ရှုပ်ဦးမှာကို မြင်ယောင်မိသည်။ ဖေဖေနှင့် မေမေ ကတော့ တိုးတက်ချင်စိတ်ရှိကာ ကြိုးစားသည့် မြတ်မြတ်ကို ပိုလို့ဝင် အမှတ်တွေ ပေးနေလေသည်။

သူက မြတ်မြတ်ရဲ့ပုံစံနှင့် ဖက်ရှင်အဝတ်အစားတွေ ထွင်မယ်ဆိုတော့ ရယ်ရသည့် အကြောင်းကို မေမေ့ထံ ပြောပြတော့ မေမေက ဘာမှမပြောဘဲ အဓိပ္ပာယ်ပါသော အသံနှင့်ဆိတ်လျက်သာ ပြုံးနေတာကိုလည်း သူ နားမလည်ချေ။

မေမေ့အပြုံးမှာ အဓိပ္ပာယ်တစ်ခုခုတော့ ပါဝင်နေ မည်ဟု သူ ထင်မြင်မိသည်။

ညနေစာ စားပြီးသောအခါ မြတ်မြတ်က သူ့ကို စကားစလာလေသည်။

“ဘယ်လိုလဲ သားဖော်၊ ဘယ်လို သဘောရလဲ”

“အင်း _ သချာလုပ်မယ်ဆို အောင်မြင်နိုင်မဲ့ အနေအထား ရှိပါတယ်။ ပြည်ပပို့ကုန် အတွက်ဆို အရည်အသွေးကိုတော့ တော်တော် ဦးစားပေးရမယ်။ ကောင်းပါတယ်၊ ကိုယ်က တော့ အကြံဉာဏ်ပဲ ပေးနိုင်မယ်နော်။ မြတ်မြတ်ပဲ အဓိက လုပ်ရမှာပဲ၊ အဲဒီအတွက် ဒီဘက်ကို မြတ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယူတော့ရင်လည်း ရပါတယ်၊ ခုမှ အသစ်စမဲ့ အဲဒီဘက်ကို ဦးစားပေးလုပ်ပေါ့"

"ဒါဆို သားဖော်က ဘာတွေ ကူညီပေးနိုင်မလဲ"

"ကိုယ်က ပိတ်စတွေ မှာဖို့၊ နောက် စက်တွေ တပ်ဖို့ ဆင်ဖို့ ဝယ်ဖို့၊ ပြီးတော့ တခြား လိုတာလေးတွေ လုပ်ပေးနိုင်ပါတယ်"

"ဟင် ... အဲဒါဆို အမြန်ဆုံး အကောင်ထည် စဖော်တာပေါ့၊ ဪ ... ဒါနဲ့ ဒီဇိုင်နာက ငါးဦးလောက် ခန့်မယ်ဆိုတော့ သားဖော် သိတဲ့ တကယ်တော်တဲ့ ဒီဇိုင်နာမျိုး သားဖော် သိတာ ရှိလား"

"ရှိပါတယ်။ သူ့ကို မြင်ရင် မြတ်မြတ် သဘောကျမှာပါ၊ သူက ဒီဇိုင်နာနဲ့ ပတ်သက်လို့ ကိုးရီးယားက ဒီပလိုမာ ရထားတာ"

"ဪ ... ဒါဆို ကောင်းတာပေါ့၊ မြတ်မြတ် တွေ့ချင်တယ်"

"တွေ့ရမှာပါ၊ ဒါ့ထက် မြတ်မြတ်ကို တစ်ခု ပြောချင်တာ ရှိတယ်"

"ဘာများလဲ။ ပြောပါ"





"လူတစ်ယောက်က ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို အလုံးစုံကြီး မတတ်ကျွမ်းရင်တောင်မှ သဘောတရားကို နားလည်ဖို့ လိုတယ်လို့ ကိုယ် ထင်တယ်၊ အထူးသဖြင့် လုပ်ငန်းကြီး တစ်ခုကို ဦးဆောင်နိုင်မဲ့ လူဟာ ကိုယ့်လက်အောက်က ဝန်ထမ်းတွေထက်တော့ ပိုနားလည်တတ်ကျွမ်းသင့်တယ်လေ၊ အဲဒါ"

သူ စကားမဆုံးခင်မှာပဲ မြတ်မြတ်က သူ့ကို လက်ဝါးတစ်ဖက် ကာပြလျက် ...

"သားဖော် ပြောချင်တာ မြတ်မြတ် နားလည်ပါတယ်၊ စိတ်ချပါ။ မပူပါနဲ့၊ ခုလို စေတနာ ရှေ့ထား သတိပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်"

"မဟုတ်ဘူး မြတ်မြတ်၊ ကိုယ် ဆိုလိုတာက"

"မြတ်မြတ် သိပါတယ် ဆိုနေမှ၊ ကဲ ... အခုချိန်ကစပြီး မြတ်မြတ်တို့ရဲ့ အစီစဉ်ကို အကောင်အထည် ဖော်ကြရအောင်၊ သားဖော် စတင်လှုပ်ရှားနိုင်ပြီ ...

ဪ ... တစ်လက် စတည်း ပြောရဦးမယ်၊ မြတ်မြတ် မနက်ဖြန်ပဲ ဒီက ပြောင်းတော့မယ် သိလား၊ အန်တီတို့ကိုလည်း ပြောပြပြီးသားပါ ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ် အိမ်ရသွားပြီလေ၊ ရွှေပုန်းညက်ရိပ်မွန်မှာ၊ မြတ်မြတ် သူငယ်ချင်းနဲ့ တူတူနေမှာ၊ သူကလည်း မိန္တလေးကပဲလေ။ မြတ်မြတ်နဲ့ အတူ အလုပ်လုပ်မဲ့သူ တစ်ဦးပေါ့၊ အဲဒါ သူ့ကိုလည်း ဘူတာမှာ သွားကြိုရမယ်။ အိမ်လည်း ရွှေ့မယ်ဆိုတော့ မနက်ဖြန် တစ်ရက်တော့ မြတ်မြတ် ရုံးတက်မှာ မဟုတ်ဘူးဆိုတာရော တစ်ခါတည်း ပြောခဲ့တယ်နော်၊ အဲဒါပါပဲ”

ပြောပြီးသွားတာနှင့် အပြုံးလေးတစ်ခုဖြင့် နှုတ်ဆက်သွားသော မြတ်မြတ်ကို ငေးကြည့်ကာ သူ ဘာပြောရမှန်း မသိဘဲ ကျန်ရစ်ခဲ့လေသည်။







မန္တလေးမှ စုန်ဆင်းလာသော ရထားကြီး ရန်ကုန်ဘူတာကြီးကို ဆိုက်သောအချိန်မှာတော့ မြတ်မြတ်က လည်တဆန့်ဆန့်နှင့်ပင် ပြတင်းပေါက်တွေကို မျှော်ကြည့်ပါသည်။ တစ်တွဲ၊ နှစ်တွဲ၊ သုံးတွဲ ကျော်ပြီးမှာတော့ ရထားပြတင်းပေါက်မှာ ခက်ခက်ရဲ့ မျက်နှာကြီး ပေါ်လာလျှင် မြတ်မြတ်က ဝမ်းသာအားရ အော်နှုတ်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး … မြတ်မြတ်၊ ငါ ဒီမှာဟေ့"

"အေး … အေး၊ မြင်တယ် မြင်တယ်"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် နှုတ်ဆက်ကြရင်း မြတ်မြတ်က ခက်ခက်ပါလာသော တွဲဆီကို အပြေးသွားကြိုပါသည်။ ရထား လုံးဝ ရပ်သွားပြီးချိန်မှာတော့ ခက်ခက်တစ်ယောက် ရထားပေါ်မှ အထုပ်အပိုးတွေ တစ်ပွေ့တစ်ပိုက်နှင့် ဆင်းလာလေသည်။ မြတ်မြတ်နှင့် အတူပါလာသော မချောက ခက်ခက်ရဲ့ အထုပ်အပိုးတွေကို ကူဆွဲပေးပါသည်။ လက်တွေအားသွားသော ခက်ခက်က အခုမှ မြတ်မြတ်ရဲ့ လက်ကို အားပါးတရ ဆုပ်နယ်ရင်း မျက်နှာကိုပါ ကြည့်လျက် တဟားဟား ရယ်မောတော့ကာ …

"ကြည့်ဦး (ကျုံး) တကယ် မမှတ်မိဘူး။ အဟားဟား နင်သာ မခေါ်ရင် ငါ မှတ်မိမှာ မဟုတ်ဘူး၊ ပီပြင်တဖ်ကွာ၊ လုံးဝပဲ အဟား ဟား၊ အံ့သြမဆုံးဘူး။ ကျုံး(ကြည့်ဦး)"

စကားပြောလျှင် ကျုံး၊ ကျုံး (ကြည့်ဦး)ဆိုသော စကားသံလေး စွက်ကာ အရယ်လည်း ပြတ်လှတယ် မရှိသော ခက်ခက်က မြတ်မြတ်ရဲ့ မျက်နှာကို ကြည့်ကာ လက်ညှိုးတထိုးထိုးဖြင့် ပွဲကျမဆုံး။ မြတ်မြတ်က ကိုယ့်ကို ရယ်မဆုံးတော့သော ခက်ခက်ကို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း …





"ကဲပါ၊ လူတွေ့တာနဲ့ ရယ်ဖို့ပဲ ချောင်းနေ၊ ရယ်ချင်ရင်လည်း အိမ်ရောက်မှ ရယ်တော့။ သွားရအောင်"

မြတ်မြတ်က ခက်ခက်ရဲ့ လက်ကို ဆွဲလျက် ဘူတာပြင်ဘက်သို့ လျှောက်လာခဲ့ကြပါသည်။ မချောက ပစ္စည်းတွေကို ကားပေါ်တင်လျက် အသင့်စောင့်နေပြီး အားလုံး တက်ပြီးတာနှင့် တစ်ပြိုင်နက် မြတ်မြတ်က ကားကို ဘူတာကြီးထဲမှ မောင်းထွက်လာခဲ့ပါသည်။

လမ်းတွေကို သွက်သွက်လက်လက်နှင့် ကျွမ်းကျင်စွာ မောင်းနှင်နေသော မြတ်မြတ်ကို ခက်ခက်က ရယ်သော မျက်နှာနှင့်ပင် ကြည့်လျက် …

"လမ်းတွေလည်း ကျွမ်းနေပြီပေါ့၊ သေချာပြပေးထားတယ်ပေါ့"

"အစကတည်းက ကျွမ်းပြီးသားပါဟာ"

"သိသားပဲ။ နင့် ဒီစိုင်းကိုတော့ ငါ တကယ် ကြိုက်တယ်၊ သနပ်ခါးက လူတစ်ယောက်ကို အဲလောက် ရုပ်ပြောင်းစေသလားဟယ်"

"သူများတော့ မသိဘူး၊ ငါ့ကိုတော့ တော်တော်ပြောင်းလဲစေသွားတာပဲ၊ နင် မြင်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... နင့်ရုပ်က သနပ်ခါးလိမ်းတာနဲ့ မိတ်ကပ်လိမ်းတာ အရမ်းကွာတာပဲဟာကို၊ ဒီကြားထဲ အဝတ်အစားက ကူလိုက်တော့ ဘုရားစူး မိုးကြိုးပစ် မြတ်မြတ်ပဲ ကျုး (ကြည့်ဦး)"

ခက်ခက်ရဲ့ စကားကို မြတ်မြတ်က ဘာမှ ပြန်မပြောဘဲ ကျေနပ်စိတ်ဖြင့် အသာပြုံးနေပါသည်။

"ဒါနဲ့ နင် ဒီနေ့ ရုံးမတက်ရဘူးပေါ့"

"အေးလေ၊ နင် လာမှာကြောင့်ရော၊ ဒီနေ့ အိမ်ပြောင်းမှာမို့ရောပေါ့"

"ဘာလဲ သူ ရှာပေးတဲ့ ကွန်ဒိုလား"

"မဟုတ်ဘူး၊ ငါ့ဘာသာ ဝယ်တာ။ သူ့ ရှာခိုင်းထားတာလဲ ဘာသံမှ မလှုပ်တာနဲ့၊ ငါကလည်း တကူးတက ရှာတာ မဟုတ်ပါဘူး။ မေမေတို့ မိတ်ဆွေသဘော်သားတစ်ယောက် ဝယ်ထားတာလေ၊ သူကလည်း ငွေမိုလို့ ဝယ်ထားတဲ့ သဘောပါ။ အခု အလုပ်လုပ်မယ်ဆိုတော့ ငွေက လိုတာနဲ့ ပြန်ရောင်းတာ။ ငါလည်း ဈေးပုန်းညက်ဆိုတော့ သဘောကျတာနဲ့ ဝယ်လိုက်တာပဲ၊ အိပ်လည်း မဝေးဘူးလေ၊ပြီးတော့ အကုန်ရှိတာကိုး၊ **ဗစ်တိုးရီးယား** ဘာညာလဲ ရှိနေတော့





ငါတို့အတွက် စားရေးသောက်ရေးကအစ အဆင်ပြေမှာလေ၊ နေရ ထိုင်ရတာလည်း ကျယ်တော့ မေမေတို့ လာရင်လည်း နေလို့ရတာပဲလေ"

"နင့်ဆီ တည်းပါ့မလားဟဲ့၊ ခမည်းခမက်အိမ်ပဲ တည်းမှာပေါ့"

"ဟယ် ... မိခက်တို့ကတော့ ရောက်တာနဲ့ အော်ပြီ၊ လျှောက်မပြောနဲ့ဟာ"

"အံမယ် မဟုတ်တာကျနေတာပဲ၊ ဒါနဲ့ နေပါဦး၊ အရေးကြီးတာ ကျန်နေတယ်၊ သူနဲ့ နင်နဲ့ အခြေအနေ"

ခက်ခက်က စိတ်ဝင်စားစွာဖြင့် ကားမောင်းနေသော မြတ်မြတ် အနားကို ကပ်ကာ မချော မကြားစေရန်အလား လေသံကို နှိမ့်၍ မေးတာကို မြတ်မြတ်က သဘောကျစိတ်ဖြင့် တဟားဟား အော်ရယ်ပြီးတော့မှ ...

"အခြေအနေက ဘာမှ မထူးဘူး၊ ဒီပုံနဲ့ ဘာထူးမှာလဲဟယ်၊ ဟား ဟား"

တကယ်လည်း မထူးလောက်စရာ၊ စိတ်ဝင်စားချင်စရာ မရှိသော မြတ်မြတ်ရဲ့ ခပ်မှိန်မှိန် မုံတုံးနေသော ပုံစံကိုကြည့်ကာ ခေါင်းကိုပဲ တွင်တွင်ခါယမ်းမိပါသည်။ တစ်ခါတည်းရဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မြတ်မြတ်ရဲ့ အတွေးတွေကို ခက်ခက်ပင် လိုက်မမီချေ။ မြတ်မြတ်ဆိုသော ခက်ရဲ့ သူငယ်ချင်းမသည် သူများတွေနှင့် မတူသော အတွေးဆန်းဆန်းတွေကို ပိုင်ထားသောသူတစ်ယောက် ဖြစ်လေသည်။

ဟိုး ငယ်စဉ်တောင်ကျေး ကလေးဘဝတည်းကမှ ပေါင်းသင်းလာသော သူများပီပီ မြတ်မြတ်နဲ့ စိတ်နေစိတ်ထားကို သိသင့်သလောက် သိသော်လည်း တစ်ခါတစ်ရံမှာ နားမလည်ခြင်းလည်း ဖြစ်ရပါသည်။ သူ့အတွေးနှင့် သူကတော့ ဟုတ်နေတာပင်။

တကယ်တော့ ခက်ခက်နှင့် မြတ်မြတ်မှာ ညီအစ်မအရင်းတွေ ဆိုလျှင်တောင် ဒီလောက် ချစ်ကြမည် မထင်အောင် ချစ်နိုင်ကြသောသူများ ဖြစ်ပါသည်။ အိမ်ချင်းကလည်း ကပ်ရပ်ဖြစ်သလို၊ မွေးချင်းမောင်နှမ မရှိသော ခက်ခက်နှင့် ဆယ်နှစ်ခန့်ကွာသော မောင်ငယ်လေး တစ်ယောက်သာ ရှိသော မြတ်မြတ်အဖို့ တစ်ယောက်နှင့်တစ်ယောက်သည်သာ တိုင်ပင်ဖော် တိုင်ပင်ဖက် အရင်းနှီးဆုံး လူသားများ ဖြစ်ခဲ့သည်မှာ ဆန်းတော့မဆန်းပေ။ မြတ်မြတ်ရဲ့ မောင်လေး သူရဇော်က မြတ်မြတ်နှင့် ဆယ်နှစ်ကွာပါသည်။





အခု မြတ်မြတ်က နှစ်ဆယ့်ခုနစ်နှစ်အရွယ် အပျိုလတ်ဘဝ ရောက်တုန်းမှာတောင် သူရက လူပျိုပေါက် ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာမို့ အရွယ်ကွာလွန်းသော မောင်နှင့် အစ်မလည်းဖြစ်နေရာ မိန်းမချင်းဖြစ်သော၊ မူကြိုဘဝတည်းက ခင်မင်လာသော ခက်ခက်နှင့်သာ ညီအစ်မတွေလို ချစ်ကြတာပင်။

ခက်ခက်ကလည်း မွေးချင်းမရှိသူပီပီ မြတ်မြတ်ကိုသာ အချစ်ပိုရသလို မြတ်မြတ် အမေ နောက်ထပ်မွေးလာသော သူရကိုပါ ဆက်ချစ် ရကာ အကြောင်းမသိသော သူတွေဆိုလျှင် နာရည်ချင်းတွေလည်း တာရန်ကျလှသော မြတ်မြတ်ဇော်၊ ခက်ခက်ကျော်နှင့် သူရဇော်တို့ကို မောင်နှမ သုံးဦးအဖြစ်သာ ထင်ကြပါသည်။ အဲလို ထင်ရလောက်အောင်လည်း မြတ်မြတ်နှင့် ခက်ခက်က မောင်ငယ်လေး သူရကို- တော်တော်အချစ်ပိုခဲ့ကြပါသည်။

အတွေးနှင့် ကားစီးလာသောအခါ ရွှေပုန်းညက်သို့ ရောက်မှန်းမသိ ရောက်လာခဲ့ပါသည်။ အခန်းထဲမှာက အားလုံး ပြင်ဆင်ပြီးသားပင်။ ခက်ခက်က နေချင်စဖွယ် သားနားခေတ်မီလှသော အခန်းကို ဝေ့ဝဲကြည့်ရှုလျက် ...

"နေချင်စရာလေးပဲဟယ်၊ ကောင်းသိုက်တာ၊ နှင်ရော ပြောင်းလာပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းပြီးပြီလေ၊ ငါနဲ့ မချောလည်း နင်နဲ့ အတူတူ ရောက်လာတာပဲ၊ တို့တစ်တွေ အဝတ်အိတ်တွေပဲ သယ်ရဲ့ ပဲကို။ အိုးခွက် ဝန်းကန်တွေက ပြီးမှပဲ ဗစ်တိုးရီးယားမှာ ဝယ်ကြတာပေါ့၊ အခန်းက သုံးခန်းပါတယ်၊ ခက် တစ်ခန်းသပ်သပ် ယူချင်လည်း ယူလေ"

"မယူပါဘူး၊ နင်နဲ့ပဲ အိပ်မှာပေါ့"

"အင်း ... ဒါဆိုလည်း တစ်ခန်းကို စာဖတ်ခန်း အလုပ်ခန်း လုပ်လိုက်တာပေါ့၊ နောက် ငါတို့အတွက် အလုပ်ခန်းက လိုလာမှာပဲ ဟာ၊ အဲဒီထဲမှာပဲ ကွန်ပျူတာ ထားလိုက်မယ်၊ မချောဖို့ တစ်ခန်းပေါ့၊ ကဲ ... နင်လည်း ပင်ပန်းလာပြီ၊ ရထားပေါ်မှာ အိပ်ရေးပျက်လာမှာ အိပ်တော့။ နိုးမှပဲ ရေချိုးတော့၊ ဒီနေ့အဖို့တော့ နင် ရောက်တဲ့အနေနဲ့ အောက်က ရက်စ်စတောရင့်မှာပဲ သွားစားကြမယ်၊ ဘာမှ ချက်မနေတော့ဘူး၊ ချက်စရာ အိုးခွက်လည်း မရှိဘူး ဟီး ဟီး"

ခက်ခက်က အိပ်ရာပေါ် လှဲချလိုက်ရင်း မြတ်မြတ် ကို ကြည့်လိုက်ရင်း ...

"နင့် စိတ်ကူးတွေရော မပြင်တော့ဘူးလား မြတ်မြတ်ရယ်"





"နင် အသာနေစမ်းပါဟာ၊ ငါ ရေချိုးဦးမယ်၊ သနပ်ခါး တွေက တင်းနေတာပဲ၊ အသားတွေတော့ ပိုဝင်းလာတယ် သိလား"

ပြောပြောဆိုဆို ရေချိုးခန်းထဲ ဝင်သွားသော မြတ်မြတ်ဟာ ခဏကြာမှာတော့ မိုးဆမ်းသည့် နှင်းပန်းလေးအလား ခြံတဘက် တစ်ထည်ဝတ်လျက် ပြန်ထွက်လာပါသည်။ ခန္ဓာကိုယ် အနှံ့ကို Lotion(လူးရှင်း) လူးနေသော မြတ်မြတ်ရဲ့ သွယ်ပျောင်း လှပသည့် လက်ချောင်းနုနုလေးတွေကို ငေးရင်းမှနေ မအောင့်အည်း နိုင်စွာဖြင့် ခက်ခက်က ...

"နင့် လုပ်ရပ်က သိပ်အဓိပ္ပာယ် မရှိဘူး မြတ်"

မြတ်မြတ်က ခက်ခက်ကို ဖျတ်ခနဲ မျက်လုံးလှန် ကြည့်လေသည်။ ဘာအခြယ်အသမှ မရှိဘဲ ထူပျစ်သည့် သနပ်ခါး တွေလည်း မပါသော မျက်နှာလေးကား တော်တော့ကို ဆွဲဆောင်မှု ရှိကာ လှပပါသည်။ မျက်နှာဖုံးခွာကျထားသည့်နှယ် မြတ်မြတ်က တစ်ချက်ပြုံးရင်း ...

"ကဲ ... အိပ်တော့။ တစ်ခါတလေလေး ငါလည်း သနပ် ခါးကင်းကင်းနဲ့ လွတ်လွတ်လပ်လပ်လေး ငြိမ့်ပါရစေ ... ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်က ဘာမှ မဖြေတော့ဘဲ လက်လျှော့လိုက်တော့ကာ မြတ်မြတ်ကို ကျောခိုင်းဝစ်ရင်း ကိုယ့်ဘာသာပင် ပင်ပန်းမှုတွေပြေအောင် အိပ်ပစ်ပါတော့သည်။







နံနက်ခင်း အလုပ်သွားတော့မည့်အချိန်မှာ ခက်ခက်က လှပသပ်ရပ်ကြော့ရှင်းအောင် ပြင်ဆင်နေသလို မြတ်မြတ်ကလည်း မချော သွေးပေးထားသော သနပ်ခါးတွေကို လေသင့်ရာတိုင်း ချက်ချင်းမွှေးအောင် ဖွေးအောင် လိမ်းကျံနေပါသည်။ မြတ်မြတ်ကို ကြည့်ရင်း ခက်ခက်မှာ ရယ်လည်း ရယ်ချင်သလို စိတ်လည်း ညစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က မြတ်မြတ်ဟာ ဒီအတိုင်းနေလျှင်တောင် ချစ်စဖွယ် ရုပ်ရည်လေးနှင့် လှပလွန်းရတာ သူမရဲ့ ဝါသနာဖြစ်သော အချိုးတကျ ပြင်ဆင်မှုနှင့် ပေါင်းလိုက်လျှင် တော်တော့်ကို ချောမောလွန်းသော သူတစ်ယောက် ဖြစ်သွားကာ လှသည့်စာရင်း ထဲဝင်သော ခက်ခက်တောင် ပြတ်ကျန်ရစ်သည်အထိ။

လှရုံတင်သာမကပဲ ကျန်းမာရေးကိုလည်း အထူး လိုက်စားသော မြတ်မြတ်ဟာ ကျောင်းမှာကတည်းက တင်းနစ် လက်ရွေးစင်တစ်ဦးလည်း ဖြစ်တာရောကြောင့် ခန္ဓာကိုယ်မှာလည်း ဘာအဆီပိုမှ မရှိဘဲ အတော့်ကို ကျစ်လစ်လှပသော ခန္ဓာကိုယ်လေး ကိုပါ ပိုင်ဆိုင်ထားမြန်လေရာ မြတ်မြတ်ရဲ့ အလှဟာ ဘက်စုံပြည့်စုံ သော အလှဟု ဆိုထိုက်အောင် လှပါသည်။

အသားအရေကအစ လတ်ဆတ်စိုပြည် ဝင်းဖန့်နေ သေးရာ တော်ရုံမိန်းကလေး လှပမှုကို မြတ်မြတ်က အသာလေး ဖြတ်ချထားနိုင်ခဲ့ပါသည်။ ဒါနှင့်များတောင် ဒီလိုအလှတွေကို ခဝါချလျက် မပြင်မဆင် လူစိတ်ဝင်စားချင်စရာ မရှိအောင် လုပ် တာကို ခက်ကတော့ ဘယ်နည်းနဲ့မှ နားမလည်နိုင်တော့ချေပြီ။

အင်း ... သနပ်ခါးတော့ လိမ်းပြီးသွားပြီ။ ပြီးရင် ကိုယ်လုံးဖုံးတဲ့ ရှပ်အင်္ကျီ ဝတ်တော့မယ်။ သိပ်ကို လှပလွန်းတဲ့





ကတ္တီပါစ အနက်ရောင်လို တောက်ပနက်မှောင်တဲ့ ဆံပင်တွေကို လည်း ညှပ်ကြီးနဲ့ ခေါက်တင်တော့မယ်။

မြတ်မြတ်က ကိုယ့်ကို အစအဆုံး ငေးမောကြည့်ရှု နေသော ခက်ကို တစ်ချက်ကြည့်လိုက်ရင်း ...

"ငေးလှချည်လား။ ပြီးပြီလား ခက်"

"အင်း ... ပြီးပါပြီ။ မြတ်ရယ် ဒီပုံကို သူရ မြင်ရင် ဘာပြောမလဲ မသိဘူး၊ နင့်ကို ဟားမှာတော့ အသေအချာ ပဲ"

"ဟားပစေပေါ့၊ သူရရော လိမ္မာရဲ့လား"

"လိမ္မာပါ့။ MICTPARK(အမ်အိုင်စီတီ ပါ့ခ်)တော့ အမြဲ သွားတယ်။ ရန်ကုန်တောင် လာဦးမလို့တဲ့"

"သူ လာမှာတော့ လန့်လွန်းလို့၊ ကဲ ကဲ ... ပြီးရင် သွားစို့"

မြတ်မြတ်က မချောကို မှာစရာရှိတာတွေ မှာကြား ပြီး ရှေ့မှ ထွက်လာခဲ့ပါသည်။ ထို့နောက် နှစ်ဦးသား ကားပေါ် တက် မောင်းလာကြပါသည်။ လမ်းတွေကို ကျွမ်းကျင်စွာ မောင်း နေသော မြတ်မြတ်က ခက်ခက်အက်ကို တစ်ချက် လှည့်ကြည့် ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နှင် ရောက်လာတာ ငါ သိပ်အားရှိတာပဲ ခက်ရယ်။ တကယ်ပဲ နှင့်ကို ဘယ်အချိန်ပေါက်လာမလဲ မျှော်နေရတာ"

"ငါလည်း မေမေ နေမကောင်းလို့ နေခဲ့ရတာပါဟာ၊ ဒါနဲ့ နှင် တင်းနစ် ရိုက်ဖြစ်သေးလား မြတ်"

"ဘယ်ရိုက်ဖြစ်မလဲ၊ နှင် လာမှ ငါ ရိုက်လို့ရမှာပေါ့။ ဒါပေမဲ့ ငါ မနက်အစောကြီးတော့ သားဇော်တို့ အိမ်နားက ကလပ်မှာ သွားကစားတယ်။ ဪ ... ဒါနဲ့ နှင်လည်း လမ်းတွေ လျှောက်လာထားဦး"

"ငါက မလိုပါဘူး၊ နှင် ရှိနေတာပဲ"

"ဪ ... ငါ မရှိတော့ရော"

"ဘာလဲ နှင်က သူနဲ့ နှစ်ယောက်တည်း သွားဖို့ ရှိနေပြီလား"

"အဟား ဟား ... မရှိပါဘူး ခက်ရယ်။ သိထားတော့ မကောင်းပေဘူးလား။ နှင့်မလဲ ဒါပဲ ပြောစရာရှိလား"

"ဒါပဲပေါ့။ နှင် ဖြစ်နေတဲ့ ကိစ္စက အိရတ်နဲ့ အမေရိကန် အရေးထက် စိတ်ဝင်စားဖို့ကောင်းတာကိုး။ ဒီအတိုင်းလည်း သားဇော်ရဲ့ စိတ်ဝင်စားမှုကို နှင် အသာလေး ရနိုင်တာပဲ ဟာကို။ နှင် ဘာမှ လုပ်စရာတောင် မလိုဘူး၊ အခုလို





လုပ်တော့ နှင့်ကို သူ ဘယ်စိတ်ဝင်စားပါတော့မလဲ။ ဒီတစ်ခါတော့ နှင် တွက်တာ လွဲတယ် မြတ်"

မြတ်က ပြုံးနေကျ မထိတထိ ပြုံးလေးကို ပြုံးကာ နေလေသည်။ ပွိုင့်မှာ မီးနီ မိနေတာမို့ ကားရပ်ထားစဉ်မှာ မြတ်က ခပ်အေးအေးပင် ပြုံးကာ ကားနောက်ကို မှီထိုင်နေပုံသည် ဘာမှ မဟုတ်ပါဘဲ ကို စတိုင်ကျ ကြည့်ကောင်းလွန်းပါသည်။

"မြတ်ရာ ... နှင့်ကို ကြည့်ပြီး ငါ အားမရလိုက်တာဟာ။ နှင် သိပ်လှတာကို သိပ်စတိုင်ဖြောင့်တာကို ငါ အမြဲအားကျခဲ့ရတာ။ နှင့်အတွေးအခေါ်တွေကိုလည်း ငါ အမြဲလေးစားခဲ့ရတာ။ သူငယ်ချင်း အချင်းချင်းကို နှင်က ငါ့ရဲ့ Rolemodel (ရိုးလ်မော်ဒယ်လ်) ဖြစ်နေရတာ။ ဒီတစ်ခါတော့ ငါ အားမပေးဘူး ...

သားဇော်ရဲ့ အတွဲတွေဟာ အချောအလှတွေချည်းပဲ။ ဒါတွေနဲ့ ယှဉ်ရင် နှင်က စိတ်ဝင်စားစရာ လုံးလုံးမရှိတဲ့ သူတစ်ယောက် ဖြစ်သွားရော"

မြတ်က ခက်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ အဲဒီ အကြည့်လေးနှင့် ခုနက နှုတ်ခမ်းမှာ တွဲခိုနေသော ဆက်လက်တည်ရှိဆဲ အပြုံးလေးတစ်ပွင့်ဟာ တော်တော်လှပ သက်ဝင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အင်း … ဘယ်လောက်ပဲ အလှတွေ ဖုံးထား ဖုံးထား မျက်ဝန်းရဲ့ အလှကိုတော့ ဘယ်နည်းနဲ့မှ ဖုံးကွယ်ထားမရနိုင်ပေ။

မီးစိမ်းသွားပြီမို့ မြတ်မြတ်က ကားကို ဂီယာပြောင်းပြီး မောင်းထွက်လာပါသည်။ ခက်ဘက်ကို လှည့်မကြည့်ဘဲ …

"သံယောဇဉ်ဆိုတာကို နင် သိတယ်မလား ခက်"

"သံယောဇဉ် !"

မြတ်မြတ်ရဲ့ စကားကို ခက်က သံယောင်လိုက်ရင်း မြတ်မြတ်ကို ကြည့်လိုက်သောအခါ မြတ်က ခက်ကို ကြည့်မနေပါ။ ရုံးတက်ချိန်၊ ကျောင်းတက်ချိန်၊ လုပ်ငန်းခွင်ဝင်ချိန်ကို အသီးသီး သွားလာလှုပ်ရှားကာ ရှုပ်ထွေးနေသော ယာဉ်တွေကိုသာ ကြည့်ရင်း ဂရုတစိုက် မောင်းနှင်နေပါသည်။ ဒါပေမဲ့ လှမ်းပြောသော စကားသံကတော့ ပိုင်နိုင်သေချာသလို တိကျနေလေသည်။

"ဟုတ်တယ်၊ တစ်ခါတစ်ရံမှာ အချစ်ထက် သံယောဇဉ်က အများကြီး တာသွားတယ်။ ကိုယ် မသိလိုက်ချိန်မှာ သူ့အလိုလို ရစ်ပတ်ထားပြီး သိသွားချိန်မှာတော့ ရုန်းမရအောင် သူက ခပ်တင်းတင်း ချည်ထားပြီးပြီလေ"





ဒီကမ္ဘာမှာ အချစ်ထက် ခိုင်မြဲတဲ့ သံယောဇဉ်ကြိုးတွေ အများကြီး ရှိပါတယ်ဟာ။ လှပမှုနဲ့ တွယ်ငြိသွားတဲ့ စွဲလမ်းမှုမျိုးကို ငါမှ မလိုချင်ဘဲ။ ဒါတွေကို နင် နားလည်ရင် သနပ်ခါးတွေနဲ့လည်း ချစ်စရာကောင်းသူဟာ စ်ယောက် ဖြစ်လာမှာပဲပေါ့။ မဟုတ်ဘူးလား"

အဆုံးသတ်မှာ ပြုံးကာ မေးဆတ်မေးလိုက်သော မြတ်ရဲ့ ပုံလေးဟာ တကယ်လည်း သနပ်ခါးတွေနှင့် ချစ်စရာကောင်းနေခဲ့ပါသည်။ တစ်ချက် တစ်ချက် သင်းပျံ့မွှေးလာသော ရှင်မတောင် မွှေးရနံ့လေးဟာလည်း ခေတ်ပေါ်ရေမွှေးတွေထက် သံယောဇဉ်ကြိုးတွေကို ပိုမို ရစ်ချည်နိုင်ချင်လည်း ချည်နိုင်မှာပဲလေ။

ဟုတ်တော့လည်း ဟုတ်သား။ လှပမှုမပါတဲ့ သံယောဇဉ်ချစ်ခြင်း တစ်ခုကို မြတ်က အလိုရှိတယ်ပဲထားဦး ဒါမျိုးဆိုတာ ပုံသေတွက် ရတဲ့ကိစ္စမှ မဟုတ်တာဘဲ မြတ်ရယ်။ အေးလေ … အမြဲတမ်း မှန်ခဲ့တဲ့ မြတ် ဒီတစ်ခါလည်း မှန်ပါစေပေါ့။



www.burmeseclassic.com

www.burmeseclassic.com





"ဒါ ခက်ခက်ကျော်တဲ့။ မြတ်ရဲ့ အချစ်ဆုံး သူငယ်ချင်းပေါ့။ မြတ်တို့ လုပ်ငန်းမှာ ပါဝင်မဲ့ သူတစ်ယောက်လည်း ဖြစ်တယ်။ ခက်ရဲ့ အလုပ်က ဒီဇိုင်နာပေါ့။ ခက် ဂျပန်က သင်တန်းဆင်းလာတာ။ ဒီတော့ မြတ်တို့ကို အများကြီး ကူညီနိုင်မှာပါ။ ခက် ...

ဒါကတော့ သားဇော်လှတဲ့။ ငါ့ရဲ့ ပါတနာပေါ့"





မြတ်မြတ်ရဲ့ အဝိုလိုမရှိ မိတ်ဆက်ပေးမှုနောက်မှာ သားဇော်က ခက်ဆိုသော သူကို သေချာကြည့်ကာ ပြုံးပြနှုတ်ဆက်လိုက်ပါသည်။ မြတ်မြတ်ရဲ့ သူငယ်ချင်း ရောက်လာမည်ဆိုကတည်းက မြတ်မြတ်နှင့် အသွေးတူ အမွေးတူ ပုံမျိုးသာ ဖြစ်မည်ဟု မျှော်လင့်ထားသမျှ သူ့အတွေးက ဒီတစ်ခါတော့ မှားဖြစ်အောင် မှားခဲ့လေသည်။

ခက်ခက် ဆိုသူဟာ ဂျပန်ကျောင်းမှ ဆင်းလာသော ဒီဇိုင်နာပီသစွာ အဝတ်အစား ဝတ်ပုံစားပုံ၊ ပြင်ဆင်ထားပုံတို့ဟာ အထူးသပ်ရပ်လှပနေပါသည်။ ဒါနဲ့များ ဒီလို သူငယ်ချင်းနှင့် အတူတွဲတာတောင် ဒီလိုပုံ ထွက်နေသည်ဆိုလျှင် မြတ်မြတ်ဟာ အလှအပကို လုံးလုံးစိတ်မဝင်စားသောသူတစ်ဦး ဟုသာ အပြီးတိုင် သတ်မှတ်ရပါတော့မည်။

နဂိုပင်ကိုရုပ်ရည်အခံ အဆင့်အတန်း ရှိလွန်းလို့သာ ခက်ခက်နှင့် ယှဉ်လျှင် ပြတ်ထွက်မကျန်ခဲ့ခြင်း ဖြစ်ပါမည်။ အလှအပ မရှိသော်ငြား ဥပမိရုပ် ခန့်ညားသော သူမို့သာ တော်တော့သည်လေ။

သားဇော်က ယဉ်ကျေးပျူငှာစွာ ဖော်ရွေဟန်၊ ခင်မင်တတ်ဟန်လည်းရှိသော ခက်ဆိုသူကို အလိုက်လိုဆုံး ပြုံးပြလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ် မခက်ခက်။ လုပ်ငန်းပိုင်ဆိုင်ရာနဲ့ ပတ်သက်ပြီး တွေ့ကြတယ်ဆိုပေမဲ့ တခြားလိုအပ်တဲ့ အကူအညီရှိရင်လည်း တောင်းပါ။ ကျွန်တော်က မြို့ခံဆိုတော့ အစစအရာရာ ကူညီဖို့ အဆင်သင့်ပါပဲ ...

မခက်ခက်က ဂျပန်က သင်တန်းဆင်းတာယ်ဆိုတော့ ကျွန်တော်တို့ လုပ်ငန်းအတွက် အများကြီး အားတက်ဖွယ်ရှိတာပေါ့။ ကျွန်တော်တို့ကို အကူညီတွေပေးဖို့ ရောက်လာတဲ့သူဆိုတော့ ကျွန်တော် ကြိုဆိုပါတယ်၊ အားလုံးစည်းစည်းလုံးလုံးနဲ့ ကြိုးစားကြတာပေါ့"

"ဟုတ်ကဲ့။ ခက်လည်း အဲလိုပဲ စိတ်ဆန္ဒရှိပါတယ်။ ခက်အတတ်နိုင်ဆုံး ကြိုးစားသွားမှာပါ"

"ကြိုးစားပါ။ လိုအပ်တာ ရှိရင်လည်း ပြောပေါ့။ အစစအရာရာ မိသားစုတွေလိုပဲပေါ့ ...

ဪ ... ဒါနဲ့ မြတ်မြတ်"

သားဖော်က ပြောစရာစကား ရှိလာ၍ မြတ်မြတ်ကို ခေါ်လိုက်စဉ်မှာ မြတ်မြတ်က သူ့ကို ဖျတ်ခနဲ မော်ကြည့်လာပါသည်။ အရည်တွေ ရွှန်းလက်ဝိုင်းစက်ကာ နက်တောက်နေသည့် မျက်ဝန်းနက်တစ်စုံက သူ့ကို ရင်းရင်းနှီးနှီးပင် ကြည့်လာလေသည်။





မျက်ဝန်းလေးတွေကတော့ လှုနှင့် မတူစွာ နူးညံ့ချိုသာသားပဲ မြတ်မြတ်ရယ်။ သားဖော်က သီးသန့် ခင်မင်ရသော မျက်နက်ဝန်းလေးထဲကို စိုက်ကြည့်ရင်း ...

"ဒီဇိုင်နာတွေ ရွေးဖို့ သတင်းစာထဲမှာ ကြော်ငြာထည့်တော့မယ်။ ကျွန်တော် အကြမ်းဖျင်းတော့ ရေးပြီးပြီ။ အဲဒါ မြတ်မြတ် ဖတ်ကြည့်ပြီး လိုတာပြင်ဆင်ပေါ့"

"ရပါတယ်။ မဖတ်တော့ပါဘူး။ ဒါထက် သားဖော် ပြောတဲ့ ဒီဇိုင်နာကိုရော မြတ်တို့ တွေ့လို့ရမလား"

"ဪ ... ရပါတယ်၊ မြတ်မြတ် သူ့ကိုတော့ ခန့်ဖို့ စဉ်းစားထားနော်"

မြတ်မြတ်ရဲ့ မျက်နှာ ပြုံးရိပ်ရိပ် ဖြစ်သွားတာကို သူ သတိထားမိပါသည်။

"အစတည်းက စဉ်းစားပြီးသားပါ။ ဒီအလုပ်က မြတ်မြတ်သဘောတစ်ခုတည်းနဲ့ ပြီးတာမှ မဟုတ်တာ။ သားဖော်သဘောကျရင် မြတ်လည်း ကြိုက်တာပါပဲ"

"ဒါပေမဲ့ မြတ်မြတ်က ဝိုခေါင်းစားရမှာပဲ၊ မြတ်မြတ်လုပ်ချင်တာ မဟုတ်လား။ ကိုယ်က ကူညီပေးရုံပဲ တတ်နိုင်မယ် ပြောပြီးသားနော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်က သူ့စကားကို အရေးမစိုက်လှသောဟန် ဖြင့်ပင် စကားလမ်းကြောင်းကို ပြန်ပြောင်းပစ်ပါသည်။

"သားဇော်ရဲ့ မိတ်ဆွေ ဒီဇိုင်နာနဲ့ ဘယ်တော့လောက် ဆုံရမလဲ"

"ကိုယ် စီစဉ်ပေးပါ့မယ်။ သူနဲ့လည်း သိပ်မတွေ့ဖြစ်လို့ ပါ"

"အင်း ... စီစဉ်ပြီးရင်တော့ ပြောပေါ့နော်။ ဩော် ... ဒါနဲ့ ဒီနေ့ စက်ရုံကို မြတ်နဲ့ ခက်ပဲ သွားလိုက်မယ် သိလား။ ခက်ကိုလည်း လိုက်ပြရင်းနဲ့လေ၊ သားဇော် ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး။ ဒါဆို စစ်ပြီးသွားတဲ့ စာရင်းတွေပဲ ယူသွားပေးပါ"

"ကောင်းပြီ။ ဒါဆို ခဏနေ ပေးခိုင်းလိုက်ပေါ့နော်။ လာ ခက်"

ခက်ခက်ရဲ့ လက်ကို ဆွဲ၍ ထွက်ခွာသွားသော မြတ်ရဲ့ ကျောပြင်ကို ကြည့်ကာ သားဇော်က ခေါင်းကို တစ်ချက် ယမ်းကာ ပြုံးလိုက်ပါသည်။ တတ်လည်းတတ်နိုင်တဲ့ မြတ်မြတ်။ ပုံစံကြီးကလွဲရင် အလုပ်လုပ်သည့်နေရာမှာတော့ တကယ်အားကိုး ရအောင် တော်ပါပေသည်။ မြတ်မြတ် ရောက်လာသောကြောင့်





သူ့ အရင်ထက် များစွာအနားပိုရသွားတာတော့ အမှန်ပင် ဖြစ်လေ သည်။ အင်း ... အဲဒီအတွက်တော့ ကျေးဇူးပဲ မြတ်ရေ။

သားဇော်က ယောကျ်ားလေးတစ်ယောက်လို အားကိုး ပေါင်းသင်း၍ရသော မြတ်မြတ်ကို စိတ်ထဲမှ ကျေးဇူးတွေ တင်ပစ်လိုက်ရင်း အလွတ်ရထားခဲ့သော နံပါတ်လေးတစ်ခုကို လည်း သေချာအောင် ရွတ်လျက် စိတ်ထဲမှနေ၍ ဟေသာကို ဆက်သွယ်ဖို့ စဉ်းစားအကြံထုတ်နေပါသည်။ ဟေသာနှင့် မြတ်မြတ် ဘာ့ကြောင့် မတူခြားနား ကွဲပြားတာလည်း တွေးမိသောအခါ ဘာဆိုင်လို့လဲဟု သတိပေးမိရတဲ့အထိလေ။



www.burmeseclassic.com

www.burmeseclassic.com





ညည်သည် ရောက်နေပြီဟု အကြောင်းကြားသဖြင့် သားဖော်က လုပ်လက်စ အလုပ်တွေကို ဖြတ်ကာ ထလာခဲ့ပါသည်။ ဘယ်သူဘယ်ဝါဆိုတာ ကြိုသိပြီးသားပဲလေ။ မနေ့က ဖုန်းနဲ့ ချိန်းထား၍ အခု ရောက်လာသည့်သူသည် ဟေသာပဲ ဖြစ်ပါမည်။ အလုပ်ကိစ္စနှင့် လာတယ်ဆိုသော်ငြား ဟေသာက ကိုယ့်သူငယ်ချင်းဟောင်း ဖြစ်နေသည့်အတွက် အေးအေးဆေးဆေး စကား





ပြောရအောင် ညေ့်သည်ဆုံတွေ့ခန်းကိုပဲ သားဖော်က ရွေးထားခြင်း ဖြစ်လေသည်။

သားဖော် ဝင်သွားသောအခါ ဆိုဖာပေါ်မှာ ဟေသာက သက်သောင့်သက်သာ ဟန်ပင်နှင့်ပင် ထိုင်နေကာ သူ့ကို လင်းလက် တောက်ပသော အပြုံးတစ်ခုဖြင့် ဆီးကြိုပါသည်။ အင်း ... မိန်းမချောလေးတစ်ယောက်ဟာ ဒီလို နူးညံ့သိမ်မွေ့တဲ့ အပြုံးလေးနှင့်မှပေါ့။ မြတ်မြတ်တို့ကတော့ အမြဲတစေ တည်နေသော မျက်နှာထားနှင့်။ ပင်ကိုကလည်း တည်လို့လား။ သနပ်ခါးတွေကြောင့်ပဲ တင်းနေလားတော့ မသိပါ။

ဟာကွာ ယှဉ်မိပြန်ပြီ။ ဘာမှ မဆိုင်တာတွေ သွားသွားယှဉ်မိနေတာပါပဲ။ ဘာကြောင့်များ လှပတဲ့ မိန်းကလေးတွေမြင်ရင် မြတ်မြတ်ကို သွားသတိရမိတာလည်း ဆိုတာကိုတော့ သူလည်း မတွေးတတ်တော့ချေ။ သားဖော်က အတွေးတွေကို ခေါင်းထဲမှာ ရှင်းလင်းပစ်လိုက်ရင်း ဟေသာ့ကို ပြုံးရပ်လျက် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ဟေသာက စတင်ကာ ...

"သားဖော်တို့ အလုပ်က ထင်တာထက် ပိုသွက်နေတယ်နော်၊ တော်တော်အလုပ်ဖြစ်တယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပုံမှန်ပါပဲ ဟေသာရယ်"

"ဟေသာ လုပ်ရမှာ ဒီမှာလားဟင်"

"မဟုတ်ဘူး ဟေသာ။ ဒီလိုပါ။ ဒီ Star Line အထည်ချုပ် လုပ်ငန်းက ကိုယ်နဲ့အတူ ပါတနာတစ်ဦးပါ ပါတယ်။ သူက ထပ်ချဲ့ချင်တာပါ။ အမျိုးသား အမျိုးသမီးဝတ် အင်္ကျီတွေ ထုတ်ချင်တာပေါ့။ အစပိုင်းတော့ အင်္ကျီတွေပဲ ပေါ့။ Pim တို့ TRI တို့ ပုံစံမျိုးတွေပေါ့။ အင်္ကျီတွေ ဖြစ်လာရင် ကိုယ့်ဘာသာလည်း ဆိုင်ဖွင့်မယ်။ ကိုယ်စားလှယ်လည်း ပေးမယ်။ အဲဒါတွေကအစ မြတ်မြတ် စီစဉ်ထားပါတယ်။

ဪ ... မြတ်မြတ်ဆိုတာ ကိုယ့်ရဲ့ ပါတနာပဲလေ။ ခဏနေ ဟေသာနဲ့ တွေ့မှာပါ။ အသေးစိတ်ကိုတော့ သူ ပြောပြပါလိမ့်မယ်"

"ဪ ... ခုမှ အသစ်စမဲ့ လုပ်ငန်းပေါ့။ ဒါကို အားကြိုးမာန်တက်နဲ့ လုပ်ရမှာပေါ့နော်"

"ဒါပေါ့။ မြတ်မြတ်ကတော့ အရမ်းတက်ကြွနေတာပဲ၊ ဟေသာကရော ဘယ်လိုလဲ။ လုပ်မှာမလား"





"လုပ်မှာပေါ့။ ဟေသာက ဒါပဲ ဝါသနာပါပြီး ဒါပဲ လုပ်ချင်တာပဲလေ။ သားဇော်လည်း ရှိတော့ အဆင်လည်း ပြေတာပေါ့နော်"

"အကူအညီလိုတာ မှန်သမျှ ပြောပါ ဟေသာ"

"တကယ်လား။ အကူညီလိုနေတာတွေတော့ အများကြီးပဲ။ နောက်မှ သားဇော် ကူညီရလွန်းလို့ စိတ်ညစ်နေဦးမယ်"

"မညစ်ပါဘူး ဟေသာရယ်။ ပြော ... ကြိုက်ရာသာ"

"အင်းပါ။ လာမှာပေါ့။ ဒါနဲ့ သားဇော်ရော ဒီလိုပဲ တစ်ယောက်တည်း နေတော့မှာလား။ မငယ်တော့ဘူးနော်"

"အဟား ဟား ... ကိုယ့်ကိုသာ ပြောနေ။ ဟေသာကရော"

"အို ... ဟေသာ့ကို မမေးနဲ့လေ။ ဟေသာက အရင် စမေးတာပဲ"

"အင်း။ ဒီလိုပါပဲ ဟေသာရယ်။ မတွေ့သေးလို့ပါ"

ဟေသာက သူ့ကို ပြုံးစိုက်ငေးကြည့်ကာ သူကလည်း ခပ်ပြုံးပြုံး ကြည့်နေစဉ်မှာပဲ အခန်းထဲကို ဝင်လာသော ခြေသံကြောင့် သူရော ဟေသာပါ လှည့်ကြည့်မိပါသည်။ ဝင်လာသူက မြတ်မြတ်နှင့် ခက်ခက်။ ခက်ခက်က ကြောင်မောလုပ်နေသလောက် မြတ်မြတ်ကတော့ ထုံးစံအတိုင်း သနပ်ခါးအဖွေးသားနှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးတွေ ဖွေးနေသော မြတ်မြတ်ကို ဟေသာက ငေးနေစဉ်မှာပဲ သူက သတိဝင်လာကာ ...

"ဟော ... မြတ်မြတ် လာ"

မြတ်မြတ်နှင့် ခက်ခက်က အတူယှဉ်ကာ ဝင်ထိုင်ကြလေသည်။ အဲဒီအချိန်အထိ ဟေသာ့ရဲ့ မျက်လုံးတွေက ခက်ခက်ထံမှာသာ ဝေ့ဝဲနေတာကို သတိပြုမိပါသည်။ အင်း ... မချွေဟေသာရဲ့ စိတ်ထဲမှာတော့ ခက်ကို မြတ် ထင်နေတော့မှာ အသေအချာပါပဲ။ သားက ဒေါ်မြတ်မြတ်ကိုတော့ ဆော်ဒီဂတ် အဆင့်လောက် ထင်နေရမှာ။

ခုခေတ်မှာ စက္ကူထဲရှိ ကောင်မလေးတွေတောင် ခေတ်မီလှပ သားနားကြလွန်းနေပေသေးတာ ဒီလို ပြင်ဆင်မှုမျိုးဟာ ဘယ်နည်းနဲ့မျှ လုပ်ငန်းရှင်တစ်ဦးဟု ထင်ချင်စရာမှ မရှိတာပဲလေ။ ဟေသာက ခက်ခက်ရဲ့ အထက်တန်းကျလှပသော ဝတ်စားဆင်ယင်ပုံ၊ ဖြူးပုံတို့ကိုသာ ငေးကာ ခက်ကိုပဲ ဦးတည်နှုတ်ဆက်တော့မည့်ပုံမျိုး ဖြစ်နေတာကို သားဖော်က ရိပ်မိသိရှိစွာနှင့်ပင် ...

"ဟေသာ ... ဒါ ကိုယ် ခုနကပြောတဲ့ မြတ်မြတ်ဆိုတာပေါ့။ ဒီဘက်ကတော့ ခက်ခက်တဲ့။ သူက ဟေသာနဲ့ တွဲလုပ်ရမဲ့





ဒီဇိုင်နာပေါ့။ သူက ဂျပန်က သင်တန်းဆင်းလာတာလေ။ မြတ်[illegible] သူက ကိုယ် ပြောပြောနေတဲ့ ဒီဇိုင်နာပေါ့။ မိုးဟေသာတဲ့"

ဟေသာရဲ့ မျက်လုံးလေးတွေက အနည်းငယ် အံ့ဩရိပ်လေးတွေ သမ်းသွားတာကို တွေ့မြင်လိုက်ရပါသည်။ သို့သော်လည်း ချက်ချင်းပင် ဟေသာက အပြုံးတစ်ခုကို ဆင်မြန်းပစ်လိုက်နိုင်တော့ကာ မြတ်မြတ်ထံ လှမ်းကြည့်ရင်း ...

"တွေ့ရတာ ဝမ်းသာပါတယ် မြတ်မြတ်"

မြတ်မြတ်က အနည်းငယ် ချိုပြောင်းသော မျက်နှာနှင့်ပင် ...

"မြတ်လည်း ဝမ်းသာပါတယ်။ မမိုးဟေသာက တကယ်ပဲ မြတ်တို့နဲ့ အလုပ်လုပ်ဖို့ ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်ကဲ့။ ဟေသာက ဒီကို ရောက်တာ မကြာသေးပါဘူး။ အလုပ်က ချက်ချင်း ပေါ်လာတော့ ဝမ်းတောင်သာနေတာ"

"ဟုတ်လား။ ဟေသာက ကိုရီးယားက လာတာလို့တော့ မြတ် သိထားပါတယ်။ အဲဒီမှာရော အလုပ်လုပ်ခဲ့ဖူးလား။ ဒီဇိုင်းနဲ့ ပတ်သက်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တော့ မဝင်ခဲ့ဖူးပါဘူး။ ဟိုမှာက သိတယ်မှလား။ အရမ်းတိုးဝင်ရတာလေ။ ဟို ဟောသာလည်း သင်တန်းဆင်းပြီး သိပ်မကြာခင် ဖေဖေက ဒီကို ပြောင်းလာတာလည်းပါတာပေါ့။ အဲဒါကြောင့်ပါ"

"ဟောသာ ကိုယ်တိုင် ဒီဇိုင်းထုတ်ထားတဲ့ အင်္ကျီတွေဘာတွေ ရှိလား"

"ရှိတယ်။ ဟောသာ့ အဝတ်အစားတွေ ဟောသာ့ဘာသာပဲ ချုပ်ဝတ်တာလေ။ မြတ်မြတ် ကြည့်ချင်လို့လား"

"အင်း ... မြတ် ကြည့်ချင်တယ်"

အဲဒီစကားကို ဟောသာက ဘယ့်နှယ်နေမယ်မှန်း မသိပေမဲ့ သားဖော်ကတော့ ကြားထဲက ရယ်ချင်နေလေသည်။ မြတ်မြတ်ကတော့ ခပ်တည်တည်ပင်။ ထိုင်တာတောင် ခြေထောက်ချိတ်လျက် တကယ့် လုပ်ငန်းရှင်တစ်ယောက်လိုပင်။

ဘယ်လောက်ပဲ မလှပပါစေ ကိုယ့်ကိုယ်ကိုယ်ယုံကြည်သည့်စိတ် အပြည့်ရှိသော မြတ်ရဲ့ ပုံစံဟာ လှပစွာ ပြင်ဆင်ထားသော ဟောသာနှင့် ခက်တို့ထက်ကို တစ်ခုခု ထူးခြားနေတာတော့ အမှန်ပင်။





သနပ်ခါးအဖွေးသားနှင့် အမြဲတစေ အေးဆေးဖွေးပျံ့နေသော မြတ်ဟာ အရာရာကို ထိုးထွင်းသိနေနိုင်သော မျက်ဝန်းများဖြင့်။

ဟောသာက မြတ်ရဲ့ စကားကို ခေါင်းတစ်ချက်ဆတ်ရင်း ...

"ပြမယ်လေ။ ဘယ်တော့လောက် ကြည့်မလဲ"

မြတ်မြတ်က တစ်ချက်စဉ်းစားဟန်ဖြင့် မေးစေ့ပွတ်ကာ ...

"နောက်တစ်ပတ်မှာ ဒီဇိုင်နာရွေးပွဲ ရှိတယ်လေ။ အဲဒီကျဟောသာပါ လာပေါ့။ ဟောသာရဲ့ ဒီဇိုင်းတွေလည်း ယူခဲ့ပေါ့နော်။ အဲဒီကျမှပဲ ကြည့်တာပေါ့"

"ဟောသာ ယူခဲ့ပါ့မယ်"

"ကောင်းပြီလေ။ ဒါဆို မြတ်ကို ခွင့်ပြုပါဦး။ မြတ်အလုပ်လေး ရှိသေးလို့ပါ။ နောက်တစ်ပတ်ကျမှပဲ ပြန်ဆုံကြတာပေါ့နော်"

မြတ်မြတ်က သားဖော်ကိုတော့ မျက်လုံးအကြည့်တစ်ချက်နှင့်ပင် နှုတ်ဆက်လျက် ခက်ခက်ကို လက်ဆွဲကာ ထွက်သွားပါသည်။ ခက်ခက်ကလည်း သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့် နှုတ်ဆက်ကာ နှစ်ဦးသား ထွက်သွားလေသည်။ မြတ်မြတ်တို့ အပြင်ရောက်သွားသောအခါမှ သူ မျှော်လင့်ထားသည့်အတိုင်းဝင် ဟောသာက သူ့ကို ကြည့်လာလျက် ...

"သူက သားဇော်ရဲ့ ပါတနာပေါ့။ ရန်ကုန်ကပဲလား"

"မဟုတ်ဘူး ဟောသာ။ မန္တလေးကပါ"

"မန္တလေးက ... အင်း ..."

ဟောသာ့ ပုံစံက မြတ်မြတ်ကို ကိုယ့်အလုပ်ရှင်လည်း ဖြစ်နေတာရော၊ သူ့ရဲ့ ပါတနာပါ ဖြစ်နေတာရောကြောင့် ဝေဖန်ရမှာ မရဲတာရဲ ဖြစ်နေပုံပင်။ ဒါကို သားဇော်က နားလည်စွာနှင့်ပင် ပြုံးကာ ...

"မြတ်မြတ်ရဲ့ ပုံစံကို အတွေးဝင်နေတာလား ဟောသာရဲ့"

"ဟို ... ဘာပြောရမလဲ။ ဒီလောက် လုပ်ငန်းကြီးရဲ့ လုပ်ငန်းရှင်က နေတာထိုင်တာ ရိုးသလိုပဲနော်။ သူ့ကို မြင်တာ ရင်တော့ အေးသား။ သနပ်ခါးကို တော်တော်ကြိုက်တယ်နဲ့ တူတယ်နော်"

"မပြောတတ်ပါဘူး။ အဓိက လုပ်မှာတော့ သူပဲ ဟောသာ။ အဲဒီတော့ သူနဲ့ ဟောသာ အများဆုံး ဆက်ဆံရမှာပဲ"

"မြတ်မြတ်က ဟောသာတို့နဲ့ ရွယ်တူလောက်ပဲလားဟင်"





"အင်း ... ဟုတ်မယ်ထင်တယ်။ သေချာတော့ မသိဘူး။ သူက စတိုင်လ်က သွက်နေလို့သာ။ နို့မို့ဆို ကြီးတယ် ထင်နေရမှာ"

ဟောသာက မျက်လုံးလေး ထောင့်ကပ်ကာ စဉ်းစားရင်း ...

"ဒါနဲ့ ဟိုဒီဇိုင်နာ တစ်ယောက်ကရော သားဇော် ခွေးထားတာပဲလားဟင်"

"မဟုတ်ပါဘူး။ သူက မြတ်မြတ်ရဲ့ သူငယ်ချင်းလေ။ သူလည်း မန္တလေးကပဲ။ သူ ရောက်တာ သိပ်မကြာသေးပါဘူး။ မြတ်မြတ်က အရင်ရောက်တာ။ သူတို့နှစ်ယောက်က တော်တော်တော့ ချစ်ပုံရတယ် ဟောသာရဲ့ ...

ရွှေပုန်းညက်မှာ အတူတူ နေကြတယ်လေ။ နောက်တော့ ဟောသာနဲ့ အဖွဲ့ကျသွားမှာပါ။ မန္တလေးသူတွေဆိုတော့ ပွင့်ပွင့်လင်းလင်းနဲ့ ခင်ဖို့ကောင်းပါတယ်"

ဟောသာက အခုခေတ် ကောင်မလေးတွေရဲ့ စတိုင်အတိုင်း ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးတော့မှ သူ့ကို ရယ်ပြကာ ...

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ဟောသာ ပျော်ပါတယ်။ သားဇော်နဲ့ ပြန်ဆုံရကတည်းက ပျော်စရာတွေချည်း တွေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ။ လုံးဝ ကင်းကွာနေတဲ့ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်ဆုံရတယ် ...

ဟော ... ကိုယ်နဲ့ လုံးဝကိုက်ညီတဲ့ အလုပ်တစ်ခုရတယ်။ အများကြီး အဆင်ပြေ ပျော်ရွှင်စေနိုင်မဲ့ အလုပ်ဖြစ်မယ်လို့လည်း မျှော်လင့်မိတယ်လေ။ ဒီတော့ကာ သားဇော်နဲ့ ဆုံရတာ ဟေသာ့ အတွက်တော့ လပ်ကီးပဲ သိလား"

ဟေသာရဲ့ စကားတွေက အင်မတန် ပွင့်လင်းကာ သူမ အပေါ်မှာလည်း နောင်တွယ်ခင်မင်မှုတွေ အပြည့်အဝ ပါနေတာကို သူ ရိပ်စားမိပါသည်။ ဆယ်တန်းတုန်းက မလှုပ်တလှုပ် မပွင့်တပွင့် ဟေသာ မဟုတ်တော့ဘဲ ပွင့်ပွင့်လင်းလင်း ချက်ချက်ချာချာ ဟေသာ ဖြစ်လာခဲ့ပေပြီ။ သူ့ အပေါ်မှာလည်း ရင်းနှီးခင်မင်ရိပ်တွေက များစွာ ထင်သာမြင်သာပဲမို့ သူကလည်း စိတ်ချမ်းမြေ့စွာဖြင့် ပြုံးလိုက်ကာ ...

"တကယ်ပဲ ကိုယ်က လပ်ကီးမဲန်းပါပဲနော်"

"ဒါဆိုရင်တော့ ကောင်းပါတယ်"

"ဟေသာလည်း ဘယ်မှ သိပ်မရောက်သေးဘူး သားဇော်။ ခု ဒီမှာ ဘာတွေ ခေတ်စားနေလဲဟင်"





"ဟေသာ့ အတွက်က ဘာမှ ထူးခြားမှာ မဟုတ်ပါဘူး။ ဟေသာက တိုးတက်တဲ့ နေရာက လာတဲ့သူပဲ။ ခေတ်စားတဲ့နေရာရယ်လို့တော့ မရှိပါဘူး။ ဒီလိုပဲ ပလာဇာတို့ ရှော့ပင်းစင်တာတွေက ဟေသာ့အတွက် ဘာမှ ထူးခြားမှာ မဟုတ်ဘူးလေ"

"အံမယ် ... လိုက်မပို့ချင်တိုင်း ပြောနေတာလား"

"မဟုတ်ပါဘူး ဟေသာရယ်။ ဟေသာ့ကို ပြောပြီးသားပဲ။ ကြိုက်တဲ့ အကူအညီရှိရင် တောင်းပါလို့။ ကိုယ်က သဘောကို ပြောပြတာပါ"

ဟေသာက ကျေနပ်သော ပုံစံအရိပ်အယောင်ပြောင်းသွားလျက် ...

"ပြီးတာပါပဲ၊ ဟေသာ့ကို မခင်မှာ အရမ်းစိုးရိမ်နေတာ။ ခုလို နားလည်လိုက်လျှာတာ ဝမ်းသာတယ် သိလား။ ကျန်တာတွေ မထူးခြားပေမဲ့ ဟေသာ ဂီတကိုတော့ အရမ်းဝါသနာပါတာလေ။ စတေ့ရှိုးတွေ ဘာတွေတော့ ဟေသာ ကြိုက်တယ်။ နောက် ရှိုးပွဲတွေပေါ့။ ဪ ... ဒါနဲ့ ဟေသာ အပြင်မှာ ရှိုးတွေအတွက် ဒီဇိုင်နာလုပ်ရင် မြတ်မြတ်က ခွင့်ပြုပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မြတ်မြတ်ကိုပဲ မေးကြည့်ပေါ့။ ကိုယ် မပြောတတ်ဘူး"

ယောသာက အလိုမကျသလို နှုတ်ခမ်းစူလျက် ...

"ဟင် ... သားဇော်ကလည်း၊ ဘာပဲပြောပြော မြတ်မြတ်ချည်းပဲ။ သားဇော်ရဲ့ အလုပ်ရော မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုယ်က ဒီဗိုင်းကို သိပ်နားမလည်ဘူးလေ။ ဒီအလုပ်ကို လုပ်ချင်တာလည်း မြတ်မြတ်ပဲဆိုတော့ ဒါကိုပဲ ပြောတာပါ။ ကိုယ်က ဒီလက်ရှိအလုပ်ကိုပဲ ပိုအာရုံစိုက်မှာ။ မြတ်မြတ်ကသာ အဲဒီဘက်ကို ကိုင်တွယ်မှာပါ။ အဲဒါကြောင့် ကိစ္စအဝဝက မြတ်မြတ်နဲ့ ပိုသက်ဆိုင်တယ် ယောသာရဲ့"

"အင်း ... ဒါဆိုလည်း မေးကြည့်ရမှာပေါ့။ ကဲ ... ဒါဆို ယောသာ ပြန်ဦးမယ်။ သားဇော်လည်း ယောသာဆီ လာလည်ဦးလေ"

"လာလည်မှာပေါ့"

သူက ယောသာ့ကို ပို့ဆောင်နှုတ်ဆက်ရင်း သူ့အနားမှာ ရင်းနှီးလာသော မိန်းမတွေရဲ့ စိတ်ကို ဘာရယ်မဟုတ်တွေးမိလာပါသည်။ မြတ်မြတ်၊ ခက်ခက်၊ ယောသာတို့ဟာ သူ့ရဲ့





အနီးကပ်ဆုံး မိန်းကလေးတွေ ဖြစ်မှန်းမသိ ဖြစ်လာကာ အဲဒီထဲကမှ သူဟာ လူအားလုံးကိုတော့ သာမန်ခင်လျက် မျက်နက်ဝန်းတစ်စုံကိုတော့ ဘာကြောင့် ပိုမိုငြိတွယ်မိနေပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com





ရက်သတ္တပတ်တစ်ခုရဲ့ တနင်္ဂနွေတိုင်းဟာ ရုံးဝန်ထမ်း၊ စက်ရုံဝန်ထမ်းတွေရဲ့ အားလပ်ရက် ဖြစ်တာရောကြောင့် ဒီတစ်ပတ် တနင်္ဂနွေမှာ မြတ်မြတ်ရော ခက်ခက်ပါ ရုံးမသွားကြရပါ။ အားလပ်ရက်မှာ မုန့်တစ်ခုခုတော့ အမြဲလုပ်စားနေကြမို့ ဒီနေ့တော့ သူမတို့တစ်တွေ မန္တလေးမြီးရှည် လုပ်စားကြပါသည်။ နံနက်စောစောကတည်းက စတင်ချက်ပြုတ်တာမို့ ရှစ်နာရီခန့်မှာ





အားလုံး ပြီးစီးနေပေပြီ။ မြတ်မြတ်က စတီးချိုင့်တစ်ချိုင့်ထဲကို ထည့်ကာ ပြင်ဆင်နေသည်မို့ ခက်ခက်က ကြည့်ရင်း ...

"ဒါက ဘယ်အတွက်လဲ မြတ်ရဲ့"

"အန်တီမာတို့အိမ် သွားပို့မလို့လေ။ နင်ရော လိုက်ခဲ့ရမယ် နော်"

"ဩော် ... ယောက္ခမကြီး ဦးဦးဖျားဖျား သွားပို့မလို့ပေါ့လေ။ တကတည်း ငါ့မှာတော့ ဗိုက်ဆာနေပြီဟဲ့"

မြတ်မြတ်က ကလေးလို စူပွပွ လုပ်နေသော ခက်ရဲ့ ပါးလေးကို ဖွဖွဆွဲလိမ်လျက် ...

"လိမ္မာတယ် ချက်ခစ်ရယ်။ လာပါ။ ခဏပဲ။ နင်လည်း အန်တီမာ့ကို မြင်ဖူးသွားတာပေါ့။ မချောရေ ... မြတ်တို့ အပြင်ခဏ သွားဦးမယ်နော်"

မြတ်မြတ်က မချောကို အော်ဟစ်မှာရင်း ခက်ခက်ကို ပခုံးမှ ဖက်ကာ ကားဆီသို့ ခေါ်လာခဲ့ပါသည်။ ခက်ခက်ကတော့ သူ့ရဲ့ ကိုယ်ပိုင် လက်သုံးစကားလို့ ပြောလို့ရသော ကျုံးတကယ်ပဲ ဗိုက်ဆာနေပြီ။

ကျုံး လုပ်ရက်ပါ့ ဆိုတာတွေနှင့် ဘယ်သူ့ကို ကြည့် (ကျုံး)ဦး ခိုင်းမှန်းမသိဘဲ ပွစိပွစိဖြင့်ပင် မြတ် မောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ် ပါလာပါသည်။ မြတ်ကို ပွစိလုပ်၍ အားရသွားသောအခါ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ကားမောင်းနေသော မြတ်ရဲ့ လက်မောင်းကို ဖတ်ခနဲ ရိုက်လိုက်ရင်း ...

"ဟဲ့။ ဒါနဲ့ ဟိုတစ်နေ့က အမျိုးသမီးက တော်တော်ဖြောင့် တာပဲနော် ...

ဘာတဲ့ မိုးဟော်ကို"

"မိုးဟောသာပါဟယ်"

"သူက သားဇော်နဲ့ ဘယ်လိုပတ်သက်လဲ"

"ဩော် ... ဘယ်သိပါ့မလဲ ခက်ရယ်။ သူ့မိတ်ဆွေလို့တော့ ပြောတာပဲ"

"သူတို့ချင်း ရင်းနှီးတဲ့ပုံပဲဟဲ့။ ကြည့်စမ်း ... သူ ဘယ် လောက် စတိုင်လ်ဖြောင့်သလဲ။ မြတ် နင် အရှုံးထမနေစမ်း ပါနဲ့ဟာ။ နင် ကျန်ခဲ့မယ်နော်"

"မကျန်ပါဘူးဟယ်"

"နင် ပြောနိုင်လို့လား။ နင့်ကိုတော့ ငါ နားမလည်နိုင်တော့ ဘူးဟယ်။ သားဇော်က မိုးဟောသာကို ချစ်သွားရင် နင် ဘာလုပ်မလဲ"

မြတ်မြတ်က ခပ်ဟက်ဟက် ရယ်မောရင်း ...





"ဟောသာကို မကြိုက်ဘဲ နင့်ကို ကြိုက်သွားရင်ကော၊ နင်လည်း လှနေတာကို မမေ့နဲ့လေ ခက်ရဲ့။ နင်လည်း မိုးဟောသာနဲ့ အပြိုင်လှနေခဲ့တာပဲ"

"ခွေးစုတ်မ။ ဒါ ပြောစရာလား"

ခက်ခက်က မြတ်မြတ်ကို လှမ်းရိုက်ရင်းမှ တစ်စုံ တစ်ခုကို တွေးမိသောဟန်ဖြင့်ပင် ...

"ငါ တစ်ခု စဉ်းစားမိတယ် မြတ်"

"အင်း။ ပြောပါဦး"

"နင့်ကို ငါ ပါရမီ ဖြည့်တဲ့အနေနဲ့ပေါ့ဟယ်။ ငါ သားဇော်နဲ့ ခင်အောင် ပေါင်းမယ်ဟာ။ နင့်ကို သူ စိတ်ဝင်စားအောင် ငါ ပြောပေးမယ်၊ ဘယ်လိုလဲ"

"ခင်အောင်တော့ ပေါင်းပါဟာ၊ ပြောပေးစရာ မလိုပါဘူး"

"အမယ်လေး။ နင့်ကို ငါ အဲဒါတွေ အမြင်ကတ်တာပဲ။ အပိုင်လောက် ရှိတယ်။ အချစ်ကို နင် လျှော့မတွက်နဲ့နော် မြတ်"

"ငါ လျှော့မတွက်ပါဘူးဟာ။ လျှော့မတွက်လို့လည်း ငါ ဒီလိုနေနေတာပေါ့။ အချစ်မှာ ချောတာ လှတာ၊ ဆင်းရဲတာ ချမ်းသာတာတွေဟာ ဘောင်မဝင်ပါဘူး။ အမြဲနားလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်မဲ့ အချစ်တစ်ခုမှာဆို ပိုတောင် မလိုသေးတယ်။ နောက် နင် သိလာမှာပါ။ ထဲ ... ဟိုရောက်ရင်သာ အန်တီမာနဲ့ ကောင်းကောင်းဆက်ဆံ။ နင့်ရဲ့ မိတ်ဆွေကြီး သားဖော် တစ်ယောက် အိပ်ရာက နိုးပါစေလည်း ဆုတောင်းဦး။ သူက အိပ်ပုပ်လေးလေ ... အဟင်း ဟင်း”

အဆုံးသတ်မှာ တမင်လုပ်ရယ်သော တဟင်းဟင်း ရယ်သံကြီးကို ခက်က မျက်စောင်းထိုးရင်းမှနေ စိတ်ထဲမှာလည်း တစ်စုံတစ်ခုကို ကျိတ်ကာ ကြိတ်ကြိတ်ညည်နေမိခဲ့တာကိုတော့ မဖွေမြတ် တစ်ယောက် မသိရှာတော့။ သိအောင်လည်း ခက်က ပြောမှာ မဟုတ်တော့။ ခက်ဘာသာ ခက်ပဲ ဓာတ်ညွှန်းရေး၊ ခက်ဘာသာပဲ ဒါရိုက်တာ လုပ်ကာ ခက်ပဲ ဓာတ်ပို့ လုပ်ပါတော့မည်။

တစ်သက်နှင့်တစ်ကိုယ် ဘယ်ယောက်ျားကိုမှ စိတ်ဝင်တစား မရှိခဲ့သော သူငယ်ချင်းမလေးဟာ လွန်ခဲ့သော တစ်နှစ်ခန့်က ဓာတ်ပုံလေးတစ်ပုံ ယူလာပြလျက် “သူ့ကို ငါ ချစ်နေမိပြီဟယ်” ဆိုအခိုက်မှာ ခက် အင်မတန်ကို အံ့အားသင့်ခဲ့ရတာလေ။ ဓာတ်ပုံလေးထဲက ယောက်ျားလေးကို မြတ်က အင်မတန် မြတ်နိုးနေခဲ့ပြီတဲ့။





မြတ် တစ်ယောက်ဟာ ဒီအသက် ဒီအရွယ်ထိ ရည်းစားသနာ ချစ်သူရယ်လို့ မယ်မယ်ရရ မရှိတာကြောင့် မြတ်ရဲ့မိဘတွေဟာ သမီးအတွက် ခင်ပွန်းလောင်းရှာဖွေရာမှာ ကိုယ်နှင့် လုပ်ငန်းစပ်တူ လုပ်ကိုင်လျက်ရှိသော မိတ်ဆွေရင်းခြာတို့ရဲ့သား “သားဖော်လှ”ကို အတွေ့မှာ သဘောတကျ၊ သားဖော်လှရဲ့မိဘတွေကလည်း မြတ်မြတ်ကို သဘောတကျ စပ်ဟပ်ကြရာမှာ သားဖော် မသိစေရသေးဘဲ သမီးရှင်ဘက်ကို ဦးစွာစပ်ဟပ်ကြတော့တာ။

ဒီမှာတင် မြတ်ဟာ ဓာတ်ပုံတစ်ပုံတည်းနှင့်တင် အချစ်ကို တွေ့ရှိသွားတော့လျက် အဲဒီလူ့ရဲ့ ချစ်ခြင်းမေတ္တာတွေကိုလည်း လှေထိုးကြီး ရိုးရိုးနည်းနဲ့ မရယူလိုချင်ကာ အလှတွေ မပါသော၊ ကြိုက်နှစ်သက်မှုတွေ မပါသော မေတ္တာစစ်တစ်ခုတည်းကိုသာ တောင့်တခဲ့သတဲ့။

ဒါကြောင့် သားဖော်ကို ဒီကိစ္စကို အသိမပေးဘဲ လေ့လာကြည့်ပါရစေ။ သားဖော်လည်း မသိပါဘဲ ကိုယ့်ကို နှစ်သက်သဘောကျ မကျ ကြည့်ပါရစေဟူသော တောင်းဆိုချက်နှင့်အတူ ရန်ကုန်ကို ရောက်လာခဲ့ရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း တတ်ထားသော ပညာတွေကို အသုံ
ချရေးအတွက်လည်း အဆင်ပြေကောင်းမွန်သော နေရာတစ်
ဖြစ်လေရာ မြတ်အတွက် နှလုံးသားရေးရော၊ အလုပ်ရေးရာပါ
ပြိုင်တူ ကြိုးစားလှုပ်ရှားနေ ချိန်လည်း ဖြစ်လေသည်။

ဒါကြောင့် မင်္ဂလာရှိရေးကို အထူးလိုလားသော
ခက်ဟာ မြတ်ကလည်း အင်မတန်ကို နှစ်သက်သဘောကျ
လည်းဖြစ်၊ မြတ်ရဲ့ ပုံစံမှန်ကိုသာ မြင်ကြည့်ပါကလည်း ကြိုက်လွန်
လို့ ရူးသွားတယ်လို့ ဝန်ခံလောက်စေမည့် သားဖော်ရဲ့ သဘော
ကိုလည်း သိနေပေရာ ဒီနှစ်ဦးကို ဆုံစည်းစေမည့် မြားနတ်
မောင် လုပ်ရတော့မည့်လေ။

မြတ်ရဲ့ နည်းလမ်းထဲကလည်း သွေးဖိထွက်မသွား
ဘဲ မြတ်ရဲ့ ဆောင်ထဲမှာတင် မြတ်နှင့် သားဖော်တို့ သံယောဇဉ်
ကြိုးတွေ ပိုမို လွန်းတင်စေဖို့ ခက်က စွမ်းဆောင်ရတော့မှာပါပဲ

အင်း ... မြတ်ကတော့ အပြောနှင့် အလုပ်၊ သဏ္ဌာ
လုပ်သရုပ်ပါ တူစေအံ့ထင်။ ဒါမှမဟုတ် ယကြာချေတာလား
ထင်ရအောင် ဖွင့်လိုက်တိုင်း စီဒီပလေယာထဲက "သံယောဇဉ်
လွန်းတင်သည့်ကြိုး" သီချင်းကသာ အပြန်ပြန် အလှန်လှန်။ ခက်တ
အလွှတ်ရနေချေပြီ။





အတွေးနှင့် ငြိမ်သက်နေသော ခက်ဟာ မြတ်က
လက်တို့တော့မှပဲ စိတ်နှင့်ကိုယ် ပြန်ကပ်ပါသည်။ ပတ်ဝန်းကျင်
ကို ဝေ့ဝဲကြည့်လိုက်တော့ ခြံတစ်ခြံရှေ့ ရောက်နေပါသည်။

"ငေးလှချည်လား ခက်ရဲ့။ ဘာလဲ အိုင်ဒီယာ ထုတ်နေ
တာလား"

"အင်း ... ဟုတ်တယ်။ အိုင်ဒီယာ"

မကြာခင်မှာပဲ ခြံတံခါး ပွင့်သွားကာ မြတ်က
ခြံထဲ ကားကို မောင်းဝင်လာခဲ့ပါသည်။ ပေါ်တီကို အောက်မှာ
မြင်တာနှင့် အထက်တန်းကျ အဆင့်တန်းမြင့်ကာ သပ်ရပ်ရှင်းပျ
သော ရုပ်ရည်ရှိသော အမျိုးသမီးကြီးတစ်ဦး။ ပုံစံအရ သားဖော်
ရဲ့ အမေဖြစ်ဖို့ များပါသည်။

အမျိုးသမီးကြီးက မြတ်မြတ်ကို မြင်သောအခါ
ဝမ်းသာအားရ ဖြစ်ဟန်တူ၍ ခက်က စိတ်ထဲမှ အမှတ်ပေးမိသား
ပင်။ မြတ်တို့က ခေါင်းကိုတော့ ပိုင်ထားလေပြီ။ အေးလေ ... သူ့
သားကို လိုချင်ရင် သူ့အမေကို အပိုပေါင်းရမှာပဲပေါ့ ဟင်း ဟင်း။

မြတ်မြတ်က ကားကို စက်ရပ်ရင်း နောက်ထဲမှ
ချိုင့်ကို ယူကာ ဆင်းပါသည်။ ခက်ခက်တို့ပါ "လာ" ဟု အချက်
ပြကာ အမျိုးသမီးကြီးနား လျှောက်သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမာ နေကောင်းတယ်နော်"

အန်တီမာဆိုသော သားဖော်ရဲ့ မိခင်ကြီးက မြတ်ရဲ့ လက်တွေကို ဆွဲယူကာ လှိုက်လှဲသော ပြုံးရျက်နှာနှင့်ပင် ...

"ကောင်းပါတယ် မြတ်မြတ်ရယ်။ မြတ်တို့လည်း နေနိုင်လိုက်တာနော်။ ခုမှပဲ ပေါ်လာတော့တယ်"

"မြတ် မအားလို့ပါ အန်တီမာရယ်။ သတိကတော့ အမြဲရပါတယ်။ ခုမှ လုပ်ကာစဆိုတော့ အလုပ်တွေကလည်း ရှုပ်နေတာနဲ့ မရောက်ဖြစ်တာပါ။ ဒီနေ့တော့ ဟောလီဒေးမို့ မုန့်လုပ်စားရင်း အန်တီမာ့ဖို့ပါ လာပို့တာပါ။ နံနက်စာစော မနက်စာ မိအောင်လို့လေ"

"ဩော် ... ပင်ပန်းအောင်လို့ မြတ်မြတ်ရယ်။ ဘာတွေလာပို့တာလဲ"

"မန္တလေးမြီးရှည်လေ အန်တီမာရဲ့။ ကြိုက်ရဲ့လား"

"အင်း ... အန်တီမာလည်း ကြိုက်ပါတယ်။ သားဖော်ကတော့ အကြိုက်ဆုံးပေါ့ကွယ်။ သားဖော်က မန္တလေးမြီးရှည်ဆို အရမ်းကြိုက်တာ မြတ်ရဲ့။ အတော်ပဲ။ သူ အိပ်ရာထလာရင် စားဖို့အသေချာပဲ"



မြတ်မြတ်နှင့် ခက်ဟာ မတိုင်ပင်ထားပါဘဲနှင့် မျက်လုံးချင်း ဆုံသွားကြကာ ဗျိုတ်ပြုံးကိုယ်စီ ပြုံးမိကြလေသည်။ အင်း ... ခက် ကြားဖူးတဲ့ စကားတစ်ခွန်းရှိသည်။ ယောကျာ်းတို့ရဲ့ နှလုံးသားဆီသို့ အချစ်သည် အစာအိမ်လမ်းကြောင်းမှ တစ်ဆင့် သွားလေသည်တဲ့။

ဒီစကား မှန်နေခဲ့လျှင် သားဖော်သည် မြတ်ရဲ့ အင်မတန် ကောင်းလှသော မန္တလေးမြီးရှည်လက်ရာကို တသသ စွဲမက်ကာ မြတ်ကိုလည်း ...။ ခက်ရဲ့ အပြုံးဟာ ပီပြင်ထင်ရှားသွားပြီးတဲ့နောက်မှာတော့ သားဖော်ရဲ့ မိခင်ကြီးက ခက်ကို သတိထားမိသွားသလိုဖြင့် ပြုံးကြည့်လာလျက် ...

"ဒါက မြတ်ရဲ့ သူငယ်ချင်းလေးလား"

"ဩော် ... ဟုတ်တယ် အန်တီမာ။ သူက အန်ကယ်စိုးလှိုင်ရဲ့ သမီးလေ၊ အန်တီနှင်းတို့နဲ့ အန်တီမာ သိတယ်မလား။ ရတနာပွဲရုံကပေါ့။ မြတ်နဲ့ ညီအစ်မတွေလိုပါပဲ။ ခက်ခက်ကျော်တဲ့။ ခက် ဒါကတော့ ငါ ပြောပြောနေတဲ့ အန်တီမာလေ"

ခက်က မန္တလာသူတို့ရဲ့ ယဉ်ကျေးပျူငှာသော အပြုံးလေးနှင့်ပင် ခေါင်းညိတ်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့ကို ခက် ကြားဖူးနေတာတော့ ကြာပါပြီ။ ခုမှပဲ တွေ့ရတော့တယ်။ အန်တီက ခက် ထင်ထားတာ၊ မြတ် ပြောပြတာထက်ကို အများကြီးချောတာပဲနော်"

ခက်က ကိုယ်လည်း ပြောရင်း မြတ်အတွက်ပါ စကားလည်း ထည့်ပေးလိုက်လေသည်။ ဒေါ်မာမာ ချောသည်ဟု မြတ် တစ်ခါမှ မပြောဖူးပါ။ သို့သော်လည်း သို့သော်ပေါ့လေ။ မြတ်ကတော့ စိတ်ထဲက ရယ်နေမှာ အသေချာပင်။ ရယ်ပစေ။ ခက်ရဲ့ ခြေလှမ်းက ဒါ အစတောင် မဟုတ်သေး။

ခက်ရဲ့ စကားကို အတော်ကြီး သဘောကျ သွားဟန် ရှိသော အန်တီမာကတော့ ဟက်ဟက်ပက်ပက် ရယ်မောရင်း ...

"သမီး လှတာက ပိုတာပါကွယ်။ သမီးကလည်း တကယ့် အချောပါပဲ"

"အိုး ... ခက်တို့က ငယ်ဂုဏ်ကြောင့်ပါ အန်တီရယ်။ ကျက်သရေအရှိန်ဝါချင်းယှဉ်ရင် အန်တီ့ကို ဘယ်မီပါ့မလဲ။ ခက် အန်တီ့ အရွယ်ရောက်ရင် အန်တီ့လောက် မလှမှာ တော့ အသေအချာပဲ"

"အမယ်လေး ... ပြောတတ်တယ်နော်။ အန်တီတော့ မန္တလေးသူတွေကို နိုင်အောင် မပြောနိုင်တော့ပါဘူးကွယ်။





သမီးရဲ့ မိဘများနဲ့ အန်တီ သိပါတယ်။ နောက် မကြာ မကြာ မြတ်နဲ့ အတူ လာလည်ပေါ့ကွယ်။ အန်တီက အိမ်မှာ အမြဲရှိပါတယ်။ ကဲ ... လာ လာ ... အိမ်ထဲ သွားရအောင်။ အပေါက်မှာ မတ်တတ်ကြီး"

ဒေါ်မာမာက ချိုင့်ကို နောက်ထဲ သွားထားချိန်ဝယ် ခက်က မြတ်ကို လက်မတစ်ချက် ထောင်ပြလိုက်တာကို မြတ်က ရယ်မဆုံး။ နှစ်ဦးသား ဆိုဖာပေါ်မှာ ကပ်ထိုင်ရင်း ခက်က တီးတိုးလေသံဖြင့် ...

"မြတ် ... သိပ် အကြာကြီး မနေနဲ့။ ငါ ဗိုက်ဆာပြီနော်"

"အေးပါ။ ခုနကတော့ ခုပဲ ယောက္ခမတော်တော့မဲ့ ဒိုင်းနဲ့"

"သေပါလား။ နင့်လူကြီးများ စိတ်ထဲ မရှိပေါင်။ ငါ ပို့ပေးနေတာတွေဟာ နင့်အတွက်ချည်းပဲ သိလား။ ငါ့ကို ကျေးဇူးမစနဲ့နော်။ ဟွန်း"

နှုတ်ခမ်းစူသွားသော ခက်ရဲ့ ပါးလေးကို မြတ်က ချစ်စနိုး လိမ်ဆွဲလိုက်စဉ်မှာပင် မှတ်မိသိရှိဖူးသော ခြေသံတစ်စုံ ကြောင့် လှည့်ကြည့်လိုက်သောအခါ တွေ့ချင်သော လူသားတစ် ယောက် ဖြစ်နေခဲ့ပါသည်။ အိပ်ရာထကာစ မှုန်သုန်သုန် မို့အစ်အစ် မျက်နှာနှင့် သားဖော်ဟာ အိပ်ရာမှ မထချင်လှဘဲ ထလာရသည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံပင်။ ကေန္တတော့ အန်တီမာ နှီးလွှတ်လိုက်တာ ဖြစ်နိုင်လေသည်။ မြတ်မြတ်ကို သူက မေးတစ်ချက်ဆတ်ကာ နှုတ်ဆက်ရင်း ဆိုဖာမှာ ဝင်ထိုင်သည်။

"ရောက်နေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး။ သားဖော်က စောစောစီးစီး နိုးလို့ပါလား"

"မေမေ နှိုးတာလေ။ ဒီနေ့ ဟောလီးဒေးဆိုတော့ မြတ်မြတ်တို့ အနားပေါ့"

"အင်း ... နားရမယ် ထင်ပါဘူး"

မြတ်မြတ်ရဲ့ အဖြေကို သားဖော်က တစ်ချက်ရယ်ရင်း ခက်ခက်အကိုကို လှည့်လျက် ...

"ခက်ခက်ရော နေရထိုင်ရတာ နေသားကျသွားပြီလား"

"အစကတည်းက ကျပါတယ်။ မြတ် ရှိရင် ခက်က ပျော်နေတာပဲလေ"

"ခက်ခက်တို့က တော်တော်ချစ်ကြတယ်နဲ့ တူတယ်"

"ချစ်တာပေါ့။ ခက်မှာ မောင်နှမသားချင်းလည်း မရှိ။ မြတ်မှာကမှ မောင်လေး ရှိသေးတယ်။ မြတ်ကိုတင် မကဘူး။ သူ့ရကိုပါ ချစ်ရတာလေ"





"ဪ ... ကောင်းတာပေါ့။ သူရကတော့ အတော်ခင်ဖို့ကောင်းတဲ့ ချာတိတ်ပဲ။ သူရနဲ့ ခက်ခက်တို့ကျတော့ အသက်ကွာမယ်နော်"

"ကွာတယ်။ ခက်တို့ ငါးတန်းမှာမှ သူရကို မွေးတာလေ။ ဆယ်နှစ်ကွာတယ်။ သူရက မနှစ်ကမှ ဆယ်တန်းအောင်တာလေ။ သားဖော်တောင် ခင်ဖို့ကောင်းရင် ခက်တို့ဆိုတာ တွေးကြည့်ပေါ့။ ခက်တို့ဝဲ ထိန်းလာတာ"

"အင်းပေါ့။ မန္တလေးမှာပဲ ထားမှာလား။ ရန်ကုန်မှာ ကျောင်းဆက်တက်ခိုင်းပေါ့"

"အမယ်လေး အန်တီဆွေက သူ့သားကို လုံးဝ ခွဲနိုင်တာ မဟုတ်ဘူး။ တစ်နေ့တစ်နေ့ သူ့သားကိစ္စနဲ့ပဲ အချိန်ကုန်နေတာ။ အသက်ကြီးမှ ရလာတဲ့သားဆိုတော့ အရမ်းပဲ ချစ်တာ။ မြတ်က သူ့မောင်ကို UK(ယူကေ)တို့ Austrila (ဩစတြေးလျ)တို့မှာ ကျောင်းတက်စေချင်တာကို မရဘူးတဲ့လေ ..."

သူရကလည်း ဆိုးချင်တိုင်း ဆိုးနေတော့တာပဲ။ လိမ်တော့လိမ္မာပါတယ်။ အမေနဲ့ အစ်မတွေပေါ်တော့ နွဲ့ဆိုးဆိုးသလား မမေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အစ်မအရင်းက တစ်လုံးမှာ မပြောဘဲ နှုတ်ဆိတ်နေချိန်ဝယ် ခက်ခက်ကတော့ သူ့အမေ ခမ်းမနားဘဲ တော်ရသည့် မောင်အကြောင်းကို အားပါးတရ ပြောပြနေလေသည်။ ထိုအချိန်မှာပဲ အန်တီမာက နောက်ထဲမှ ထွက်လာတော့ကာ ...

"သားရေ ... လာ မြီးရှည်စားရအောင်။ မြတ်မြတ်တို့ရော လာ။ တစ်ခါတည်း ဝင်စားသွား ... လာ လာ"

ငြိမ်သက်နေခဲ့သော မြတ်မြတ်က ခုမှ လှုပ်လှုပ်ရှားရှား ဖြစ်တော့ကာ ...

"ဟယ် ... နေပစေ အန်တီမာ။ မြတ်တို့က စားပြီးသားပါ။ နေပါစေ။ မြတ်တို့ ပြန်တော့မယ်"

"အို ... မဟုတ်တာ။ ဘယ်မှာ စားခဲ့ရသေးလို့လဲ။ လာ မရဘူး စားသွား"

"တကယ်ပြောတာပါ အန်တီမာရယ်။ မစားတော့ဘူး။ မလုပ်ပါနဲ့။ စားစေချင်လို့ သပ်သပ်လာပို့တာပါ။ ပြန်တော့မယ်"

"ဘယ့်နှယ် မပြန်ရသေးပါဘူး ကော်ဖီတော့ သောက်သွားမှ ကျေနပ်မယ်၊ ဒီတိုင်း ပြန်လို့ကတော့ စိတ်ဆိုးမှာပဲ။ လာ"





မြတ်က ခက်ကို ကြည့်လိုက်စဉ်မှာ ခက်ကတော့ အင်မတန် စိတ်ညစ်ညူးသွားသည့်ပုံစံကို ဖျတ်ခနဲ ခဏတာ တွေ့လိုက်ရပါသည်။ ခက် ဘယ်လောက် ဗိုက်ဆာနေပြီလဲဆိုတာ မြတ် ရိပ်မိပါသည်။ ခက်နည်းတူ မြတ်လည်း ဆာနေပေပြီ။ သူတို့အတွက် လာပို့ပေးပြီး ကိုယ်က ပြန်စားသွားလို့လည်း မကောင်းတတ်။ စားရင်လည်း ကိုယ်တွေက တဝတပြဲ စားကြတာမို့ ဒီမှာလည်း မစားချင်ပေ။

မြတ်နှင့် ခက်ဟာ အစားအသောက်တွေကို အထူးခုံမင်လှသူတွေမို့ ချက်နည်းပြုတ်နည်း မျိုးစုံကို သင်ယူထားကြပြီး ကိုယ့်ဘာသာ အိမ်မှာ လွတ်လွတ်လပ်လပ် ချက်ပြုတ်စားရခြင်းကို ဝါသနာပါကြလေရာ သူများအိမ်ရာမှာ စားကို မစားချင်ပေ။ ဒီနေရာမှာတော့ ခက်နှင့် သဘောချင်း စိတ်ချင်း ဆန္ဒတူညီလှသော မြတ်က လုံးဝကို ဆုံးဖြတ်ထားသော စိတ်နှင့်ပင် ...

"တကယ်ပြောတာပါ အန်တီမာရယ်။ မြတ်တို့ လာပို့တာကို မြတ်တို့ မစားချင်ပါဘူး။ ချည့်သည်တွေမှ မဟုတ်၊ အန်တီမာရယ် ... နော်။ မြတ်တို့ သွားစရာလေး ရှိလို့ပါ ခက်ရဲ့ ကိစ္စလေးတစ်ခုလည်း ရှိသေးတာမို့လို့ပါ။ အဲဒါကြောင့်ပါ နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မြတ်မြတ်တို့ကတော့ လာလိုက်ရင် ကိစ္စက ပါမှ။ အဲဒါဆို ညနေတော့ ထမင်း လာစားရမယ် ဘယ်လိုလဲ"

"ဟုတ်ကဲ့ပါ အန်တီမာရယ်။ မြတ် လာစားပါမယ်။ ခုတော့ ခွင့်ပြုပါဦးနော်"

မြတ်မြတ်က သားဖော်ကိုပါ အကြည့်လေးတစ်ချက်ဖြင့် နှုတ်ဆက်ပြီးသည့်နောက်ဝယ် ခက်ရဲ့ လက်ကို ဆွဲလျက် ကားပေါ် တက်မောင်းထွက်လာခဲ့ပါသည်။ ကားပေါ်ရောက်တော့မှ အသက်ကို ဝဝရှူသွားနိုင်ဟန်တူသော ခက်က ...

"အမယ်လေး ... နင့် ယောက္ခမကြီးကလည်း သူ့ချွေးမလောင်းကို တော်တော်ချစ်ဆိုပဲ။ ဖွတ်ကို ခေါ်နေတော့တာ"

"ငါကလည်း နင် မစားချင်မှန်း သိပါတယ်"

"အေးလေ။ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် စားချင်တာပေါ့။ ဟဲ့ ... ဒါနဲ့ ညနေကျ ထမင်းသွားစားမှာလား"

"မစားလို့ ကောင်းမလား။ နင်လည်း စားဖူးသွားတာပေါ့။ ခြော် ... အဲဒီကျမှပဲ အန်တီမာကို သနပ်ခါးတုံးတွေ လက်ဆောင်ပေးတော့မယ်"





"ငါ ယူလာတဲ့ ဟာတွေကိုပေါ့လေ။ တော်တော် တော်တဲ့ ချွေးမ။ ငါကတော့ လိမ်းပါစေဆိုပြီး ယူလာပေးရတာ။ သူကတော့ အလှူလက်ဖက်နဲ့ မျက်နှာလုပ်နေတယ်"

"မဟုတ်ပါဘူး အခက်ရယ်။ အန်တီမာကလည်း သနပ်ခါး ကြိုက်လို့ပါ"

"နင့်လောက်တော့ ဘယ်သူမှ ကြိုက်မယ် မထင်ပါဘူး။ နင့် စီမံကိန်းက သနပ်ခါးပင်တွေ ရှားပါးတော့မဲ့ စီမံကိန်းပဲ။ ဘာဖြစ်လာမလဲတော့ မသိဘူး။ နင့်အတွက်နဲ့ သနပ်ခါးပင်တွေတော့ တော်တော် ပြုန်းတီးမှာ အမှန်ပဲ။ သနပ်ခါးပင်တွေသာ စကားပြောတတ်ရင် နင့်ကို ရန်တွေ့မှာ အသေအချာပဲ"

ခက်ရဲ့ စကားကို မြတ်မြတ်က သဘောတကျ ရယ်မောရင်းမှနေ တစ်စုံတစ်ခုကိုလည်း သွားတွေးမိပါသည်။ မြတ် ဒီလိုတွေ လုပ်နေတာ ယုတ္တိရှိရဲ့လား ဆိုတာကိုပင်။ မြတ်ဟာ ဆုံးဖြတ်ပြီးရင် ပြန်မပြင်တတ်တော့သော၊ ရွေးပြီးသား လမ်းတစ်ခုကို ဆုံးတဲ့အထိ လျှောက်ချင်သော လူစားမျိုးလည်း ဖြစ်ပြန်သေးသည်လေ။ မေတ္တာမှန်ရင် ရောင်ပြန်ဟပ်သည်ဟု မြတ် ကြားဖူးထားတာပဲလေ။ အဲဒီစကားဟာ အလကားသက်သက်တော့ ဖြစ်လာမည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက် ထမင်းသွားစားကြသည့် အချိန်မှာတော့ မြတ်ဟာ ကိုယ့်ရဲ့ လမ်းစဉ်တွေကို နည်းနည်းလျှော့သည့် အနေနှင့် ရော၊ လျှော်ပြီးသား ဆံပင်တွေကို ဒီအတိုင်း ဖြန့်ချထားချင်သည့် ဆန္ဒနှင့်ရော ပေါင်းကာ အင်မတန် လှပသည့် ဆံနွယ်တွေကို ဒီအတိုင်းပဲ ဖြန့်ချထားခဲ့ပါသည်။ ခါးထိ အညီ လှပစွာ ဖြာင့်စင်းထူအုပ်နေသည့် ဆံနွယ်တို့ရဲ့ အလှကို မြတ်က ယုံကြည်ပြီးသားပဲလေ။

အပြာနုရောင် တီရှပ်နှင့် လိုက်ဖက်လှသော အဆင်လှလှ စိန်မိုက်ကယ် ထဘီရှည်ရှည်ကို တွဲဖက်ဝတ်ဆင်လျက် မြင်သူ မျက်စိအေးစရာ သနပ်ခါးဖွေးဖွေး လိမ်းခြယ်ထားသော မြတ်မြတ်ရဲ့ ယဉ်ပုံမျိုးသည် အတော့်ကိုကြည့်ပျော်ရှုပျော် ကောင်းနေသည်။

ခက်ပင်လျှင် မြတ်ရဲ့ ချစ်စရာပုံစံလေးကို သဘောတကျ။ အရင်လို ထူပြိန်းနေသည့် သနပ်ခါးတွေ မဟုတ်ဘဲ ယဉ်စစ ချစ်စဖွယ်ကောင်းသည့် ပါးကွက်လေးနှစ်ဖက်နှင့် မြတ်ရဲ့ ပုံသဏ္ဌာန်ဟာ တစ်မျိုးလေးကို ယဉ်စစ ဖြစ်လွန်းပါသည်။ ကားပေါ်က ဆင်းလာသော မြတ်ကို ဒေါ်မာမာက မြင်လျှင် မြင်ချင်း ...

"ဟော ... မြတ်မြတ် လာမှလာပါ့မလားလို့။ ဒါတွေက ဘာတွေတုံး"





"အန်တီမာ့ဖို့ သနပ်ခါးတွေပါ။ အမွှေးတုံးတွေလေ အန်တီမာရဲ့။ မြတ် စစ်ကိုင်းမှာ နေတုန်းက ရွှေဘိုထိ သွားဝယ်ထားတာ"

မြတ်ရဲ့ စကားကို ခက်က စိတ်ထဲမှနေ၍ ခိခနဲ တစ်ချက် ရယ်ပါသည်။ မြတ်လည်း ခက်နှင့် ပေါင်းကာ စကားရော ဖောရောတွေ လုပ်တတ်လာပြီ။ ရွှေဘိုထိ သွားဝယ်ထားတဲ့ သူ လိမ်းထားသော သနပ်ခါး၊ ခု ယူလာပေးတာတွေက ခက် ဝယ်လာခဲ့သော သနပ်ခါး။

အင်း ... ထားပါတော့ ဒါတွေလည်း ရွှေဘိုသနပ်ခါးတွေပါပဲ။

အန်တီမာကတော့ အင်မတန် သဘောကျသွားသည့် မျက်နှာနှင့်ပင် ...

"သနပ်ခါးကတော့ အန်တီမာက သိပ်ကြိုက်ကွယ်။ ကျေးဇူးအများကြီး တင်တယ် မြတ်ရေ။ ရန်ကုန်မှာက ဒါမျိုးကောင်းကောင်းရဖို့ မလွယ်ဘူး။ မြတ် လိမ်းထားတာ မြင်ရင် သိပ်သဘောကျတာ။ လေသင့်ရာတိုင်း မွှေးနေတာလေ။ အန်တီမာကတော့ သနပ်ခါးလိမ်းတဲ့ မိန်းကလေးတွေဆို သိပ်သဘောကျတာကိုးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်က အန်တီမာ့ စကားကို သဘောတကျ နှင့်ပင် ရယ်နေပါသည်။ ခက်ကတော့ အသည်းထဲ အူထဲက လှိုက်တက်လာသော ရယ်ချင်စိတ်နှင့်ပင် နှုတ်ခမ်းအသားကိုက်ကာ မျက်လုံးလေး ထောင့်ကပ်ရင်း မြတ်မြတ် ကိုယ်စား သားဇော်ကို ရှာဖွေနေပါသည်။ ဒီထမင်းစားပွဲမှာ သားဇော် ရှိနေရမည်လေ။

နေခက်ပြီးတော့ မျက်စိအေးဖွယ် ချစ်စရာကောင်း နေသော မြတ်မြတ်ရဲ့ အသွင်သဏ္ဍာန်လေးကိုလည်း မြင်စေချင် နေသည်လေ။ ဖွင့်မေး၍ မကောင်းတတ်၍သာ မမေးရပေမဲ့ ပါးစပ်ကတော့ မေးချင်လွန်းတာ ယားလို့နေလေသည်။ မြတ်မြတ် နှင့် အန်တီမာတို့ စကားကောင်းနေစဉ်မှာပင် သားဇော်ရဲ့ ကား ဝင်လာတာ မြင်သဖြင့် ခက်က အခုမှ ပေါ်လာသော စိတ်ကူးထဲ က အကြံဉာဏ်ကို အကောင်ထည်ဖော်လိုက်ပါသည်။

"အန်တီ။ ခက်ကို သစ်ခွတွေ လိုက်ပြပါလားဟင်"

"ဩော် ... အေး အေး ပြမယ်။ သားတောင် ပြန်လာပြီပဲ။ မြတ်တို့ စကားပြောနေခဲ့ကြဦးနော်"

အန်တီမာကား နှစ်ခါ မစည်းရုံးလိုက်ရဘဲ ခက်ရဲ့ လက်ကို ဆွဲကာ သစ်ခွစင်တွေဘက်ဆီ ခေါ်သွားလေသည်။





အန်တီမာ မသိအောင် မျက်စိတစ်ဖက် မှိတ်ကာ လက်မတစ်ချက် ထောင်ပြသွားသော ခက်ကို မြတ်က သဘောတကျ ပြုံးလိုက်ရင်း အနားရောက်လာသော သားဇော်ကိုပါ ပြုံးပြနှုတ်ဆက်လိုက်ပါ သည်။ သားဇော်က မြတ်ကို တစ်မျိုးသောအကြည့်နှင့် ကြည့် ရင်း ...

"ဘယ်မှ မသွားဘူးလား"

"မသွားပါဘူး။ ဘယ်က ပြန်လာတာလဲ"

"သူငယ်ချင်းတွေဆီကပါ။ မြတ်မြတ်တို့ကို မေမေ ထမင်း စားဖိတ်ထားတယ်ဆို"

"ဟုတ်တယ်"

မြတ်မြတ်တို့ ကြားမှာ စကားပြောစရာ မရှိတော့ သလို တိတ်ဆိတ်သွားပြန်သည်။ သားဇော်က မြတ်မြတ်ကို တစ်ခုခု ပြောချင်သလို တစ်ချက်ကြည့်လိုက်ရင်း ပြောသင့် မပြောသင့် ဆုံးဖြတ်တွေဝေနေပုံပင်။ ပြီးတော့ကာမှ ...

"ဒန်းပေါ် ထိုင်ရအောင်လေ မြတ်မြတ်"

မြတ်မြတ်က အငြင်းစကားမဆိုဘဲ ဒန်းစင်ဆီသို့ နှစ်ဦးသား လှမ်းလာခဲ့ကြပါသည်။ သားဇော်က ငေးမဝစွာ လှပလွန်းသော အခုမှ စမြင်ဖူးသည့် ဆံနွယ်ရှည်ကြီးနှယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းတစ်ခုမှာ မွှေးမွှေးပျံ့ပျံ့ သင်းနေသော ရှင်မတောင် သနပ်ခါးရနံ့ရယ်ကို အထူးအဆန်း အံ့အားသင့်နေပါသည်။ ယခင်က မြတ်မြတ်တော့ ယခင်က မြတ်မြတ်ပါပဲ။

ဒါပေမဲ့ အခုတွေ့ရသည့် မြတ်မြတ်ဟာ အရင်က ထက်ပိုပြီး ကြည့်ကောင်း လာသလားလို့ပါပဲ။ အထူးသဖြင့် သိပ်ကို လှပတဲ့ ဆံနွယ်တွေက ဖမ်းစားထားတာ ဖြစ်နိုင်ပါသည်။ ဆံပင်ရှည်တွေ မြင်ဖူးပေမဲ့ ဒီလို ဆံပင်မျိုးမဟုတ်။ ဒီလို ဆံပင်ရှည်မျိုးနှင့် တွဲဖက်ထားသော ယဉ်လှသည့် သနပ်ခါးရနံ့နှင့် ဆေါင်းစပ်လိုက်သောအခါ မန္တလာသူတစ်ယောက် ပီသစွာ မြတ်မြတ်က ယဉ်နေလေသည်။

သူနှင့်အတူ ယှဉ်တွဲ၍ ထိုင်လိုက်စဉ်မှာ ဆံနွယ်တွေဆီက ဝေ့ခနဲ သင်းပျံ့လာသော ရှန်ပူရနံ့သည်လည်း အေးမြသင်းမွှေးစွာ။ သားဇော်က ဘေးမှာ သက်သောင့်သက်သာ ဟန်နှင့်ပင် ထိုင်နေသော မြတ်မြတ်ကို ရင်းနှီးစွာ ကြည့်လိုက်ရင်း ...

"ဒီနေ့ မြတ်မြတ် ထူးခြားနေပါတယ်"

"ဆံပင်ချထားလို့လား။ ဒါက ခေါင်းလျှော်ထားလို့ပါ"

"အင်း ... မြတ်မြတ် ဒီရောက်ကတည်းက ဆံပင်ချထားတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်။ ဆိုင်မှာ လျှော်တာလား"





"မလျှော်ပါဘူး။ ဘာလို့လဲ"

"ဪ ... ဆံပင် ကောင်းလို့ပါ။ မြတ်မြတ်က ဆံပင်တော့ ဂရုစိုက်တယ်နဲ့ တူတယ်နော်"

"တကူးတကတော့ မဟုတ်ပါဘူး"

"အိမ်မှာပဲ လျှော်တော့ မညောင်းဘူးလား"

မြတ်မြတ်က သူ့စကားကို သဘောကျစွာ ခိုးခိုးခစ်ခစ် ရယ်မောလေသည်။ အပြစ်ကင်းစွာဖြင့် မြတ်မြတ် လွှတ်လွှတ်လပ်လပ် ရယ်မောတာကို ဒါ ပထမဆုံးအကြိမ် တွေ့ရသဖြင့် သူက မှင်သက်စွာ ငေးကြည့်နေမိပါသည်။ ကြည့်ပါဦး ဘာအခြယ်အသမှ မပါတဲ့ သနပ်ခါးဖွေးဖွေးလေးနဲ့ ဆံနွယ်ရှည် ဝိုင်းရံထားတဲ့ မိန်းမတစ်ယောက်ရဲ့ ပွင့်လင်းလှတဲ့ အရယ်ပြုံးတစ်ခုဟာ အဲလောက်ပဲ နွေးထွေးမွှေးမြသလားကွာ။

"မညောင်းပါဘူး။ ဆိုင်မှာသာ မြတ်က ညောင်းတာ။ သူတို့က အကြာကြီး လျှော်ပေးတော့ မြတ် ညောင်းလာရော။ ပြီးတော့ မြတ် ဆံပင်ကို Dryer(ဒြိုင်ယာ)နဲ့ ဆွဲတာလည်း မြတ် မကြိုက်ဘူးလေ"

"ဪ ... အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာရယ်မဟုတ် ခေါင်းညိတ်ထောက်ခံမိပေမဲ့ သူကိုယ်တိုင်ကတော့ ခေါင်းလျှော်လျှင် ဆိုင်မှာပဲ အမြဲလျှော်တတ်သူ တစ်ဦးလေ။ ဆိုင်က သေချာဂရုတစိုက်နှင့် လျှော်ပေးတာကို မျက်လုံးအမှေးသားဖြင့် စည်းစိမ်ယူတတ်သူတစ်ဦးလည်း ဖြစ်ကာ အဲဒီက ဇက်ကြောဆွဲ နှိပ်နယ်ပေးခြင်းတို့ ပါမှလည်း အညောင်းသို့ပြေနေသာထိုင်ယာ ရှိသည်လေ။

မြတ်မြတ်ကတော့ အဲဒါတွေနှင့် ပြောင်းပြန် ဆိုင်မှာလျှော်ရတာ ညောင်းသတဲ့။ သူနှင့် မြတ်မြတ်၏ တွေးခေါ်ပုံခြားနားခြင်းတို့ကို တွေးမိကာ သူက မြတ်မြတ် မသိအောင် တစ်ချက် ခိုးပြုံးလိုက်ပါသည်။

အခုတော့ ဘယ်ဆိုးလို့လဲ။ တီရှပ်အရောင်လွင်လွင် လုံတပတလေးနှင့် တစ်မျိုးတော့ ကြည့်ကောင်းလာပါပြီ။ ဖြူဖွေးဖောင်းဥနေသော ခြေထောက်ဖြူဖြူလေးမှာ ကတ္တီပါကြိုးနက်တပ်ထားသော ဖိနပ်လေးကလည်း အတော့်ကို ဖန်ရပါသည်။ မြတ်မြတ်ဟာ သူ တွေ့ဖူးသော မိန်းကလေးများစွာတို့ထဲတွင် အလှအပကို လုံးလုံးစိတ်မဝင်စားသော၊ ခပ်ရိုးရိုးမေမဲ့ တစ်မျိုးဆွဲဆောင်အားပိုသော မိန်းကလေးအဖြစ် သူ မှတ်ချက်ချရလေသည်။





"မြီးရှည် စားကောင်းရဲ့လား"

သူက ဘာပြောရမှန်းမသိ စကားစရှာနေစဉ်မှာပဲ မြတ်မြတ်က စကားစလာပါသည်။ မြီးရှည်တဲ့။ သူ မနက်ခင်းက စားခဲ့ရသော မန္တလေးမြီးရှည်က အတော်အရသာကောင်းမွန်ပါသည်။ မေမေက ပြောတော့ ဒါ မြတ်မြတ်တို့ လက်ရာတဲ့။ အင်း... မြတ်မြတ် လက်ရာကို ဝေဖန်ရမည်ဆိုလျှင်တော့ အတော်ကောင်းမွန်သည်ဟု ပြောရတော့မှာပါပဲ။

"ကောင်းတယ်၊ မြတ်မြတ် ချက်တာလား"

"အင်း။ အားလုံးပဲ ဆိုပါတော့။ မြတ်တို့ ဝိုင်းလုပ်စားကြတာပါ"

"သြော် ... ဒါတွေလည်း ရတယ်နော်၊ မြီးရှည်က တော်တော်ကောင်းပါတယ်။ ကျွန်တော်က မန္တလေးမြီးရှည်ကို အရမ်းကြိုက်တာလေ"

"နောက် အမြဲကျွေးမှာပေါ့"

သူက ဖျတ်ခနဲ မြတ်မြတ်ကို လှည့်ကြည့်မိလေသည်။ အဲဒီအခိုက်မှာ သူ တွေ့မြင်လိုက်ရတာက အခါများစွာက သူ မှတ်မိသိရှိခဲ့ဖူးသော ရွှန်းလဲ့တောက်ပသည့် မျက်နက်ဝန်းလေး။ နောက် "အမြဲကျွေးမှာပေါ့" ဆိုသည့် စကားလေး။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော စကားတစ်ခွန်း မဟုတ်သေမဲ့လည်း တစ်မျိုးလေးတော့ ထူးခြားရိပ်ဆင်နေဟန်ရှိသော စကားလေးပင်။ တစ်မျိုးပါပဲလား မြတ်မြတ်ရယ်။

ဘာကိုဆိုလိုမှန်း သူက သေချာဆန်းစစ် ပိုင်းခြားနေဥန်းမှာပင် မေမေက ပြန်ရောက်လာတော့ကာ ထမင်းစားဖို့ လှုံ့တက်ကိစ္စ ခေါ်တော့တာမို့ အားလုံး ထမင်းစားခန်းထဲ ရောက်သွားကြပါသည်။ အဲဒီနောက်မှာတော့ သူ လေ့လာဆန်းစစ်သည့် မျက်နက်ဝန်းတစ်စုံဟာလည်း သူ့ထံ ထပ်မံရောက်ရှိမလာတော့ဘဲ နေရိုးတိုင်း နေမြဲအတိုင်း။

သူ့ရင်ထဲမှာ တစ်စုံတစ်ရာ ကျန်နေခဲ့မည်ဆိုလျှင် ထိုအရာသည် မျက်နက်ဝန်းတစ်စုံသာ ဖြစ်ပါမည်။







ရုံးဖွင့်တာနှင့် လည်ပတ်မှုဘဝထဲကို ပြန်လည်ရောက်ရှိသွားရသည့် မြတ်မြတ်နှင့် ခက်ခက်တို့က မအားလပ်နိုင်ကြတာပါ။ ဝန်ထမ်းရွေးချယ်ရတာ၊ ပုံစံဒီဇိုင်းထုတ်ရတာ၊ ညှိနှိုင်းရတာလေးတွေနှင့် အနားကို မရကြတော့။ သားဖော်ကတော့ လုပ်နိုင်လွန်းသော မြတ်မြတ်ကိုသာ တစ်ဆိတ်ချီးကျူးရပါသည်။ အလုပ်လာသော မြတ်မြတ်ရဲ့ ပုံစံဟာ အခါတိုင်းကဲ့သို့ ပြန်ဖြစ်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေသောအခါက တွေ့ခဲ့သလို ဆံပင်ရှည်ရှည်လေးချကာ ယဉ်စစပုံစံလေးလည်း မဟုတ်တော့။ သနပ်ခါးထူထူ ရှပ်အင်္ကျီ တစ်ထည်၊ ဆံပင်လိမ်တင်သော ပုံစံနှင့် အလုပ်များ စမြဲ။

ဒီလိုပုံစံနှင့် မြင်ရတာ ကြာလာသောအခါ သူလည်း မြင်ရတာ မျက်စိသားကျသွားပြီဟု ပြောလို့ရပါသည်။ အဆင်စုံ ဒီဇိုင်းစုံ တွေ့ရသော ရန်ကုန်မြို့ကြီးထဲမှာ မြတ်မြတ်ရဲ့ပုံစံဟာ ထူးလို့တော့ နေလေသည်။

မြတ်မြတ်ကို မထူးတော့စဉ်မှာ ထူးလာတာက ခက်ခက်။ ခက်ခက်ကျော်ကတော့ မြတ်မြတ်နှင့် စိတ်တူကိုယ်တူ ယေပေါင်းတွေပါလို့ ယုံရခက်အောင် ဝတ်တာစားတာ လှပသပ်ရပ်လွန်းသော သူတစ်ဦးပင်။

ပခုံးထက်နား ဝဲကာနေသော စင်းစင်းဖြောင့်ဖြောင့် ဆံနွယ်ရှည် ကပိုကရိုလေးနှင့် ပလက်တီနမ် နားကွင်းထူထူတစ်စုံကိုဆွဲကာ ရန်ကုန်သူတွေ ရှုံးလောက်သည့် ဟန်ပန်သွင်ပြင် အမူအရာနှင့်ပေ။ ဒီအမျိုးသမီးချောဟာ အိမ်ကို ထမင်းလာစားပြီးသည့် နောက်ပိုင်းကစပြီး သူ့အပေါ်မှာ သိသိသာသာ အမူအရာ ပြောင်းလဲတော့တာကိုပင်။





မိန်းကလေးများစွာဖြင့် ပတ်သက်ခဲ့ဖူးသည့် သူ့ဉာဏ်စဉ်အရ ခက်ဆိုသော အပျိုချောရဲ့ ကြည့်ပုံ ရှုပုံ ပြောပုံဆိုပုံတို့ဟာ မရိုးမသားဟန်တွေလည်း စိုးစဉ်းမှ မပါဝင်တာကိုလည်း သိနေပါသည်။ သူ့ကို သိသိသာသာ ခင်ခင်မင်မင် ပြောဆိုပုံတို့မှာ အရင်တွေ့ခဲ့သည့် မြတ်ထက်ပင် ချိုမြိန်သာယာသေးတော့။ သူကလည်း ဒီတော့ကာ မချိုသာစရာ ဘာအကြောင်းမှ မရှိတော့။

အဲဒီတော့ သားဖော်နှင့် ခက်ဟာ ရင်းနှီးဖော်ရွေသည့် မိတ်ဆွေတွေ ဖြစ်မှန်းမသိ ဖြစ်လာကြပါသည်။ သားဖော်ဟာ ကိုယ့်ကို လာရောက်ရင်းနှီးခင်မင်တတ်သည့် မိန်းကလေးတိုင်းကို ကိုယ်ကလည်း တုံ့ပြန်ခင်မင်တတ်သူ တစ်ဦးလေ။ ကိုယ့်အပေါ်ကို မခင်တတ်သော သူများကိုတော့ မှန်တန်းသာမို့ ခက်နှင့်တော့ ပလဲသန့်သင့်လှပါသည်။

ခက်ဟာ ရိုးသားဖော်ရွေလျက် ကိုယ့်အပေါ်လည်း မရိုးမသား ဘာစိတ်မှမရှိသော မိန်းမချောလေး ဖြစ်နေတာတော့ ကိုယ်ကံပေါ့လေ။ ချောချောလှလှမိန်းကလေးများနှင့် ရင်းနှီးခင်မင်တိုင်း ဘာလိုလို သတ်မှတ်သည့် သူများကိုတော့ သားဖော်က ဂရုကို မစိုက်ချေ။ သားဖော်သည်လည်း မှန်တယ်ထင်ရင် နောက်မဆုတ်တတ်သော လူစားမျိုးပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ပြုံးရွှင်သော မျက်နှာထားနှင့်ပင် ခက်ခက်က အနားရောက်လာပြန်ပါသည်။

"သားဇော် ဒီမှာ လက်မှတ်ထိုးပေးပါဦး"

သားဇော်က စာရင်းစာရွက်ရဲ့ အောက်မှာ ဆိုင်းထိုးပေးပြီးသည့်နောက် ခက်ကို မော့ကြည့်လိုက်ရင်း ...

"စတက်ဖ်နဲ့ တင်ပေးလိုက်လည်း ရတဲ့ဟာကိုပဲ ခက်ခက်ရယ်"

ခက်ခက်က အရယ်အပြုံး မပျက်နှင့်ပင် ခုံမှာ အေးအေးဆေးဆေး ဝင်ထိုင်ကာ သူ့စကားကိုလည်း ဘယ်လိုမှ မှတ်ပုံမရ။

တခြားမိန်းကလေးဆို ဒီလိုစကားမျိုးဆိုလျှင် ဘာဘာညာညာ နှစ်မျိုးခွတွေးကာ ကိုယ့်ကို အကြောင်းမရှိ အကြောင်းရှာလာတယ် ပြောတယ်ဟု ထင်မည်လည်းထင်၊ ဒါမှမဟုတ် ပင်ပန်းမှာစိုး၍ စေတနာနှင့် ပြောပါလားဟယ်ဟု လိပ်တွေးတွေးရင်လည်း တွေးနေမည် ဖြစ်သော်ငြား ခက်ခက်ကတော့ ဘာမှမပြောင်းလဲသော မျက်နှာထားပြုံးပြုံးနှင့်ပင် ခေါင်း တညိတ်ညိတ်ဆတ်လျက် ...

"သားဇော်က ဘယ်ဆိုးလို့လဲနော်"





"ဘာရယ် ခက်"

"ခြော် ... မဆိုးဘူးလို့ ပြောတာပါ"

"ဘာ မဆိုးတာလဲ"

"အလုပ်တွေ ဘာတွေ ကြိုးစားတယ် ပြောတာပါ"

"လုပ်ဖို့ပဲ။ အလုပ်တော့ လုပ်ရတာပေါ့"

"အမ်းပါ။ အမ်းပါ"

ခက်ခက်ရဲ့ ပုံစံက တစ်မျိုးပါလား။ ဒါတွေက မထူးဆန်းတော့တာမို့ သားဇော်က ဖွင့်လက်စ ကွန်ပျူတာဘက်ကို အာရုံပြန်ပြောင်းလိုက်လေသည်။ တစ်ခါတစ်ခါကျ ခက်ခက်ဟာ သူနှင့် စကားပြောနေရင်းကလည်း ဘာကို အတွေးဝင်မှန်းမသိ ဝင်ကာ ငြိမ်သက်သွားတတ်သေးသည်။

သူတို့ သူငယ်ချင်းနှစ်ယောက် တွဲမိတာ တကယ့်တကယ်ကျတော့ သားဇော် မအံ့သြတော့ချေ။ နှစ်ယောက်စလုံးသည် တစ်ချက် တစ်ချက်တော့ ဘာတွေမှန်းမသိ၊ နားမလည်လိုက်မမီသော သူများပင် ဖြစ်နေတတ်လေသည်။

"သားဇော်"

သူက လှည့်မကြည့်ဘဲ ခေါင်းဆတ်၍သာ ထူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားဇော်မှာ ချစ်သူရှိလား"

"ဟင်"

သူ တစ်ခါမှ မျှော်လင့်ထားသော မေးခွန်းမဟုတ်သည့်အတွက် ခေတ္တတော့ ကြောင်သွားခဲ့ရလေသည်။ ဘယ်လိုပါလိမ့်။ သူနှင့် ခက်ဟာ အတိုင်းတာတစ်ခုထိ ပတ်သက်ရင်းနှီးသွားပြီ ဆိုသော်လည်း ဤရွေ့ ဤမျှထိ ကိုယ်ရေးကိုယ်တာတွေ မေးလို့မှ မကောင်းသေးတာလေ။ မေးတာကလည်း အပျော်သဘော မေးတာမြန်းတာထက် တကယ့်ကို သိချင်စိတ် ပြင်းပြလွန်းသော မျက်နှာထားမျိုးနှင့် မေးတာပင်။

အဲဒီ မျက်နှာထားဟာ သိချင်သည် ဆိုတာထက် တစ်စက်လေးမှ မပိုသော မျက်နှာထားတစ်ခု ဆိုတာကိုလည်း သူက ရိပ်မိပြန်ပါသည်။ ဘယ်လိုပါလိမ့်။ ခက်ဟာ မြတ်နည်းတူ ဂုဏ်သရေရှိ အသိုင်းအဝိုင်းက ပေါက်ဖွားလာသော ခေတ်ပညာတတ် မိန်းကလေးတစ်ဦးလည်း ဖြစ်တာနဲ့အညီ ဣန္ဒြေသိက္ခာ အပြည့်လည်း ရှိသော မိန်းကလေးပါ။ သူ့ကို ဆက်ဆံသော နွေးထွေးရင်းနှီးမှုတွေမှာလည်း ဘာအရောင်တွေမှ မပါဝင်တာ သူက နားလည်ပါသည်။ ဒါကြောင့်လည်း သူက ဖြူစင်စွာပင် ခင်မင်ခဲ့တာ။ သူနဲ့ ခက်ရဲ့ ဖြူစင်ခင်မင်မှုကို သူတို့ ဘာသာပင်





နားလည်သည်။ မြတ်တောင် သိမည်မထင်။ မြတ်မြတ်ဆိုသော မိန်းမဟာ ဒါတွေကို လိုက်ကြည့်နေမည့် မိန်းမ မဟုတ်ဘူးဆိုတာကိုလည်း သူ သိပြီးသားပင်။ ဒါပေမဲ့ ခက်ရဲ့ဒီစကားဟာ တစ်မျိုးတော့ တစ်မျိုးကြီးလိုပင်။

"ဘာလို့ မေးတာလဲ ခက်။ စိတ်ဝင်စားလို့လား"

သူက တမင်ပင် မေးချပစ်လိုက်လေသည်။ ခက်ခက်ဆိုသော ခက်ဟာလည်း မလွယ်ကြောင်း ပြသည့်အလား ခပ်တည်တည်ပင်။ ထိုင်ရာမှပင် ထလိုက်သေးကာ သူ့ရှေ့ မတ်တတ်ရပ်လျက်ပင် သူ့ကို ငုံ့ကိုင်းကြည့်ကာ ...

"ဒါပေါ့။ ပြောပြမယ်မလား"

"ခက်က သိပ်စပ်စုရာ မကျဘူးလား"

"မကျဘူးလို့ ထင်တာပဲ။ ခက်က သိပ်နှိုက်နှိုက်ချွတ်ချွတ်ကြီး စပ်စုတာမှ မဟုတ်တာ။ Yes or No လေးပဲ ခက်သိချင်တာပါ။ ခက်နဲ့ သားဇော်နဲ့လည်း ခင်နေတာပဲ။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေချင်း ဒါလေးတောင် မေးခွင့်မရှိဘူးလား"

"ခက်နဲ့ ကျွန်တော်နဲ့က လုပ်ဖော်ကိုင်ဖက်မှ မဟုတ်တာ၊ ကျွန်တော်က အလုပ်ရှင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင်က ဒါတော့"

ချက်ချင်းပင် နှုတ်ခမ်းစူကာ မျက်လုံးပြူးသွားသော ခက်ရဲ့ပုံစံကို သူက သဘောကျစွာဖြင့် ရယ်မိလေသည်။ တကယ်တော့ ခက်ခက်ဟာ ကလေးစိတ် မကုန်သေးသော ကလေးလူကြီး တစ်ပိုင်းပါပဲလား။ သူက လက်အသာကာပြလိုက်ရင်း ...

"အလကား စတာပါ။ သိချင် ပြောပြပါ့မယ်။ ကျွန်တော့်မှာ ချစ်သူ မရှိဘူး ခက်ရဲ့"

ခက်ခက်ရဲ့ မျက်လုံးတွေက လက်ခနဲ တောက်ပသွားသည်ဟု သူ ထင်မိလေသည်။ ခက်ခက်ရဲ့ နှုတ်ခမ်းလေးဟာ ခုတော့လည်း အဖျားနှစ်ဖက်က ကော့ညွတ်ပျံ့ထက်လျက် ပြုံးမြမြ ဖြစ်လို့တည်း။

"တကယ်ပြောတာရော ဟုတ်ရဲ့လား"

"တကယ်ပါ။ ဘာလဲ မယုံဘူးလား။ ညာစရာ ဘာအကြောင်းမှ မရှိပါဘူး"

"ဒီအရွယ်ကြီးမှာ ချစ်သူ မရှိတာတော့ ယုံချင်စရာ မရှိပါဘူး"

"ဟောဗျာ။ ဒီအရွယ်တိုင်း ချစ်သူရှိရမှာလား။ ဒါဖြင့် ခက်မှာရော"





အခုတော့လည်း ခက်ခက်ရဲ့ မျက်နှာမှာ ရှက်ရိပ်လေးတစ်ခု ဖြတ်သန်းသွားလျက် သူ့ကို မပီတပြင်သော မသဲကွဲ မျက်စောင်းလေးတစ်ခု ထိုးကာ ...

"အံမယ် မရှိပါဘူး။ ဒါပေမဲ့ သားဖော်မှာတော့ ရည်းစားရှိတယ်မလား"

"ရည်းစား ... ဟား ဟား ... ရည်းစားတော့ ရှိတာပေါ့ ခက်ခက်ရယ်။ ဒါပေမဲ့ အရင်တုန်းကပါ။ ကျောင်းတုန်းကတော့ ရည်းစားတွေ အများကြီးပဲ လွန်ခဲ့တဲ့နှစ်ကကို ရှိသေးတယ်။ ခုတော့ မရှိတော့ပါဘူး"

ခက်က မျက်လုံးလေး ဝေ့ထောင့်ကပ်ကာ စဉ်းစားရင်း ...

"ဘာလို့လဲ ဟင်၊ ဘာလို့လဲ။ ချစ်ရမဲ့သူ တွေ့သွားလို့လား"

"မဟုတ်ပါဘူး။ အရင်လောက်လည်း အချိန်မပေးနိုင်တော့လို့ပါ။ ဒါတွေက အချိန်ပေးရတယ်လေ။ အလုပ်တွေများတော့ သိပ်လည်း စိတ်မဝင်စားတော့ပါဘူး"

"ဒါဖြင့် အိမ်ထောင်ရေးလည်း မစဉ်းစားတော့ဘူးပေါ့"

"ဟား ဟား ... ခက်ခက်ကတော့ အကုန်ကို မေးတော့တာပဲ။ ခုလောလောဆယ်တော့ မစဉ်းစားပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခက် ထင်တာပြောရင် သားဇော်က အချစ်ကို မတွေ့သေးလို့ပါ။ ဟုတ်တယ်မလား"

"အင်း … အချစ်ကိုတော့ ရေရေရာရာ မသိတာ အမှန်ပဲ"

သူ့စကားအဆုံးမှာ ခက်ရဲ့ မျက်လုံးတွေက တွေဝေငြိမ်သက်သွားသလို သူလည်းပဲ တိတ်ဆိတ်သွားရပါသည်။ အချစ်တဲ့။ ဒီစကားကို အရင်ခါတွေတုန်းက ကြိမ်ဖန်များစွာ သူ ပြောခဲ့ဖူးပေမဲ့ တကယ့်တကယ်တမ်းမှာ အချစ်ဆိုသော အရာကို သူမယ်မယ်ရရ မသိလှပါ။

အချစ်ဆိုတာ သူများတွေ ပြောနေကြသည့်အတိုင်း ပေးဆပ်ခြင်းပဲလား၊ ရယူခြင်းပဲလား၊ စွန့်လွှတ်ခြင်းပဲလား ဘာတစ်ခုမှ သူ ရေရေရာရာ မသိချေ။ သေချာတာကတော့ သူ့ဘဝတွင် ဘယ်သူ့ကိုမှ စူးစူးနစ်နစ် မချစ်ခဲ့ဖူးခြင်းပင် ဖြစ်လေသည်။







တစ်ရုံးထဲမှာ ဖြစ်ပေမဲ့ သားဇော်နဲ့ ဟေသာတို့ မတွေ့ဖြစ်ကြပါ။ ဒီနေ့တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် ရုံးအလာမှာ တွေ့ကြပါသည်။ သားဇော်က ဟေသာ့ကို ပြုံးပြနှုတ်ဆက်ရင်း …

"အဆင်ပြေရဲ့လား ဟေသာ"

"ပြေပါတယ်။ သားဇော်တို့ကတော့ တွေ့မှပဲ မေးဖော်ရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မဟုတ်ပါဘူး၊ ကျွန်တော်လည်း မအားတာနဲ့ပါ။ အခုတော့ အထည်တွေ စချုပ်နေပြီနော်။ ဘယ်လိုလဲ ဟောသာ့ ဒီဇိုင်းတွေချည်းပဲလား"

"မဟုတ်ပါဘူး။ အားလုံး မျှမျှတတပါပဲ"

"အင်း ... ရှေ့လထဲကျရင်တော့ ဆိုင်တွေမှာ စတင်တော့မယ်။ ဘယ်လောက်ထိ မျှော်လင့်ထားလဲ"

"ဟောသာကတော့ ကြိုက်တယ်၊ မမြတ်မြတ်က အရည်အသွေးကို အရမ်းမြှင့်ထားတယ်၊ နောက်ဆို ပြည်ပပို့ကုန်တောင် ဖြစ်လာနိုင်မယ်လို့ ထင်တယ်။ သားဇော်ရော"

"အင်း ... အဲလိုပဲ မျှော်လင့်မိတာပဲ"

ဟောသာက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း လက်မှနာရီကို မျှော်ကြည့်လိုက်ကာ ...

"ရုံးတက်ဖို့က လိုပါသေးတယ်။ အချိန်ရသေးတာပဲ။ သားဇော် ဟောသာနဲ့ တစ်ခုခု လိုက်စားပါလား။ ဟောသာ အိမ်က ဘာမှ စားမလာခဲ့ရဘူး။ မေမေ့ကို ကီစ္စတစ်ခုနဲ့ တစ်နေရာ ဝင်ပို့ပေးခဲ့ရလို့လေ"

"ဩော် ... ရပါတယ်၊ ကျွန်တော်က စားပြီးပါပြီ"





"ဘာလဲ ကျွေးရမှာ ကြောက်လို့လား၊ ဟောသာ ကျွေးမှာပါနော်။ ဟောသာ တစ်ယောက်တည်းမို့ ခေါ်တာပါ။ စားပြီးရင်လည်း ကော်ဖီတော့ သောက်ပေါ့"

နောက်ဆုံးတော့ အားနာသည့် စိတ်နှင့်ပင် သူ ခေါင်းညိတ်လိုက်ပါသည်။

"ဒီနားပဲ စားမှာမလား။ ဟောသာ တစ်ယောက်တည်းဆိုတော့ လိုက်ခဲ့ပေးပါမယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

သူနှင့်ဟောသာ ကား ခပ်လှမ်းလှမ်းရှိ စားသောက်ဆိုင်သို့ လှမ်းလာခဲ့ကြပါသည်။ ဟောသာက ဟမ်ဘာဂါနှင့် ကော်ဖီ မှာ၍ သူကတော့ လီမွန်တီး သောက်ပါသည်။ ဟောသာက ဟမ်ဘာဂါကို ကျွမ်းကျင်စွာ လှီးဖြတ်ရင်း ...

"သားဇော်နဲ့ ပြန်တွေ့ရတာ ကျောင်းကို ပြန်သတိရတယ် သိလား"

"အင်း ... အဲဒီတုန်းကတော့ ကျွန်တော်တို့ သိပ်မရင်းနှီးဘူးနော်"

"သားဇော်က မာနကြီးနေတာကိုး"

"မကြီးပါဘူးဗျာ။ ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခုသာ မကြီးရင် နေမယ်၊ အဲဒီတုန်းကတော့ ကြီးတာပဲ မလား။ ဒါနဲ့ စပ်စုတယ် မထင်နဲ့နော်။ ခင်လို့ မေးတာပါ။ ဘယ်တော့ စားရမှာလဲ"

လာပြန်ပြီတစ်ယောက်။ ခုတစ်လော ဘာဖြစ်နေတာ ပါလိမ့်။ မိန်းကလေးတွေဟာ သူ့ရဲ့ အချစ်ရေး အိမ်ထောင်ရေး တွေကို တော်တော်စိတ်ဝင်တစား ရှိကြပါလား။ ပွင့်ပွင့်လင်းလင်း ဖြောင့်ထုတ်မေးရဲသော ခက် ပြီးလျှင် ဘာရယ်မဟုတ် စကားရော ဖောရောနှင့် သိချင်စွာ မေးသော ဟေသာတို့ရဲ့ စိတ်ဝင်စားမှုက တော့ အတူတူပဲ လာပါလိမ့်မည်။

သားဇော်က ခပ်သောသော ရယ်မောကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ...

"စားချင်ရင်တော့ အချိန်မရွေး ကျွေးပါတယ်"

"အဲလိုပြောတာ မဟုတ်ဘူးလေ"

"မိန်းမကတော့ မယူသေးပါဘူး၊ အင်း ... ယူမဲ့သူလည်း မရှိဘူး ဆိုပါတော့"

"အံမယ် ... အပိုတွေ။ ဒီလောက်ရွှတာများ၊ ကျောင်းမှာ တုန်းက သားဇော်က အရမ်းနာမည်ကြီးတာပဲဟာ"





"ဟေသာလည်း ကြီးတာပဲမလား၊ ဒါဖြင့်ရင် ဟေသာရော ဘာကြောင့် တစ်ယောက်တည်း ဖြစ်နေလဲ၊ ကဲ ..."

"အိုး ... ဟိုး ဟိုး၊ ဟေသာ့ဘက် မလှည့်လာနဲ့လေ၊ သားဇော်ကိုပဲ ဟေသာက မေးတာပါ။ ကျောင်းတုန်းကလိုပဲ စွဲသေးလားလို့"

"မစွဲပါဘူး၊ ဒါနဲ့ မေးရဦးမယ်၊ ဟေသာတို့ရဲ့ လစာတွေကို မြတ်မြတ်ကပဲ စီစဉ်ပေးလား"

"အင်း ... ဟုတ်တယ်လေ၊ ဘာလို့လဲ"

"သြော် ... ကျွန်တော်နဲ့ သူ့ ဝန်ထမ်းကိစ္စ၊ လစာတွေ ဒစ်စကက် မလုပ်ရသေးလို့ပါ၊ မြတ်မြတ်နဲ့ လုပ်ရတာရော အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ မြတ်မြတ်က အရမ်းအင်နိုတဲ့လီးဂျုန့် ဖြစ်တယ်နော်၊ အဟင်း ... ဟို ... ပွင့်ပွင့်လင်းလင်း ပြောရရင် အစက သူ့ကို အဲလောက်ကြီး ဟုတ်မယ် မထင်ဘူး ပေါ့နော်၊ သူ့ပုံစံကလေ၊ အခုတော့ လုပ်ငန်းပိုင်းဆိုင်ရာ မှာ ပြောစရာမရှိအောင် တော်လွန်းတယ်"

ဘာရယ်ကြောင့်မှန်း မသိဘဲ ဟေသာက အဲဒီလို ဆိုလိုက်စဉ်မှာ ဖျတ်ခနဲပင် မြတ်မြတ်ရဲ့ မျက်နှာလေးကို သူ



www.burmeseclassic.com

www.burmeseclassic.com



ပြေးမြင်ယောင်လေသည်။ လွန်ခဲ့သည့် အခါများစွာက မြင်ရခဲ့ဖူးသော အင်မတန်လှသည့် ဆံနွယ်ရှည်တွေရယ်၊ မို့ဖောင်းဖြူဖွေးကာ ကျက်သရေရှိလွန်းသော ခြေထောက်လေး တစ်စုံရယ်၊ နောက် ... မြတ်မြတ်နှင့် ပတ်သက်လာလျှင် အထူးခြားဆုံးဖြစ်သည့် မျက်ဝန်းနက်တောက်တောက်လေးရယ်ကို သူ သွားသတိရမိလေသည်။

မြတ်မြတ် တော်မှန်းတော့ အလုပ်စလုပ်တည်းကပင် သူက သိနေပြီးသားမို့ သိပ်တော့ မအံ့သြတော့။ ဒါပေမဲ့ နာမည်ကြီး ဒီဇိုင်းပညာရှင်တွေနှင့် အဆင်ပြေပြေ ညှိနှိုင်းဆောင်ရွက်နိုင်တာကိုတော့ သူ နည်းနည်းအံ့သြချင်သည်။

"ဒီဇိုင်းတွေကျတော့ နောက်ဆုံးအဆင့်မှာ မြတ်မြတ်ပဲ ဆုံးဖြတ်တာလား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ သူပြောတာတွေက မှန်နေတာပဲ၊ တကယ်တမ်း နမူနာ အဝတ်အစား ထွက်လာရင် သူ ပြောတဲ့ပုံစံက ပိုကောင်း ပိုလှနေတတ်တယ်"

"ဟင် ... ဟုတ်လား၊ အဲလောက်တောင်"

သူက တအံ့တသြ ဖြစ်မိတာပါပင်။ တကယ့်ကို ဖက်ရှင်ကျကျ လှလှပပ ဝတ်စားတတ်ရုံမျှမက တီလည်းတီထွင်





တတ်သေးသာ ဒီဇိုင်းကျောင်းဆင်းတွေရဲ့ ဒီဇိုင်းဝတ်စုံတွေကို မြတ်မြတ်က လိုတာ ပိုတာ ပြင်ဆင်ပေးသတဲ့။ သူပြင်ဆင်ပေးတဲ့အတိုင်းလည်း တကယ့်ကို လှပစွာ ထွက်လာသတဲ့လေ။

"ဟုတ်တယ်၊ ဟေသာလည်း အစကတော့ သူက ဘာလဲ၊ တစ်မျိုးပဲပေါ့ဆိုပြီး နောက်မှ ခက် ပြောပြတာနဲ့ သူက လည်း ဒီဇိုင်းကျောင်းဆင်း တစ်ဦးပဲလေ၊ ခက်နဲ့ တူတူပဲ တဲ့၊ ဒါပေမဲ့ ခက်ထက်ပိုပြီး ဒီဇိုင်းပညာမှာ အရည်အချင်း ရှိတယ် ...

ဘာလဲ ... သားဖော်ကရော မြတ်မြတ်ကို ဒီဇိုင်း ပညာတတ်မှန်း မသိဘူးလား"

သူ ခေါင်းခါပြလိုက်ပါသည်။ ဟေသာက သူ့ကို အံ့သြသလို ကြည့်ရင်း ...

"ဟင် ... ဟုတ်လား၊ ပါတနာချင်းတောင် မသိကြဘူးပေါ့"

"ဟုတ်တယ် ဟေသာရယ်၊ ကျွန်တော်တို့က စကားလည်း သိပ်မပြောဖြစ်ကြပါဘူး၊ ခုမှ သိရတာပါပဲ။ ကျွန်တော်လည်း အစက သူ ဒါတွေလုပ်မယ်ဆိုတော့ တစ်မျိုးပဲ ပေါ့လေ၊ သူ့ ကတော့ အေးအေးဆေးဆေးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖြစ်တော့လည်း အကောင်းဆုံး လုပ်သွားနိုင်တာမို့ စိတ်ထဲ တစ်မျိုးတော့ တစ်မျိုးပဲ၊ ခုမှပဲ သဘောပေါက်တော့တယ်”

“အင်းနော် ... မြတ်မြတ်က တစ်မျိုးပဲ၊ မိန်းမ သိပ်မဆန်ဘူး၊ ဝတ်တာ စားတာလည်း တော်တော်ရိုးတယ်နော်၊ သနပ်ခါးပဲ လိမ်းတာပဲ”

“အင်း ... ကျွန်တော်တော့ တဖြည်းဖြည်း သဘောပေါက်လာပါပြီ၊ သူက အဲဒါတွေ စိတ်မဝင်စားတဲ့ သူတစ်ယောက်ပဲ ဆိုတာကိုပေါ့၊ ဒါပေမဲ့ တစ်မျိုးတော့ တစ်မျိုးပါပဲ”

သူက ငြိမ်သက်စွာ စဉ်းစားနေချိန်ဝယ် အားပြီးသောက်ပြီး၍ ဟောသာက ပိုက်ဆံရှင်းနေပါသည်။ သူ ရှင်းမည်လုပ်တော့လည်း ဟောသာက လက်မခံ၍ ဖွတ်အတင်း မရှင်းဖြစ်တော့။ ပြီးသည့်နောက်မှာတော့ သူနှင့် ဟောသာတို့ ရုံးဘက် ပြန်လျှောက်လာကြပါသည်။

ရုံးရှေ့အရောက်မှာပင် မြတ်မြတ်တို့ရဲ့ ကားကြီးကလည်း အချိန်ကိုက် ရောက်ရှိလာတာ ဖြစ်ပါသည်။ မြတ်မြတ်က သူရပ်နေကျ နေရာမှာပင် ရပ်လျက် ကားတံခါးပိတ်ကာ ဆင်းလာသလို တစ်ဖက်မှ ခက်ခက်ကလည်း အိတ်တွေကိုင်ကာ ဆင်းလာသည်။





ကြက်သွေးရောင်ကုတ်လက်တိုနှင့် ခက်ခက်က လှပနေသလို သူ့ဆားက ဟောသာသည်လည်း ဖင်းမယ်ဝမ်းဆက်ဂျ ဝင်းမွတ်လှပလွန်းနေပါသည်။ ခေတ်နဲ့အညီ အပြိုင်လှပနေ ဟ်ရတဲ့ မိန်းမသားနှစ်ဦးနှင့် ဆန့်ကျင်စွာဖြင့် မြတ်မြတ်ကတော့ တစ်မျိုးအကျီအဖြူတစ်ထည်၊ ခပ်မှိုင်းမှိုင်း လုံချည်ရှည်ရှည်ဖြင့်မြ တန်ကျိ ငါ်းတွေ စွာဖြင့် သက်သောင့်သက်သာ ရှိလွန်းလေသည်။

ဒီလိုမြင်ရတာ ကြာလာတော့ အလှပြင်ထားသည့် မိန်းကလေးတွေသည် တစ်ခုခုကို ဝန်ထုပ်ဝန်ပိုးဖြစ်လျက် သနပ်ခါးပဲ လိမ်းကျံထားသည့် မြတ်မြတ်ကတော့ ဘာမှမရှိဘဲ ငြိမ်းအေးလွန်းလှသည်ဟု ထင်မြင်လာပါသည်။

အနီးကပ်လာကြသောအခါ တစ်ဦးကိုတစ်ဦး ပြုံးပြနှုတ်ဆက်ကြသည်။ သွက်လှသည့် ခက်ခက်ကတော့ စတင်မေးဆတ်ပြကာ ...

“ဘယ်က လာကြတာလဲ”

သူ မပြောခင် ဟောသာက ဝင်ရောက်၍ ...

“ဒီနားမှာ မုန့်သွားစားကြတာပါ၊ ခက်ခက်တို့နဲ့ လွဲသွားတယ်”

“သြော်”



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်ကတော့ ဘာမှ အပိုစကား မဆိုတတ်သူ ပိုးပြန့်တ်ဆက်ပြီးတာနှင့် ရုံးထဲသို့ တန်းဝင်သွားသော်လည်း ဂ်ကတော့ဖြင့် နောက်နားကျန်နေရစ်ခဲ့ပါသည်။ ဟောသာ "အသူ့ကို နှုတ်ဆက်ပြီး သူ့အလုပ်ရှိရာကို သွားပြီမို့ သူ့ ဘူး၊က်ခက် တစ်ယောက်သာလျှင် ပါလာသည်။

၁ ခက်ခက်ကတော့ ဂိုကာသဘောမျိုးမို့ ဟောသာတို့နှင့် နေတည့်အခါလည်း နေ၊ သူ့ဘေးခန်းရှိ မြတ်မြတ်ထံသို့ လာရင်လည်းလာ၊ အတည်မရှိလှ။

"ခက်ခက် ဘာမေးဦးမလို့လဲ"

သူက အသာလှည့် မေးလိုက်လျှင် ခက်ခက်က တစ်ချက်ပြုံးပြရင်း ...

"အံမယ် ... သိနေတယ်ပေါ့"

"သိတာပေါ့၊ ဘာကိစ္စမှ မရှိဘဲ ကျွန်တော့်နောက် လိုက်လာတာ တစ်ခုခုမေးချင်လို့ မဟုတ်လား"

"ဒါပေါ့ရှင်၊ ဒါပေါ့"

မိန်းမတွေရဲ့ စပ်စုချင်စိတ်ကိုတော့ သူ တကယ် လက်ဖျားခါလေသည်။ အခုလည်း ခက်ခက်ဟာ သူနှင့် ဟောသာ တွဲလာတာကို တွေ့သည့်အတွက် စပ်စုချင်သည့် စိတ်သက်သက် နှင့် လာတယ်ဆိုတာ သူ ရိပ်ဖမ်းသံဖမ်း ကြိုသိနေပြီးသားပင်။





ခက်ခက်ကလည်း ဟန်တောင်မဆောင်နိုင်။ ချက်ချင်းပင် ဒါပေါ့ ဒါပေါ့က ဆိုလိုက်သေး။ အင်း ... မေမေရေ၊ သားတော့ လူပေါင်းများပြီနဲ့ တူပါတယ်ဗျာ၊ တွေ့လိုက်ရတဲ့ မိန်းကလေးတွေဟာ အစွမ်းစလေးတွေနှင့်။ တစ်ယောက် တစ်မျိုးစီပဲ။ အင်း ... တစ်ယောက်။ အဲဒီတစ်ယောက်က အင်မ တန်ကို နားအေးလွန်းလို့သာပဲ။ ခက်ခက်လို ဟာမျိုးသာဆိုရင် သူ့ခေါင်းတွေ ခဏလေး ဖြူသွားနိုင်သည်။

သူက ခက်ခက်ကို မလွယ်ပါလား ဆိုသော အကြည့်ကို တမင်ကြည့်ပေးလိုက်ရင်း ...

"ခုနဲ့ ဖြေပေးပြီးပြီလေ"

"ဟင် ... ဘာမေးရသေးလို့လဲ"

ရုတ်တရက်မို့ သားဖော်ပင် ကြောင်သွားရသည်လေ။ ဒါလေမဲ့ ကိုယ်ကလည်း ခေသူမှ မဟုတ်တာပဲဟာ။ အမြန်ဆုံးပင် မျက်နှာကို ပြင်ရင်း ...

"ခက်ခက် မေးမှာကို ပြောတာလေ"

"ရော် ... အေးလေ၊ ခက်က ဘာမေးရသေးလို့လဲ"

"ကျွတ် ... နှစ်လုံးထည်းနဲ့ ရှုပ်နေပြီကွာ၊ ကဲ ... ကဲ ... မေးချင်တာသာမေး"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... သူ့ကိုတော့ မလုံသည့်အိုး ပွင့်သည်ပဲ ထင်မလား။ ထားပါတော့ ဒီနေရာမှာ ဘယ်သူမဆို ဒီလိုပဲ တန်းတွေးမိကြမှာပဲဟာ။ အေးလေ ... တစ်ကြိမ်တစ်ခါတော့ ပညာရှိသတိမြစ်ခဲပဲပေါ့။

ခက်ခက်က သူ့ကို မရှိုးမချဥ် မျက်နှာဖြင့် ဖြုံးစစေးကြည့်လာရင်း လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် ...

"သားဇော် ဘယ်မိုဒယ်ကို ကြိုက်သလဲဟင်"

"ဘယ်လို"

ဘယ်ကနေ ဘယ်လို ဆက်စပ်ပြီး မေးတာဝါလိမ့်။ ဘာများပါလိမ့်လို့။ ခုတော့ ဘာမှလဲ မဟုတ်ပါဘဲနှင့်။ ဘယ်မိုဒယ်ကြိုက်သလဲတဲ့။ ခက်ခက်ရဲ့မျက်နှာကို ကြည့်လိုက်တော့လည်း ဖြုံးစိစိဟန်တို့ ကွယ်ပျောက်လျက် တကယ့်အတည်တံ့သဘောဖြင့် ခပ်ပြုံးပြုံးပဲ ရှိပါသည်။

သူ့ မျက်မှောင်ကုတ်လိုက်တာတို ခက်က နားလည်သလိုဖြင့် ...

"ခက် အတည်မေးနေတာနော်၊ တကယ်၊ စတာမဟုတ်ဘူး"

သူက ဘာမှ ပြန်မဖြေတော့ဘဲ အခန်းတံခါးကို ဆွဲဖွင့်ကာ ဝင်လာသည်အထိ ခက်ခက်ဟာလည်း သူ့နောက်ကလိုက်ပါလာတုန်းပင်။ အံမယ် ... အလိုက်တသိများဖြင့် Air Con ဖွင့်ပေးတန်ပေး၊ တံခါးတွေဖွင့်ပေး၊ ခန်းဆီးချပေးနှင့် တကယ့်ကို တရင်းတနှီး။ ဘယ်လိုများပါလိမ့်။



အဲဒီလောက်ကြီး တရင်းတနှီးဆန်ကာ နေရအောင်တိုးအရင်များစွာက သိကျွမ်းခဲ့သူများလည်း မဟုတ်။ ဒါပေမဲ့ ခက်ခက်ရဲ့ပုံစံဟာ ကလက်နေသလား ဆိုတော့လည်း မဟုတ်ရပါဘဲ ပကတိကို မိကောင်းဖခင်သားသမီး ပီသစွာ ရိုးရိုးအေးအေး ရှိနေပြန်တော့လည်း သူ့မှာ ဘာကို နားလည်ရမလဲ မသိတော့။

"ကော်ဖီသောက်မလား ကိုသား"

အမယ်လေး ... ထွင်လာပြန်ပြီ။ ကိုသားရယ်လို့ပဲ။ ကြာရင် ဒီ့ထက်ကို လောကွတ်တွေ ပျူငှာကာ ဇက်ကြောတွေ ဘာတွေ ဆွဲပေးသည့်အဆင့် ရောက်လာမှာကို စိုးရိမ်မိတာမို့ ခပ်မြန်မြန်ပင် လက်ကာပြရင်း ...

"တော်ပါပြီ ခက်ခက်ရယ်၊ ထိုင်ပါဗျာ၊ ထိုင်ပါတော့"

"ဒါဆို ခက်မေးတာလည်း ဖြေဦးလေ"

"ဘာလုပ်မလို့လဲဗျာ၊ ခက်တာပဲ"

"ခက္ကာ မဟုတ်ဘူး၊ ခက်ခက်ပါ။ ကဲ ... ပြောပါ၊ ခက် အတည်မေးနေတာပါ၊ အကြောင်းရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



အံမာ ... သူကပင် စိတ်မရှည်တဲ့ လေသံပစ်လာပြီ။ ဘာတွေတုန်းဟာ။

"ဘာအကြောင်းလဲ ဒေါက်ရေ။ မသိဘူး။ မရှိဘူး။ ကျွန်တော် ဘယ်သူ့ကိုမှ carzy(ခရေဇီ) မဖြစ်ဘူး"

"အင်းပါ၊ carzy(ခရေဇီ)အဆင့်လည်း မလိုပါဘူး၊ ကြိုက်တာပါဆိုမှ မျက်လုံးထဲ သဘောကျတဲ့သူလေး ဘာလေးများ၊ အဲဒါ ပြောတာ"

"ဒုက္ခပဲ၊ မပြောမချင်း မပြန်ဘူးနဲ့ တူတယ်"

သူ့ဘာသာ တီးတိုးရေရွတ်တာကိုလည်း ကြားလိုက်သေးကာ ဒါပေါ့ ဒါပေါ့နှင့်များတောင် မြည်တမ်းလိုက်သေးသော ခက်ခက်ကို သားဖော်ကတော့ စိတ်ထဲမှာပင် ဆလံပေးဖြစ်ပြန်ပါသည်။ ဒီအခန်းထဲက မြန်မြန်ထွက်သွားအောင်ကိုပင် သူ့မှာ အကြိုက်မိုဒယ်များကို စဉ်းစားပေးရပါဦးမည်။ မင်းသမီးလည်း မဟုတ်။

မင်းသမီးဆိုရင်တောင် ပါးစပ်ထဲရှိတဲ့ဟာ ရွေးပြောလို့ရသေး။ ခုခေတ် မိုဒယ်တွေ ဘာညာကို သိပ်နှိုက်နှိုက်ချွတ်ချွတ်လည်း သိရတာမဟုတ်။ အခုမှပင် သူ့မှာ အခက်ကြုံကာ ခေါင်းပူမတတ် စဉ်းစားနေရပါသည်။





အင်း ... ဟု ချစ်စဖွယ်မျက်နှာနှင့် ရေသန့်ကြော်ငြာနေသည့် ကောင်မလေးကတော့ မဆိုးလှ။ သူ့နာမည် ဘာပါလိမ့်။ ကဲ ... အရေးထဲမှ မထွက်တော့ဘူး။ ရိုးရိုးလေးပါပဲကွာ။ သိပ်ဆန်းပြားတဲ့ နာမည်လည်း မဟုတ်ပါဘူး။ သက် ... အယ်သူ ... အင်း ... သက်မွန်မြင့်။ သူ့တော့သဘော ကျသည်။

"ကဲ ... ကဲ ... သိရင် ပြီးတာပဲ မဟုတ်လား၊ သက်မွန်မြင့်ကို ကြိုက်တယ်။ သိပြီမလား၊ သွားတော့"

သူ နှင်ထုတ်စကားကိုလည်း နားဟန်မတူဘဲ ဝမ်းသာသွားရိပ်တောင် ပေါ်သွားသည့် ခက်ခက်က တအံ့တသြနှင့်ပင် ...

"ဟယ် ... ဟုတ်လား။ တကယ် ကြိုက်တာလားဟင်"

"ဩော် ... တကယ်ပဲပေါ့ဗျာ၊ ဘာလို့လဲ "

"အင်း ... တူနေပြီ။ တူနေပြီ"

သားဖော်ကတော့ ကြာရင် ဒီမိန်းမနဲ့ ရူးတော့မှာမို့ သူ့ကို စိတ်ထဲမှ ထုတ်ဖယ်ပစ်လိုက်တော့ရင်း ကိုယ့်အလုပ်ကိုပဲ အာရုံစိုက်ဖို့ စိတ်ကူးတော့ကာ အလုပ်စားပွဲမှာ ဝင်ထိုင်ပါတော့သည်။ စစ်ရမည့် စာရင်းစာအုပ်ကို ဖွင့်တာ လှန်တုန်းမှာပင် သူ့ရှေ့သို့ ရောက်ချလာပြန်သော ခက်ခက်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသားနဲ့ မြတ်မြတ်က အကြိုက်ချင်း တူနေပြန်ပြီ သိလား"

"ဘာတူရပြန်တာလဲ။ ကဲ ... ခင်ဗျားလည်း ဒီနေ့အဖို့ ပြီးဦးမှာလား။ အလုပ်လေး ဘာလေး သွားလုပ်ဖို့ စိတ်ကူး မရှိတော့ဘူးလား"

"သွားမှာပါ၊ တကတည်း။ တူလို့ တူတယ် ပြောတာကို မေးနေတာ အလကားမေးတယ်များ ထင်မနေနဲ့၊ အလုပ် သဘောအရ မေးရတာ"

"ဘာအလုပ်သဘောအရလဲ"

"ဩော် ... ခက်တို့ အဝတ်အစားတွေကို ကြော်ငြာတော့ မယ်လေ၊ မဂ္ဂဇင်းတွေထဲမှာ လစဉ်ကြော်ငြာထည့်တော့ မယ်၊ အဲဒီမှာ ပင်တိုင်ဝတ်ပြီး ကြော်ငြာဖို့ မိုဒယ်စဉ်းစား နေတာ။ မြတ်က ကိုသားကိုလည်း မေးကြည့်ပါဦး ဆိုတာနဲ့။ မြတ်ကလည်း သက်မွန်မြင့်ကိုပဲ ကြိုက်တာ"

"နေပါဦး၊ မြတ်မြတ်က ဘာလို့ ကိုယ်တိုင်မမေးတာလဲ"

"ဩော် ... မေးမှာပေါ့၊ ဒါက ခက်တို့ဘာသာ ပြောထား တဲ့ဟာပါ၊ ဘာလဲ ... မြတ်မြတ် ကိုယ်တိုင် မေးစေချင်တာ လား ... အဟဲ ... ဟဲ"





ဟာ ... ဒီအရူးမနဲ့တော့ ခက်တော့တာပါပဲ။ ဘာ တွေမှန်းလဲ မသိ။ ပြောချင်တာတွေ စွတ်ရွတ် ပြောတော့တာပဲ။ အခုလည်း သူ့ကို မြတ်မြတ်နဲ့ ဘာလိုလို စပြန်ပြီ။ သူနှင့် မြတ်မြတ်ကို လုပ်ငန်းတူ သက်တူရွယ်တူ မိဘချင်း ရင်းနှီးခင်မင် ကြသူတွေမှန်း သိတာတောင် ဘယ်သူငယ်ချင်း၊ ဘယ်မိတ်ဆွေ ကမှ စကြတာမဟုတ်။ မစ,ဆို ဒါဟာ စ,စရာကိစ္စလို့ကို မသတ်မှတ်ကြတော့တာ။

မြတ်မြတ်ကလည်း သူ့ဘာသာသူ ပြောစရာရှိပြော၊ အေးအေးဆေးဆေး။ စချင်နောက်ချင်စရာ လုပကြော့မော့လွန်းသူ မဟုတ်ဘဲ အဝတ်အစားကို အရှက်လုံပြီးရော သဘောထားကာ ဝတ်ဆင်နေသူ တစ်ဦး။

ဒါကို အရင်းနှီး ဆုံးဖြစ်သော ခက်ခက်က သိသိ ကြီးနှင့်ပင် ဒီလိုပြောထွက်တာကို သားဖော်က နည်းနည်းတော့ အံ့ဩမိသားပင်။ အင်း ... နည်းနည်းတောင် မကဘူး ထင်ပါရဲ့။ တစ်ခုခု ပြန်ပြောမည် ပြုပြီးမှ မပြောဖြစ်တော့ဘဲ သူက ဘာရယ် မဟုတ် အသံတိတ် ကျိတ်ပြုံးတာကိုလည်း မလွှတ်တမ်းကို လိုက်ကြည့်နေပုံရသော ခက်ခက်က မြင်လျက်ကပင် ...

"ဘာပြုံးတာလဲ၊ ခက် ပြောတာ ဟုတ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဗျာ၊ ဒေါ်ခက်ခက် တစ်ဆိတ်ကျေးဇူးပြု၍ ကြွပါတော့။ အလုပ် လုပ်ပါရစေတော့"

ဒါလည်း စိတ်ဆိုးပုံမရဘဲ မျက်စောင်းလေးတစ်ချက်သာ ချီတော့ကာ ပြုံးပြုံး ပြုံးပြုံးနှင့်ပင်။

"ကြွပါ့မယ်၊ ကြွပါ့မယ်။ အဟင်း ဟင်း"

"ဟော့ ... ဒါနဲ့ နေဦး၊ မြတ်မြတ်က ဒီဗိုင်နာပဲဆို၊ ဟုတ်လား"

ဒီတစ်ခါတော့ မျက်ခုံးပြန်ပင့်သွားရသူက ခက်ခက်ဖြစ်တော့ကာ သူ့ကို လက်ညှိုးထိုး ပြန်ငေးကြည့်လျက် ...

"ဟင် ... မသိဘူးရယ်ပေါ့"

"ဘာလို့ သိရမှာလဲ၊ သူက ဘာပြောပြထားဖူးလို့လဲ"

"ခုရော ဘယ်က သိလာတာလဲ"

"ဟောသာ့ဆိကပေါ့"

"ဩော်" ဟူသော အာမေဋိတ်သံ တစ်လုံးဖြင့် ခက်ခက်က ငြိမ်သွားပါသည်။ အင်း ... ကျလည်းကျလောက်တဲ့ ကိုသားဖော်ရယ်။ မြတ်မြတ်ကို ဘယ်အရည်အချင်း ဘယ်လောက်ရှိတယ်မှုား မသိဘဲနဲ့မှုား လုပ်ငန်းကြီး တစ်ခုလုံးကို ဝကွက်အပ်သတဲ့လား။



ဝါကာယ်ဆို့ခုမှ အသစ်စဝင်တဲ့သူလည်းဖြစ်၊ ဖက်ရှင်ဆိုတာ သိတတ်ဖို့ဝေးစွ ကိုယ့်ကိုယ်ကိုယ်တောင် အကျီနဲ့လုံချည် အဆင်ကျအောင် တွဲမဝတ်တတ်တဲ့သူကို ရှင့်လို မိန်းမချောမှုားစွာနဲ့ တွဲလာတဲ့သူက ဒီလောက် အချိုးမပြေစွာ ဝတ်စားပုံကို ဂရုမပြုမိဘဲနဲ့ နေမှာမှ မဟုတ်တာရှင်၊ ဒါနဲ့မှုား ဘာတွေကို မျက်စိမှိတ် စိတ်ချယုံကြည်ပြီး လွှတ်ပေးထားရတာလဲ။

ဒါဟာ ရှင့်ရဲ့ မသိစိတ်မှာ မြတ်မြတ်ကို ယုံကြည်စိတ်ချပြီးသားဆိုတဲ့ စိတ်လေး ခိုအောင်းနေပြီးသား မို့လို့ပဲပေါ့။ ဒီလိုဆို ရှင့်စိတ်ထဲမှာလည်း မြတ်မြတ်ကို မသိမသာနဲ့ နေရာပေးထားလို့ပဲပေါ့။

အမယ်လေး ... မြတ်မြတ် ကိုယ်စား ဏျန်မက ကြားထဲက ဝမ်းသာလိုက်ရတာရှင်။ ကာယကံရှင်မသာ သိရင်တော့ မျက်လုံးတွေ အရည်တဖျပ်ဖျပ် လက်လာဦးတော့မှာပါပဲ။

သားဖော်က ခုတော့လည်း အာစေးထည့်ထားသလို ဖြစ်သွားသော ခက်ခက်ကို ကြည့်ရင်း ...

"ဘာလို့လဲ ခက်ခက်"

"ရှင် ...။ ဟင် ... ဩော် ... မဟုတ်ပါဘူး။ ဒါနဲ့မှုား ကိုသားက မြတ်မြတ်ကို လုပ်ငန်း လုပ်ခိုင်းရဲတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူက သူ့ကိုယ်သူ သိပ်ယုံကြည်နေတယ်လေ"

"အင်းပေါ့လေ။ ထားပါတော့။ ဒါပေမဲ့ ကိုယ့်ပါတနာက ကိုယ့်လုပ်ငန်းအတွက် သိပ်ကိုကိုက်ညီတဲ့ ပညာရပ်မျိုး တတ်ထားတယ် ဆိုတာတော့ ရှင် သိသင့်ပါတယ်"

"ထားပါဗျာ၊ နောက် အားလုံးစုံစမ်းထားပါ့မယ်"

"ရှင် ဖွဲ့ပါနဲ့"

"ဟာ ... အကောင်းပြောတော့လည်း မဟုတ်ပြန်ဘူး။ ကဲ တစ်ခုမေးမယ်၊ မြတ်မြတ် ရထားတဲ့ ဒီပလိုမာက ဂျပန်က ဖဲလား"

"အင်းလေ၊ ရှင် မသိတာ ပြောဦးမယ်၊ မြတ်မြတ်က ဂျပန်စပီကင်လည်း ရတယ်၊ ရှစ်တန်းထဲက သင်ထားတာ၊ မှတ်နေတာဝဲ၊ မြတ်မြတ်က ငယ်ငယ်တည်းက ရည်မှန်းချက် ရှိတာရှင့်။ တစ်နေ့ကျ ဂျပန်ကိုသွားပြီး ပညာသင်ဖို့။ သူဝါသနာပါတာက ဒီဇိုင်းဆိုတော့ အဲ့ဒါဖြစ်နေတာပဲ။ ဒါကြောင့် ငယ်ငယ်တည်းက ဂျပန်စာ သင်ထားတာ ...

မြတ်မြတ်မှာ ဘာဝဲလှစ်လှပ် သေချာ အကွက်ချ စီစဉ်ပြီးမှ လုပ်တတ်တဲ့အကျင့် ရှိတယ်"

သူက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ရင်း ...





"ဖျားတယ်ဗျာ၊ ဒါပေမဲ့ တစ်ခုခုတော့ လွဲနေသလားလို့ပဲ နော်"

သူ့ရဲ့ ခပ်ရွဲ့ရွဲ့အမေးကို ခက်ခက်က ဘာလဲဟူသော ဆောင့်ဆောင့်အောင့်အောင့် လေသံဖြင့် တုံ့ပြန်လေသည်။ သူက တော့ ရင်ထဲမှာရှိနေသော အစိုင်အခဲတစ်ခုကို တကယ်ပင် ဖော် ထုတ်ပေးလိုက်ပါသည်။

"စဉ်းစားကြည့်လေ။ ဆေတ်ရဲ့မိန်းကလေးတစ်ယောက် ဖြစ် ရုံတင်မကပဲနဲ့ သာမန်မိန်းမလေး မတတ်တဲ့ ဒီဇိုင်းပညာ တောင် ဒီလောက် ထူးထူးချွန်ချွန် တတ်ထားတဲ့ မိန်းက လေးတစ်ယောက်ဟာ ဌာန်ကရိုဏ်းမကျအောင် စတ်စား ပုံက တမင်များလုပ်ထားဟန် မတူဘူးလားလို့ ... ဟင် ... သူ ဂျပန်မှာတုန်းကလည်း ဒီလိုပဲ နေသလား ခက်ခက်"

ခက်ခက်က ဘာမှပြန်မဖြေတော့ဘဲ တစ်စုံတစ်ခုကို စူးစူးကြီး တွေးလို့နေဟန်ရှိကာ ငြိမ်သက်နေလေသည်။ သားဇော် ကလည်း ဘာရယ်မဟုတ် ပြောပြီးမှပင် ကိုယ့်စကားကို အသေ အချာ ပြန်စဉ်းစားမိကာ တကယ်လည်း ဖြစ်နိုင်ချေ ရှိတာပဲဟု တွေးမိကာ တစ်ခုခုတော့ တစ်ခုခုပဲဟု သိတာလည်း သိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ခက်ခက်က သူ့ကို မျက်လုံးလှန်ကြည့်လာလျက် ...

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"အင်း ... တစ်ခုခုပဲ ထင်တာပဲ"

"ဟုတ်တယ်။ ရှင် ထင်တဲ့အတိုင်းပဲ၊ ဒါ ဟန်ဆောင်မှုပဲ"

ဒီတစ်ခါတော့ သူ ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ ခက်ခက်က ဘာမပြောညာမပြောနှင့်ပင် လှစ်ခနဲ သူ့အခန်းထဲမှ ပျောက်ကွယ်ထွက်သွားပါသည်။

ဘယ်လိုလဲ။ ဒါကရော အမှန်ပဲတဲ့လား။ တမင်များ ရွဲ့ပြောသွားသလား။ ရွဲ့ပြောစရာလည်း မရှိ။ သူထင်တာ လွဲကို မလွဲနိုင်ချေ။ ကလေးတောင် တွေးတတ်မဲ့ဥစ္စာပဲဟာ။ ပိုက်ဆံလည်း ကြွယ်ဝ၊ ကိုယ်တိုင်ကလည်း ခေတ်မီမီ အဆင့်အတန်း ရှိရှိ မိန်းကလေးဟာ ဒီလိုပုံစံမျိုး နေတာဟာ တစ်ခုခုတော့ တစ်ခုခု ပါပဲ။ အင်း ... အဲဒါ ဘာလဲဆိုတာ ဆင်ခြင်စဉ်းစားရဦးမည်။ လှသာထွက်သွားတာ အလုပ်က ချန်ထားရစ်ခဲ့ပါလား ခေါ်ခက်ခက် ရေ။







ခက်ခက်က အားလုံး ပြောပြပြီးသွားသောအခါ ကိုယ့်ကိုတော့ အပြစ်တင်တော့မှာပဲဟု တွေးထင်ထားသမျှ လုံးဝ မဟုတ်ရလေဘဲ ကျေနပ်သွားသော အရိပ်အယောင်တို့ဖြင့် များစွာ နူးညံ့ပျော့ပျောင်းကာ လက်လက်ထ တောက်ပနေသော မြတ်ရဲ့ မျက်နှာလေးကို ငေးကာ ဒီတစ်ခါတော့ ပြန်အံ့သြရသူမှာ ကိုယ် ပါပဲလားဟု တွေးနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်ရဲ့ နှုတ်ခမ်းဖူးလေး နှစ်ဖက်က ရွှန်းမြစွာ ကော့ပျံတက်လျက် ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေတာကို ခက်က ငေးမိငေးရာ ငေးနေရင်းမှနေ ...

"နင်က ဘာကို ကျေနပ်နေတာလဲ မြတ်ရဲ့"

"သြော် ... ငါတွေးထားတဲ့အတိုင်း ကွက်တိဖြစ်လာလို့ပါ"

"ဘာတွေလဲဟာ။ ငါတော့ နားကိုမလည်နိုင်တော့ဘူး။ နင့်ဟာကလည်းဟာ၊ နင်တွေးထားတာက နင့်ရဲ့လှပတဲ့ ပုံစံကိုဖျောက်၊ နဂိုပုံပျောက်ပြီး ပုံတုံးဒီဇိုင်း ဖမ်းထား။ ဒါပေမဲ့ သားဇော်က ကြာလာတဲ့အခါမှာ နင့်ကို ချစ်သွားဖို့ ဒါပဲမလား။ ဒါဆို နင့်အတွေးထဲကလိုဆိုရင် သားဇော်က နင့်ကို ချစ်ပြီပေါ့ ... ဖွီ။ လုံးဝပဲ။ မယုံတာပဲဟော့"

ခက်ရဲ့ စိတ်တိုသံကို မြတ်က တဟားဟားနှင့် သဘောကျ ရယ်မောနေပြီးတော့မှ ရပ်နေရာ ပြတင်းပေါက်နားကနေ ခက် ထိုင်နေရာဘောသို့ ဇွတ်ခနဲ ဝင်ထိုင်လိုက်ပြီးတော့မှ လျှင် ...

"စိတ်မတိုပါနဲ့ ခက်ရယ်၊ ငါ ရှင်းပြပါ့မယ်။ ငါ ဒီလိုနေတာဟာ တကယ့် ပစ်မှတ် မဟုတ်သေးဘူး။ ငါလိုချင်တာ သူ့စိတ်ထဲက အတွေးလေး တစ်ခုကိုပဲ။ အတွေးဆိုတာ



ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ငါနဲ့ပတ်သက်တဲ့ အတွေးတစ်ခုခု သူ့ရှိနေရင် ငါ ကျေနပ်ပြီ။ ဒီထိ ငါပြောတာကို နင် သဘောပေါက်လား"

ခက်က နှုတ်ခမ်းကိုစေ့ကာ ခေါင်းကို သွက်သွက် ညိတ်ပြသည်။ မြတ်က တောက်ပစွာ တစ်ချက် ထပ်ပြုံးရင်း ခက်ရဲ့ပခုံးလေးကိုပါ ဖက်သိုင်းလျက် ...

"အဲဒီမှာ ဘာကိုထည့်မလဲဆိုရင် ... ထူးခြားတဲ့ တစ်ခုကို ပေါ့ဟာ။ နည်းနည်း ထူးခြားတဲ့ဟာပေါ့။ ကဲ ... သူပြော သလိုပဲ ငါလည်းစဉ်းစားခဲ့တယ်။ ပိုက်ဆံလည်းရှိ၊ ခေတ် ပညာလည်း တတ်တဲ့ ဒီဇိုင်နာ မိန်းကလေးတစ်ယောက် ဒီလောက်ပုံတုံးတာ ဒါ တစ်ခုခုပဲ ဆိုတာ သူ့ နေရာမှာသာ ဆို နင်လည်း တွေးမိမှာပဲ မဟုတ်လား ခက်ရယ် ...

ငါက အဲဒီအတွေးကို လိုချင်တာပါ။ ဘာပါလိမ့် ဘာပါလိမ့်ဆိုပြီး သူ သိချင်လာလိမ့်မယ်။ ငါ့အတွက်နဲ့ သူ့စိတ်ထဲမှာ နေရာပေးမှန်းမသိ ပေးလာတာကိုတောင် သူကိုယ်တိုင် သိချင်မှ သိမယ်။ ငါ ဒီဇိုင်နာတစ်ဦးမှန်း သူ့ကို မပြောခဲ့တာကလည်း ခုမှ တွေးစေချင်လို့ပဲဟာ။ အဲဒါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ စဉ်းစားနေပြီ။ နင်ကလည်း သူ့ကို အဲဒါ ဟန်ဆောင်ထားတာလို့ ပြောခဲ့တာ ကောင်းတာပဲ။ ဟန်ဆောင်တယ် ဆိုကတည်းက အကြောင်းရှိလို့ပေါ့။ ဘာအကြောင်းလဲ ဆိုတာ သူ သိပ်သိချင်လာမှာပဲ ...

ငါ လိုချင်တာ အဲဒါပဲ။ အဲဒီနောက်မှာ ကျန်သေးတယ်"

မြတ်ရဲ့ စကားအဆုံးမှာ ခက်က ဟူးခနဲ သက်ပြင်းမှုကြီးကို ထုတ်လွှင့်ပစ်တော့ရင်း ...

"တကယ်ပဲ၊ လိုက်လို့မမီတဲ့ မင်းရဲ့အတွေးတွေပါလား။ ကဲ ... ဆက်ပါဦး၊ ကျန်တဲ့ဟာတွေက ဘာတွေလဲ"

"ကျန်တဲ့ဟာကတော့ အထူးအစီအစဉ်ပေါ့ဟာ။ ရှေ့လ တစ်ရက်နေ့မှာ တို့ အဝတ်အစားတွေကို ဈေးကွက်ကို မိတ်ဆက်တဲ့အနေနဲ့ အရောင်းမြှင့်တင်ပွဲ ရှိတယ်မလား၊ အဲဒီမှာ မိုဒယ်ရှိုးလည်း ပါမယ်၊ စတိတ်ရှိုးလည်း ပါမယ်။ အဲဒီက အဆိုတော်တွေရော တီးတဲ့သူတွေပါ Star line အဝတ်အစားတွေ ဝတ်ခိုင်းဦးမှာလေ"

"အေး ... အဲဒါနဲ့ နင့်အစီစဉ်နဲ့က ဘယ်လိုပတ်သက်နေလို့လဲ"





"ပတ်သက်ပါသတောပေါ့ဟာ။ အဲဒီပွဲမှာ ငါက သနပ်ခါး လိမ်း၊ ပါတိတ်ဝတ်ပြီး တက်မလားဟဲ့"

ခက်ခက်ရဲ့ မျက်လုံးတွေက အရောင်တောက်ပသွားရင်း ...

"ဟင် ... ဒါဆို နင်က ဒီအရေခွံကြီး ခွာချတော့မယ်ပေါ့"

"အင်းပေါ့၊ ဒါကြောင့် တို့ဝတ်မဲ့ ဝတ်စုံတွေကို စပါယ်ရှယ်ဒီဇိုင်း ဆွဲကြစို့။ အဟား ဟား"

မြတ်မြတ်ရဲ့ တဟားဟား အော်ရယ်သံကြီး အဆုံးမှာတော့ ဒီတစ်ခါ ခက်ခက်က ဝမ်းသာအားရ ပြန်လည်သိုင်းဖက်ပြီး ဟေးခနဲ အော်သံထွက်ပေါ်လာပြီး နှစ်ဦးသား ကလေးတွေလို အိပ်ရာပေါ် လုံးထွေးပစ်လှဲသွားကြပါသည်။ ဘာသံတွေပါလိမ့် ဆိုကာ မချောကပင် ဟင်းချက်ရင်းတန်းလန်း ယောက်မကြီးကိုင်ကာ လာကြည့်တဲ့အထိ။

ဘာပဲဖြစ်ဖြစ် ကာယကံရှင်ထက်တောင် ခက်က ပို၍ ရင်ခုန်စိတ်လှုပ်ရှား တက်ကြွနေသေးသည်။ အင်း ... မြတ်ဟာ သူလိုချင်တဲ့ အချစ်ကို ရမယ်လို့ ခက် ထင်သည်။ အစကတော့ မြတ်ရဲ့လုပ်ရပ်ကြီးကို အဓိပ္ပာယ်မရှိလှဘူး ထင်ခဲ့ပေမဲ့ ခုနောက်ပိုင်းမှာတော့ တဖြည်းဖြည်း နားလည်သဘောပေါက်စ ပြုလာကာ



www.burmeseclassic.com

www.burmeseclassic.com



ရင်တခုန်ခုန် တထိတ်ထိတ်ဖြင့် နေရတာကိုက ဖီလင်တစ်ခုလိုကို ခံစားသိမြင်လာခဲ့ပေပြီ။

နှစ်ဦးသား ခုတင်ပေါ်မှ ပက်လက်လှန်နေရင်းမှနေ ခက်က တစောင်းထလိုက်ရင်း ...

"မြတ် ... သူနဲ့ နင်နဲ့ကြားမှာ ဘာထူးသေးလဲဟင်"

မြတ်က မျက်နှာကြက်ကို မော့ကြည့်ရင်းမှ ...

"ဘာမှ မထူးပါဘူး"

"ဟင် ... ထူးတာတော့ ရှိရမယ်၊ နင်နဲ့ပတ်သက်ပြီး မှတ်မှတ် ထင်ထင်တစ်ခု ဖြစ်နေမှာ၊ တစ်ခုခုပေါ့"

"နင်က ဘာထင်လဲ"

"ငါက ... အင်း ..."

ခက်က နဖူးကို လက်ညှိုးထောက်ကာ စဉ်းစားနေလျက် ရှိသည်။ မြတ်ဟာ အဝတ်အစား၊ အသွင်အပြင် အားလုံးကို ပြောင်းလဲ ဖုံးကွယ်ထားတာပဲ။ နောက်ဆုံး လှပတဲ့ ဆံနွယ်တွေတောင် ချန်တာမဟုတ်။ ဒါဖြင့်ရင် မပြောင်းလဲထားတဲ့အရာ၊ မပြောင်းလဲနိုင်တဲ့အရာ ဘာရှိမလဲ။ လူတစ်ယောက်ရဲ့စိတ်ကို သိမြင်ဖွင့်လှစ်နိုင်ဖို့ တင်စားထားတဲ့အရာဟာ မျက်ဝန်းများသည် စိတ်ရဲ့တံခါးပေါက်တဲ့။





အိုတော ...။ မြတ်ဟာ သိပ်လှပတဲ့ မျက်ဝန်းတွေကိုတော့ ဒီအတိုင်း ထားခဲ့တာပဲ။ ဖုံးကွယ်ထားလို့လည်း မရ။ ဒါပဲလေ ... ဒါပဲပေါ့။

"နင်နဲ့ သူနဲ့ကြားမှာ မျက်လုံးတွေတော့ ဖုံးမရပါဘူး ... ရိုက်(ထ်)"

မြတ်က ခက်ရဲ့စကားကို သဘောတကျ ရယ်မောရင်းမှ မျက်လုံးလေး ပေကလပ် ပေကလပ် ရှိသော ခက်ကို ချစ်စနိုးစိတ်ဖြင့် ပါးလေးကို ဆွဲလိမ်ပစ်လိုက်ပြီးလျှင် ...

"ဟုတ်တယ် ခက်ရယ်။ မျက်လုံးတွေကိုတော့ ငါညာလို့ မရဘူး။ ညာလည်း မညာဘူး။ သူ့ကိုကြည့်တဲ့ အကြည့်တွေမှာ အချစ်တွေ ပြည့်လျှံနေတယ်ဆိုတာ ငါ့ဘာသာပဲ ငါသိတယ်၊ မိန်းကလေးတစ်ယောက်ဟာ သူချစ်နေတဲ့ ယောကျ်ားလေး တစ်ယောက်ကို ချစ်တယ်လို့ အကောင်းဆုံး ဖွင့်ပြောနိုင်တဲ့ အရာကတော့ မျက်ဝန်းတွေပဲပေါ့တယ်။ အဲဒီထက်လည်း ငါ ဘယ်တော့မှ ပိုမှာမဟုတ်ဘူးဆိုတာ ငါ အာမခံပါတယ် ...

ဒါပေမဲ့ ငါ့မျက်ဝန်းတွေကတော့ သူ့ကို အရမ်းချစ်နေတယ်ဆိုတာ သူ တစ်နေ့ကျ သိလာမှာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲကို မြတ်ဟာ အချစ်ဆိုသော အရာကို ကောင်းကောင်း နားလည်သဘောပေါက် လက်ခံပြီးသွားသည့် နောက်ပိုင်းမှာ အချစ်ကို ဖွင့်လှစ်ပြသရာ၌ အကောင်းဆုံးဖြစ်သည့် မျက်ဝန်းစကားတွေနှင့်ပဲ ပြောနိုင်ဖို့ အခွင့်အလမ်း ရှိပါသည်။ ဒီထက်လည်း ပိုစရာ အကြောင်းမရှိ။ တကယ်တော့ မိန်းကလေးက စတင်နှောင်တွယ် ချစ်မိတဲ့ အဖြစ်ဟာ မသိသားဆိုးရွားလှပါတယ်ကွယ်။ ဒါပေမဲ့လည်း တွေ့ချိန်ဟောင်း မရှိအောင် သူ့ကို မြတ်က ထူးဆန်းစွာ ချစ်မိသွားခဲ့တာကိုးလေ။







အခန်းတံခါးခေါက်သံကြောင့် ဝင်ခဲ့ပါဟု အသံပြု ပြီးသည့်နောက်မှာ ဝင်ရောက်လာသော ခြေသံကြောင့် သားဖော်က မော့ကြည့်လိုက်သောအခါ မြတ်မြတ် ဖြစ်နေပါသည်။ အလို … မလာစဖူး အလာထူးလို့ပါလား။ မြတ်မြတ် ဒီကိုရောက်တာ ရှစ်လကျော်လာခဲ့ပြီ။ ဒီနေ့အထိ သူ့ရုံးခန်းကို မလာခဲ့စဖူး။ အခု တော့ ဘယ်လိုအရေးအရာတွေကြောင့် ကိုယ်တိုင် ကြွချီလာပါလိမ့်။

www.burmeseclassic.com



သားဖော်က ခေတ္တမျှ ငေးကြောင် ကြည့်နေပြီးမှ သတိအမြန်ဝင်လာကာ မြတ်မြတ်ကို ထိုင်ဖို့ ပြောရပါသည်။ ဆိုဖာတွေပေါ်မှာ မြတ်မြတ်က ပုံမှန်အေးအေးဆေးဆေးပင် ဝင်ထိုင်သည်။

ဒီတော့မှ သူကလည်း လုပ်လက်စ အလုပ်တွေကို ရပ်ထားတော့လျက် စားပွဲမှ ထလာခဲ့ကာ မြတ်မြတ်ရဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"ထူးထူးခြားခြား မလာစဖူး လာလို့ပါလား"

သူ့ရဲ့ စတင်နှုတ်ခွန်းဆက်စကားကို မြတ်မြတ်က အသာပြုံးရင်းမှနေ ...

"ဟုတ်ကဲ့။ ပြောစရာလေး ရှိလို့ပါ"

"အင်း ... ပြောလေ။ မြတ်မြတ် ကိုယ်တိုင် ဒီထိလာပြောတယ်ဆိုတော့ အရေးကြီးတယ်နဲ့ တူတယ်"

မြတ်မြတ်က ခေါင်းတစ်ချက်ဆတ်ရင်း သူ့ကို ဖျတ်ခနဲ ကြည့်သည့် အကြည့်ကြောင့် သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားတာတော့ အမှန်ပင်။ ဘယ်လိုမျိုးပါလိမ့်။ သူ့ကိုကြည့်နေသော အကြည့်များဟာ ရီဝေစွာ၊ နက်ရှိုင်းစွာ နောက်ပြီး ရွှန်းမြ တောက်ပစွာ ရှိနေပါသည်။





သူ မိန်းမချောများစွာတို့နှင့် မျက်လုံးချင်းဆုံ အကြည့်ဆိုက် ကြည်နူးဖူးပါသည်။ အကြည့်များစွာရဲ့ဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။ ဒါပေမဲ့ ဒီမျက်လုံးတွေကိုကျတော့ ဘာလို့ တစ်မျိုးဖြစ်သွားရတာပါလိမ့်။ ဒီမျက်လုံးတွေဟာ သူ့ရဲ့မျက်နှာထက် သူ့ရဲ့နှလုံးသားကို ကြည့်နေသလို ပို၍ ခံစားရလေသည်။

သူက ခပ်ငေးငေး ပြန်ကြည့်နေစဉ်မှာပဲ မြတ်မြတ်က ပြုံးလိုက်ရင်း ...

"မြတ် လာတဲ့ကိစ္စက သားဖော်နဲ့ တိုင်ပင်စရာရှိလို့ပါ။ မြတ်တို့ အဝတ်အစားတွေကို ဈေးကွက်ကို တင်ရာမှာ အများရဲ့ အာရုံစူးစိုက်မှုကို ပိုရအောင်ရော၊ အခုမှစတဲ့ လုပ်ငန်းမို့ မိတ်ဆက်တဲ့အနေနဲ့ရော အရောင်းမြှင့်တင်ပွဲ လုပ်ဖို့ပါ။

အဲဒီမှာ ဒီကအဝတ်အစားတွေကို ဝတ်ပြပြီး မိဒယ်တွေက ရှိုးလျှောက်မယ်၊ နောက် တီးဝိုင်းလည်းပါမှာမို့ တီးဝိုင်းက အတီးသမားတွေ၊ အဆိုတော်တွေကိုလည်း လက်ဆောင်ပေးပြီး ဝတ်ခိုင်းမယ် ...

အဲဒီအစီအစဉ်တွေအတွက် သားဖော်နဲ့ တိုင်ပင်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဒါလုပ်သင့်တဲ့ အစီအစဉ် တစ်ခုပါ။ မြတ်မြတ်က ရက်ကို ဘယ်တော့လောက် လျာထားသလဲ"

"မြတ်ကတော့ ရှေ့လ(၁)ရက်နေ့ လုပ်ချင်တယ်၊ ဒါပေမဲ့ အဆင်ပြေမှပါ၊ ဘယ်မှာလုပ်မယ် ဆိုတာတွေ ဘာတွေက သားဖော်လည်း စဉ်းစားပါဦး"

"အင်း … ဧည့်သည်က ဘယ်လောက်ရှိမလဲ"

"ဧည့်သည်က အရောင်းစင်နဲ့တာက တာဝန်ရှိ ပုဂ္ဂိုလ်တွေရယ်၊ နောက် မီဒီယာသမားတွေရယ်၊ မိတ်ဆွေတွေရယ်၊ တစ်ရာလောက်တော့ ရှိမလားပဲ၊ အားလုံးပေါင်းပေါ့"

"အင်း … မြတ်မြတ်ဟာက မိုဒယ်ရှိုးလည်း ပါမယ်၊ စတေ့ချ်ရှိုးလည်း ပါတယ်ဆိုတော့ ပွဲလုပ်စားဖို့တောင် ကောင်းနေပြီ၊ ကိုယ်က Sponsor (စပွန်(န်)ဆာ) လုပ်ရင်တောင် ဖြစ်သေး"

"ဟာ … သားဖော်ကလည်း၊ မြတ်တို့ရဲ့ အရောင်းမြှင့်တင်ပွဲပါ ဆိုနေမှ ဘယ့်နှယ် လက်မှတ်ရောင်းရမှာလဲရှင်"

သူက မြတ်မြတ်ရဲ့ ဟာခနဲ ရယ်သွမ်းသွေးရိပ်ဖြစ်သွားပုံ၊ မျက်မှောင်လေးချီကာ ပြောရင်း အဆုံးသတ်မှာ ရယ်သံစွက်လေးဖြင့် လေချိုသိမ်းလိုက်ပုံတို့ကို တစ်ခါမှ မမြင်





ဘူးသည့်အလား အထူးအဆန်း သဘောမျိုးဖြင့် ငေးနေမိပါသည်။ မြတ်မြတ်ရယ် မင်းဟာ ဘာအလှအပမှလဲ မရှိဘဲ ထူးခြားလှပတဲ့ မျက်နက်ဝန်း တစ်စုံရယ်၊ အပြစ်ကင်းကင်း ရယ်မောပြုံးတတ်ပုံတို့နှင့်ကို အင်မတန် ချစ်စရာကောင်းသူ တစ်ယောက်လို့ ကိုယ့်ရင်ထဲမှာ တဖြည်းဖြည်း အသိအမှတ်ပြုလာရပါပြီ။

သနပ်ခါးလေးတွေ ဖွေးကာ ပကတိ ဖြူစင်လွန်းတဲ့၊ အေးဆေးလွန်းတဲ့ သွင်ပြင်အမူအရာတို့ကိုလည်း သဘောကျတတ်လာရပါပြီ။ အဲဒါ ဘာကြောင့်လဲ ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်တောင် အခုထိ အဖြေရှာမရနိုင်သေးပါဘူးကွာ။ မင်းရဲ့အကြည့်တွေထဲမှာ ဘာအဓိပ္ပာယ်မှန်း မသိတဲ့ လေးနက်နက် အကြည့်တွေ ကပ်ငြိပါလာတယ် ဆိုတာကလွဲလို့ ဘာမှမသိနိုင်သေးတာ အမှန်ပါပဲ။

မြတ်မြတ်ထံမှ အရယ်အပြုံးတစ်ခုကို ရလိုက်ပြီး နောက်ဆက်တွဲ သူကပါ ထပ်မံရယ်လိုက်သောအခါ နှစ်ဦးသားကြားမှာ အခါများစွာထက်ကကို ရင်းနှီးသွားသလို ခံစားသွားကြရပါသည်။

"စတာပါ မြတ်မြတ်ရယ်။ ကဲ … အဲဒါဆို ကိုယ် စီစဉ်ကြည့်ဦးမယ်လေ၊ နေရာက ဘယ်နေရာကြိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေနိုင်မဲ့ နေရာကိုသာ ရွေးပါ၊ မြတ်က အဲဒါတွေတော့ သိပ်မသိဘူး"

"Summit Partview ဆိုရင်ကော ကြိုက်မလား မြတ်မြတ်"

"မဆိုးပါဘူး၊ သားဇော် သဘောပဲလေ"

"အင်းလေ ... မြတ်မြတ် လိုချင်တဲ့နေ့ ရမလား မေးကြည့်မယ်၊ အဲဒီမှာက အသိတွေရှိတယ်၊ နောက်ပြီးတော့ရော၊ မိုဒယ်တွေ ငှားဖို့ကိစ္စက"

"အဲ ... အဲဒါ မြတ် ဘာသာ စီစဉ်ပါ့မယ်၊ တီဝိုင်းနဲ့ အဆိုတော်တွေသာ စုံစမ်းပေးပါ"

"အဆိုတော်တွေက ရှုပါတွေလား"

"အင်း ... ရှုပါတော့ ရှုပါသပေါ့၊ နေဦး ... အဲဒီနေရာမှာ မြတ် စဉ်းစားမိတာ Hip-Hop ချာတိတ်တွေကို ခေါ်ရင် ကောင်းမလားလို့။ စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးကြီး၊ Acid အဲလိုတွေပေါ့။ နောက် မိန်းကလေးထဲကဆို ယုဇနတို့ No group တို့လိုဟာမျိုးတွေပေါ့။ သူတို့လေးတွေနဲ့ မြတ်တို့ အဝတ်အစားတွေနဲ့လည်း လိုက်မှာလေ၊ မဟုတ်ဘူးလား ..."

အဲဒါဆို လူငယ်တွေလည်း ပိုစိတ်ဝင်စားမှာပေါ့။ ခုလောလောဆယ် သူတို့ခေတ် ဖြစ်နေတာကိုး"





တက်ကြွစွာ ပြောနေသော မြတ်မြတ်ရဲ့ ပုံစံကို သားဇော်က အငေးသား ကြည့်နေရင်းမှ တစ်နေ့က ခက်ခက်နှင့် ပြောဖြစ်ခဲ့သော စကားတို့ကိုလည်း ပြန်လည်အမှတ်ရလာမိပါသည်။

မျက်လုံးရှေ့က မြင်တွေ့နေရသော ခေတ်မီ အတွေးအခေါ် ဒီဇိုင်နာမလေးဟာ ဖက်ရှင်ဘက်မှာရော၊ လုပ်ငန်းပိုင်းတွေးခေါ်သည့် နေရာမှာရော ကျန်ခဲ့သည်ဆိုတာ လုံးဝမရှိ။

သူမဟာ ဒီဇိုင်နာတစ်ဦး အနေနှင့်လည်း အင်မတန်လှပသည့် အဝတ်အစားတို့ကို စီစဉ်ခဲ့ပြီးပြီ။ လုပ်ငန်းရှင်တစ်ဦး အနေနှင့် ဆိုရင်လည်း ခေတ်ဟာ ဘယ်နေရာမှာ ရောက်နေသည်ဆိုတာကို ကိုယ့်ထက်တောင် ပါးနပ်သိမြင်လွယ်လိုက်သေးတာမှ။ ဒါနှင့်များ ဘာလဲကွာ၊ ဘယ်လိုစိတ်ကူးနှင့်များ ဒီလောက် ပုံတုံးကို ဆင်မြန်းထား ရတာလဲ။

နားကိုမလည်နိုင်တော့ဘူး မြတ်မြတ်ရေ။ မင်းမှာ အကြောင်းတစ်ခုခုတော့ ရှိမှာပါ။ နောက်ဆုံးတော့ သူ့မှာ ကြားဖူးနားဝ ရုပ်ရှင်တွေထဲကလိုပင် မိဘတွေ သဘောတူပေးစား၍ မလိုချင်လှသောကြောင့် ရုပ်ချောချောကို တမင်ပုံတုံးဖြစ်အောင် ကြိုးစည်သလားဟု တွေးတောလာရတဲ့ အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



အင်း … ပြောရတာမဟုတ်။ ဒါလည်း ဟုတ်
ဟုတ်နေနိုင်သည်။ သူ့မိဘတွေရဲ့ သဘောကိုလည်း မလွန်ဆန်
ကိုယ့်ကိုလည်း မယူချင်သောအခါ တစ်ဖက်ယောကျ်ားေ
မနှစ်သက်ချင်စရာ ဒီလို ပဲဟင်းမှောက်မျက်နှာနှင့် အဝတ်အ
ပုံတုံးဒီဇိုင်းကို တမင်များ ရွေးချယ်ထားခဲ့သလား မရွှေမြတ်ရယ်

ဟုဘ်တယ်လေ။ ပညာတွေလည်းတတ်၊ နိုင်ငံ
ခြားမှာပါ နေထိုင်လာခဲ့တဲ့ သူတစ်ဦးဟာ ဘာအကြောင်းကို
ဒီလိုမျိုးကြီး နေရမှာလဲ။ ဒါဟာ အကြောင်းတစ်ခုခုကြောင့်သာ
ပေါ့။ ဘာအကြောင်းလဲဆိုတာသာ မသိရဘဲ ရှိမည်။ အကြောင်
ကတော့ ရှိကို ရှိရမည်ဟု သားဇော်က ယုံကြည်လေသည်။

ကိုယ့်အတွေးနှင့်ကိုယ် နစ်မြောကာ ငြိမ်သက်ေ
ဝေ နှုတ်ဆိတ်သွားသော သားဇော်ကို မြတ်မြတ်ကတော့ မျ
တောင်ပုတ်ခတ် ပုတ်ခတ်နှင့် ကြည့်ရင်း …

"သားဇော် ဘာဖြစ်သွားတာလဲဟင်၊ မြတ် ပြောတ
သဘောမကျလို့လား"

သားဇော်က မျက်လုံးလေးတွေဝိုင်းကာ မေးမြန်းေ
သော မြတ်ကို ကြည့်လေသည်။ အင်း … မျက်ဝန်းတွေကတေ
ရှိုးသားတဲ့အရိပ်၊ ထက်မြက်တဲ့ အသွင်ပါပဲ။ ပြဿနာတစ်ရပ်





နေ မဟုတ်တဲ့နည်းနဲ့ ခေါင်းရှောင်ပြေးတတ်မဲ့ မျက်လုံးတွေ မဟုတ်။ ဒါဆိုရင် …။ သူက ခေါင်းခါယမ်းလိုက်ရင်း …

"မဟုတ်ပါဘူး၊ မြတ်မြတ်ရဲ့ အစီအစဉ်တွေ အားလုံး အင်မတန် ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ မရှင်းတာလေးတစ်ခုကို မေးလို့ရမလား"

ဒီတော့မှ မြတ်မြတ်က စိတ်သက်သာရသွားဟန်ဖြင့် ပြုံးရင်း …

"မေးပါ၊ ဘာမေးချင်တာလဲ"

"မြတ်မြတ်ဟာ ခေတ်မီအတွေးအခေါ်တွေလည်းရှိ၊ အရည်အချင်းလည်းရှိတဲ့သူတစ်ဦး ဖြစ်ရဲ့သားနဲ့ ဒီလောက် မပြင်မဆင်နေတာဟာ ဘာအကြောင်းများလဲလို့ပါ။ အဲဒါ … လက်တွေ့ဘဝနဲ့ သိပ်ကွာခြားမနေလွန်းဘူးလား …

မြတ်မြတ်ရဲ့ပုံစံဟာ သာမန်ထက် တမင်ကို ဖန်တီးထားသလိုမျိုးပဲ။ လုံးဝကို အံချော်နေတယ်"

သူ့ရဲ့ပြောစကား အဆုံးမှာတော့ မြတ်မြတ်ရဲ့ မျက်ခုံးနှစ်ဖက် ပင့်တက်သွားတော့လျက် ဟသွားသော နှုတ်ခမ်းကိုတော့ လက်ဝါးလေးနှင့် အသာကာလိုက်သလို ရှိသွားပါသည်။ တစ်စုံတစ်ခုကို ပြောတော့မလိုလိုနှင့်ပင် ကာထားသောလက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ကာ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သောအခါ သူ့ဝင် ကြောင်သွားရပြန်ပါသည်။ တစ်ခဏတာ ရယ်ပြီးတော့မှ သူ့ကို ပြုံးစိုက်ကြည့်လာတော့လျက် ...

"အင်း ... မြတ် ဝန်ခံပါတယ်။ ဒါ မြတ်ရဲ့ ပင်ကိုစတိုင်လ် မဟုတ်ဘူးပေါ့နော်၊ ဘာအကြောင်းကြောင့်မှတော့ မဟုတ် ပါဘူး။ ဘယ်လိုပြောရမလဲ။ ရိုးသွားလို့ပါ။ အလှအပတွေ သိပ်စိတ်မဝင်စားလို့ ပစ်ထားတဲ့ သဘောပါ။ စိတ်ဝင်စား တဲ့ အချိန်တော့လည်း ထလုပ်မှာပေါ့။ သားဇော် မေးချင် တာ ဒါပဲလား ...

ဩော် ... ယော် ... ယော် ... မြတ်က ဘာများလဲ လို့၊ မြတ်ကိုများ အရေးတယူနဲ့။ မြတ်က ဒီဇိုင်နာတစ် ယောက် ဆိုပေမဲ့ မြတ် ဝတ်တာစားတာနဲ့ မြတ်အလုပ်နဲ့ ဘာကိုက်ညီစရာလိုလဲ သားဇော်ရယ်။ ဥယျာဉ်မှူးတစ်ဦး ဟာ သူပြုစုပျိုးထောင်လိုက်တဲ့ ပန်းတွေ လှပနေရင် သူ ကျေနပ်နေတာပဲလေ။ သူ ပန်မှာမှ မဟုတ်တာ ...

အဲဒီလိုပဲ ... မြတ်တို့ အဝတ်အစားတွေ မြတ်တို့ ဝတ်ဖို့မှ မဟုတ်တာ၊ မိန်းကလေးတွေ ဝတ်လို့ လှတာမြင် ရင် မြတ် ကျေနပ်နေတာပါ။ သူများလှမို့ဘက်ကို အရမ်း





အာရုံစိုက်လိုက်တော့ ကိုယ် ကိုယ်တိုင်ကျ မဝတ်ချင်၊ မလှချင်တော့ဘူးလေ။ အဲဒါပါပဲ။ ဒီခေတ်မှာ ဘယ်မိန်း ကလေး ကြည့်လိုက် ကြည့်လိုက် လှနေတာပဲ၊ အလှတွေ က များနေတော့ မြတ်ရဲ့ပုံစံက စတိုင်လ်တောင် ဖြစ်သေး တာပေါ့၊ အဟင်း ... ဟင်း ..."

စတိုင်လ်တဲ့။ ဒါဆို မလှအောင်ကို တမင် စတိုင်လ် ထွင်ထားတယ်ဆိုတဲ့ သဘောပေါ့။ အဲဒါဆို တစ်ရှိရောအခါက သူ မြင်တွေ့ခဲ့ဖူးသော ဆံနွယ်ရှည်တွေရဲ့ အလှကိုပါ ဖုံးထားတာ ပေါ့။ ဘယ်လိုစိတ်မျိုးကြီးပါလိမ့်နော်။

"ကဲ ... သားဇော်။ မြတ်ကိုခွင့်ပြုဦး၊ မြတ်လည်း အောဂျင်စီ သွားရဦးမယ်၊ သားဇော်လည်း Summit မှာပဲရတဲ့ရက် အတည်ချိတ်ခဲ့ပေတော့။ ရက်သေချာပြီဆိုမှ ဖိတ်စာတွေ ဘာတွေ ထပ်စီစဉ်ကြတာပေါ့နော်"

"အင်း ... ကောင်းပါပြီ"

သူ့စကားကို မြတ်မြတ်က ခေါင်းညိတ် အသိအမှတ် ပြုလျက် တောက်ပစွာ ပြုံးပြကာ နှုတ်ဆက်ထွက်ခွာသွားပါသည်။ ဘယ်လိုလဲ။ သူမေးတော့လည်း အသာတကြည် ဝန်ခံသွားသေး တာပဲ။ စတိုင်လ်ထုတ်ထားတာတဲ့။ ဒါပေမဲ့ သိပ်တော့မယုံသေး



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ဒါလည်း မဖြစ်နိုင်သေးဟု တွက်ဆမိတာကိုး။ စတိုင်လ် ထုတ်လည်း ဒီလိုပုံမျိုးတော့ ဘယ်သူမှ ထုတ်မှာမဟုတ်ဘူး ဆိုတာ သူ သိနေတာပဲ။ သားဇော် တစ်ယောက်ကတော့ဖြင့် မတွေ့တာ ကြာပြီဖြစ်သည့် ဘော်ဒါတွေနှင့်ချိန်းကာ စကားပြောဖို့ တိုင်ပင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

မျိုးကိုနှင့်အတူ ကိုကာဆူကီစားရင်း Summi Partview မှာ ရက်ယူရန် စီစဉ်အကွက်ချကာ မြတ်မြတ်ကိုလည်း သူတွေ့ဖူးသမျှတွေထဲမှာ အထူးအဆန်းအဖြစ် မှတ်တမ်းတင် တာကိုလည်း ပြောပြရပါဦးမည်။

မျိုးကိုထံ ဖုန်းဆက်၍ ချိန်းသောအခါ ထိုကောင်က သူ့ကို အတိတ်စိမ်းတွေ ဘာတွေ ပေးလာပြန်ပါသေးသည်။ ဆုံတဲ့အခါမှာ အထူးအဆန်းနှင့် ကြုံရမှာတွေရော၊ စိတ်ဝင်စား စရာတွေ ကြားရမှာတွေရော စုံလို့ပင်။ ဘာတွေမှန်းကို မသိ ခုတလောမှာမှ တွေးစရာ တောစရာတွေ ပေါလာလွန်းတာကို လည်း တွေးမိကာ ကိုယ့်ဆံပင်တောင် ဖြူနေပြီလားဟု ဆန်းစစ် ရမလိုပင်။

ဒါတောင် အလုပ်ကိစ္စနှင့် ပတ်သက်ပြီး တွေးတော တာ မပါသေးတာ။ ဒါဆို ဘာကို တွေးရတာလဲ။ အရင်လို ဦးနှောက်





စားစရာ ရည်းစားတွေလည်း ရှိတော့တာလည်း မဟုတ်။ ဘယ်လို ဘယ်လိုတွေ ပြတ်ရကုန်မှန်းတောင် ကိုယ့်တာသာပင် သတိမထားမိ တော့ချေ။ ရည်းစားတွေလည်း ထပ်ထားချင်စိတ် မရှိတော့တာ အမှန်။

ဘာမှလဲ မဟုတ်ပါဘဲ မုန့်သွားစား၊ ဖုန်းပြောရလွန်း၍ ရိုးပျင်းသွားတာ ဖြစ်နိုင်ပါသည်။ ဒီအချိန်မှာ အချစ်ဆိုသောအရာ ကို သူ တွေးမိလျှင် ဒီတစ်သက် အချစ်ကို သူသိနိုင်၊ တွေ့နိုင်ပါ့ မလား ဆိုတာ စဉ်းစားမိပြန်လေသည်။ ရည်းစားတွေ သက်ဆွေမကဲ ထားခဲ့ဖူးသောသူ့မှာ အချစ်ဆိုတာ ဖြူမှန်းမည်းမှန်း မသိသည့် အဖြစ်ဟာ တော်တော်တော့ ရယ်ဖို့ကောင်းသည်တု ထင်မိလေသည်။

ကိုကာဆူကီသို့ ရောက်သောအခါ မျိုးကိုရဲ့ကား ရပ်ထားတာ တွေ့ရ၍ မျိုးကို ရောက်နေပြီမှန်း သိရပါသည်။ ကားတံခါးပိတ်ကာ နေစဉ်မှာပင် သူ့ပခုံးပေါ်သို့ လက်တစ်ဖက် က ဖျတ်ခနဲ ကျရောက်လာသဖြင့် လှည့်ကြည့်လိုက်သောအခါ သူ လုံးဝထင်မှတ်မထားခဲ့သော ကွဲကွာနေတာကြာပြီဖြစ်သည့် မင်းလတ် ဖြစ်နေပါသည်။

"ဟာ ... မင်းလတ်။ ဘယ်ကနေ ဘယ်လို ... ဟာ ... ဟောကောင်ကြီး"

www.burmeseclassic.com



ဝမ်းသာလွန်းအားကြီး၍ စကားတွေတောင် ဘယ်လို စကားစဉ်ကာ ပြောရမယ် မသိတော့ဘဲ နှစ်ဦးသားဖက်မိကြပါ သည်။ အတန်ကြာ ပွေ့ဖက်ပြီးတော့မှ ...

"ဟော့ကောင်ရာ ... မင်း ဘယ်ကနေများ ရောက်လာတာ လဲကွ၊ ဟင် ... ရန်ကုန်ရောက်တာ ကြာပြီလား၊ ခွေးကောင် ဒါနဲ့များ ငါ့ဆီမလာဘူး"

သူ မင်းလတ်ကို ပြောနေတုန်းမှာပဲ တဟင်းဟင်း ရယ်သံကြီးကြောင့် နောက်လှည့်ကြည့်လိုက်သောအခါ မချိုမချဉ် မျက်နှာပေးဖြင့် မေးစေ့ကိုပွတ်ကာ ရယ်နေသော မျိုးကိုနှင့် နောင်ဝင်းကို တွေ့လိုက်ရလေသည်။

အဲဒီအခိုက်အတန့်မှာပဲ အခြေအနေတွေ အားလုံးကို သူက ချက်ချင်းပင် သဘောပေါက် သွားပါသည်။ ဒီကောင်တွေ ကြိုတင်ဆုံပြီးသားမှန်း သူ တွက်ဆ မိပြီ။ သူ့ကို ရုတ်တရက်ကြီး အံ့သြဝမ်းသာအောင် လုပ်တာပဲ ဖြစ်ပါသည်။

"ဟော့ကောင်တွေ ... မင်းတို့ ငါ့ကို သက်သက်မပြောဘဲ နေတာမလား"

နောင်ဝင်းက ရယ်ကျဲကျဲဖြင့် မျက်စိတစ်ဖက် မှိတ် ပြရင်း ...





"သက်သက်မပြောဘဲနေတာ မဟုတ်ပါဘူး။ မျိုးကိုက မပြောဘဲ နေခိုင်းတာပါ၊ အဟား ဟား ... ကဲ ... ခုတော့ မင်းမှာ စပ်ပရိုက်စ် ဖြစ်သွားပြီမလား၊ ဒါမျိုးက ရခဲလို့ ငါ တို့က တမင်ဖန်ပေးတာပါကွာ၊ ဟား ဟား"

သူက နောင်ဝင်းရဲ့ပခုံးကို လက်သီးဖြင့် မနာအောင် ဖွဖွထိုးရင်း မျိုးကိုရဲ့ ဆံပင်တွေကိုပါ ဆွဲမွှေဖွလိုက်ပါသည်။ ချက်ချင်းပင် သူတို့တတွေ အလွန်ပျော်ခဲ့၊ ဇရုတ်ကျခဲ့ကြသော ကိုးတန်း၊ ဆယ်တန်း ကျောင်းသားဘဝကို ပြန်ရောက်သွားသလို ခံစားရလေသည်။ အဲဒီတုန်းက သူရယ်၊ နောင်ဝင်းရယ်၊ မျိုးကိုရယ် နှင့် မင်းလတ်တို့တစ်တွေ အတော်တွဲခဲ့၊ ချစ်ခင်ရင်းနှီးခဲ့ကြပါသည်။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ကြတော့ လည်း အားလုံး မေဂျာတူတွေပဲမို့ ပို၍အတွဲညီခဲ့ကြပြန်သည်။ ဘွဲ့ရပြီးသည့် အခါမှာတော့ သူတို့ထဲမှ မင်းလတ်က အရင်ဆုံး ဈေးဦး ပေါက်သွားကာ မင်္ဂလာဆောင်သွားပါသည်။ သတို့သမီးက မန္တလေးမြို့ကဖြစ်ပြီး တစ်ဦးတည်းသောသမီး ဖြစ်တာရောကြောင့် မရခင်ကတည်းက ချည်ပြီး တုပ်ပြီးသား ဖြစ်ခဲ့ရသော မင်းလတ် တစ်ယောက် ဆံထုံးနောက်ကို ကောက်ကောက်ပါသွားခဲ့ရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလတ်က ယောက်ျမလုပ်ငန်းထဲ ဝင်ကူနေပြီး တစ်နှစ် တစ်ခါ နှစ်ခါလောက်ဆော့ ရန်ကုန် ဆင်း,ဆင်းလာလေ့ရှိပါသည်။ အထူးသဖြင့် သင်္ကြန်အခါမျိုး၊ သီတင်းကျွတ် အခါလိုမျိုးမှာ သူ့ဇနီးနှင့်အတူ မိဘတွေကို လာကန်တော့ခြင်းပင် ဖြစ်ပါသည်။

ဒါကြောင့် အဲဒီအချိန်တွေမှာပဲ မင်းလတ်ကိုမျှော်လျက် ကျန်သည့်အချိန်တွေတော့ သိပ်မမျှော်မိပါ။ အခုတော့ ပြုံးဖြိဖြိုင့် မင်းလတ်က သူ့ရှေ့မှာ ထီးထီးကြီး ရောက်နေခဲ့လေပြီ။

"လာလေကွာ ဆိုင်ထဲဝင်ရအောင်၊ မင်းက ဘယ်တုန်းက ရောက်တာလဲ"

သူတို့လေးဦးသား ကိုကာဆူကီဆိုင်ထဲ ဝင်လာခဲ့ကြပါသည်။ အရင်ကတည်းက လေးယောက်သား ဒီမှာလာစားနေကြဖြစ်၍ ပို၍ သတိရစရာတွေ ဖြစ်လေသည်။

"မနေ့ကကွ၊ တစ်ညလုံး မောင်းလာတာ၊ အဲဒါနဲ့ အိမ်ဝင်ပြီး ခဏအိပ်ပြီးတာနဲ့ အနီးဆုံးဖြစ်တဲ့ နောင်ဝင်းဆီ သွားတာ။ နောင်ဝင်းလည်း မင်းလိုပဲ အံ့သြတကြီးနဲ့ပေါ့။ ပြီးမှ မျိုးကိုဆီသွားတာ။ မျိုးကိုက ဒီကောင့်ကို စပ်ပရိုက်စ်ဖြစ်အောင် လုပ်ရအောင်ဆိုလို့ ကြို့မပြောတာ ...





မင်းကလည်း ဒီမှာ ချိန်းထားတယ်ဆိုတော့ အတော်ဖြစ်သွားတာပေါ့"

"အေးပါ ... ထားပါတော့၊ ဒါနဲ့ မင်းမိန်းမရော ပါလား"

"မပါဘူး၊ ငါ့ယောက်ဖနဲ့ လာတာ။ ဒီကောင် သဘောတက်မှာမို့ အဲဒီကိစ္စ လာလုပ်တာ။ ငါလည်း မင်းတို့နဲ့ တွေ့ချင်တာနဲ့ လိုက်လာတာ၊ ဟဲ ... ဟဲ ... မင်းတို့ဖို့ လက်ဆောင်တွေ နောက်မှယူတော့ကွာ"

"အံမယ် ... ပြောမှပဲ။ မင်းဘာသာ မိန်းမကြောက်ပြီး တစ်ဝမ်းကွဲယောက်ဖကိုတောင် ရန်ကုန်ထိ မောင်းပို့ရတာ မဟုတ်လား"

"အိုး ... နိုးပါနော် နိုးပါ။ ငါ မမောင်းဘူး၊ ဒီကောင် မောင်းတာ။ ငါက ရန်ကုန်အဝင်နားကျမှ မောင်းတာ။ ဒီကောင် လမ်းတွေ မသိတော့လို့။ မင်းတို့ အကြောင်းမသိလို့။ သဇင်တို့ တစ်မျိုးလုံးမှာ ငါက ဆရာကြီးပဲ"

"ဘာဆရာကြီးလဲ၊ မိန်းမကြောက်တဲ့ ဆရာကြီးလား"

"မဟုတ်တာ။ တစ်မျိုးလုံးမှာ သဇင် တစ်ယောက်ပဲ မိန်းကလေး ပါတယ်၊ ကျန်တာ ဝမ်းကွဲယောက်ဖတွေ ချည်းပဲ။ ဒါကြောင့် သူတို့ တစ်ဦးတည်းသော သမီး



www.burmeseclassic.com

www.burmeseclassic.com



မြေး၊ တူမ၊ ညီမ၊ အစ်မရဲ့ လင်ယောကျ်ားဖြစ်တဲ့ ငါ့ကို ဝိုင်းဖူးဖူးမှုတ်ထားကြရတာ။ တစ်ဦးတည်းသောသမီးကို ယူရတာ ကောင်းတယ်ကွာ ...

နားအေးတယ်၊ မင်းတို့လည်း ယူရင် တစ်ဦးတည်းသော သမီးပဲ ရှာယူ၊ ဟုတ်ပြီလား"

မင်းလတ်ကတော့ အရင်ကအကျင့်တွေ မပျောက်သေးဘဲ ပြောင်ချော်ချော် ပြောတုန်းပင် ဖြစ်လေသည်။ အစားအသောက်တွေ ရောက်လာသောအခါ စားရင်းသောက်ရင်းဖြင့် စကားဆက်ကြပါသည်။ မင်းလတ်က ငုံးဥတွေ ဆယ်ယူစားရင်း ...

"မစားရတာကြာတော့ ကောင်းသကွာ။ ဟေ့ ... မင်းတို့လည်း တဖြည်းဖြည်းနဲ့ သုံးဆယ်ပြည့်တော့မယ်၊ မိန်းမ မယူကြသေးဘူးလား"

"လိုတာရေ ရတာမလိုဘူး။ ဒါဝေမဲ့ ငါတို့ကတော့ မဟုတ်ဘူး။ ငါတို့က မကြာခင် လာတော့မှာ။ ဒီကောင်ကြီးသာ နာမည်ကြီး ထမင်းငတ်"

မျိုးကိုက ထောင်ပေးလိုက်သောအခါ မင်းလတ်က သားဖော်ကို ချက်လုံးဆွဲကြည့်လာရင်း ...





"ဟော့ကောင် ... မင်းလည်း မငယ်တော့ဘူးနော်၊ ရည်းစားတွေ လျှောက်ထားနေတုန်းပဲလား။ ဒါမျိုးက ဆယ့်ခြောက်နှစ်မှာပဲ ကောင်းတယ်"

"မထားတော့ပါဘူးကွာ၊ ခုလက်ရှိ တစ်ယောက်မှ မရှိဘူး"

စားရင်းသောက်ရင်းမှ မျိုးကိုက ချက်လုံးအပြုံးသားဖြင့် ...

"ဟေ ... အထူးအဆန်းပါလား။ သြော် ... အေး အေး ... ဘယ်ရှိတော့မလဲ မင်းအနားမှာ ကုမ္ပာန်တစ်ထောင်အားနဲ့ ညီမျှတဲ့ မြတ်မြတ် စောင့်နေတာကိုး၊ ဟား ဟား ... နောက်ဆုံးတော့ မင်း သူနဲ့ပဲ ရမှာပဲ"

"ဟာ ... ဟော့ကောင်တွေ"

သူက လှမ်းဟန့်လိုက်စဉ်မှာပဲ နောင်ဝင်းက တူတယ်မ်းယမ်းဖြင့် ဝင်ပါလာပြန်ပါသည်။

"မင်းတို့က ဘာသိလို့လဲ၊ ဒီကောင်က အနီးကပ် မဒီရှိနေတာ။ ဟေသာလေကွာ၊ သိတယ်မလား၊ ငါတို့ ဆယ်တန်းတုန်းက Queen (ကွင်းန်)ပေါ့ကွ။ ဟော့ကောင် မင်းလတ်၊ မင်း မှတ်မိတယ်မလား"

"အေး ... မှတ်မိတယ်။ ဘာလဲ ဟေသာက နောက်ပိုင်း ကိုရီးယားပြောင်းသွားတာမလား။ သူ့အဖေ အလုပ်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ခု ပြန်ရောက်နေပြီ။ ဒီကောင့် အလုပ်မှာ ဒီမိုင်နာလေကွာ"

"ဟုတ်လား။ အင်း ... မင်း ဟျှောသာနဲ့ ဆိုရင်လည်း မဆိုးပါဘူး။ ငယ်ချစ်တွေပေါ့ ... ဟဲ ဟဲ"

သူငယ်ချင်းတွေ ပြန်ဆုံကြတာမို့ အားလုံးက တဟေးဟေး တဟားဟားနဲ့ ငယ်မူ ငယ်သွေး ပြန်ကြွလာကြပါသည်။ တစ်ယောက်နှင့်တစ်ယောက် စရင်း နောက်ရင်းပင် အချိန်တွေ ကုန်မှန်းမသိ ကုန်သွားတာကို သတိပြုမိကာ နာရီကို တစ်ချက်ကြည့်ရင်း ရီဆက်ရှင်မှာ ခန်းမရက် စုံစမ်းဖို့ကိုလည်း သတိရမိတာမို့ သူငယ်ချင်းတွေကို လော်ဆော်ရင်း သူတို့မေးတာတွေကိုလည်း ဖြေရပြန်ပါသည်။

"အတော်ပဲပေါ့ကွာ၊ မင်းလတ်လည်း ရောက်တုန်းရောက်ခိုက် နွှဲရတာပေါ့။ မိဒယ်ရှိုးရော၊ စတိတ်ရှိုးရော ထည့်မှာ"

"အေးကွာ ... ပျော်စရာကြီးပေါ့။ ကိုယ်တို့ပါ ဝင်ဟဲရင်ကောင်းမယ်၊ ဟဲ ဟဲ ... မင်းနဲ့ တွဲလုပ်တာ ဘယ်သူတုန်း"

သူက မြတ်မြတ် အကြောင်းကို ရှင်းပြသလိုမျိုးကိုနှင့် နောင်ဝင်းကလည်း အားကျမခံဝင်၍ ဆားတီးပေးကြပါသည်။





"ဒီကောင်လေ ခုမှခြေချုပ်ကျနေတာ။ မြင်းလည်းစဉ်းစားကြည့်လေ။ သူတို့နှစ်ယောက်ကို လူကြီးတွေက သဘောတူထားမှန်းမှ မသိတာ ... ခဏ

ဒါပေမဲ့ ဒီကောင်ရော လုံးခြင်းပယ်မှာ။ မင်းလာမြင်ရင် ရယ်မှာပဲ။ အလုပ်ကတော့ တကယ်တော်ပါတယ်။ ဒီလုပ်ငန်းသစ် ချဲ့တာလည်း သူပဲလေ။ ဒီကောင်က ဒါလောက်ပဲ လုပ်ရတာ။ အံမာ ... ဘူးသီးငါးပေါင်းကြော်စာတွေ ဘာတွေလဲ မွှတ်ဆိုပဲ" မဆိုး

သူ့စကားကိုရော မျိုးကို စကားရောကိုပါ နားထောင်ရင်းမှ မင်းလတ်ရဲ့ မျက်နှာက တစ်မျိုးဖြစ်လာပါသည်။ တစ်ခုခုကို စဉ်းစားနေဟန်ဖြင့် ...

"နေပါဦး၊ မင်းတို့ပြောတာ မြတ်မြတ်ဇော်ကိုလား။ မန္တလေးက မြတ်မြတ်ဇော်နော်"

"အေးလေ ... မန္တလေးသူစစ်စစ်"

"ဩော် ... မြတ်မြတ်ကိုး။ ဟုတ်သားပဲ ... မြတ်မြတ်က ရန်ကုန်ရောက်နေတာပဲကိုး။ ရန်ကုန်မှာ လုပ်ငန်းလုပ်နေတယ်တော့ ကြားသား။ ဟာ ... မင်းတို့ကို လူကြီးချင်းသဘောတူထားတာလား။ ဒါကြောင့် ဟန်ကျတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်လည်း တစ်ဦးတည်းသော သမီးပဲဟာ။ သူ့မှာ ဆယ်နှစ်ကွာတဲ့မောင် ချာတိတ် တစ်ယောက်ပဲရှိတယ်။ ဟား ... မိုက်သားကွာ။ မြတ်မြတ်ကိုသာ ရမယ်ဆို မင်း ယူသာယူပော့၊ ငါ အားပေးတယ်"

မင်းလတ်ရဲ့ ဝမ်းသာအားရ ဖြစ်နေပုံကြီးကြောင့် သူရယ် နောင်ဝင်းရယ်နှင့် မျိုးကိုတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် တစ်လှည့်စီ ကြည့်မိကြလေသည်။ ဘယ်လိုဖြစ်တာလဲ။ တစ်ခုခုတော့ မှားနေပြီ ထင်သည်။ လူလွဲတာလည်း ဖြစ်နိုင်စရာ မရှိပါ။

မြတ်မြတ်မှာ တကယ်ပင် သူရ ဆိုသော မောင်လေးတစ်ဦး ရှိနေတာပဲ။ ဒါဆို ဘာမှားနေတာလဲ။ မြတ်မြတ်ရဲ့ ပုံစံဟာတော့ဖြင့် ယောကျ်ားလေးတစ်ဦးက ဝမ်းသာအယ်လဲ ချီးကျူးရအောင် ဆိုစရာ အလှအပမျိုး မရှိတာလေ။

ပြီးတော့ မင်းလတ်က မြတ်မြတ်ကို သိနေသည်တဲ့။ အင်း ... ဒါကတော့ ဖြစ်နိုင်ပါသည်။ မင်းလတ် ယောက္ခမတွေကလည်း အထည်အလိပ် ရက်ကန်းတွေ လုပ်ပေရာ လုပ်ငန်းချင်းနီးစပ်မှုဖြင့် သိနိုင်ပါသည်။

"မင်းက မြတ်မြတ်ကို သိနေတယ်ပေါ့"





"သိတာပေါ့။ တစ်လမ်းတည်းပဲဟာကို၊ နေဦး သူနဲ့အတူ ခက်ခက်ကျော် ဆိုတာပါ ဒီမှာ ရှိတယ်မဟုတ်လား"

"အေး ... ဟုတ်တယ်၊ ရှိတယ်။ ခက်ခက်ကတော့ မဆိုးပါဘူး၊ မြတ်မြတ်ကဖြင့် အင်မတန် ပုံတုံးပါတယ်ကွာ"

"ဘယ်လို ! ... မြတ်မြတ်က ပုံတုံးတယ်"

သူ့စကားကို မင်းလတ်က အံ့သြဟန်ဖြင့် သံယောင်လိုက်သည်။ မင်းလတ်ရဲ့ ပုံစံက အထူးအဆန်းကို ကြားရသလိုမျိုး။

"အင်းလေ ... သနပ်ခါးဘဲကြား၊ ဝတ်ရင်လည်း ရှုပ်အကျိုး။ ဘယ်မှာလှလို့လဲ၊ ဒီလောက် စိတ်ပျက်ချင်စရာကြီး။ ဘုရားရှူး မိုးကြိုးပစ် ဒီနိုင်နာပဲ"

သူ့အစား မျိုးကိုက ဝင်ရောက် ဝေဖန်လေသည်။ မင်းလတ်ကတော့ မျက်မှောင်ကုတ်ကာ ခေါင်းခါယမ်းရင်း ...

"မဟုတ်သေးပါဘူးကွာ၊ မြတ်မြတ်က အရမ်းချောတာပါ။ အဝတ်အစားကလည်း မင်းတို့ ပြောသလို မဝတ်ပါဘူး။ အင်မတန် စတိုင်လ်ကျတာပါ ...

ပညာလည်းတတ်၊ ရုပ်လည်းချောလွန်းလို့ ကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေတာ။ မင်းတို့ဟာက လူများလွဲသလား။ ဒါလည်း မဟုတ်လောက်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ငါသိတာ မြတ်မြတ်ဖော် ဆိုတာ အတော်ကြည်ကောင်း လှပလွန်းတဲ့ မိန်းကလေးတစ်ဦးပါ။ ဆံပင်တွေ ဆိုရင်လည်း အရမ်းလှတယ်"

"ဒါဖြင့်ရင် ..."

သားဖော် ခေါင်းထဲမှာ တစ်နေ့က မြတ်မြတ် ပြော ခဲ့ဖူးသော စကားတွေ ပြန်လည်၍ အစီအရီ ထွက်ပေါ်လာပါသည်။ ဒါဟာ သူ့ရဲ့ပင်ကိုစတိုင်လ် မဟုတ်ပါဘူးလို့ ပြောခဲ့သေးတာပဲ။ ဒါဆို ပင်ကိုစတိုင်လ်၊ နဂိုရုပ်ခံဟာ မင်းလတ် ပြောသလို အတော့်ကို ချောမောလွန်းနေတာပေါ့။

ဟုတ်မှာပါ၊ သူ တစ်ရုံခါ က မြင်တွေ့ခဲ့ဖူးတဲ့ ဆံပင်ရှည်ရှည်၊ သနပ်ခါးပါးပါး၊ ရိုးရိုးတိရုပ်လေးနှင့်တောင် တော်တော်အေးချမ်း ချစ်စရာကောင်းသေးခဲ့တာ။ သူတောင် အဲဒီ ပုံလေးကို ခုထိမေ့သေးတာ မဟုတ်ချေ။ ဒါဖြင့်ရင် ဘယ်လိုစိတ်ကူး နဲ့ မြတ်မြတ်ဟာ ခုလိုပုံမလာသော ပုံဆိုးဆိုးကို တမင်ပြောင်းယူ ထားခဲ့တာပါသလဲ။

သူငယ်ချင်းတွေကလည်း အဖြစ်အပျက် အားလုံးကို သိသွားသောအခါ ထင်မြင်ချက်တွေ အမျိုးမျိုး ပေးလာကြလေ သည်။ နောက်ဆုံး ဆရာကြီးမင်းလတ်ရဲ့ ကောက်ချက်ကတော့ ...





"ငါထင်တာတော့ မင်းနဲ့ မြတ်မြတ်ကို လူကြီးတွေက သဘောတူလိမ့်မယ်။ ဒါကြောင့် နီးစပ်မှုရအောင် အလုပ် တွဲလုပ်ခိုင်းတာ နေမှာပဲ။ အဲဒီမှာ မြတ်မြတ်က သူ့ကို မင်း သဘောမကျအောင် မင်းတို့ပြောတဲ့ ပုံဆိုးကြီးဖြစ် အောင် တမင်နေတာ ဖြစ်လိမ့်မယ်။ ဘာလို့လဲဆိုတော့ မြတ်မြတ်က ဘာမှမပြင်ရင်တောင် တကယ်ချောတဲ့ မိန်းမ တစ်ယောက်ပါ"

"ဘာကြောင့် သူက ငါ သဘောမကျအောင် နေရတာလဲ"

"ဒါကတော့ မင်းကို မယူချင်လို့။ မင်းကို မကြိုက်လို့ နေမှာပေါ့ကွ"

"သူ့မှာ ရည်းစားတွေ ဘာတွေများ ရှိနေလို့လား"

"မရှိပါဘူး။ ငါ့မိန်းမနဲ့ ခင်နေတာပဲ။ ငါသိတာပေါ့။ မရှိ ဘူး။ ရှိချင်း ရှိတာကတော့ မင်းကို မယူချင်လို့ပဲ ဖြစ်ရ မယ်၊ ဟား ဟား"

ဘာရယ်ကြောင့်မှန်း မသိဘဲ သူ့ရင်ထဲမှာ တစ်ခုခု ကို ဆုံးရှုံးသွားရသလို လစ်ဟာဟာကြီး ဖြစ်နေပါသည်။ တစ်စုံ တစ်ခုကိုလည်း ဝမ်းနည်းသွားရသလိုလို။ သူ့ကိုယ်သူကို အမည် မတပ်နိုင်ချေ။ ဘာရယ်ကြောင့်မှန်း မသိဘဲ သနပ်ခါးတွေ ဖွေး



www.burmeseclassic.com

www.burmeseclassic.com



နေသော မျက်နှာလေးတစ်ခုကို ပြေးမြင်ကာ အလိုလို ကရုဏာ သက်နေမိလေသည်။

အဲဒီကျတော့မှပင် သနပ်ခါး မျက်နှာလေးကို သူ့ရင်မှာ တိတ်တဆိတ် သံယောဇဉ် တွယ်နေမိပြီဆိုတာ သူ့ဘာသာပင် အသေအချာ ပြန်သိတော့သည်။ ဘယ်မိန်းကလေးကမှ ကိုယ့်အလှအပကို စွန့်ကာ လုပ်မှာမဟုတ်သော အလုပ်တစ်ခုကို အရူးမလေး မြတ်က ဘာကြောင့် လုပ်ခဲ့တာလဲ။ နောက်ဆုံး သူ ကိုယ်တိုင်တောင် ဟားတိုက်ရယ်မောခဲ့သည့် သနပ်ခါးဘဲကျားနှင့် ပုံတုံးလေးကို ခုချိန်မှာ သူ အလွန်အမင်း အားနာသနားနေခဲ့လေသည်။

မြတ်မြတ်ရယ် ...။ မင်းလည်းပဲ တကယ့်ကို လိုက်မမီတဲ့ အတွေးအခေါ်တွေနဲ့ပဲနော်။ ပြီးတော့ ကိုယ့်ကို လက်မထပ်ချင်တဲ့ မိန်းကလေးကိုလည်း ကိုယ်က ပိုပြီး စိတ်ဝင်စားရပါတယ်။ ကိုယ့်ကို လက်မထပ်ချင်တဲ့၊ ကိုယ်သဘော မကျအောင် တမင်နေပြထားတဲ့ မင်းရဲ့ခံစားချက်တွေကိုလည်း ပိုစိတ်ဝင်စားရပြန်ပါတယ်။ ကိုယ့်ကို ရှောင်ပြေးချင်တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ့်ဘဝမှာ ပထမဦးဆုံးအကြိမ် စိတ်ဝင်စားမိတာပါပဲ မြတ်မြတ်ရေ။





အင်း ... ကိုယ့်ဘဝမှာ တစ်ခါမှ မပေါ်ပေါက်ဖူးသေးတဲ့ ခံစားချက်တစ်မျိုးနဲ့အတူ မင်းကို အရမ်းစိတ်ဝင်စားနေရပါပြီ။ အဲဒီခံစားချက်ဟာ အချစ်လား၊ ဘာလားဆိုတာကိုတော့ ပြောဖို့ စောနေပါသေးတယ်နော်။ ဒါပေမဲ့ မင်းအပေါ်မှာ ကိုယ့်စိတ်တွေ အများကြီး သက်ရောက်နေပြီဆိုတာ မင်း သိရပါတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com





ညက အတွေးတွေသည် မနက်ထိတိုင်အောင် သားဇော်အပေါ် စိုးမိုးထားခဲ့သဖြင့် မနက်လည်း စောစောစီးစီး ပင် နိုးလာခဲ့ပါသည်။ သန့်ရှင်းရေး လုပ်ပြီးတာနှင့် ထမင်းစား ခန်းထဲ ဆင်းလာခဲ့သောအခါ ဘုရားခန်းက ထွက်လာခဲ့သော မေမေနှင့် သွားဆုံလေသည်။ မေမေက မျက်လုံးအပြူးသားဖြင့် ကြည့်ရင်း ...





"ဟဲ့ သား။ စောစောစီးစီး နိုးလို့ပါလား"

"ဟုတ်တယ် မေမေ။ ထူးဆန်းစွာနဲ့ပဲ နိုးလာခဲ့တာ"

အံ့မယ် ဆိုသော စကားနှင့်အတူ မေမေက ချစ်စနိုး မျက်စောင်းထိုးရင်း သူ့ကို ပြုံးကြည့်သည်။ သူက မေမေ့ပခုံးလေး ကို အသာဖက်ရင်း လှေကားမှ ဖြည်းဖြည်းချင်း ဆင်းလာခဲ့ပါ သည်။

"သား ဘာစားမလဲ။ ဗိုက်ဆာနေပြီလား"

ဘာစားမလဲ ဆိုမှပင် သူ တစ်မနက်ခင်းက စားခဲ့ ရဖူးသော မြီးရှည်ကို သွားသတိရမိပြန်ပါသည်။ မန္တလေးမြီးရှည် ရဲ့ အရသာကောင်းမွန်မှုကို မမေ့သေးချေ။ အင်း ... မြီးရှည်က တစ်ဆင့် စကားစပ်ဦးမှပါပဲ။

"ဟိုတစ်ခါ မြတ်မြတ် ပို့ပေးတဲ့ မန္တလေးမြီးရှည် စားချင် တယ် မေမေ"

"ဟင် ... ဪ ... သားက မြတ်မြတ် လက်ရာကိုစွဲသွား တာကိုး"

"ဟဲ ဟဲ ... စားလို့ကောင်းလို့ပါ မေမေရဲ့"

"အခုတော့ မရသေးဘူး။ နောက်တော့ စားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားက ဘာအဓိပ္ပာယ်မှန်းလဲ မသိချေ။ မေမေ့ မျက်နှာကို ကြည့်တော့လည်း စသည့်နောက်သည့် အရိပ်အယောင်လည်း မပေါ်ပါ။ စကားကို ဘယ်ကနေ ဘယ်လို စရမှန်း မသိတာမို့ သူ အကြံထုတ်နေဆဲပင်။ မေမေက သူ့အတွက် ကော်ဖီငှဲ့ပေးကာ ပေါင်မုန့်တစ်ချပ်ကို ထောပတ်သုတ်ပေးနေပါသည်။

ကဲ ... မထူးပါဘူးလေ၊ ဖြောင့်ဖြောင့်မေးတာ အကောင်းဆုံးပါပဲ။ ကွေ့ပတ်နေရင်လည်း မေမေက သိမှာပါပဲ။

သူက ကော်ဖီတစ်ငုံကို အေးအေးဆေးဆေး မော့လိုက်ရင်း ...

"မေမေ"

"ဘာလဲ သား"

မေမေက သူ့ကိုမကြည့်ပါ။ သူကသာ မေမေ့မျက်နှာကို ငေးကာနေပါသည်။ အခုချိန်ထိ မေမေက ကျက်သရေရှိ ချောမောတုန်းပင်။ တစ်ဦးတည်းသောသားဖြစ်သော သူ့အပေါ်မှာလည်း အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနေတုန်း။ မေမေရဲ့မေတ္တာမျိုး ဘယ်မိန်းမဆီကမှ မရနိုင်ဘူးဆိုတာ သိရ၍ သူ မိန်းမယူဖို့အတွေးလည်း မရှိချေ။





အချစ်ဆိုတာလည်း မရှိခဲ့၍ ဖြစ်ပါမည်။ မေမေကိုယ်၌ကလည်း မိန်းမယူဖို့ သူ့ကို တစ်ခါမျှ မတိုက်တွန်းခဲ့ပါ။ ဒါပေမဲ့ မေမေရဲ့ မြတ်မြတ် အပေါ် ချစ်ခင်ကြင်နာရိပ် အပြည့်အဝရှိမှု၊ နှစ်လိုမှုတွေကို သူ အတိုင်းသား မြင်တွေ့နေရသော အခါ ...။

မေမေ သားအတွက် မြတ်မြတ် ကို စဉ်းစားရွေးချယ်ထားပြီလားဟင်။

"မြတ်မြတ်နဲ့ သားကို သဘောတူထားလားဟင်"

"ဘယ်လိုကွယ့်"

မေမေက မျက်ခုံးအပင့်သားဖြင့် သူ့ကို ကြည့်လာလေသည်။ မေမေ့ မျက်နှာမှာ အံ့သြရိပ် အနည်းငယ် ထင်နေပေမဲ့ သူ ဘာကိုမှန်း ခေခွဲမရ။ ဘယ်လိုပုံ ဘယ်လိုနည်းကြောင့် မေမေ အံ့သြသွားသလဲ ဆိုတာကိုတော့ သူလည်းမသိ။ ဟုတ်နေတာကို မေးတာမို့ အံ့သြတာလား။ မဟုတ်တာ မေးတာကြောင့် အံ့သြတာလား။ မေမေ ဖြေမှပဲ သိရပါတော့မည်။

"သားနဲ့ မြတ်မြတ်ကိုများ မေမေတို့ လူကြီးချင်း သဘောတူထားကြလားလို့ပါ"

"သားက ဘာလို့ အဲလို မေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားမေးတာ ဟုတ်,မဟုတ်သာ ဖြေပါ မေမေရယ်"

မေမေက တစ်ချက်ပြုံးလိုက်ရင်း သူ့ဘေးကခုံမှာ အသာပင်ထိုင်လိုက်ပါသည်။ သူ့ထံ ပေါင်မုန့်တစ်ချပ် ကမ်းပေးရင်း ...

"အင်း ... ဘယ်လိုပြောရမလဲ သားရယ်၊ မေမေ့အနေနဲ့ကတော့ သားတို့ချင်း ရင်းနှီးသွားလည်း ကန့်ကွက်စရာ မရှိပါဘူး"

မေမေတော့ ညစ်ပြီ။ ဖြေသလိုလို မဖြေသလိုလိုနှင့် သူ့ဘက်ကို မြှားဦးက ပြန်လှည့်လာတာ သား သိတာပေါ့ မေမေရယ်။ သားရဲ့အဖြေကို တမင်ပြန်အစ်ထုတ်နေတာ မဟုတ်လား။

"မဟုတ်ပါဘူး မေမေရာ၊ သား မေးတာက တခြားပါ။ သားတို့ချင်း မတွေ့ဖူးခင်ကတည်းက မေမေတို့တွေ သားတို့ကို သဘောတူထားလား၊ စကားပြောဆို ထားကြသလား။ ဒါမှမဟုတ် မြတ်မြတ် အမေဆီမှာ သမီးတောင်းထားသေးလား။ ကဲ ... ဒါကို မေးတာ၊ သားသိချင်တာ အဲဒါပဲ"

"သားက ဘာလို့ အဲလို မေးရတာလဲ"

"သားမေးတာ ဟုတ်,မဟုတ်သာ ဖြေပါ မေမေရယ်"





မေမေကား ဘာပြောရမှန်း မသိတော့သလို အသာ နှုတ်ဆိတ်သွားပြီးတော့မှ ...

"အင်း ... သားတို့ကို ဖြစ်စေချင်တာတော့ အမှန်ပဲ သားရယ်၊ မေမေ မန္တလေးသွားကတည်းက မြတ်မြတ်ကို သဘောကျခဲ့ရတာ၊ ဒါနဲ့ မဆွေဆွေကိုလည်း ပြောပြတာပေါ့လေ၊ ဆွေဆွေတို့ကလည်း သားကို နှစ်သက်ပါတယ်၊ ဒါပေမဲ့ သူ့သမီးဆန္ဒ မပါဘဲနဲ့ ဇွတ်မစီစဉ်ချင်ဘူးတဲ့လေ"

"ဒါဖြင့် သားတို့ကို သဘောတူထားတယ်ပေါ့၊ ဟုတ်လား မေမေ"

"အင်း ... အဲဒီသဘောပဲပေါ့၊ အတိအလင်းကြီးတွေ ပြောထားတာတော့ မဟုတ်ဘူးပေါ့"

"ဒါကို မြတ်မြတ် သိလား မေမေ"

အဲဒီစကားကို မေးစဉ်မှာ သူ့အသံတွေ အနည်းငယ် တုန်နေတာ ဘာကြောင့်ပါလိမ့်။

"မြတ်မြတ် သိတာပေါ့။ ဘာလို့လဲ သား"

"ဪ ... ဘာမှ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မဟုတ်ဘူး ဆိုသော်လည်း သူ့ရင်ထဲမှာ တစ်မျိုးသော ခံစားချက်တွေ ဖြစ်ထွန်းကျန်နေခဲ့ပါသည်။ ကိုယ် ထင်တဲ့အတိုင်းပါပဲလား မြတ်မြတ်ရယ်။ မင်းနဲ့ကိုယ့်ကို မိဘတွေ သဘောတူထားတဲ့အခါမှာ မိဘတွေရဲ့ စကားကိုလည်း မပယ်ရှားချင်၊ ကိုယ့်ကိုလည်း လက်မထပ်ချင်တဲ့အခါ ဘယ်ဘက်ကိုမှ အငြင်းစကား မဆိုချင်တဲ့အတွက် ဘယ်သူမှ တွေးမိမှာတောင် မဟုတ်တဲ့ အလှဖျက်ထားတဲ့ပုံနဲ့ အားလုံးရဲ့ စိတ်ပျက်ခံအဖြစ်ကိုပဲ ပြောင်းလဲရွေးချယ်ယူလိုက်တာပဲပေါ့။

ဩော် ... မင်းမှာ ငြင်းမယ်ဆို ငြင်းနိုင်တဲ့ အခွင့်အရေးတွေ ရှိသော်ငြားလည်းပဲ ကိုယ်က ငြင်းရစ်ဲ့ အဖြစ်မျိုးရောက်အောင် မင်းက ဘာကြောင့် အနစ်နာခံ ရုပ်ဖျက်ထားခဲ့ရတာလဲ မြတ်ရယ်။

အဲဒီအဖြစ်ဟာ ကိုယ့်ကို တကယ်ပဲ စိတ်ထိခိုက်စေရပါတယ်။ မင်းမှာလည်း ချစ်သူမရှိဘူးဆိုရင် မင်းဟာ ဘယ်အကြောင်းတွေကြောင့် ကိုယ့်ကို လက်မထပ်လို့ ငြင်းလိုရတာလဲ မြတ်မြတ်ရယ်။ မင်းဟာ အတွေးတွေကို တစ်ခုပြီးတစ်ခု ပေးနေတော့တာပါပဲလားကွာ။





"ဒါနဲ့ နေပါဦး။ သားက ဘာကြောင့် ခုမှ စိတ်ဝင်တစား မေးရတာလဲ"

"အင်း ... သား တွေးမိတာ တစ်ခုရှိလို့ပါ"

"ဘာတွေများလဲကွယ်၊ ခုမှ ထူးထူးဆန်းဆန်းပါပဲလား"

"မေမေ မသိပါဘူး"

"အေးပါ ... ထားပါတော့။ ဒါနဲ့ သားတို့ တစ်တွေ အရောင်းမြှင့်တင်ပွဲတစ်ပွဲ လုပ်ကြမလို့ဆို"

"ဟုတ်တယ်။ မေမေ ဘယ်လိုလုပ် သိသလဲ"

"ဩော် ... မြတ်မြတ် ပြောပြတယ်လေ၊ မေမေ့ကိုပါတက်ဖို့ ကြိုဖိတ်ထားတယ် သားရဲ့"

"ဟုတ်လား။ အင်း ... အဲဒီနေ့ကျရင်တော့ တစ်မျိုးပြောင်းမယ် ထင်ပါရဲ့"

"ဘာတစ်မျိုးလဲ ... သားကိုတော့ နားမလည်နိုင်တော့အောင် ရှုပ်နေတာပဲ"

သားဖြော်က ဘာမှမပြောတော့ဘဲ ခေါင်းကို အသာယမ်းပြတော့ကာ ကော်ဖီယက်ကျန်ကိုမော့ပြီး စားပွဲမှ ထလာခဲ့ပါသည်။ ကိုယ်တို့တစ်တွေရဲ့ အရေးကြီးတဲ့ ပွဲတစ်ပွဲမှာတော့ မင်း ဒီပုံမျိုးနဲ့ ထွက်မလာပါနဲ့လား မြတ်ရယ်၊ အင်မတန်လှပတဲ့ မင်းရဲ့ မူရင်းရုပ်သွင်ကို ကိုယ် မြင်ပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



Slar Line အထည် ချုပ်လုပ်ငန်းရဲ့ ရှယ်ယာတစ်ဝက် ပိုင်ရှင်လည်းဖြစ်၊ Cupid ဖက်ရှင်ရဲ့ ဒီဇိုင်နာလည်းဖြစ်တဲ့ မင်းဟာ အများတကာ ချီးကျူးအားကျ ငေးမောရအောင် အလှဆုံး ဖန်တီးပြလိုက်စမ်းပါ။

ကိုယ့်အတွက်နဲ့ မင်းရဲ့အလှတရားတွေကို သိမ်းဆည်းထားတယ်ဆိုရင် ကိုယ် ဘယ်တော့မှ စိတ်ကောင်းနိုင်မှာမဟုတ်ပါဘူး၊ မျက်နက်ဝန်းရဲ့ ပိုင်ရှင်ရယ်၊ ဒါကြောင့် တွေ့စမှာ မာသယေဘင် ထင်ခဲ့ရတဲ့ မင်းမျက်ဝန်းတွေဟာ ဒီအဓိပ္ပာယ်လားဆိုတာ ကိုယ် အခုမှပဲ သဘောပေါက်ရပါတော့တယ်၊ မင်းက ရှောင်ဖယ်ချင်နေမှန်း သိရတော့မှ ကိုယ်က မင်းကို ဘာကြောင့်များ ပတ်သက်ချင်လာရပါလိမ့်။ လူဆိုတာ မရတာကိုမှ မက်တတ်ကြသလား မြတ်ရေ။







"မြတ်မြတ်ရောဟင် ... ခက်ခက်"

ဒီဇိုင်းတွေဆွဲတဲ့ အခန်းမှာ မြတ်မြတ် ရှိမည်အထင်နှင့် ဝင်လာသော အခါမှာ မြတ်မြတ်ကို မတွေ့ရဘဲ ပေတံ၊ ခဲတံ၊ စာရွက်တွေနှင့် အလုပ်ရှုပ်နေသော ခက်ခက်ကိုသာ တွေ့ရပါသည်။ ခက်ခက်နှင့် မြတ်မြတ်ဟာ အမြွှာပူးတွေလို မခွဲစတမ်းမို့ တစ်ယောက်စီ မြင်ရလျှင်ကို တစ်မျိုးကြီးပင်။ အခုလည်း မြတ်မြတ်

www.burmeseclassic.com



ရှိမည်အထင်ဖြင့် ဝင်ချလာခဲ့ရာ ဘယ်သူမှ မရှိဘဲ ခက်ခက် တစ်ယောက်တည်းမို့ တစ်မျိုးတော့ ဖြစ်သွားရပါသည်။

ခက်ခက်ကတော့ ဘာမှမပြောင်းလဲတဲ့ မျက်နှာနှင့်ပင် ...

"ဪ ... သားဖော်၊ မြတ်မြတ်က Talents အောဂျင်စီကို သွားတယ်၊ ဘာပြောချင်လို့လဲ"

"တိုတယ်ဒီတ် ရပြီဆိုတာ ပြောမလို့ပါ၊ အားလုံးအဆင်ပြေတယ်"

"ဟုတ်လား ... မြတ်မြန် ပြန်လာတော့မှာပါ၊ ထိုင်လေ သားဖော်"

ခက်ခက်က တရင်းတနှီးဖြင့် ဖော်ရွေတာမို့ သူက အနီးရှိခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ဒီဇိုင်းခန်းဟာ အလုံပိတ်မဟုတ်ဘဲ မှန်ချပ်တွေဖြင့် ဖွဲ့စည်းထားတာမို့ အတွင်းမှအပြင်၊ အပြင်မှ အတွင်း တိုးလျှိုပေါက် လှမ်းမြင်နေရပါသည်။ ခန်းဆီးတွေလည်း တင်ထားတာမို့ ဘာမှ မသင့်တော်စရာတော့ မရှိချေ။ ပြီးတော့ ကိုယ်က မေးချင်တာတွေလည်း ရှိတာမို့ ခက်ခက်ကို စကားစလိုက်ပါသည်။

"ခက်ခက်က လိုက်မသွားဘူးလား"





"ဟင့်အင်း။ ဘာလို့လဲ ... ခက် ဒီမှာ အလုပ်နည်းနည်း ရှိတာနဲ့လေ"

"ဪ ... ဘယ်သွားသွား ခက်ခက်နဲ့ မြတ်မြတ်ကို အမြဲတွဲမြင်နေကြမို့လေ"

"အဟင်း ဟင်း ... ဘာလဲ။ မြတ်မြတ်နဲ့ တွေ့ချင်လို့လာတာ မြတ်မြတ်ကို မတွေ့တော့ တစ်မျိုးကြီး ဖြစ်သွားလို့လား၊ ဟင်း ဟင်း ..."

အခါတိုင်းဆိုလျှင်တော့ ခက်ခက် ဒီလိုစလျှင် ဘာကြီးလဲဟု ဟူသော ရယ်ချင်စိတ်သာရှိသော သူဟာ အခုတော့ ခက်ခက်ဘက်က ခုလို အဓိပ္ပာယ်ပါပါ စနောက်လိုက်သောအခါ ပြောစရာအကွက် ရှာတွေ့သွားပါသည်။ ဟုတ်မှာပါ မြတ်မြတ်နဲ့ သူ့ကို မိဘတွေ သဘောတူထားမှန်း ခက်ခက်လည်း သိမှာပါပဲ။

အဲဒီမှာ မြတ် ရပ်ဖျက်ရတဲ့ အကြောင်းရင်းကိုလည်း ခက်ခက် သိမှာပါပဲ။ သိလို့ပဲ သူနှင့် မြတ်မြတ်ကို နောက်နောက်နေခဲ့တာ ပဲ မဟုတ်လား။ ခက်နဲ့ မြတ်ဟာ နှစ်ကိုယ့်တစ်စိတ်တွေဖြစ်လျှင် မြတ်မြတ်ရဲ့ ခံစားချက်၊ အတွေးအမြင်နှင့်တကွ လုပ်ဒိုင်ကိုင်ပုံတွေကို ခက်ခက် တစ်ယောက် သိကိုသိရလေမည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေကို ကျေနပ်စွာဖြင့်ပင် သူ့မျက်နှာက ပြုံးမြမြ ဖြစ်သွားတော့လျက် ...

"ခက်ခက်က ကျွန်တော်နဲ့ မြတ်မြတ်ကို ဆော်တော် တွဲစတာပဲ၊ ဘာလို့ စနေရတာလဲ၊ မြတ်မြတ် သိရင် ဘယ်ကောင်းပါ့မလဲ"

"ဟင် ... ဘာလို့မကောင်းရမှာလဲ၊ သူလည်း သိတာပဲ"

"သူ သိတယ်၊ သူ့ရှေ့လည်း ဒီလိုပဲ စတာပဲလား"

"စတာပဲ။ ခု မြတ်မြတ် ရောက်လာကြည့်၊ နှစ်ယောက်လုံး ရှေ့မှာ တွဲစပစ်မှာပဲ"

"ဟာ ... အဲဒါတော့ ဘယ်ကောင်းမလဲ"

"ဘာလို့ မကောင်းရမှာလဲ၊ ဘာဖြစ်လို့လဲ"

အင်း ... သူလိုချင်သော အကွက်ထဲသို့ကား တဖြည်းဖြည်းနှင့် ဝင်လာချေပြီ။ ခက်ခက်ရဲ့ ပုံစံက မခံချင်စိတ်ဖြင့် လိုက်ပါလာတော့လျက် ကိုယ့်ဖောင်း ကိုယ့်ကို ချွံတော့မည့် ပုံစံမျိုး။

"မြတ်မြတ်ရဲ့ မိဘတွေ ကြားရင်လည်း မကောင်းပါဘူးဗျာ၊ ဘယ်သူ့တွက်နဲ့မှ မကောင်းပါဘူး"

"အိုး ... အဟား ဟား ... ရှင်က လည်မလိုလိုနဲ့ တကယ်တော့ လူအ,ပဲ၊ မိဘတွေက ရှင်တို့ကို သဘောတူပြီးသား"





"ဘယ်လို ... ဟုတ်လား၊ ဟာ ... အဟား ဟား ... မခက်ခက်တို့ကတော့ အပြောင်အနောက် နံပါတ်ဝမ်းပဲ"

အင်း ... ကိုယ့်ကိုယ်ကိုယ်တော့ အော်စကားပေးချင်ပါရဲ့။ တယ်ဟုတ်တဲ့ ငါပါလားပေါ့။ ခက်ခက်တို့ကတော့ မျက်လုံးပြူး ပါးဖောင်းလာတော့လျက် ...

"ဟင် ... ရှင်သာ အ,လို့ မတွေးမိတာ။ ဒါမျိုးက ဘယ်သူမဆို တွေးမိတယ်၊ ရှင်နဲ့ မြတ်မြတ်ကို သဘောတူလို့သာ ပါတနာတွေအဖြစ် တွဲပေးထားတာပေါ့၊ ရှင်တို့အိမ်မှာတောင် မြတ်မြတ် နေသွားတာပဲ မဟုတ်လား။ ရှင့်နှယ်ရှင်၊ ဒါမျိုးကျတော့ အ,နေတယ်"

ကျုပ် မအ,ဘူး အမိတို့ရေ၊ မအ,လို့လည်း အမိတို့ရဲ့ လှို့ဝှက်ချက်ကို ဖော်ထုတ်တော့မှာဗျာ။ သူများကိုတော့ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ဝေဖန်နေသမျှ ကိုယ်ကိုယ်တိုင် အ,ပြီး လှို့ဝှက်ချက်တွေ ပေါ်ကုန်တော့မယ် ဆိုတာရော အမိ သိရဲ့လားဗျာ။

ဟင်း ဟင်း ... ကံတရားက ကျုပ်ဘက်လိုက်လို့ကို ဒီနေ့ အမိတစ်ယောက်တည်း ကျန်ခဲ့ပြီး ကျုပ်ရဲ့ရင်ခွင်ထဲဝင်ဖို့ အကြောင်းဖန်လာတာ။ တကယ် အ,သူဟာ ဘယ်သူလဲဆိုတာ နောက်တော့ အမိတို့ သိလာပါရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေ သဘောတူတာ ကျုပ်ကိုလည်း မပြောပါလား ဗျာ၊ သဘောတူရိုးမှန်ရင် ငါသား ဒီလို ဒီလိုပဲ လေ့လာ ဆိုပြီး ပြောထားမှာပေါ့။ နေပါဦး ... ခင်ဗျားကို ဒါဘယ် သူပြောပြတာလဲ မြတ်မြတ်လား"

"ဟင့်အင်း ... ဘယ်သူပြောမှန်းတော့ မသိတော့ဘူး။ လူကြီးတွေကတော့ ရှင်တို့ကို ဖြစ်စေချင်တာ အမှန်ပဲ"

"ဒါပေမဲ့ဗျာ၊ ခင်ဗျားသူငယ်ချင်းရဲ့ ပုံကိုလည်း ကြည့်ပါ ဦး၊ သဘောကျချင်စရာလားလို့"

"ဟင် ... ရှင် ဘာပြောတာလဲ"

မြတ်မြတ်ထိ ဓားကြည့် ဆိုသော အစားထဲက ခက်ခက်ဟာ သူ့စကားကို အကြီးအကျယ် ဒေါ်ဖောင်းသွားတော့ လျက် သူ့ကို စားဝါးတော့မလို ကြည့်လာပြီးလျှင် ...

"နေပါဦး၊ ရှင့်ကိုရော ဘယ်သူက ချစ်တယ် ယူပါမယ် ပြောနေလို့လဲ၊ ဒါ မြတ်မြတ်ရဲ့ ပုံစံမှန် မဟုတ်ဘူးရှင့်။ ပုံစံမှန်ကို မြင်ရင် ရှင် ရူးတောင်သွားမယ် သိလား။ ဟင်း တောက်။ ကျွတ် ... ဒါကြောင့် မြတ်မြတ်ကို ပြောတာ၊ ကိုယ့်အရှိတိုင်း ကိုယ်နေပါလို့။ ခုတော့ အရေပြားတစ် ထောက်စာအလှကို မက်တဲ့ဟာတွေရဲ့ ကဲ့ရဲ့ခြင်းကို ခံရ ပြီ ... တောက်"





ဒါပဲလေ၊ သူ လိုချင်သော အကွက်ထဲကို ဆိုက် ရောက်လာခဲ့ပြီ။ မြတ်မြတ် သူ့ကို လက်မထပ်လိုရခြင်း၊ ငြင်းပယ် ရခြင်း အကြောင်းတွေကို များမကြာခင်မှာပဲ မဒေါ်သအိုးက မီးကုန်ယမ်းကုန် ဖွင့်ချတော့မှာပဲ မဟုတ်လား။

"နေပါဦး မခက်ခက်ရဲ့။ ဒီလောက်လည်း စိတ်ဆိုးစရာ မဟုတ်ပါဘူး။ မြတ်မြတ် ကျွန်တော့်ကို သဘောမကျဘူး ဆိုတာလည်းပဲ ကျွန်တော် သိပါတယ်။ ခင်ဗျားရဲ့ မြတ်မြတ် က နဂိုရှိရင်းစွဲ အင်မတန်ချောမောကြောင်းလည်း သိပါ တယ်၊ ဒါနဲ့ ဘာလို့ ဒီလို တမင်နေနေရတာလဲ ဆိုတာသာ မသိတာပါ"

"နေမှာပေါ့။ ရှင့်ကို မယူချင်လို့ပေါ့။ ရှင်းနေတာပဲ"

"ဗျာ ... မယူချင်ရင် ငြင်းပါလားဗျာ၊ ဘယ်သူက ဇွတ် ယူမှာမို့လဲ၊ သူ့မိဘက ဇွတ်စီစဉ်တာမို့လို့လား"

"ရှင်ကသာ မြတ်မြတ်ကို ဒီလို ပြောရက်တာပါရှင်။ မြတ်မြတ်က သူတစ်ပါးအပေါ် အလွန်ငဲ့ညှာတဲ့ မိန်းကလေး ပါ။ ရှင့်ကို မယူချင်ဘူးလို့ ပြောင်ငြင်းရင် ရပါတယ်။ အဲဒီကျ ရှင့်မာနက ငြိမ်ခံနေမှာလား ပြော။ ဘာပဲဖြစ်ဖြစ် ငါလိုလူမျိုးကို ငြင်းတာ ဘယ်လိုမိန်းမလဲ ဆိုပြီး ရှင် အာဃာတ ပွားဦးမှာပဲ မဟုတ်လား ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မပွားဘူးပဲထားဦး၊ ရှင့်စိတ် ကသိကအောက်တော့ ဖြစ်မှာပဲ။ ဒါကြောင့် အဲဒီလို မဖြစ်စေချင်လို့ သူကလည်း တစ်ဖက်သားကို ငြင်းလွှတ်ရမှာ အားနာလို့ သူ့ကိုယ်သူပဲ ဘယ်ယောကျ်ားမှ စိတ်မဝင်စားအောင် ဖန်တီးနေထိုင်တော့တာပဲရှင့်။ ကဲ ... ရှင်းပြီလား၊ ရှင့်အတွက်၊ ရှင့်အတွေက်ကိုပဲ အဓိက ငဲ့ညှာတာ"

သူ ဘာမှမပြောနိုင်ဘဲ အသာနှုတ်ဆိတ်သွားရလေသည်။ မြတ်မြတ်ရယ် ... မင်းရဲ့စိတ်ထားဟာ အဲလောက်တောင် ဝါပဲလား။

"နေ ... နေပါဦး၊ မြတ်မြတ်က ဘာကြောင့် ကျွန်တော့်ကို လက်မထပ်ချင်ရတာလဲ"

ခက်ခက်က သူ့ကို မျက်လုံးတစ်ချက် ဖွေကြည့်ရင်း ...

"ရှင်ကရော လက်ထပ်ချင်တာကျလို့။ မြတ်မြတ် လက်မထပ်ချင်တာကတော့ ရှင်က မျက်နှာများလို့ရှင်။ ကြောက်လို့ သိပြီလား"

ရုတ်တရက်မို့ သူ ဘာပြန်ပြောရမှန်းတောင် မသိတော့လောက်အောင် ရင်ထဲ ဆို့နင့်သွားခဲ့ပါသည်။ မျက်နှာများလို့





တဲ့လား မြတ်မြတ်ရယ်။ မျက်နှာများတဲ့လူကို ကြောက်လို့ လက်ထပ်ဖို့အတွက် ရဲရဲဝံ့ဝံ့တောင် မငြင်းရဲရှာပဲ ကိုယ်စိတ်ပျက်နောက်ဆုတ်သွားအောင် တမင် ဒီလိုဖန်တီးထားခဲ့တာတဲ့လား။


ကိုယ် မျက်နှာမများချင်ခဲ့ပါဘူး မြတ်မြတ်ရယ်။ တစ်ခါမှ မတွေ့ဘူး မခံစားဘူးတဲ့ အချစ်ကို ရှာဖွေနေခဲ့တာပါ။ တကယ်တော့ အချစ် ဖြစ်လာဖို့ ကရုဏာမြစ်တစ်စင်းဟာ ကိုယ့်ရင်ထဲကို မျက်နက်ဝန်းလေးက တစ်ခဏ် စီးဆင်းရောက်ရှိနေခဲ့တယ် ဆိုတာကို ကိုယ် အခုမှ လုံးဝကို လက်ခံလိုက်လိုက်ရတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





လိပ်ပြာအနှုတ်ခံထားရသော လူတစ်ယောက်လို အသက်မဲ့စွာဖြင့် ဘာမှမလုပ်နိုင်အောင် ရှိနေတုန်းမှာပင် သူ့အခန်းတံခါးကို လာခေါက်သော အသံကြောင့် ဆတ်ခနဲ ဖြစ်သွားရလေသည်။ ဝင်ခဲ့ပါ ဟူသော အသံပြုပြီးနောက် အခန်းတံခါးကို ဖွင့်လျက် ဝင်လာသူသည် မြတ်မြတ်ပဲ ဖြစ်ပါသည်။ မြတ်မြတ်ကို မော့ကြည့်စဉ်မှာပဲ သူ့မျက်လုံးတွေ အတန်ငယ် ဝိုင်းသွားကြောင်းကို ဝန်ခံရပေမည်။





ခါးလယ်မရောက်တရောက် ဆံနွယ်တွေမှာ ဖားဖားလျာလျားဝေလျက် ဒီအတိုင်းချထားပေရာ အတော်ကြည့်ကောင်းလှလေသည်။ မျက်နှာမှာလည်း ခါတိုင်းတွေ့နေကျ သနပ်ခါးထူထူတွေလည်း တစ်စက်လေးမှ မရှိသလို မိတ်ကပ်နှုတ်ခမ်းနီ တွေလည်း မရှိဘဲ ပကတိအတိုင်း ပြောင်ပြောင်တင်းတင်း စင်းဝင်းမွတ်မွတ်ကာကီရောင် ကိုယ်တိုစပို့ရှပ်တစ်ထည်၊ လုံချည်အနက်ရောင်တို့ဖြင့် ဘာမှအထူးတလည် မပြင်ဆင်ထားသော်ငြားလည်း သူ မြတ်မြတ်ကို မျက်တောင်မခတ်အားစွာ ငေးကြည့်နေလေသည်။

မြတ်မြတ်ရယ် ... မင်း ဘာမှ ပြင်ဆင်လာတာမဟုတ်ဘူး ဆိုတာ ကိုယ် သိနေပါတယ် မြတ်မြတ်ရယ်၊ အဲဒီ ဝင်ကိုယ်ပကတိအလှနှင့် အတူပဲ ကိုယ့်ကို စိုးရွံ့စွာနဲ့ လက်ဆော့ဖို့ ကြောက်တယ်ဆိုတဲ့ ကောင်မလေးကို ကိုယ်ချစ်မိသွားပြီဆိုရင် မင်း ဘယ်လိုဝေဖန်မှာပါလိမ့်။

အထူးသဖြင့် အရည်တွေ တဖျပ်ဖျပ်လက်ကာ တောက်ပလှပလွန်းတဲ့ မင်းရဲ့ မျက်နက်ဝန်းရယ်၊ မင်းရဲ့စိတ်ထားလေးရယ်ကို ကရုဏာသက်သွားခဲ့ရတဲ့ အချိန်ကစပြီး မင်းကို ကိုယ်ချစ်သွားခဲ့ရတာပါ။ အချစ်ဆိုတာ တကယ်တော့ တော်တော်ဆန်းကြယ်တာပဲ မြတ်မြတ်ရယ်။ ခုချိန်မှာ သနပ်ခါးတွေ

www.burmeseclassic.com



ဖွေးနေတဲ့ မျက်နှာလေးကိုလည်း ကိုယ်နားလည်လက်ခံစွာ ချစ်တတ်လာခဲ့ပြီလေ။ တကယ်တော့ အချစ်စစ်သာ ဖြစ်ပါစေ။ အရာရာကို နားလည်ရင်ဆိုင်နိုင်စွမ်း ရှိပါတယ်။

"သားဖော်"

"ဩော် ... မြတ်မြတ်။ ထိုင်လေ၊ အေဂျင်စီက ပြန်လာတာလား"

"အင်း ... ဟုတ်တယ်"

ဖြေရင်းနှင့်အတူ မြတ်မြတ်က သူ့ရှေ့ကခုံမှာ ဝင်ထိုင်ပါသည်။ ဆံနွယ်တွေကို ဖျတ်ခနဲ သပ်တင်ကာ ဝင်ထိုင်ရင်း ပြုံးပြလိုက်သော အပြုံးတစ်ခု၌ သူ အမှန်တကယ်ပင် ကျဆုံးသွားခဲ့ရလေသည်။ မြတ်မြတ်က သူ့ကို ကြည်လင်စွာ ပြုံးကြည့်လာရင်း ...

"ဟိုတယ် ဒိတ်ရပြီဆို၊ အဆင်ပြေရဲ့လား"

"ပြေပါတယ်။ အဲဒီနေ့ပဲ ရပါတယ်၊ မြတ်မြတ်ရဲ့ စိတ်တိုင်းကျပါပဲ"

"တီဝိုင်းကိစ္စ အဆိုတော်ကိစ္စတွေရော"

"အဲဒါလည်း ဒီနေ့ သွားမှာပါ။ ဒိတ်သေချာမှ သူတို့နဲ့ ထပ်ညှိမလို့ပါ။ မဆိုးပါဘူး။ လူငယ်လေးတွေ ဆိုတော့





တက်ကြွတော့ ပြောရ ဆိုရတာ ကောင်းပါတယ်၊ မြတ်မြတ လိုက်ချင်ရင် လိုက်ခဲ့လေ"

မြတ်မြတ်က တစ်ချက် စဉ်းစားသလို ခေါင်းလေးငဲ့ရင်း ...

"ဘယ်အချိန်လောက် သွားမလဲ"

"တစ်နာရီ ချိန်းထားတယ်၊ Mr. Guitar မှာ"

"အင်း ... အင်း ... အဲဒါဆို လိုက်မယ်လေ"

ခေါင်းလေးကို ဆင့်ကာ ဆင့်ကာ ညိတ်ပြစဉ်မှာ ဆံနွယ်တွေက တဖြိုင်ဖြိုင် ပြိုကျစီးဆင်းလာပုံကို ကြည့်လျက် သူ မြတ်မြတ်ကို တကယ်ပင် ချစ်မြတ်နိုးမိပြီဆိုတာ သူ့ဘာသာပင် ပြန်သိလာရသည့် ခံစားချက်ကို ဘာနှင့်မျှ မတူပေ။ ရင်ထဲမှာ ဘာသိမ့်သိမ့် တနွေးနွေးဖြင့် လှည့်ပတ်စီးဆင်းနေသည်မှာ ပူနွေးနှိန်းမြလှပါသည်။

အချစ်ဆိုတာ တကယ့်ကို ထူးဆန်းအံ့ဩချင်စရာ ကောင်းသည်ဆိုတာ အခုမှ သူ လက်တွေ့သဘောပေါက်ခဲ့ရပြီ။ ကိုယ်က လူတစ်ယောက်ကို ချစ်နေရသည့် အဖြစ်ဟာ တော်တော်ရင်ခုန်စရာလည်းကောင်း၊ လှိုက်ဖိုကျေနပ်စရာလည်း ကောင်းလှပါသည်။ ဘာခံစားချက်နဲ့မှကို မတူချေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိသူရဲ့ မျက်နှာကိုသာ တစိမ့်စိမ့် ငေးကြည့်ရင်း ကျေနပ်နေရသော အရသာကား ဘာနဲ့မှမတူချေ။ အစက အချစ်သီချင်းတွေ၊ အချစ်စာသားတွေ ကြားလျှင် ပိုလွန်းသည်ဟု တွေးထင်ဝေဖန်ခဲ့သမျှ - တကယ့် တကယ်တမ်း လက်တွေ့ကျမှ လိုတောင်လိုသေးသည်။

အချစ်ဆိုတာ စာဖွဲ့လို့တောင် မကုန်နိုင်ဟု သူက မှတ်ချက်ချချင်လေသည်။

သူ မြတ်မြတ်ကို ငေးနေမိသည်မှာ ဘယ်လောက်တောင် ကြာသွားလဲ မသိချေ။ မြတ်မြတ်ထံမှ ချောင်းဟန့်သံတစ်ချက် နှစ်ချက်ကြားမှ သတိဝင်လာရပါသည်။ မြတ်မြတ်ကို ရွှန်းမြစွာ တစ်ချက်ကြည့်ရင်း ...

"မြတ်မြတ် ဒီနေ့ ဘာလို့ သနပ်ခါး မလိမ်းတာလဲ"

မြတ်မြတ်က ဝင်းဝင်းမွတ်မွတ် ပြောင်တင်းနေသော သူမ မျက်နှာလေးကို ယောင်ယမ်းကိုင်လိုက်ရင်း ...

"အင်း ... ပျင်းလို့ပါ၊ ဘာရယ်တော့ မဟုတ်ပါဘူး"

"မြတ်မြတ် သနပ်ခါးလိမ်းတာဟာ တကယ်ကြိုက်လို့ မဟုတ်ဘူးနဲ့ တူတယ်နော်"

"ရှင် ... ဘာဖြစ်လို့လဲ"





"သနပ်ခါး မလိမ်းဘဲနဲ့တောင် ဒီလောက် ကြည့်ကောင်းနေတာပဲ မြတ်မြတ်ရယ်၊ တော်တန်ရုံလည်း လိမ်းတာမဟုတ်ဘဲနဲ့ မျက်နှာဖုံးစွပ်သလို လိမ်းထားလို့ပါ"

"အဲဒါ ဗိုပြီး ကောင်းတယ် မဟုတ်ဘူးလား"

"ကောင်းပါတယ်၊ တစ်ခုခုကြောင့် မဟုတ်ရင် ကောင်းပါတယ်"

သူ့စကားကို မြတ်မြတ်က နားမလည်သလို မျက်လုံးဝိုင်းရင်း ...

"ဘာတစ်ခုခုလဲ သားဇော်၊ မြတ်မြတ် နားမရှင်းဘူး"

မြတ်မြတ်ရယ် ဒီလောက်ထိလည်း ဟန်ဆောင်မကောင်းပါနဲ့၊ မင်းလည်း အားလုံးသိထားပြီးသာ ဆိုတာ ကိုယ်သိပါတယ်။ အားလုံးကို စောစီးစွာ ကိုယ့်ထက်ကြိုသိခဲ့လို့လည်း မင်းအာသာ အစီစဉ်တွေဆွဲ အကွက်ချေချပြီး ကိုယ့်ရဲ့ငြင်းပယ်ခြင်းကိုရဖို့ ကြံစည်စိတ်ကူးခဲ့တာ မဟုတ်လား။

ဓာတ်လမ်းတွေမှားတဲ့ လူတစ်ယောက်မို့ မယုံသင်္ကာ ကြောက်စိတ်နဲ့ ကိုယ့်ကို လက်မတွဲဝံ့တာ ဆိုရင်တော့ ကိုယ့်မှာ မင်းကိုပေးဖို့ အချစ်စစ်တွေ အများကြီးရှိတယ် ဆိုတာကို ဘယ်လိုအင်အားမျိုးတွေနဲ့ ဖွင့်ပြောရတော့မလဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူက မြတ်မြတ်ကို ရိုဝေစွာ ငေးစိုက်ကြည့်လိုက်ရင်း ...

"ဟန်ဆောင်မနေပါတော့နဲ့ မြတ်မြတ်ရယ်၊ မြတ်မြတ်ဘာကြောင့် ဒီလို လူစိတ်မဝင်စားချင်တဲ့ပုံ နေရတဲ့အကြောင်းရင်းကို ကိုယ်သိပါပြီ၊ အဲလောက်ထိ ကိုယ့်ကိုယ်ကိုယ်လည်း မညှဉ်းဆဲပါနဲ့တော့၊ လွတ်မြောက်ထွက်ခဲ့ပါတော့ မြတ်မြတ်ရယ် ...

အားလုံးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တာပဲ ကိုယ် မြင်ချင်ပါတယ်"

သူ့စကားအဆုံးမှာ မြတ်မြတ် မျက်နှာလေး ငေးကျသွားတော့လျက် တစ်စုံတစ်ခုကို သေချာစွာ စဉ်းစားနေသည့်ဟန်ဖြင့် ရှိပါသည်။ ခဏကြာမှာတော့ သူ့ကို ဖျတ်ခနဲ မော်ကြည့်ကာ ရင်ဆိုင်လာသည့် မျက်ဝန်းများသည် အရည်တဖျပ်ဖျပ်လဲ့လျက် အခါများစွာက သူ စွဲလမ်းငြိတွယ်ခဲ့ရဖူးသော တောက်ပရွှန်းမြသည့် မျက်နက်ဝန်းတွေပဲ ဖြစ်လေသည်။ အင်း ... ပြောရမယ်ဆို ကိုယ့်အချစ်က မျက်ဝန်းလေးတွေက စတင်ခဲ့တယ်လို့ ပြောရမှာပါပဲ မြတ်ရေ။

"ဒါဆို သားဖော် ဘယ်လိုဆုံးဖြတ်မလဲ"





ဘုရားရေ ... မေးမဲ့မေးတော့လည်း ပြတ်သားလွန်းနေပါလား မြတ်မြတ်ရယ်။ ကိုယ် အားလုံးကို သိတယ်ဆိုတာနဲ့ပဲ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကို မင်းသိချင်တော့တာပဲလား။ ကိုယ် ဘာဆုံးဖြတ်ရမလဲ။

ကိုယ်က မင်းကို ချစ်နေမိပြီလေ။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူကို ရယူပိုင်ဆိုင်ချင်ကြတာချည်းပဲ မဟုတ်ဘူးလား။ ကိုယ်လည်း မင်းကို ပိုင်ဆိုင်ချင်တာပဲပေါ့ မြတ်မြတ်ရယ်၊ တကယ်ဆို မိဘတွေ စီစဉ်တာဟာ အင်မတန် လျော်ကန်သင့်မြတ်ပါတယ်၊ လုပ်ငန်းချင်းလည်း အတူတူ၊ ရုပ်ရည်ရူပကာချင်းလည်း မတိမ်းမယိမ်း (မင်း ပြင်ထားတဲ့ ရုပ်ကိုတော့ ကိုယ်မမြင်ဖူးဘူးပေါ့) အားလုံး လိုက်ဖက်ညီနေတဲ့ ကိုယ်တို့နှစ်ယောက်ကို မိဘချင်းကလည်း သဘောတူ ကြည်ဖြူလိုက်တာမှ၊ ဒါတွေအပြင် မင်းကို ကိုယ်က ထူးဆန်းစွာ ချစ်သွားပါပြီ ဆိုကာမှ မင်းက ကိုယ့်ကို လက်မထပ်လိုဘူးတဲ့လား မြတ်မြတ်ရယ်။

သားဖော်က မြတ်မြတ်ပင် ကြားနိုင်လောက်သော သက်ပြင်းမောတစ်ချက်ကို ချလိုက်ပြီး ...

"ကိုယ်တော့ အဲလို မဖြစ်စေချင်ဘူး"

"ဘယ်လို ... ဘယ်လို မဖြစ်စေချင်တာလဲ "



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်ရယ် ... မင်း မလည်စမ်းပါနဲ့။ ကိုယ့်ဆီက စကားကို တမင်ထုတ်နေတာ ဆိုရင်လည်း ကိုယ် မဖြေပါရစေတော့နဲ့၊ အဲဒီစကားကို ကိုယ့်ပါးစပ်ကကို ထွက်မလာချင်တာပါ။

"မြတ်မြတ်ရဲ့ ဆန္ဒကိုပေါ့၊ မြတ်မြတ်ရဲ့ ဆန္ဒကို မဖြစ်စေချင်တာ၊ ကိုယ် မြတ်မြတ်ကို တစ်ခုပြောပါရစေ၊ လူတစ်ယောက်ကို ဆုံးဖြတ်ရာမှာ အတိတ်က ဖြစ်ရပ်တချို့ကို ထည့်သွင်း ဆုံးဖြတ်တာမျိုးထက် လက်ရှိပစ္စုပ္ပန်ရဲ့ အခြေအနေကိုပဲ သုံးသပ်ဆုံးဖြတ်စေချင်တယ်၊ လူ့စိတ်ဆိုတာ တစ်နေ့နဲ့ တစ်နေ့ တူတာမှ မဟုတ်ဘဲ မြတ်မြတ်ရယ်၊ အဲဒါလေး တစ်ခုပါပဲ ...

ကဲ ... တစ်နာရီမှာ သွားမယ်ဆိုရင် မြတ်မြတ်လည်း စီစဉ်စရာရှိတာ စီစဉ်ထားပါ"

အတင်း စကားစဖြတ်ကာ ထွက်သွားသော သားဇော်ရဲ့ ကျောပြင်ကို မြတ်မြတ်က ငေးမောကြည့်ရင်း ကျန်နေရစ်ခဲ့ပါသည်။ ဘယ်လိုကြီးလဲကွယ်၊ ပြောချင်တာတွေပြောပြီး ထွက်သွားတော့တာပဲလား၊ မြတ်မြတ်ရဲ့ ဆန္ဒအတိုင်း မဖြစ်စေချင်ဘူးဆိုတော့ ရှင်က တကယ်ပဲ မြတ်ရဲ့ဆန္ဒတွေကို သိနေလို့လားရှင်၊





သိခဲ့ရင် ရှင် ဒီစကား ပြောဦးမှာလား။ မြတ်ကတော့ ရီဝေဆွေးသက်နေတဲ့ ရှင့်မျက်လုံးတွေကို အခိုမွှာယ်ပြန်တတ်ပါပြီ။ ဒါပေမဲ့ မြတ် မယုံနိုင်သေးသလိုပါပဲ။

ရှင် တကယ်ပဲ မြတ်ကို ချစ်တယ်ဆိုရင် ဆက်ကြိုးစားမယ်လို့ မြတ် မျှော်လင့်ပါရစေရှင်။ မြတ်ဟာ ဣန္ဒြေနဲ့လူလုပ်တဲ့ မိန်းမတစ်ယောက်မို့ လှည့်ကွက်ရိုးရိုးလေးနဲ့ မြတ်ရဲ့ဇာတ်လမ်းကို ဇာတ်သိမ်းကောင်းအောင် ရှင်ပဲ တတ်နိုင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com





စက္ကူစကြီးပေါ်မှာ ဒီဇိုင်းဆွဲလိုက်၊ ဖျက်လိုက်၊ မျက်မှောင်ကုတ်လိုက် ရှိနေသော မြတ်မြတ်ရဲ့အနားသို့ ခက်ခက်က ကော်ဖီနှစ်ခွက်ဖြင့် ရောက်လာတော့မှ မြတ်မြတ်က ခဲတံကို ပစ်ချကာ ခက်ဘက်သို့ လှည့်လာပါသည်။ ခက်ခက်က မြတ်ရဲ့ ဒီဇိုင်းကို ငုံ့ကြည့်ရင်း ...

"ဒါက ရိုးမနေဘူးလား မြတ်"





"ဟင့်အင်း မရိုးဘူး။ နင်က ပိတ်စကိုမှ မမြင်ရသေးတာ"

"ပိတ်စက ဘာမို့လဲ။ ဘာသားကို သုံးမှာလဲ"

"အစက ဒီတစ်ပတ်တည်း အန်တီဂျူး ဂျပန်က ပြန်လာရင် ပါလာလိမ့်မယ်၊ အတ်ကာလောက်ထဲက ကြည့်မှာထားတာ။ တော်တော်လှတယ်၊ အစက အရမ်းလှပြီးသားဆိုတော့ ဒီဇိုင်း သိပ်မြှောက်စရာ မလိုတော့ဘူးပေါ့ဟာ။ ဒီဇိုင်နှာ ခိုလို့ရတာပေါ့ ... ဟဲ ဟဲ"

"ဟွန်း ... ဒီအကြံနဲ့ကိုး။ ငါ့ဟာရော ဘယ်လိုနေလဲ၊ သုံးသပ်ပေးပါဦးဟဲ့"

"ဘာမှ မလိုဘူး။ တော်တော် လှနေပြီ။ ဆီးကွင့်စ်ထိုးရင် ငါ ပုံဖော်ပေးပါ့မယ်၊ သစ္စာပန်းလိုမျိုးလေးတွေလေ၊ အဲဒါမျိုး ထိုးမယ်"

"အေးနော် ... အဲဒီနေ့ကျရင်တော့ ပျော်စရာကြီးနေမှာ၊ ဟဲ့ ... ငါတို့ကရော မိုဒယ်တွေနဲ့ အတူတူ ထွက်လျှောက်ပြရဦးမှာလား"

"ပါရမှာပေါ့။ ဒါ ဘယ်သူ့ဒီဇိုင်းပါ ဆိုတာ ပါမှာပေါ့ဟဲ့"

"အင်း ... ဟောသာလည်း ဒီပွဲကို တော်တော်ကြိမ့်သဘောရှိတယ်၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြံပစေပေါ့ဟာ၊ ဒါမှ ပိုနာမည်ကြီးမှာပေါ့"

ခက်ခက်က ကော်ဖီသောက်နေသော မြတ်မြတ်ရဲ့ မျက်နှာလေးကို ငေးရင်း ...

"မြတ်မြတ် ... နင့်ကိုတော့ ငါ တကယ်ချီးကျူးပါတယ်ဟာ"

"အသားလွတ်ကြီးပါလား"

"အကောင်းပြောနေတာ။ အစက နင့်လုပ်ရပ်တွေကို အဓိပ္ပာယ်မရှိဘူးလို့ ထင်ခဲ့တာ၊ ခုတော့ အဓိပ္ပာယ်ရှိလာသလိုပဲ။ နင် ဘယ်လိုတွေးခေါ် စိတ်ကူးလိုက်တာလဲဟင်။ ငါ့မျက်စိထဲမှာတော့ ထူးထူးခြားခြား နင် ဘာမှလုပ်တာလဲ မတွေ့ပါဘူး ...

နင် လုပ်တာ သနပ်ခါးလိမ်းတာပဲ ရှိတယ်"

ခက်ခက်ရဲ့ စကားကို မြတ်က ကော်ဖီသီးမတတ် ရယ်ရင်း ...

"ခက်ရယ် ... နင်က တကယ်ပဲ ယုံလို့လား"

"ဘာကိုလဲ ?"

"သူ ငါ့ကို ချစ်တယ် ဆိုတာကိုပေါ့"





"ယုံတယ်ဟာ။ ငါပြောလိုက်တုန်းက အံ့ဩသွားတဲ့မျက်နှာ၊ ပြီးတော့ ချက်ချင်း မျက်သွားတဲ့မျက်နှာ၊ စိတ်မကောင်းဖြစ်သွားပြီးတဲ့နောက် ဆက်ဖြစ်နေတဲ့ အဲဒီမျက်နှာတွေရဲ့ လေးနက်မှုက တကယ်ပဲ။ ငါ သိတာပေါ့ ...

သူ နင့်ကို သနားကရုဏာသက်သွားတာ။ ပြီးတော့ အဲဒီကနေ ချစ်သွားတယ်လို့ ထင်တာပဲ"

"အင်း ... ငါလည်း မျှော်လင့်မိတာပဲ၊ ဒါပေမဲ့ မယုံရဲသေးဘူး"

"အေးလေ ... ဒါကလည်း သဘာဝကျပါတယ်၊ နင့်ကိုလည်း ငါ အံ့ဩတယ်၊ ဒါမျိုးတွေ ဖြစ်လာလိမ့်မယ်လို့ ကွက်တိ နင် တွေးထားခဲ့တာလား"

"အင်း ... ကွက်တိမဟုတ်တောင် နည်းနည်းပဲ လွဲမယ်လို့ ငါ ထင်ထားခဲ့တာပဲ၊ အချစ်ဆိုတာ ဖန်တီးယူလို့တော့ မရဘူးပေါ့ဟာ၊ ဒါပေမဲ့ အချစ်ဖြစ်လာဖို့ စမ်းသပ်နိုင်တဲ့ အခွင့်အရေးတော့ ရှိတယ်မလား၊ ဒါဟာ စမ်းသပ်ချက် ပဏာမ အောင်မြင်သွားတဲ့ အနေအထားပဲပေါ့"

"သူ့စိတ်ကို နင်က သိလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ခက်ရယ်။ လူတစ်ယောက်ကို သိပ်ချစ်မိပြီ ဆိုရင် သူ့စိတ်ကိုတော့ အနည်းဆုံး နားလည်သိမြင်ထား ရမယ်လေ။ ငါ နည်းလမ်းတွေ အများကြီး စဉ်းစားခဲ့တယ်။ ဘယ်နည်းက သူနဲ့ အသင့်တော်ဆုံး ဖြစ်မလဲ ဆိုတာကို ပေါ့ ...

နောက်ဆုံးတော့ ကရုဏာအရင်းခံတဲ့ နည်းဟာ အကောင်းဆုံးပဲ ဆိုတာရယ်၊ လူတွေဟာ ကိုယ့်ကို စိုးရွံ့ကြ တဲ့အခါမှာ မို့ပြီး စိတ်ဝင်တစား ရှိတတ်ကြတယ် ဆိုတာ ရယ်ပါ ပေါင်းပြီး ငါ ဒီလို အကြံရလာတာပဲ ...

အစိက,ကတော့ သူ့စိတ်ထဲမှာ ငါဟာ လုရဲ့ချောရဲ့ သားနဲ့ သူ့ကို လက်ထပ်ရမှာ ကြောက်လို့ ဒီလိုတမင်နေ, နေတာပါလားဆိုတဲ့ အသိဝင်သွားဖို့ပါပဲ ...

အဲဒီနောက် သူ့စိတ်ထဲ ဘာတွေ ဆက်ဖြစ်လာမလဲ ဆိုတာတော့ ခန့်မှန်းသိနိုင်တဲ့အထိ ငါ ပါရမီမရင့်သန်သေး ပါဘူး"

"ဒါပေမဲ့ သူက နင့်ဆန္ဒကို မဖြစ်စေချင်ဘူးတဲ့နော်။ ဒါဖြင့် သူက လက်ထပ်ချင်တဲ့ သဘောပေါ့နော်"

မြတ်မြတ်က လေးလေးနက်နက် စဉ်းစားရင်း ...





"အင်း ... လက်ထပ်ပါရစေ ဆိုတဲ့ စကားသက် ငါကြား ချင်တာ တစ်ခုပါဟာ"

"အမယ်လေး ... ကဗျာတွေ ဆန်နေပြန်ပါပြီ။ ဒါဆို တော်က သနပ်ခါး မလိမ်းတော့ဘူးပေါ့"

"မလိမ်းတော့ဘူး၊ တခြား ဘာမှလဲ မလိမ်းဘူး"

"သူက နင် သိပ်ချောမှန် သိသွားလို့များလား"

"ဒီလိုကြောင့် မဟုတ်တာတော့ ငါ တကယ်ယုံတယ်။ ငါ သိပါတယ်။ သူ စိတ်မကောင်း ဖြစ်သွားပြီးတဲ့နောက် ငါ့ ကို သနားသွားတာ။ တစိမ့်စိမ့်တွေးရင်း ငါ့အကြောင်းတွေ စဉ်းစားရင်း သူ ချစ်သွားတာ နေမှာ။ ဟုတ်တယ်၊ ဒီ အတိုင်းပဲ ဖြစ်မှာပါ။ ဒီအတိုင်းပဲ"

တီးတိုးရေရွတ်နေသော မြတ်ကို ခက်က ငေးကြည့် နေရင်းကနေ အချစ်ဆိုသော အရာတစ်ခုရဲ့ ထူးဆန်းပုံကိုလည်း အံ့ဩလျက်သားပင်။

သြော် ... လူတွေထဲမှာ တော်တော်ရေပန်းစားတဲ့ အချစ်။ ဘာမှလဲ မြင်ရတာလည်း မဟုတ်၊ ကြားရတာလည်း မဟုတ်ပါဘဲ အကောင်အထည်မရှိ ဖော်မပြိုင်သော၊ ဘယ်ကလာလို့ ဘယ်ကစမှန်း မသိသော အချစ်ဆိုသောအရာဟာ လူနှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်စွာ ရစ်ပတ်ထားနိုင်တာကိုပင် ခက်က တကယ်အံ့သြလေသည်။ ကိုယ်တိုင်လည်း ခံစားဖူးမှ သိသော အရာတစ်ခု ဆိုပါလား။







စိတ်ထဲမှာ တင်းကျပ်တာတွေရော၊ အလုပ်များကာ ပင်ပန်းတာတွေရော ပေါင်းကာ သားဖော် တစ်ယောက် ခပ်လေးလေးရှိတာနှင့်ပင် ချွေးလေး ဘာလေး ထွက်ကာ လန်းဆန်းသွားအောင် တင်းနစ်ကုတ်သို့ ထွက်လာခဲ့ပါသည်။

သူများတွေ အတွက် စိတ်လန်းဆန်းစေသည့် အပန်းဖြေနည်းက ဘာမှန်းမသိပေမဲ့ သူ့အတွက်တော့ ရေကူး၊ တင်းနစ် ရိုက်တာက အကောင်းဆုံး အပန်းဖြေခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိလက်ရှိ ကစားပစ်လိုက်ပြီး သည့်နောက် အားရပါးရ အနားယူလိုက်လျှင် လူက အသစ်လို ပြန်ဖြစ်သွားတတ်လေသည်။ ဒါက လွယ်လွယ် အပန်းဖြေနည်း။ ဒီထက် စိတ်ညောင်းလာရင်တော့ သူငယ်ချင်းတွေခေါ်ကာ ချောင်းသာမှာ နှစ်ရက် သုံးရက်လောက် သွားငြိမ့်ပစ်တာပင်။

အခုနေမှာတော့ အဲလောက် မလိုသေးတာမို့ သားဇော်က ရိုက်နေကျ တင်းနစ်ကွင်းသို့ မောင်းလာခဲ့လေသည်။ အင်း … ဒီနေ့ ဆန်းဒေးဆိုတော့ လူစုံမှာပဲ။ ရိုက်ဖော် ရိုက်ဖက်တွေလည်း ရှိမှာပေါ့။

ဪ … ဗုဒ္ဓဟူးနေ့ဆိုရင် သူတို့ရဲ့ အရောင်းမြှင့် တင်ပွဲကြီး စတော့မှာပဲ။ အဲဒီပွဲအကြောင်း တွေးတာနှင့် သူ အရင်ဆုံး သတိရမိတာ မြတ်မြတ်ပဲ ဖြစ်ပါသည်။

မြတ်မြတ် အကြောင်း တွေးလိုက်တာနဲ့ သူ့ရင်ဟာ ဘာလို့ ဆွတ်ပျံ့လာရသလဲကွာ။ ခုချိန်မှာ မြတ်မြတ် ဘာလုပ်နေသလဲ။

အင်း … အချစ်ဆိုတဲ့ အရာဟာ လူတစ်ယောက်ပေါ်မှာ အတော်ပဲ နှောင်တွယ်ရစ်ပတ်ထားနိုင်စွမ်း ရှိပါလားနော်။ ကိုယ်ချစ်တဲ့သူရဲ့ မျက်နှာကို အချိန်တိုင်း မြင်ချင်တာ၊ သူ့အသံလေး





တွေ အချိန်ပြည့် ကြားချင်နေတာတွေဟာ အချစ်ရဲ့ လိုအင်တွေပဲ ဖြစ်ပါလိမ့်မည်။

တွေ့ချင်လိုက်တာ မြတ်မြတ်ရယ်။ ဘာမှမလိမ်း ခြယ်ထားသော်လည်း ဝင်းမွတ်နေတဲ့ မျက်နှာပြင်တစ်ခုနဲ့ ပန်းရလှတဲ့ နက်တောက်တောက် မျက်ဝန်းတစ်စုံကို အရမ်းတွေ့ချင်တာပါပဲ။

ကားပါကင်မှာ ကားထားပြီးတာနှင့် ရက်ကက်ကို ဆွဲယူကာ ကွင်းဘက် ထွက်လာခဲ့ပါသည်။ အဝတ်အစားက တစ်ခါတည်းလဲလာပြီးသားမို့ လဲစရာမလိုတော့။ ပြီးမှ နားပြီး ရေချိုးပြန်တာ ဖြစ်ပါသည်။ နံနက်စောစောမို့ ရိုက်သူ သိပ်မရှိသေးချေ။

ဒါပေမဲ့ ကွင်းနားမှာတော့ တဟားဟားရယ်သံတွေ ကြားနေရပါသည်။ အသံတွေကတော့ မိန်းကလေးသံတွေပင်။ အတွေးနှင့် လျှောက်လာကာ အနီးနားရောက်တော့မှပဲ အံ့ဩစိတ်နှင့်အတူ ပါးစပ်က နာမည်ထွက်ကျလာပါသည်။

"မြတ်မြတ်"

တကယ်ပင် သူ ချစ်သွားခဲ့သော မြတ်မြတ် အစစ်ဖြစ်ပါသည်။ မြတ်မြတ်က သူ့ကို မြင်ဟန်မတူသေးဘဲ ကစားသည့်



www.burmeseclassic.com

www.burmeseclassic.com



အထဲ အာရုံအပြည့် ထည့်ထားပုံ ရပါသည်။ Adidas ဝတ်စုံအဖြူရောင်ဖြင့် နဖူးမှာ ကက်(ပ်)ဆောင်းထားပုံ မြတ်မြတ်ကို ရှိရင်းစွဲထက် အများကြီး နုပျိုစေပါသည်။ သိုးမွေးကွင်းအဖြူဖြင့် သေသပ်စွာ စည်းနှောင်းထားသော ဆံပင်တွေကလည်း လှုပ်ရှားလိုက်တိုင်း လှလှပပ ယိမ်းနွဲ့လို့ပင်။

သူသည်လည်း တင်းနစ်အရိုက်ကောင်းသည့် စာရင်းဝင်တစ်ယောက်မို့ မြတ်မြတ် ရိုက်နေပုံကို ကြည့်လိုက်တာနှင့် လက်ရည်တော်တော်ကောင်းလှကြောင်း ရိပ်စားမိပါသည်။ ပေါ့ပေါ့ပါးပါး ရိုက်နေပုံမှာ အင်မတန် လက်ရည်ပြည့်သူတစ်ဦးမှန်း သိသာစေလေသည်။ မြတ်မြတ်ရဲ့ ပေါ့ပေါ့ပါးပါးတွေကို မပေါ့မပါး ကာကွယ်နေသူက ခက်ခက်ပင်။ ခက်ခက်ကတော့ သာမန်အပျော်တမ်းရိုက်တတ်သလောက်ပဲ ရှိပါသည်။

သားဖော်က ပထမတော့ ခေါ်လိုက်မည် လုပ်ပြီးမှ ပြီးလျှင် မခေါ်ဖြစ်တော့ပါ။ မြတ်မြတ်ရဲ့ကစားပုံ၊ ရယ်မောနေပုံ တစ်ခါတစ်ခါ ခက်ခက်ကို လှမ်းပြောင်ပြပုံလေးတွေကို သူ ငေး မဝလွန်း၍ ဖြစ်ပါသည်။ မြတ်မြတ်ရယ် ... မင်း သိပ်ချစ်စရာကောင်းပါလား။ အစက မင်းကို ဒီလောက်ချစ်စရာကောင်းမှန်း တကယ် မသိခဲ့ပါဘူး။





သူ ကြည့်ကောင်းကောင်းနှင့် ကြည့်နေစဉ်မှာပဲ မြတ်မြတ်တို့က တစ်ပွဲပြီးသွားကြပါသည်။ အဲဒီတော့မှ လက်ခုပ်တီးကာ ပြုံးလျက်ဝင်လာသော သူ့ကို မြတ်မြတ်တို့က မြင်သွားပါသည်။

မြတ်မြတ်က မျက်လုံးလေးဝိုင်းသွားတာ တစ်မျိုးဖြစ်သွားပေမဲ့ ခက်ခက်ကတော့ ချက်ချင်းပင် ပြုံးရွှင်သွားတော့လျက် ...

"အယ် ... ကိုသား။ လာကစားတာလား။ ဟုတ်လှာ (ကျူး)ကြည့်ဦး၊ မြတ်မြတ်ရေ"

မြတ်မြတ်က ခေါင်းညိတ်ပြရုံ နှုတ်ဆက် အသိအမှတ်ပြုကာ ပြုံးနေပါသည်။ မြတ်မြတ် ပြုံးပုံက တစ်မျိုးသော ရှက်စနိုးရိပ်လေး ပါနေတာကို သူ သိပါသည်။ ပေါင်လယ်ခန့် ရှိသော စကတ်တိုနှင့်မို့ တစ်မျိုးဖြစ်နေတာ ဖြစ်နိုင်ပါသည်။

အင်းပေါ့လေ ... သူ့ရှေ့မှာ မြတ်မြတ်က လုံချည်တောင် ခြေမျက်စိဖုံးအောင် ဝတ်တတ်သူတစ်ဦး မဟုတ်လား။ ဘာပဲပြောပြော ဘာစိတ်နဲ့မှ မဟုတ်ဘဲ တကယ့်ကို ရိုးသားစိတ်နဲ့ တန်ဖိုးထားပါရစေ။ ချွေးစို့နေတဲ့ မင်းမျက်နှာလေးဟာ ချစ်စိတ်ကြောင့် နွေးထွေးအေးမြနေပါတယ် မြတ်မြတ်ရယ်။

"ထိုင်လေ"



www.burmeseclassic.com

www.burmeseclassic.com



ခုံအဖြူလေးတွေ ချထားရာဘက်သို့ မြတ်မြတ်က မေးဆတ်ပြရင်း သူတို့သုံးဦးသား အတူဝင်ထိုင်ကြပါသည်။ မြတ်မြတ်က မွေးပွဲတဘက်ဖြင့် ချွေးသုတ်ရင်းမှ သူ့ကို ပြုံးကြည့်လာပါသည်။ အခုတော့လည်း ရှက်ရိပ်တွေ ဘာတွေ သိပ်မရှိတော့ဘဲ အေးအေးဆေးဆေး သက်သက်သာသာ ပြန်ဖြစ်လာပါသည်။

အေးလေ ... မြတ်မြတ် ဆိုတဲ့ မိန်းကလေးဟာ ဘယ်တုန်းက မနေတတ် မထိုင်တတ် ဖြစ်ဖူးလို့လဲ။ ကိုယ့်ကိုယ်ကိုယ် အမြဲတစေ ယုံကြည်စိတ်ချတဲ့ သွင်ပြင်မူယာနဲ့ပဲဟာ။ အဲဒီပုံစံနဲ့ မြတ်မြတ်ဟာ သိပ်ကို ကြည့်ကောင်း လိုက်ဖက်လှပါသည်။ ချစ်သွားတော့လည်း အကောင်းတွေပဲ မြင်နေတယ်လို့ ပြောဦးမလို့လား မြတ်မြတ်ရေ။ ကိုယ်က မင်းကို အစကတည်းက ချီးကျူးပြီးသားပါ။

အခုချိန်မှာ မြတ်မြတ်က ဘယ်လိုမှ မနေတော့သော သက်သောင့်သက်သာ အမူအရာနှင့် ရှိနေနိုင်သော်လည်း သူ့ရင်ထဲမှာတော့ ခံစားချက်တစ်မျိုးက ခပ်ငြိမ့်ငြိမ့် ဖြတ်စီးနေပြီဖြစ်သည်။ အထူးသဖြင့် အခါများစွာက မြင်ဖူးသော အလှအပတွေထက် သွယ်ပျောင်းလှပသော မြတ်မြတ်ရဲ့ အလှအပတို့သည် သူ့ရင်ခုန်သံတွေကို မငြိမ်မသက် ဖြစ်စေသည်။





"မြတ်မြတ်က အရင်ကတည်းက ကစားတယ်နဲ့ တူတယ်နော်"

"ဟုတ်တယ်။ မြတ် ငယ်ငယ်ကတည်းက ဝါသနာပါတာ။ ဖေဖေနဲ့ ရိုက်ဖော်ရိုက်ဖက်တွေပေါ့။ မောင်လေးနဲ့လည်း ရိုက်တာပဲ"

"ဒါပေမဲ့ မြတ်မြတ် ရိုက်ပုံက ပရော်ဖက်ရှင်နယ်နဲ့တူတယ်"

သူ့စကားကို မြတ်မြတ်က ဘာမှမပြောတော့ဘဲ ရယ်နေတာမို့ ခက်က ဝင်ရောက်ကာ ...

"တူမှာပေါ့၊ မြတ်က ကျောင်းမှာကတည်းက ချန်ပီယံလေ။ ပွဲတိုင်း ပထမချည်းပဲ။ မြတ်သာ ဆက်ကြိုးစားရင် နိုင်ငံခြားပွဲတွေထိပါ ရောက်နိုင်တယ်၊ မြတ်မြတ်က မတက်တာ"

"ဟုတ်လား ... ဘာလို့လဲ မြတ်မြတ်ရယ်၊ အရည်အချင်းရှိရဲ့သားနဲ့"

သူက မချင့်မရဲဆိုလျှင် မြတ်မြတ်က မပွင့်တပွင့်လေး ပြုံးလျက် ...

"မြတ်က ဝါသနာရှင် အဆင့်လောက်ပဲ ပါတာပါ။ အားကစားသမား တစ်ယောက် ဖြစ်ဖို့အထိတော့ မရည်မှန်းထားခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မြတ်ရဲ့ ဝါသနာရှင်အဆင့်က ပညာရှင်အဆင့်လောက်ကို ရှိပါတယ်၊ မြတ် နောက်တစ်ပွဲကစားရင် ကိုယ်နဲ့ကစားနိုင်မလား။ ခက်ခက် ... ဖြစ်တယ်မလား"

သူက ခက်ခက်ကိုပါ ခွင့်တောင်းသလို ပြုံးကြည့်လိုက်လျှင် ခက်ခက်က ဝမ်းသာအားရ ပုံစံဖြင့်ပင် ...

"အမယ်လေး ... သိပ်ဖြစ်တာပေါ့။ ရိုက် ... ရိုက် ... ခက်က မြတ် အဖော်မရှိလို့ ရိုက်ပေးတာ၊ ခန္ဓာကိုယ်လည်း ထိန်းအောင်လို့၊ ခက်က တစ်ပွဲဆို အိနေပြီ"

ခက်ခက်ဘက်ကိုတော့ အဆင်ပြေသွားပြီ။ သူက မြတ်မြတ်ကို မေးဆတ်ပြလိုက်ရင်း ...

"ရလား မြတ်။ ကိုယ်နဲ့ ကစားနိုင်မလား"

"ကစားတာပေါ့။ သားဖော် ကြည့်ရတာလည်း တော်မဲ့ပုံပါ။ မြတ်ကိုတော့ အရမ်းမမောင်းနဲ့ဦးနော်"

"မမောင်းပါဘူး။ နောက် အဆင်ပြေရင် ခမြဲကစားလို့တောင် ရသွားပြီပဲ။ အနိုင်အရှုံး သတ်မှတ်ရင် မကောင်းဘူးလား မြတ်မြတ်"

"ကောင်းတာပေါ့၊ ဒါမှ ပွဲက ပိုသွက်မှာ"

သူတို့စကားကို ခက်ခက်ကပါ လက်ခုပ်တီးရင်း ...





"ကောင်းတယ်၊ ကောင်းတယ်၊ ရှုံးတဲ့လူက ညစာလိုက်ကျွေးကြေး။ နိုင်တဲ့လူကလည်း ကျွေး။ မကောင်းဘူးလား။ ငါလည်း ကြားထဲက စားရတာပေါ့၊ အဟင်း ဟင်း ..."

"အံမာ ... မိခက်တို့က ဒါပဲ ချောင်းနေတာပဲ"

မြတ်မြတ်က သူ့သူငယ်ချင်းကို ချစ်စနိုးနှင့် နှုတ်ခမ်းစူပြောတာကို သူက မြတ်နိုးစိတ်ဖြင့် ငေးကြည့်နေမိလေသည်။

သူငေးနေတာကို မြတ်က ဖျတ်ခနဲ လှည့်ကြည့်သောအခါ သူနှင့် မြတ် ကြားထဲမှာ ရင်ခုန်သံ လှိုင်းလေးတစ်ခု ဖြတ်စီးသွားခဲ့ပါသည်။ ချက်ချင်းပင် သူ့ခေါင်းထဲ အတွေးတစ်ခု ဝင်လာကာ ...

"ကျွေးတာက နှစ်ယောက်စလုံး ကျွေးပေါ့၊ ဒါပေမဲ့ ရှုံးတဲ့သူက နိုင်တဲ့သူ ခိုင်းတာကို လုပ်ပေးကြေးလေးပါ ထည့်ရအောင်။ ဒါမှ ပိုမိုက်မယ်"

"ဟယ် ... ဘာခိုင်းမှာလဲ။ ဘာလုပ်ရမှာလဲ ကြိုပြောထားဦးလေ"

ကာယကံရှင် ပြိုင်ဘက်က မစိုးရိမ်ဘဲ အေးအေးဆေးဆေး ပြုံးနေသလောက် ကြားလူဖြစ်သော ခက်ခက်က စိုးရိမ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ကာ ခိုင်းရမှာပေါ့။ တစ်ခုခုပေါ့ဗျာ။ လိုချင်တာ ဝယ်ခိုင်းလို့ ရတယ်၊ တစ်ဖက်သား တတ်နိုင်တာ တစ်ခုခု ပေါ့။ အဲဒါ မကောင်းဘူးလား"

သူက အသက်ဆိုင်ဆုံးဖြစ်သည့် မြတ်မြတ်ကို ဦးတည် မေးလိုက်သည်။ မြတ်မြတ်က တွေဝေစဉ်းစားနေဟန် မရှိဘဲ ပေါ့ပေါ့ပါးပါးပင် တစ်ချက်ပြုံးလိုက်ကာ ...

"အို့ခေ ... ကစားတာပေါ့။ ဒါမှ ပွဲက ပိုသွက်မှာ၊ တစ်ခု တော့ ရှိတယ်၊ မလွှဲကြေးပေါ့နော်၊ ကိုယ်ပညာ ရှိသလောက် ထည့်ရိုက်ရမယ်၊ မြတ်ကို မိန်းကလေးမို့ အားနာတာမျိုး မလိုချင်ဘူး၊ ဒါကို သဘောတူမှ။ မြတ်က ရိုက်ကြည့်တာ နဲ့ တစ်ဖက်လူ လျှို့မလျှို့ သိတယ်နော်"

သူ့ကို လက်ညှိုးလေးထိုးကာ ပြောသော မြတ်ရဲ့ ပုံစံလေးကို နှစ်ခြိုက်စွာ ပြုံးပြရင်းမှ ခေါင်းညိတ်ပြလိုက်ပါသည်။

"ကိုယ်ကလည်း အဲဒါကိုပဲ ပိုလိုလားပါတယ်"

"ဒါဆို စကြစို့"

သူက ရင်ထခုန်ခုန်နှင့်ပင် ကွင်းတစ်ဖက်မှာ နေရာယူလိုက်ပါသည်။ ဒိုင်က ခက်ခက် လုပ်မှာမို့ ခက်ခက်က သူ့ဆော်ဒါကို လက်မထောင်ပြနေတာကို တွေ့လိုက်ရ၍ သူလည်း ဒီအချိန်မှာ သူ့သူငယ်ချင်းတွေကို အထူးပဲ သတိသွားရလေသည်။





ကွင်းရဲ့တစ်ဖက်မှာ နေရာယူသော မြတ်မြတ်ရဲ့ နှုတ်ခမ်းမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသော အပြုံးလေးတစ်ခု တွဲခိုနေလျက် သက်သောင့်သက်သာပင် ရှိပါသည်။ သူကတော့ အနည်းငယ် ရင်ခုန်နေမှန်း ကိုယ့်ဘာသာပင် သိသည်။ ကိုယ်ချစ်သော မိန်းကလေး တစ်ယောက်နှင့် ပြိုင်ပွဲကစားရတာလောက် ကြည်နူးရွှင်ပျော်စရာကောင်းတာ ရှိပါ့မလား။

ပြီးတော့ သာမန်ပြိုင်ပွဲလည်း မဟုတ်။ အရှုံးအနိုင် အပြင် လောင်းကြေးထပ်ထားသော ကစားပွဲတစ်ခု။ သူ နိုင်လျှင် မြတ်မြတ်ထံ တောင်းဆိုဖို့ ရင်ခုန်ရသလို မြတ်မြတ်က နိုင်သွား ခဲ့လျှင်လည်း သူ့ကို ဘာခိုင်းမလဲ ရင်ခုန်ရပါသည်။

ဟင်း ... ဘယ်လိုပဲ ဖြစ်ဖြစ်။ ကိုယ် နိုင်လည်းနိုင် ချင်တယ်။ ရှုံးလည်း ရှုံးချင်တယ် မြတ်ရယ်။ ကိုယ် အကောင်း ဆုံးတော့ ကြိုးစားသွားမှာပါ။ နိုင်သွားခဲ့ရင်တော့ ကိုယ် တောင်း ဆိုမှာ တစ်ခုတည်း။ မြတ်မြတ် ပေးချင်မှလည်း ပေးပါ။

"စပြီနော် ... ရယ်ဒီ"

မြတ်မြတ် စတင်ပေးလိုက်သော ဘောလုံးဝါဝါလေး က လေထုထဲကနေ လှပစွာ ပျံတက်လာပါသည်။ ပေးပုံကအစ ပညာသားပါကာ ရိုက်ချက်ကောင်းလှသော မြတ်မြတ်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားယှဉ်ပြိုင်ရမည့်မှန်း သဘောပေါက်လေသည်။ ပွဲအစတုန်းထဲက ကြည့်ကောင်းလှသော သူနဲ့ မြတ်မြတ်ရဲ့ ရိုက်ချက်တွေဟာ ပထမတစ်ပွဲ ပြီးသွားသည်အထိ သရေအတူတူပင်။ ချွေးစို့နေသော မြတ်မြတ်ရဲ့ မျက်နှာလေးဟာ နီရွှေးရွှေးဖြင့် တည်တာလည်း မဟုတ်၊ ရယ်ထားတာလည်း မဟုတ်ဘဲ ပြုံးစစ မျက်နှာလေးဟာ အတော် အသည်းယားဖို့ ကောင်းလေသည်။

မြတ်မြတ်ဟာ သေချာကြည့်လေ ချောလေ။ စေ့စေ့ကြည့်လေ ပို့ပိုလှလေဆိုသော အစားထဲက ဖြစ်ပါသည်။ မြတ်မြတ်လှပုံဟာ ရူးရှူပြင်းသည့် အလှမျိုးလည်း မဟုတ်၊ အေးချမ်းသော ငြိမ်ငြိမ်အလှမျိုးလည်း မဟုတ်ဘဲ ဘာအလှမှန်း ပြောမရသည့် အလှမျိုးပဲ ဖြစ်ပါသည်။

အင်း ... ကျက်သရေရှိတဲ့ အလှမျိုးပဲ ပြောပါတော့။ မြင်လိုက်တာနှင့် ထက်မြက်ခြင်း၊ ထူးချွန်ခြင်း၊ စိတ်ရင်းကောင်းခြင်းတို့ဟာ မျက်နှာမှာ ထင်ဟပ်နေတတ်သော ဤအမျိုးသမီးဟာ ဆံပင်ရဲ့ကောင်းခြင်း၊ အသားအရေရဲ့ လှပခြင်း၊ ရုပ်ရည်ရူပကာ ချောမောကျက်သရေရှိခြင်းတို့ ပေါင်းလိုက်သောအခါ အမြဲငေးနေချင်စရာ ဖြစ်သွားခဲ့ပါသည်။ ဒီကြားထဲ စကားပြောပုံ ဆိုပုံ လှုပ်ရှားနေပုံကအစ ကြည့်ကောင်းလွန်းတာကြောင့် မြတ်မြတ်ဟာ





သူ့အတွက်တော့ မျက်လုံးထဲက မထွက်ချင်စရာ ဖြစ်နေခဲ့လေသည်။

တကယ်ပါပဲကွာ၊ ရည်းစားတွေလည်း အများကြီးထားခဲ့ဖူးပါတယ်၊ ချစ်သလိုလိုတွေလည်း ရှိခဲ့ဖူးပေမဲ့ ဒါတွေဟာ ခုချိန်မှာ ဘာမှကို မဟုတ်တော့ပါဘူး မြတ်မြတ်ရယ်။ ဘာမှမဟုတ်တဲ့ မွှားမွှားလေးတွေ ဖြစ်ကုန်ပါပြီ။ အချစ်ဆိုတာ ဖစ်ယောက်တည်းမှာပဲ ဖြစ်ပေါ်တဲ့ သီးသန့်ခံစားချက်သက်သက်တစ်ခုပဲ မဟုတ်လား မြတ်ရယ်။

ဒုတိယပွဲ ကစားသည့်အထိလည်း သူနှင့် မြတ်မြတ်က မတိမ်းမယိမ်း။ သူ့မသာ ကိုယ်သာပင်။ မြတ်မြတ်ရဲ့ ကစားကွက်တွေက သူ့ထက်ပင် ပိုပညာသားပါလှပါသည်။ လက်ဖျံသုံးကာ၊ လက်မောင်းသုံးကာ ရိုက်လိုက်သော ရိုက်ချက်တွေဆို သူ တော်တော် ခုခံကာကွယ်နေရပါသည်။

ပွဲပြီးကာနီးလေ မြတ်မြတ်ရဲ့ ရိုက်ချက်တွေက ပိုသွက်လာလေ ဖြစ်တာမို့ သူ အလူးအလဲ ခုခံနေရလေသည်။ မြတ်မြတ်ရယ် ... မင်းဟာ အားကစားဘက်မှာလည်း ထူးချွန်လွန်းတာပါပဲလား။ မင်းသာ ကြိုးစားမယ်ဆို အာဆီယံရွှေတွေတောင် တန်းစီနေဦးမလား မသိပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်ကတော့ သူ့သူငယ်ချင်းဘက်ကို ဝမ်းသာအားရ အားပေးနေတာမို့ ဒီပွဲမှာ နိုင်ခြေများသူသည် မြတ်မြတ်ပဲ ဖြစ်နိုင်ပါသည်။ မြတ်မြတ်ရဲ့ မျက်နှာပေါ်မှာလည်း အပြုံးရိပ်တစ်ခုဟာ ပိုမိုထင်လာလေလေ သူ ပိုမောလာရလေလေပဲ ဖြစ်လေသည်။ အရှိန်ကောင်းကောင်းဖြင့် ယှဉ်ပြိုင်နေဆဲမှာပင် ပွဲပြီးခါနီး သူ တင်ပေးလိုက်သော ဘောလုံးကို ခုန်၍ရိုက်လိုက်သော မြတ်မြတ်ဟာ မထင်မှတ်စွာနှင့်ပင် ခြေခေါက်လဲကျသွားခဲ့ပါသည်။

"ဟာ ... မြတ်မြတ်"

ချက်ချင်းပင် မြတ်မြတ် အနားသို့ စိုးရိမ်တကြီး ရောက်သွားခဲ့ပါသည်။ ခက်ခက်ကလည်း ခုံပေါ်မှ အပြေးဆင်းလာကာ ရောက်လာခဲ့လေသည်။ လဲကျနေသော မြတ်မြတ်ဟာ မထနိုင်သေးဘဲ ခြေခေါက်လဲနေတုန်းပင်။ နာကျင်နေဟန်ရှိသော ဒူးခေါင်းကိုဖိကာ ရှုံ့မဲ့နေပါသည်။

"မြတ်မြတ် ဘယ်နေရာ နာသွားလဲ၊ လက်လား"

ခက်ခက်ကတော့ မြတ်မြတ်ကို စိုးရိမ်စွာနှင့်ပင် လက်တွေ ဘာတွေ အဆစ်လွဲမှာကို စိတ်ပူနေဟန် တူပါသည်။ အင်းလေ ... ပွဲက သန်ဘက်ခါကိုး။ သူကတော့ သေချာပေါက်နိုင်တော့မည့် အခြေအနေမှ မတော်တဆ ခြေခေါက်လဲသွားရရှာ





သော မြတ်မြတ်ကိုပဲ သနားကြင်နာခြင်း ကြီးစွာဖြင့် အားနာကရုဏာ သက်ရလေသည်။

"မြတ်မြတ် ရလား။ ထနိုင်ရဲ့လား"

"အား ... ကျွတ် ... ကျွတ် ...၊ ရတယ် ... ရတယ်၊ ခက်ရေ ... ထူပါဦး"

ခက်ခက် တွဲထူမှသာ မြတ်မြတ်က ထော့နင်းထော့နင်းဖြင့် ထလာနိုင်ကာ ထိုင်ခုံမှာ သွားထိုင်နိုင်ပါသည်။ မောတာရော၊ နာကျင်ရတာရော နှစ်မျိုးပေါင်း ရောခံစားနေရသော မြတ်မြတ်ကို သူက ကြင်နာစွာ ငုံ့မိုးကြည့်ကာ ပွန်းကာရဲနေသော ဒူးကိုလည်း ကြင်နာစွာ ကိုင်ကြည့်ချင်စိတ်တွေ တဖွားဖွား ပေါ်နေလေသည်။

"မြတ်မြတ် အရမ်းနာနေလားဟင်"

"အင်း ... ရပါတယ်၊ တအား မနာပါဘူး၊ ချော်လဲရုံလောက်ပါ"

"ဆေးလိမ်းပါလား မြတ်၊ ခဏလေး ဆေးသွားယူပေးမယ်"

သူက ကားရပ်ထားရာဘက်သို့ ချက်ချင်းပြေးကာ ဒက်ရှ်ဘုတ်ထဲ ဆောင်ထားလေ့ရှိသော ဒဏ်ကြေလိမ်းဆေးဘူးလေးကို ယူလျက် ချက်ချင်းပင် ပြန်ရောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လိမ်းပေးချင်လှလွန်းသော်လည်း မတတ်သာလွန်းသဖြင့် ခက်ခက်ရဲ့ လက်ထဲကိုပဲ ထည့်ပေးလိုက်ရလေသည်။ ခက်ခက်က ဆေးဘူးဖွင့်ကာ မြတ်မြတ်ကို ကြင်နာစွာ လိမ်းပေးရှာပါသည်။

"သက်သာရဲ့လား မြတ်"

မြတ်မြတ်သည် နာကျင်နေသည့်ကြားမှ ခက်ခက်ကို အကြည်လင်ဆုံး ပြုံးဖြစ်အောင် ပြုံးပြလိုက်သေးသည်။ တင်းနစ်ဝတ်စုံ အဖြူရောင်ဖြင့် ခပ်ပုံ့ပုံ့လေး လဲကျနေသည့်ကြားမှ ပြုံးဖြစ်အောင် ပြုံးပြလိုက်သော အပြုံးနှင့် ဖဲကြိုးဖြူတစ်စလို ခပ်လွှင့်လွှင့် လှနေသော အလှအပသည် သူ့ကို အထိကြီး ထိစေသည်။

အစောကလောက် နာကျင်ဟန် မရှိတော့ဘဲ မြတ်ရဲ့ မျက်နှာလေးက ပြန်ပြုံးလာတော့လျက် ...

"အင်း ... သက်သာပါပြီ၊ ရပါတယ်၊ ကောင်းသွားမှာပါ၊ ကျေးဇူးပဲ သားဇော်၊ ဒါဆို ဒီပွဲမှာ မြတ် ရှုံးသွားပြီပေါ့နော်၊ သားဇော်ကို မြတ် ဘာလုပ်ပေးရမလဲ၊ ဒါမှမဟုတ် သားဇော် ဘာလိုချင်သလဲ"





တကယ်ဆို ဒီပွဲမှာ သေချာပေါက် နိုင်မည့်သူသည် မြတ်မြတ်ပဲ ဖြစ်ပါသည်။ ဒါပေမဲ့ ထင်မှတ်မထားခဲ့သော ကံကြမ္မာ အလှည့်အပြောင်းကြောင့် တစ်ခဏတွင်းမှာပင် မြတ်ဟာ ရှုံးနိမ့်သူ ဖြစ်သွားခဲ့ရပြီ။ တကယ်တမ်း တွက်ကြည့်လျှင် သူ နိုင်ခဲ့သည်ဟု မဆိုနိုင်ပါလား မြတ်ရယ်။

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ...

"ခက်ခက်လည်း သိပါတယ်၊ ဒီပွဲမှာ ကျွန်တော် နိုင်ခဲ့တယ်လို့ မဆိုနိုင်ဘူးမလား။ မတော်တဆကြောင့်သာ မြတ် လဲသွားလို့ပါ"

ခက်ခက်က မျက်လုံးအဝိုင်းသားဖြင့် ငေးနေတုန်းမှာပဲ မြတ်မြတ်က လက်ဝါးလေး ထောင်ပြလျက် ...

"မဆိုင်ဘူးလေ သားဇော်၊ မတော်တဆ ဆိုပေမဲ့ ဒါ မြတ်ရဲ့ ချို့ယွင်းချက်ပဲလေ၊ မြတ်ရဲ့ အားနည်းချက်ကြောင့် တစ်ဖက်လူ အနိုင်ရသွားခဲ့တာပဲ ...

ဒါကို မတရားဘူးလို့ မှတ်ယူလို့ မရပါဘူး။ ပြိုင်ဘက်ရဲ့ ပယောဂလည်း မပါဘဲ မြတ်ရဲ့ပေါ့ဆမှုကြောင့် မြတ် ဖြစ်တာပဲဟာ။ ဘာမှ အပြစ်ဖြစ်စရာ မလိုပါဘူး။ ဒီပွဲမှာ သားဇော် နိုင်တယ်၊ မြတ် ရှုံးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မြတ်ရယ်"

"တော်ပါတော့ သားဖော်ရယ်၊ သားဖော်လည်း ကစားတဲ့ စည်းကမ်းတွေ သိနေတာပါပဲ။ မြတ် ပြောတာ ဟုတ်,မဟုတ် နားလည်မှာပါ၊ မြတ်ကို အားနာစရာ မလိုပါဘူး"

အင်း ... မြတ်မြတ် ပြောတာလည်း နည်းလမ်းကျ မှန်ကန်နေတာပါပဲလေ။ ဘာပဲပြောပြော မြတ်ရယ်၊ ကိုယ် ဝမ်းလည်းသာတယ်၊ စိတ်လည်း မကောင်းပါဘူး၊ မသက်မသာဖြစ် နေဟန်ရှိသော သူ့ကိုပင် မြတ်မြတ်က စနိုးတာဝါလေးတစ်ခု ကမ်းပေးလာကာ လတ်ဆတ်သော အပြုံးလေးတစ်ပွင့်ဖြင့် မေးဆတ်ပြရင်း ..

"ကဲ ... ဘာတောင်းဆိုမလဲ၊ ပြော"

"အခုတော့ ရုတ်တရက်ကြီးဆိုတော့ ဘာတောင်းရမှန်း မသိသေးပါဘူး။ အချိန်နည်းနည်း ပေးပါလား"

မြတ်မြတ်က စဉ်းစားသလို တစ်ချက်တွေးရင်းမှ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီးတော့လျှင် ...

"ကောင်းပြီလေ၊ အမှန်တော့ မြတ်က ခုပဲ သိချင်တာ၊ ဒါပေမဲ့ ထားလိုက်ပါတော့၊ တစ်ခုတော့ ရှိတယ်၊ အကယ်၍ တောင်းဆိုမှုဟာ မြတ် လိုက်လျောနိုင်တဲ့ အရာမဟုတ်ရင် မြတ် ငြင်းခွင့်ရှိတယ်နော်"





"မြတ်မြတ် ဆန္ဒရှိမှ ပေးပါ"

မြတ်မြတ်က ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ပြုံးရင်း နှုတ်ဆိတ်သွားပါသည်။ အခြား အာလာပသလ္လာပပြော ပြီး သိပ်မကြာမီပဲ သူ့ကို နှုတ်ဆက်ကာ အဝတ်လဲခန်းတွေဘက် ထွက်သွားပြီး အဝတ်အစားလဲ၍ ပြန်ထွက်လာကာ ကားပေါ်မှ ပင် နှုတ်ဆက်လက်ပြကာ မောင်းနှင်ထွက်ခွာသွားပါသည်။

သူကတော့ ထိုင်နေရာမှပင် ကားနောက်မြီး ပျောက် ကွယ်သွားသည်အထိ ငေးမောကြည့်ကာ ကျန်နေရစ်လေသည်။ ကိုယ့်ကိုလည်း မလှုပ်နိုင်အောင် ချည်သွားသေးတာပါပဲလား မြတ်မြတ်ရယ်။ ကိုယ် တောင်းဆိုမဲ့ အရာဟာ မြတ်မြတ် ပေး နိုင်လောက်မဲ့ အရာမျိုး ဟုတ်ချင်မှ ဟုတ်မှာပါ။ ဘာပဲဖြစ်ဖြစ် အတိတ်ကို ထည့်သွင်းမစဉ်းစားပါနဲ့လား မြတ်မြတ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com





"အံ့ပါရဲ့ မြတ်မြတ်ရယ်၊ ကိုယ့်အသားကိုများ အနာခံရတယ်လို့။ ငါ့မှာတော့ နိုင်ကာနီးမှ ကပ်ရှုံးရလေခြင်းဆိုပြီး သနားလိုက်ရတာ၊ ဩော် ... ချော်လည်း လဲသေးတော့ နာမှာပဲဟဲ့ ဆိုပြီး သူကတော့ အကြဲဆိုးကြီးနဲ့ကိုး၊ ဟွန်း ကျုး (ကြည့်ဦး)"

ခက်ခက်ရဲ့ တပူပူ တဆူဆူ အပြစ်တင်သံကို မြတ်မြတ်က သူ့ဝသီအတိုင်း ခပ်အေးအေး အပြုံးတစ်ခုနှင့်သာ





ရင်ဆိုင်တုံ့ပြန်ကာ သားဖော်ကို ဖြန့်မပေးဖိုက်ရပဲ ပါလာသော ဒဏ်ကြေလိမ်းဆေးဘူးလေးကို လှည့်ပတ်ကြည့်ရှုကာ နှုတ်ဆိတ် အသာပြုံးလျက် ရှိနေလေသည်။

"နေပါဦး၊ ဒါက နင့်ရဲ့ လျှပ်တစ်ပြက် အတွေးလား၊ ဒါမှ မဟုတ် အကွက်ချတဲ့ အတွေးလား၊ နင့်ကိုတော့ ငါ လိုက်မမိတော့ဘူး"

"အားလုံးဟာ ဒီလိုဖြစ်ဖို့ အကြောင်းဖန်လာခဲ့တာတွေချည်း ပါပဲဟာ။ သူနဲ့ အဲဒီမှာ သွားဆုံခဲ့တာလည်း တိုက်ဆိုင်မှု သက်သက် တစ်ခု၊ ကစားဖို့ စဝင်ဝဲလ်ကမ်း လိုက်တာ လည်း သူပဲ၊ အနိုင် အရှုံး ဃောင်းကြေးသတ်မှတ်တာ လည်း သူပဲ။ အားလုံး နင့်အမြင်ပဲလေ။ ငါ ကြိုတင်ဖန် တီးတာ ဘာတစ်ခုမှ မပါဘူး ...

ပြီးတော့ သူနဲ့ငါ အသေအကြေကို ဖိုက်ခဲ့ကြတာ လည်း နင့်အမြင်ပဲ မဟုတ်လား"

"အေးလေ ... ငါလည်း အဲဒါကို ပြောတာပေါ့၊ ဒီလောက် ဖိုက်ခဲ့ရသားနဲ့ နင်က ဘာလို့ ချော်လဲပေးလိုက်ရတာလဲ"

မြတ်မြတ်က ခက်ခက်ကို ကလေးတစ်ယောက်လို ချစ်စနိုး ပြုံးကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ချော်လဲမပေးရင်လည်း ငါ နိုင်တော့မှာပဲလေ ခက်ရဲ့။ ပြီးတော့ ငါက ငါ့အစွမ်းကိုလည်း ပြချင်သေးတာကိုးဟဲ့။ ဒါကြောင့် မောင်းပေးလိုက်တာပဲ။ ငါတို့ ရိုက်နေကတည်းက သူ ကြည့်နေတာပဲဟာ။ ငါ့လက် အခြေအနေကိုလည်း သူသိနေမှာပဲ။ ဒါကို ငါက လျှော့လိုက်ရင် သူ ဘယ်လို ထင်မလဲ။ ခုတော့ ငါလိုချင်တာနဲ့ ကွက်တိပဲ။ သူဟာ နိုင်ပင် နိုင်သော်ငြား အပြည့်အဝ မနိုင်ပါဘူး။ သူ့အီလည် လည်တော့ ဖြစ်နေမှာပဲ"

ခက်ခက်က ငြိမ်သက် စဉ်းစားနေပြီးမှ ...

"သူ ဘာတောင်းဆိုမယ်လို့ နင် ထင်လဲ"

"အချစ်ပဲပေါ့"

"ဟင် ... ဒါဆို နင်က ချက်ချင်းကြီး ပေးတော့မှာလား"

မျက်လုံးပြူးကာ နှုတ်ခမ်းအဝိုင်းသားဖြင့် ရှေ့တိုး မေးလာသော ခက်ရဲ့နှာသီးဖျားလေးကို မြတ်က အသည်းယားစွာ ဖျစ်ညှစ်ဆွဲလိမ်ဝစ်လိုက်ရင်းမှ ထိုင်ရာနေရာက ထရပ်လိုက်ကာ ...

"ဘယ်ပေးပါ့မလဲ ခက်ရယ်။ ငါ သူ့ကို ချစ်ပင် ချစ်ငြား အမြင်လည်း ကတ်တယ်ဟဲ့။ ဒါကြောင့် သင်ခန်းစာလေး ဘာလေးလဲ နည်းနည်းပါးပါး ပေးရဦးမှာပေါ့"





"ကောင်းတယ်၊ ကောင်းတယ်၊ ဒီလိုမှပေါ့၊ ဘာတွေပေးမှာလဲဟင်"

"ဒါက တော့ပ်စီးကရက်ခ်လေ"

"သရဲမ"

ချက်ချင်း အလိုမကျရိုပ် ပြန်သမ်းသွားသော ခက်ခက်ကို မြတ်က တဟားဟားဖြင့် သဘောတကျရယ်ရင်း အချစ်တွေရဲ့ မတူကွဲပြားလှပုံတွေ အကြောင်းကိုပါ တွေးမိရပါသည်။ မြတ်က ခက်ကို ချစ်ရတဲ့အချစ်၊ မောင်လေး သူရကို ချစ်ရတဲ့ အချစ်၊ ဖေဖေ မေမေတို့ကို ချစ်ရတဲ့ အချစ်တွေဟာ နာမည်ကွဲသွားပေမဲ့ ခံစားပုံမျိုးက အတူတူပဲ ဖြစ်ပေမဲ့ သားဇော် အပေါ်မှာကျတော့ ဘာကြောင့်များ ရင်ခုန်စဲ့ အသွင်ပြောင်း ချစ်စိတ်တွေ ဝင်လာခဲ့ရသလဲကွယ်။ အချစ်ဆိုတာ ဘယ်ကစတဲ့ အရာလည်း မြတ်ဘာသာကိုမြတ် မသိနိုင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com





ယနေ့ဟာ သူတို့ရဲ့ အရောင်းမြှင့်တင်ပွဲနေ့ပဲ ဖြစ်ပါသည်။ ပွဲဟာ ထင်ထားတာထက်ကို စည်ကားသိုက်မြိုက်နေခဲ့ပါသည်။ ဒါဟာ မြတ်မြတ်ရဲ့ စွမ်းဆောင်ချက်တွေဆိုတာ သူ အသိအမှတ် မပြုဘဲနှင့် မနေနိုင်ပါ။ မြတ်မြတ်ရဲ့ ကြိုးစားမှုတွေဟာ ဒီနေ့မှာ အကောင်အထည် ပေါ်လာတာကို သူ မြတ်မြတ်ကိုယ်စားပင် ဝမ်းသာပီတိ ဖြစ်ရပါသည်။





မြတ်မြတ်ကို ကြည့်လိုက်တော့လည်း အရင်ကထက် များစွာ ကြည်နူးတက်ကြွသည့် အသွင်သဏ္ဌာန် အပြည့်ဖြင့် မြင်ရပါသည်။

အင်း ... ဒီနေ့မှာတော့ တစ်ရုံးလုံးကို ကျွန်မ ဘယ်လောက်ချောသလဲ သိပြီလားလို့ ဖွင့်ချပြလိုက်တာနဲ့ မတူပေဘူးလား မြတ်မြတ်ရယ်။ သူတို့ရုံးကလူတွေဟာ အနှစ်နှစ်အလလက မမြင်ဘူးခဲ့တဲ့ လူတွေလို ငေးမောကြည့်နေလိုက်ကြတာ။

အင်းလေ ... မမြင်ဖူးဘူးပဲ ပြောပါတော့။ သူတို့နေ့စဉ်ဆုံတွေ့ ပတ်သက်နေရတဲ့ မြတ်မြတ်က ဒီလိုပုံမျိုးဝေးစွ သာမန်ကာလျှံကာလောက် မြင်ဆင်တာတောင် တွေ့ခဲ့ဖူးတာမှ မဟုတ်တာ။ ဒီ မြတ်မြတ်ကတော့ နောက်တစ်ကိုယ် ရောက်လာသလား ထင်ရအောင် ကွဲပြားခြားနားလွန်းပါသည်။ ဒါတောင် အပြောအဆို၊ အရယ်အပြုံး သွားပုံလာပုံတို့ဟာ အရင်ကပုံမျိုး အတိုင်းမို့သာ။ အချိုးကျ ပြေပြစ်လှတဲ့ လှပ်ရှားပုံတို့ဟာ အခုမှ အင်မတန်ချောတဲ့ ရုပ်ရည် ကိုယ်ဟန်အမူအရာတို့နှင့် ပေါင်းစပ်လိုက်သောအခါ မြတ်မြတ်ဟာ ဒီပွဲကို လာသမျှ မိန်းမတွေထဲမှာ အချောဆုံး အလှဆုံး ကွင်းန် ဖြစ်သွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရိုင်နှာတစ်ယောက် ဝီသစ္စာ မြတ်မြတ်ရဲ့ ဝတ်စုံဟာလည်း ရိုးရှင်းသလောက် အဆင့်မြင့် အထက်တန်းကျ လှပလွန်းလှတာ မြင်သူတိုင်းက ထုတ်ဖော် ချီးကျူးရတဲ့အထိ။ ဟောသာကပင် သူ့အနားသို့ ကပ်လာကာ ...

"ဘယ်လိုပါလိမ့်နော်။ မြတ်မြတ်က သူ လှတာကို တမင် ဖုံးထားသလိုကြီးများလား မသိပါဘူး"

"မသိပါဘူးဗျာ"

"ဟင်း ... သားဖော်ကလည်း ဘာမေးမေး မသိဘူးချည်းပဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာမှ မပြင်ရင်တောင် သိပ်လှမဲ့ မျက်နှာကို တမင်အရုပ်ဆိုးအောင် သနပ်ခါးတွေလိမ်းထားတာ စိတ်ဝင်စားစရာပဲ၊ ဘာလို့လို့ ထင်လဲဟင်"

"ကျွန်တော် မပြောတတ်ပါဘူး ဟောသာရယ်။ သိချင်ရင် မြတ်မြတ်ကိုသာ သွားမေးပါ"

"အို ... သူ့မေးလို့တော့ ဘယ်ကောင်းမလဲ။ ဟောသာ အစကတည်းက ထင်တော့ ထင်သား။ အလှအပကို သူများထက် ပိုမြင်တတ်၊ ပိုထွင်တတ်တဲ့ မြတ်မြတ်ဟာ ဒီလိုပုံကြီးနေတာ တစ်ခုခုတော့ တစ်ခုခုပဲလို့ ထင်သား ...





ဘာတစ်ခုမှန်းသာ မသိတာ။ နေဦး ... အဲဒီတစ်ခုကိုလည်း သိအောင်ကို လုပ်ဦးမှာ"

သိချင်စိတ်တွေ ပြင်းပြကာနေသော ဟောသာ့ကို သူက မသက်မသာပင် ကြည့်ကာ သက်ပြင်းကိုမဲ ကျိတ်ကာ ချမိနေလေသည်။ ဟောသာလိုပင် သိချင်ကြတဲ့လူတွေ နည်းမှာမဟုတ်။ အားလုံးဟာ ဘာလဲ ဘာလဲ၊ လဲပေါင်းများစွာနှင့် သိချင်နေကြမှာ အမှန်ပင်။

အရင်ကတော့ မလှမပ စိတ်ဝင်စားစရာ မကောင်းခဲ့သော မြတ်မြတ်နှင့် သူ့ကို တစ်မျိုးတစ်မည် ထင်ဖို့ရာ အကြောင်းမရှိပေမဲ့ ခုလိုချိန်ခါမှာတော့ အင်မတန်လှနေသည့် ပါတနာရွှယ်တူ နှစ်ဦးကို ဘယ်သူကများ မတွဲမိ မဟပ်စပ်မိ မစဉ်းစားမိဘဲ နေပါ့မလဲ။

ဒီနှစ်ယောက်ကို မြင်ရင် ဒါ လူကြီးချင်း သဘောတူထားလား၊ ဒါမှမဟုတ် သူတို့ကိုယ်တိုင်ချင်းပဲ ချစ်နေကြသလား ဆိုတာ စိတ်ဝင်စားမိကြမှာပဲလေ။ ဒါကြားထဲ မြတ်မြတ် ဖိတ်ကြားချက်အရ အထူးဧည့်သည်တော်အဖြစ် ရောက်ရှိနေသော မေမေနှင့် မြတ်မြတ်ဟာလည်း ပနာစားလွန်းလေရာ အားလုံးဟာ သူနှင့် မြတ်မြတ်ကို ဘာလဲ၊ အကြောင်းသိပြီးသား ဝန်ထမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာလဲရဲ့ ဘာလဲကို စိတ်ဝင်စားနေကြကာ ဒီပွဲဟာ ထင်ထားတာထက်ကို ပြောသံဆိုသံတွေ ညံနေလေသည်။

ဒီဟာစိတ်တွေများကာ ရှုပ်ထွေးလွန်းနေသော သူ့စိတ်တွေဟာ နောက်ဆုံးမှာတော့ ဆုံးဖြတ်ချက်ကို ပြတ်သားစွာ ချပစ်လိုက်ရင်း ပွဲပြီးဆုံးသွားချိန်မှာ အချိုရည်တစ်ဗူလင်းကို အေးအေးဆေးဆေး ထိုင်သောက်ကာ ပီတိစားမြို့တွေပြန်လျက် တစ်ယောက်တည်း တွေးနေဟန် ကျေနပ်နေဟန် ရှိသော မြတ်မြတ်ရဲ့ စားပွဲနားသို့ ခြေစုံရပ်မိလျက်သား ဖြစ်နေခဲ့ပါသည်။

"မြတ်မြတ်"

သူ့ခေါ်သံကြောင့် မြတ်မြတ်က ဖျတ်ခနဲ မော့ကြည့်လာပါသည်။

ဖန်စီဆံထုံးလေး ထုံးထားသဖြင့် ဝင်းပနေသော မျက်နှာလေးဟာ ထူးထူးကဲကဲ ဖေါ်လွင်နေတာကို သူ မှတ်သိပ်စွာ ငေးနေတုန်းမှာပင် မြတ်မြတ်က သူ့ကို အပြုံးအေးအေးလေး တစ်ခုဖြင့် တုံ့ပြန်လာပါသည်။

"ထိုင်လေ သားဖော်၊ ပင်ပန်းသွားပြီလား"

"ပင်ပန်းတာက မြတ်မြတ်ပါ။ ကိုယ် မြတ်မြတ် အတွက် အများကြီး ဂုဏ်ယူဝမ်းမြောက်ပါတယ်"





"အတူတူပဲ မဟုတ်လား သားဖော်ရယ်။ မြတ်မြတ်လို့ သီးသန့်မပြောပါနဲ့။ ဒီကုမ္ပဏီကြီးရဲ့ အောင်မြင်မှုဟာ အားလုံးရဲ့ အောင်မြင်မှုပဲပေါ့။ မြတ်မြတ်လို့ ခွဲခြားပြောလို့ မရပါဘူး။ အားလုံး အားလုံး နောက်ဆုံး သန့်ရှင်းရေး ဝန်ထမ်းကအစ ကောင်းကြပါတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မြတ်မြတ်လည်း အရမ်းကို ကြိုးစားခဲ့တာပဲ မဟုတ်ဘူးလား။ ဒါကိုတော့ မငြင်းပါနဲ့"

မြတ်မြတ်က သူ့ကို ချစ်စနိုး ပြုံးစိုက်ကြည့်လာလေသည်။ တစ်ဆိတ် အဲဒီလို မကြည့်ပါနဲ့လား မြတ်မြတ်ရယ်။ မင်း အဲဒီလို အကြည့်မျိုးတွေကို တခြားသူကို ကြည့်ရင်တောင် ကိုယ် မခံနိုင်လွန်းလို့ပါ။ အဲဒီအကြည့်လေးတွေဟာ ဘာမှုယာမာယာမှ မပါဘဲနှင့်ကို တစ်ဖက်သားကို ဆွဲဆောင်လွန်းလို့ပါ။

"ထားပါတော့။ မြတ် မငြင်းလိုပါဘူး"

"မြတ်မြတ်ကို ကိုယ် ဝန်ခံစရာတစ်ခု ရှိတယ်"

"ဘာများပါလိမ့်"

"အစက မြတ်မြတ်ကို ကိုယ် ဘယ်လိုပြောရမလဲ။ မြတ် ဒီလုပ်ငန်း ထပ်ချုပ်မှာကို ကိုယ် ဖြစ်နိုင်မယ် မထင်ခဲ့ဘူး။ ဒါပေမဲ့ မြတ်မြတ်က ဖြစ်အောင် လုပ်နိုင်ခဲ့တယ်"

www.burmeseclassic.com



"သြော် ... ဒါလား။ ဒါကလည်း သားဇော်ရဲ့ ကူညီပံ့ပိုးမှုတွေ အများကြီး ပါ,ပါတယ်။ မြတ်က နောက်ခံဘက်ဂရောင်းရှိလို့သာ ဒီလောက်ထိ လုပ်နိုင်တာပါ၊ မြတ်ဘာသာမြတ် အတော်လေး ရုန်းကန်ရမှာပါ"

"ကဲ ... ထားပါတော့လေ။ ကိုယ် ဘယ်လိုပဲ ပြောပြော မြတ်မြတ်က ရှောင်လွှဲနေဦးတော့မှာပဲ မဟုတ်လား။ ကိုယ်ပြောချင်တဲ့ အဓိကစကားက ဒါ မဟုတ်ဘူး"

"ဒါဆို ဘာလဲ။ မြတ် ရှုံးတဲ့အတွက် ရှုံးကြေးလား"

"အင်း ... ကိုယ် တောင်းဆိုမှာ အဲဒါနဲ့ သိပ်ညီမျှပါ့မလား မသိဘူး၊ ဒါပေမဲ့ ဒါက အကြောင်းသင့် တိုက်ဆိုင်သွားလို့ပါ။ အဲဒီဟာ မရှိခဲ့လည်း ကိုယ် မြတ်မြတ်ကို ဒီစကား ပြောဖြစ်မှာပါ"

"ဘာတွေပါလိမ့်နော်၊ မြတ် စိတ်ဝင်စားလာပြီ"

သိချင်စိတ်ကြောင့် တလက်လက် တောက်ပလာသော မျက်ဝန်းလေးတွေကို သူက ချစ်မြတ်နိုးစွာ ငေးကြည့်နေမိပါသည်။ သေချာပါတယ် မြတ်ရယ်။ မင်းကို ကိုယ် တိတိကျကျကြီး မချစ်ခင်ကတည်းက ဒီမျက်ဝန်းလေးတွေကို သံယောဇဉ်တွယ်ငြိခဲ့ရတာပါ။ တစ်ခါ တစ်ခါ ဖျတ်ခနဲ တောက်ပသွားတတ်တဲ့





ဒီမျက်နက်ဝန်းလေးတွေကို မသိစိတ်ထဲက တွယ်ငြိခဲ့တာ ကြာခဲ့ပြီပဲ မြတ်ရယ်။

ကျေးဇူးပြုပြီး ကိုယ့်ကိုတော့ ငြင်းပယ်လိုက်ပါနဲ့။

"မြတ်မြတ်ကို ချစ်တယ်"

"ရှင်"

အံ့သြသွားဟန် အပြည့်ရှိသော မျက်လုံးတွေထဲမှာ အရိပ်တွေ တစ်မျိုးပြီးတစ်မျိုး ဖြတ်ပြေးသွားတာကိုလည်း သူ တွေ့လိုက်ရပါသည်။ အထင်မလွဲပါနဲ့ မြတ်မြတ်ရယ်။ မင်း ချောမွန်း လှမှန်း သိလို့ ကိုယ်ချစ်သွားခဲ့တာ မဟုတ်ပါဘူး။ မင်းရဲ့ လှပတဲ့ ရုပ်သွင်ကို မမြင်ရသေးခင်ကတည်းက မျက်ဝန်းလေးကို သံယောဇဉ်တွယ်၊ ကိုယ့်ကို လက်ထပ်ရမှာ စိုးရွံ့လို့ ကိုယ်စိတ်ပျက်အောင် လုပ်ထားတဲ့ မျက်နှာဖုံးတစ်ခုကို သနားရင်းကနေ အဲဒီ သနပ်ခါးမျက်နှာလေးကိုပဲ ကိုယ် ချစ်သွားခဲ့ရတာပါ။

"ကိုယ့်ကို အထင်မလွဲပါနဲ့ မြတ်။ ကိုယ် မြတ်ကိုချစ်တာ ဘာအကြောင်းနဲ့မှ မဟုတ်ပါဘူး။ ကိုယ် ရည်းစားတွေ ထားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ကိုယ် အခုမှ ချစ်တတ်ခဲ့တာလို့ ပြောပါရစေ ...



www.burmeseclassic.com

www.burmeseclassic.com



မှန်တာတွေ ပြောပြရရင် ကိုယ် မြတ်ကို အစက မချစ်ခဲ့ပါဘူး။ ဒါပေမဲ့ တဖြည်းဖြည်း ပတ်သက်လာတာ ကြာလာတဲ့အခါမှာ မြတ်ရဲ့လုပ်ရည်ကိုင်ရည်တွေကို ချီးကျူးခဲ့ရသလို ခင်မင်မှုလည်း ဖြစ်ခဲ့ပါတယ် ...

အဲဒီအချိန်မှာပဲ မြတ်ဟာ ကိုယ့်ကို လက်မထပ်ချင်လို့ လုပတဲ့ရုပ်သွင်ကို တမင်ဖုံးထားမှန်း သိသွားခဲ့တဲ့ အချိန်ကစပြီး ကရုဏာသက်ခဲ့ရတယ်။ အဲဒီတော့မှပဲ ကိုယ်ဟာ အရင်က မချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ့်ကို လက်မထပ်နိုင်တဲ့ မိန်းကလေးမှန်း သိတော့မှ ကိုယ် ချစ်သွားခဲ့ရတယ် မြတ်ရယ်"

မြတ်မြတ်က ဘာစကားမှ မဆိုဘဲ နှုတ်ဆိတ်နေလေသည်။

"စိတ်ဆိုးသွားလား မြတ်"

"မဆိုးပါဘူး။ သားဇော် ပြောချင်တာ ဒါပဲလား"

"ဒါလောက်ပါပဲ။ ကိုယ့်ကို မြတ် စဉ်းစားပေးနိုင်မလား။ လက်ထပ်ဖို့ ခေါင်းညိတ်နိုင်မလား မြတ်ရယ်"

"သားဇော်လည်း မြတ် သဘောကို သိပြီးသားပဲ။ မြတ်က အစကတည်းက သားဇော်ကို လက်မထပ်လိုလို့ တမင်ပုံတုံးနေခဲ့တာလေ ...





သားဇော် ချစ်ခြင်း၊ မချစ်ခြင်းဟာ မြတ်ရဲ့ဆန္ဒကို မပြောင်းလဲစေနိုင်ပါဘူး"

သူ့ရင်မှာ ရုတ်တရက် လစ်ဟာသွားသလို ခံစားရလေသည်။ ပြတ်သားလှချည်လား မြတ်ရယ်။ ပြောမဲ့ပြောတော့လည်း ဒီစကားတွေကို မျက်နှာတစ်ချက် မပျက်ဘဲ ပြတ်ပြတ်သားသားကို ပြောထွက်ရက်နိုင်တာပါပဲလား။

သူ့ကို ရင်ဆိုင်တုံ့ပြန်ကာ ကြည့်သော မြတ်မြတ်ရဲ့ မျက်ဝန်းတွေက ရဲရင့်မှုဖြင့် ပိုမိုလှပ အသက်ဝင်နေလေသည်။ ကိုယ့်ကို မချစ်နိုင်ဘူးဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုမှ သည်းသည်းခိုက် ချစ်သွားမိလိမ့်မယ်လို့ ဆယ်တုန်းကမှ မတွေးခဲ့ဖူးပါဘူး။

ကိုယ် ဝဋ်လည်တာလား မြတ်ရယ်။ နှစ်ဖက်မိဘတွေချင်းလည်း သဘောတူကြည်ဖြူ၊ ကိုယ့်နှလုံးသားကလည်း လိုလိုလားလားကို တောင်းခံနေတဲ့ အချိန်မှာ ကာယကံရှင်ရဲ့ သဘောထား တစ်ခုတည်းနဲ့တင် ကိုယ့်ရင်ထဲက အချစ်တွေကို လွင့်ပစ်လိုက်ရတော့မလား မြတ်ရယ်။

"ဘာဖြစ်လို့လဲ မြတ်ရယ်။ ကိုယ့်ကို မယုံလို့လား၊ ကိုယ့်မှာ တခြားငြင်းစရာ ကြီးကြီးမားမားတော့ ရှိမယ်မထင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ရည်းစားတွေ ထားခဲ့တာကို မြတ် မကျေနပ်တာလား၊ အဲဒီအတွက်ကြောင့် ကိုယ့်ကို ချစ်ဖို့ တွေဝေနှောင့်နှေးနေတာလား"

"မဆိုင်ပါဘူး။ ဒါတွေ မြတ် မတွေးမိပါဘူး"

"ဒါဆို ဘာလဲ၊ ကိုယ့်ကို မြတ် မကြိုက်တာ မှန်သမျှ ပြောနိုင်ပါတယ်"

မြတ်မြတ်က သူ့ကို မပွင့်တပွင့် မျက်လုံးလှန်ကြည့်လိုက်တော့ပြီးလျှင် ဆုံးဖြတ်ချက် ယတိပြတ် ချလိုက်သည့်ပုံဖြင့် ...

"မြတ်မှာ ချစ်ရမဲ့သူ ရှိတယ်"

"ဗျာ"

သူ ဘယ်လိုမှ မျှော်လင့်မထားသော စကားဖြစ်ပါသည်။ မြတ်မြတ်ရဲ့ မျက်နှာကို နားမလည်သလို ငေးစိုက်ကြည့်နေတုန်းမှာပဲ မြတ်မြတ်က ခေါင်းကို တစ်ချက်ဆတ်လိုက်တော့ရင်း ...

"ဟုတ်တယ်။ မြတ် ချစ်ရတဲ့ လူတစ်ယောက် ရှိတယ် သားဖော်ရယ်။ သူ့ကို မြတ် လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ချစ်ခဲ့တာပါ ...

မြတ် နှလုံးသားကို သူပဲ စိုးမိုးထားလို့ မြတ် ဘယ်ယောက်ျားကိုမှ လက်ထပ်ဖို့လည်း စိတ်မကူး၊ ချစ်ဖို့လည်း စိတ်မကူးတော့ဘူး ...





ဒါကြောင့် မိဘတွေ သဘောကျကြီး အပြစ်ရယ်လို့ ထောက်ပြ ငြင်းစရာ မရှိတဲ့ သားဖော်ကိုလည်း ငြင်းရမှာ အားနာတာရော၊ နောက် မြတ်အနေနဲ့ အဲဒီတစ်ခဏမှာ စိတ်ညစ်တာရောကြောင့် သားဖော် ငြင်းချင်လည်း ငြင်းရလေအောင် ပုံတုံးတုံးကြီး နေခဲ့တာပါ။ ဒါကိုမှ သားဖော် ချစ်မိသွားတယ် ဆိုရင်တော့လည်း မြတ် တောင်းပန်ရုံပဲ ရှိတော့တာပေါ့လေ"

မြတ်မြတ်ရဲ့ စကားအဆုံးမှာ သူ ခေါင်းငိုက်စိုက် ကျသွားရပါသည်။ ဖြစ်ရလေ မြတ်မြတ်ရယ်။ အချစ်ဆိုတာ တကယ်ခါးသီးစေတတ်မှန်း ကိုယ် အခုမှ သိခဲ့ရတာပါပဲ။ ဘာဖြစ်လို့များ ကိုယ်တို့နှစ်ယောက်ကြားမှာ အချစ်ဆိုတဲ့ အရာတစ်ခု ဖြစ်ဖို့ ခဲယဉ်းရတာလဲကွာ။

"မြတ်မြတ်ရဲ့ ချစ်သူ ဆိုတာလားကွာရော"

"သူ မရှိတော့ပါဘူး။ အဝေးတစ်နေရာကို အပြီးထွက်သွားပြီ၊ မြတ်ကို အပြီးအပိုင် နှုတ်ဆက်လမ်းခွဲပြီး သွားပါပြီ"

"သြော် ... ကိုယ် စိတ်မကောင်းပါဘူး မြတ်မြတ်ရယ်၊ တကယ်စိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မြတ်အနေနဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် သူ့ကို မေ့နိုင်မဲ့အချိန်ရောက်ရင် ကိုယ့်ကို စဉ်းစားပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သားဇော်ကို မြတ် အားနာပါတယ်၊ ဖေဖေတို့က လည်း မြတ်ကို အိမ်ထောင်ချပေးဖို့ အတင်းနားချရင်တော့ မြတ်တို့မှာ ဖူးစာလည်း ပါလာမယ် ဆိုရင်တော့ မြတ်တို့ ဆုံစည်းနိုင်မှာပါ။ ဒါပေမဲ့ မြတ် လူတစ်ယောက်ကို သိပ်ချစ် ခဲ့ပြီးပြီမို့ သားဇော်အတွက် အချစ် ရှိ၊မရှိ မြတ် အာမခံ မပေးနိုင်ဘူး။ ဒါကိုတော့ သားဇော် စဉ်းစားရလိမ့်မယ်"

"ရပါတယ် မြတ်။ အချစ်ဆိုတာ ရယူခြင်းချည်းပဲ မဟုတ် ပါဘူး၊ မြတ် ကိုယ့်ကို ချစ်လာအောင် ကြိုးစားမှာပါ"

သူ့စကားကို မြတ်မြတ်က ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြုံးရင်း ...

"ထားပါတော့လေ၊ ဒီအကြောင်းတွေ မဆွေးနွေးတော့ပါ ဘူး။ ဘာပဲဖြစ်ဖြစ် မြတ်တို့က လုပ်ဖော်ကိုင်ဖက် မောင်နှမ တွေပဲ။ အရင်လို ချစ်ချစ်ခင်ခင်ပဲပေါ့။ ဟော ... ဟိုမှာ အန်ကယ် ရောက်လာပြီ၊ လာ ... သွားစို့"

ဖေဖေက နောက်မှရောက်လာတာမို့ သူနှင့် မြတ်မြတ် က ကြိုဖို့ရာအတွက် အပေါက်ဝထံ အတူလှမ်းလာခဲ့ကြပါသည်။ တွဲလျှောက်လာသော သူတို့နှစ်ဦးကို ပတ်ဝန်းကျင်က လေ့လာ ကြည့်ရှုနေတာကို သူကလည်း ရိပ်မိသလို မြတ်မြတ်ကလည်း ရိပ်မိစွာ သူ့အနားသို့ တိုးတိုးကပ်၍ ...





"မြတ်ရဲ့ ချစ်သူက ရှင်နဲ့သိပ်တူတယ် သိလား၊ ဒါကြောင့် တစ်ခါ တစ်ခါ မြတ်က သူ့အမှတ်နဲ့ ရှင့်ကို ငေးငေးနေ မိတာ"

သြော် ... ဒါကြောင့် တစ်ခါ တစ်ခါ မင်းကြည့်တဲ့ အကြည့်တွေဟာ တစ်မျိုးပါပဲလားလို့ ကိုယ် တွေးခဲ့မိတာပေါ့ မြတ်မြတ်ရယ်။

လက်စသတ်တော့ ကိုယ်က မင်းရဲ့ အချစ်ဟောင်းနဲ့ သွားတူနေခဲ့တာကိုး။ ဒါဆိုရင်လည်း လစ်ဟာနေတဲ့ မင်းရဲ့နှလုံး သားကို ကိုယ်နဲ့ပဲ ပြန်ဖြည့်လိုက်ပါလား မြတ်ရယ်။

ကိုယ်ဟာ အစားထိုးသူတစ်ယောက် ဖြစ်ခဲ့ရင်လည်း ကြည်ဖြူကျေနပ်စွာနဲ့ ဖြည့်ဆည်းပေးမှာပါ၊ ဘယ်သူမဆို ကိုယ့် ချစ်သူက ကိုယ့်ထက်ဦးစွာ လူတစ်ယောက်ကို ချစ်ခဲ့ပြီးပြီဆိုရင် နာကျင်ကြေကွဲရတာ မရှိဘဲ ဘယ်သူနေပါ့မလဲ။

ဒါပေမဲ့ မချစ်ဘဲနဲ့ရော ဘယ်သူ နေနိုင်လို့လဲ။ တကယ်တမ်း ချစ်လာပြီဆိုရင် မျက်စိတွေ စုံမှိတ်ထားကြရတာပဲ မဟုတ်လား မြတ်မြတ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com





လရောင်အေးအေးအောက်မှာ အပြုံးနွေးနွေးတစ်ခုဖြင့် ငြိမ်သက်တိတ်ဆိတ်ကာ အတွေးနယ်ချဲ့နေသော မြတ်ဟာ အတိတ်က ဖြစ်ရပ်တွေကိုလည်း တရိပ်ရိပ် စားမြုံ့ပြန်လျက်ရှိလေသည်။ မြတ် ချစ်မြတ်နိုးခဲ့ရသော လူတစ်ယောက် မြတ်ကို ချစ်လာခဲ့သည့် ကိစ္စဟာ မြတ်သည် အတော့်ကို ချစ်ကံကောင်းသော မိန်းမတစ်ယောက်ဟု ဆိုနိုင်ပါသည်။





အဘယ်ကြောင့်ဆိုသော် တစ်ဖက်သတ် အချစ်ပေါင်းများစွာကို မြတ် ကြုံတွေ့ဖူးခဲ့သည်။ တော်တော်သနားစရာကောင်းသော သူတွေလို့လည်း မြတ် ထင်ခဲ့ပါသည်။ ဒါကြောင့် ကိုယ်ကိုယ်တိုင်လည်း တစ်ဖက်သတ် ချစ်ရသူ ဖြစ်မှာမျိုး မြတ် အလွန်အမင်း စိုးထိတ်ခဲ့ဖူးလေသည်။ စိုမှာစိုးလို့ မိုးမိရတယ် ဆိုတဲ့ အဖြစ်မျိုးလို တစ်ဖက်သတ် ချစ်ရမှာ ကြောက်သူကို ကံကြမ္မာက တစ်ဖက်သတ် စတင်ချစ်ဖြစ်လာအောင် ဖန်တီးစေနိုင်ခဲ့တာတော့ မြတ်လည်း မတတ်နိုင်တော့။

ဒါ မြတ်နဲ့ လက်ထပ်ပေးမဲ့သူလို့ ဓာတ်ပုံတစ်ပုံယူလာပြကာ မေမေ ဆိုခဲ့စဉ်က ဓာတ်ပုံလေးနဲ့တင် ရင်ခုန်ချစ်စိတ်တွေ ဝင်ကာ အမှန်အကန်ကို ချစ်မြတ်နိုးသွားခဲ့ရသော မြတ်ဟာ သူ ကိုယ့်ကို မချစ်ဘဲနဲ့ လက်ထပ်မှာမျိုးလည်း လုံးလုံးမလိုလားခဲ့တာ အမှန်။

ဒီအသက် ဒီအရွယ်အထိ အချစ်ကို မကြုံဘူး မဆုံဘူးတဲ့ မြတ်ဟာ ကိုယ်က တကယ်ချစ်ရတဲ့အခါမှာ ကိုယ့်ကိုလည်း တကယ် ချစ်မြတ်နိုးတဲ့ အချစ်မျိုးကိုပဲ လိုချင်ခဲ့ပါသည်။ အချစ်ဆိုတာ ဖန်တီးလုပ်ယူလို့ မရဘူးဆိုတာ မှန်ပေမဲ့ ကိုယ်ချစ်တဲ့လူက ကိုယ့်ကို စိတ်ဝင်စားလာအောင်၊ ကရုဏာသက်လာအောင်တော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ယူလို့ ရတာပဲမလား။ ချစ်တာ မချစ်တာကတော့ ကိုယ့်ရဲ့ ကံတရားအတိုင်းပဲမို့ ဒါကိုတော့ မြတ် ရင်တထိတ်ထိတ်နဲ့ စောင့်ရတော့ပြီ။

မြတ် တတ်နိုင်တာသည် မျက်ဝန်းစကားတွေပဲ ဖြစ်ပါသည်။ သားဇော်ရဲ့ မေတ္တာတွေကို ချူယူဖို့ ရှန်းမြသည့် အကြည့်တွေကလွဲလို့တော့ မြတ်သည် မိန်းကလေးတို့၏ ဣန္ဒြေကို အစွန်းတော့ မခံခဲ့။

အချစ်အကြောင်းကို အကျယ်တဝင့်တော့ မြတ် နားမလည်ခဲ့ပါ။ လူတစ်ယောက်နှင့် တစ်ယောက် ချစ်ကြဖို့ရာ လွယ်မယောင်နှင့် ခက်သလို၊ တစ်ခါတော့လည်း ခက်မယောင်နှင့် လွယ်နေတတ်လေသည်။ နောက်ဆုံးတော့ မြတ် သေချာနားလည်သွားခဲ့တာသည် မြတ် ချစ်သော သူတစ်ယောက်က မြတ်ကို ပြန်ချစ်လာခြင်းသည် မြတ် ကံကောင်းလို့ပဲဟု ဆိုရတော့ပေမည်။

ကံကောင်းစွာနှင့်ပင် မြတ် တစ်ဖက်သတ်အချစ်မှ လွတ်မြောက်သွားခဲ့ခြင်းအတွက် အထူးဝမ်းသာရသလို လောကမှာ ကိုယ်ချစ်သော သူတစ်ယောက်က ကိုယ့်ကို ချစ်လာခြင်းသည် အင်မတန် ကြည်နူးစရာကောင်းမှန်း သိခဲ့ရပါသည်။





ဒီပုံအတိုင်းဆို မြတ် အပေါ် အမှန်တကယ် ချစ်မြတ်နိုးခဲ့သော သားဇော်နှင့် မြတ်ရဲ့ ချစ်ခရီးလမ်းဟာ ဖြောင့်ဖြောင့်ဖြူးဖြူးနှင့် လမ်းဆုံးဖို့ပဲ ရှိပါသည်။ ဒီအတိုင်းတော့ မြတ်က လမ်းမဆုံးလိုပါ။ အချစ်ဟာ သုခချည်း မဟုတ်ဘဲ ဝမ်းနည်းရတာ ခံစားရတာတွေ ရှိကြောင်း သူ့ကို နားလည်စေချင်သေးသည်။

မြတ် ခံစားရသလိုမျိုး ခံစားဖူးစေချင်လေသည်။ ကိုယ်ချစ်ရတဲ့ လူတစ်ယောက်မှာ ရည်းစားတွေ များခဲ့တာကို ဘယ်သူက သဘောတူ ကျေနပ်ကြည်ဖြူတယ်ရယ်တော့ ဘယ်ရှိပါမလဲ။ အားလုံးဟာ မလွှဲသာ မရှောင်သာ ဒါတွေဟာ ကိုယ့်ရဲ့ ချစ်စိတ်နဲ့ယှဉ်လျှင် နိုင်းမရတဲ့ ပမွှားလေးတွေမို့ မျက်စိတစ်ဖက်မှိတ် ပေးထားခဲ့ရတာပဲ မဟုတ်လား။

တော်တော်များများဟာ အချစ်စစ်မှင့် တကယ်ချစ်လာပြီဆိုရင် ဒါတွေလည်း ခွင့်လွှတ်ပေးရတာပဲ ဖြစ်ပါသည်။ မြတ်လည်း သူ့ကို ခွင့်လွှတ်ပေးခဲ့ရတာပဲ။ သားဇော်လည်း တကယ်ချစ်လာသောအခါ မြတ်မှာ သိပ်ချစ်ရတဲ့ချစ်သူ ရှိတယ်ဆိုတာတောင် ကျေနပ်စွာနဲ့ စောင့်ပါ့မယ်တဲ့။ စောင့်တော့ သားဇော်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မြတ် ရှင့်ကို နောက်ဆုံးဖိုင်နယ်ကိုတော့ စမ်းသပ်စစ်ဆေးရလိမ့်ဦးမယ်။ မြတ်တို့ရဲ့ အချစ်ဇာတ်လမ်းကို ဒီအတိုင်း ရိုးရိုးလေးထက် တစ်မျိုးသော ဆန်းသစ်စိတ်လှုပ်ရှားဖွယ်တွေနဲ့ မြတ် စီစဉ်ချန်ထားရစ်ခဲ့မယ်။

"မြတ်ရေ ... ဖုန်းလာပြီ"

ခက်ခက်ရဲ့ အသံကြောင့် မြတ်က ဆတ်ခနဲ ဖြစ်သွားရကာ အိမ်ထဲဝင်လျက် over sea (အိုဗာဆီး)ဖုန်းကို လက်ခံပြောပါသည်။ ဒီဖုန်းကို မြတ် စောင့်နေတုန်း အချိန်မှာ အားနေတဲ့ မြတ်ရဲ့စိတ်တွေဟာ ချစ်တဲ့သူဆီ လွင့်ပျံသွားတာဖြစ်သည်။

ဩော် ... အချစ်ဆိုတာ ဘယ်လောက်ပဲ အလုပ်တွေများများ၊ နေရာတွေ ဝေးနေကြလည်း စိတ်ရဲ့တစ်ခဏအားတဲ့ အခိုက်တန့်လေးတော့ ကိုယ်ချစ်တဲ့သူဆီ ချက်ချင်းကို အပြေးအလွှား ရောက်ရှိသွားတော့တာပါပဲ။

မြတ်က ဖုန်းပြောပြီးသွားတာနဲ့ ဝရန်တာမှာ လက်ဖက်သုပ်ပန်းကန်နှင့် စောင့်လျက်ရှိသော ခက်ခက်ရဲ့ အနားသို့ ပြန်လာခဲ့သည်။

"ဘာတဲ့လဲ မြတ်။ အဆင်ပြေတယ်တဲ့လား"



"ပြေပါတယ်။ ဒီက ပတ်စပို့ ကျလာတာနဲ့ တစ်ပြိုင်နက် ငါ ထွက်လို့ရပြီ။ ပတ်စပို့က သိပ်မကြာလောက်ဘူး၊ ဒီကြားထဲ ငါ မန္တလေး ခဏပြန်မှနဲ့ တူတယ်"

"ငါရော လိုက်မှာပေါ့။ တို့တွေ လေယာဉ်နဲ့ပဲ သွားရအောင်လေ၊ အပြန်ကျ သူရ ရန်ကုန်လာမှာဆိုတော့ သူရကားနဲ့ ပြန်လိုက်လာလို့ ရတာပေါ့"

"အေး ... အဲဒါ ကောင်းတယ်၊ ငါတို့ သက်သာတာပေါ့၊ ဒါဆို မနက်ဖြန်ပဲ လက်မှတ်စီစဉ်တော့မယ်၊ ရတာနဲ့ ချက်ချင်းသွားတာပေါ့"

"နှင် အန်တီ့ကို ပြောပြတော့မယ်ပေါ့"

"အင်းလေ ... မေမေကလည်း ဒီလောက်ဆို တော်လောက်ပြီပေါ့တဲ့။ ငါကလည်း ကျေနပ်ပါပြီ။ ဒါပေမဲ့ သူ့ကို ညှိုင်းသွားဦးမှာပါ"

"ကောင်းတယ် ... ညှိုင်းသာညှိုင်း"

ခက်ခက်ရဲ့ ဝမ်းသာအားရ ထောက်ခံသံကို မြတ်က မကြားမိတော့ဘဲ မကြာမီ ကြုံတွေ့လာရတော့မဲ့ အနာဂတ်၏ ပျော်ရွှင်ဖွယ်တွေကိုပဲ ကြိုတင်စိတ်ကူးယဉ်မိပါသည်။ လူကြီးတွေရဲ့ စီမံမှုဖြင့် မြတ်တို့ စေ့စပ်ကြရပါတော့မည်။ အဲဒီအတွက် သူ့

www.burmeseclassic.com



ဘတ်က ပျော်ရွှင်ရသလို မြတ်ရဲ့ မျက်နှာကိုလည်း အရိပ်တကြည့်ကြည့်ဖြင့် သူ ဘာပြောချင်နေသည် ဆိုတာကိုလည်း မြတ် သိနေပြီးသား ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ပျော်ရွှင်မှုတွေချည်း ချက်ချင်း မပေးချင်သေးပါဘူး။

မြတ် ခံစားခဲ့ရတာမျိုး အားလုံး မဟုတ်တောင် နည်းနည်းတော့ မြည်းကြည့်စမ်းစေချင်လေသည်။ ဂျပန်ကို နှစ်လ သောက် ဒီဇိုင်းလေ့လာရေးခရီးစဉ်ဟာ မြတ်နှင့် ခက်ရဲ့ လျှို့ဝှက် အစီအစဉ်ဖြစ်ကာ ပတ်စပို့၊ ဗီဇာ၊ လေယာဉ်လက်မှတ် အားလုံး သေချာတော့မှ မေမေတို့ကို အသိပေးမှာ ဖြစ်ပါသည်။

"သားဖော် ... မြတ် မနက်ဖြန် လေး ပြန်မလို့"

"ဟုတ်လား ... ဘယ်တော့လဲ။ ဘာနဲ့ပြန်မှာလဲ၊ ပြန်ရင် ပြောဦးနော်။ တိုယ် အန်တီတို့ဖို့ လက်ဆောင်တွေ ပေးလိုက်ချင်လို့"

"ပြန်မှာကတော့ ခုပဲ။ ခဏနေ ပြန်တော့မှာ"

"ဟင် ... တကယ်လား။ ဟာ ... မြတ်မြတ်က ကြိုလည်း မပြောဘူးကွာ၊ ဘာနဲ့ ပြန်မှာလဲ၊ လေယာဉ်နဲ့လား"

"ဟုတ်တယ်၊ ကိုးနာရီ Air Mandalay နဲ့ပါ"





"ဟာ ... မြတ်မြတ်က တကယ်ဆိုးတယ်ကွာ၊ ဘာလို့ ကြိုမပြောတာလဲ"

"သားဖော်နဲ့လည်း မတွေ့ဖြစ်လို့ပါ။ ဘာဖြစ်လို့လဲ မြတ် အိမ် မြတ်ပြန်တာပဲ။ ဒါ သိပ်ထူးဆန်းတာမှ မဟုတ်တာပဲ"

"အဲဒီလို မတွေးပါနဲ့ မြတ်မြတ်ရယ်"

ချက်ချင်းဆိုသလို ညှိုးသွားသော သူ့မျက်နှာကို ကြည့်လျက် မြတ်မှာ ရယ်ချင်ရသလို သနားလည်း သွားရလေသည်။ အင်း ... ဒါတောင် နမူနာပဲ ရှိသေးတယ် သားဖော်ရယ်။ မြတ် ရှင့်ကို အသိမပေးဘဲ ဂျပန်ကို ထွက်သွားတယ်ဆိုရင် ရှင် ဘယ်လိုများ နေကျန်ရစ်ခဲ့ပါလိမ့်မလဲနော်။

မြတ်မြတ်က ငြိမ်သက်သွားသော သားဖော်ကို အားပေးပြုံး တစ်ခုဖြင့် နှုတ်ဆက်ပြီးပြကာ ထွက်ခွာလာခဲ့ပါသည်။ မြတ်ရဲ့ ခေါင်းထဲမှာတော့ အလုပ်ကိစ္စတွေ တစ်ခုမှ မရှိတော့ဘဲ မြတ်ရဲ့ စေ့စပ်ပွဲကိစ္စရယ်၊ ဂျပန်ခရီးစဉ်ရယ်ကသာ မင်းမူကြီးစိုးနေလျက် ရှိပါသည်။ အဲဒါတွေအပြင် မြတ် သွားကာနီးအချိန်မှာ မြတ်ရဲ့ နှလုံးသားတစ်ခုလုံးကို ဖွင့်လှစ်ပြသနိုင်ခဲ့မည့် ဒိုင်ယာရီ တစ်အုပ်ကိုလည်း မြတ် ဆက်ရေးရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သားဇော်ရဲ့ ဓာတ်ပုံလေးကို စတွေ့ခဲ့တဲ့ အချိန်က တည်းက စတင်ရေးသားလာခဲ့ရတဲ့ မြတ်ရဲ့ နှလုံးသားဒိုင်ယာရီ လေးကို မြတ် ဆက်ရေးပါလိမ့်မည်။ အဲဒီ ဒိုင်ယာရီလေးဟာ မြတ် လေယာဉ်ပေါ် ရောက်သွားတဲ့ အချိန်မှာ သားဇော် အတွက် မြတ်ကိုယ်စား ကြည်နူးချမ်းမြေ့ဖွယ်ရာတွေ ပေးလာနိုင်လိမ့်မည် ဟုလည်း မြတ် ကြိုတင်မှန်းဆထားခဲ့မိလေသည်။









မြတ်မြတ် မန္တလေး ပြန်သွားသော ရက်တွေမှာ သူ မြတ်မြတ်ကို အလူးအလဲ လွမ်းခဲ့ရလေသည်။ သူ့ဘဝတစ်သက်တာမှာ အလွမ်းဆိုတာ ဒါပထမဦးဆုံးအကြိမ် ခံစားဖူးခြင်းပင်။

ဘာကိုလွမ်းမှန်း မသိရအောင် အလွမ်းဒဏ်တွေက သူ့ကို တော်တော်ကြီး ဖိစီးနှိပ်စက်ထားကာ လူလည်း ဘာမှကို မလုပ်ချင်အောင် စိတ်ပိန်ရလေသည်။ ရေကူးလည်း စိတ်မပြေ၊



www.burmeseclassic.com

www.burmeseclassic.com



တင်းနစ်ရိုက်တော့လည်း သတိရစရာတွေ ပိုဖြစ်လာတာမို့ နောက်ဆုံး ကိုယ့်အလုပ်ထဲပဲ အာရုံစိုက်ထားတာ အကောင်းဆုံးဟု ယူဆပြီး အလုပ်တွေထဲပဲ စိတ်နှစ်ပစ်ရပါသည်။

မြတ်မြတ် မရှိတော့ မြတ်မြတ် ကိုယ်စားပါ နှစ်ယောက်စာ ပေါင်းလုပ်ရတာမို့ သူ့ အဖြစ်က လွမ်းဒဏ်ရော၊ အလုပ်ဒဏ်ရော ပိကာ ပိန္နမ်းနယ်နေရလေသည်။

စေ့စပ်ဖို့က နှစ်လကျော်လောက် လိုသေးတာမို့ ကြားထဲမှာ မြတ်မြတ် စိတ်တွေ ပြောင်းလဲသွားမလား၊ အချစ်ဟောင်းနဲ့ပဲ ပြန်လည်ဆုံစည်းသွားမလား၊ အမျိုးမျိုးတွေးကာ ရင်မောနေရသူလည်း ဖြစ်နေပြန်ပါသည်။

စိတ်ညစ်ညစ်ဖြင့် နေ့ခင်းစာတောင် စားချင်စိတ်မရှိဘဲ အခန်းထဲမှာပင် အောင်းနေသော သူ့ထံသို့ ထင်မှတ်မထားသော သူတစ်ဦးက ပေါက်ချလာခဲ့လေသည်။

"ကိုသားကြီး"

"ဟင် ... သူရ"

သူ့ကို ရင်းနှီးခင်မင်စွာဖြင့် ကိုသားကြီးဟု ခေါ်တတ်သူမှာ မြတ်မြတ်ရဲ့ မောင်လေး သူရပဲ ရှိပါသည်။ သူရကို ရုတ်တရက်ကြီး တွေ့လိုက်ရသဖြင့် အံ့သြသွားတာတော့ အမှန်ပင်။





ဒါပေမဲ့ ချက်ချင်းလည်း ဝမ်းသာသွားရကာ ထိုင်ရာမှ ထကာ အပြေး ကြိုမိပါသည်။

"သူရ ... ဘယ်တုန်းက ရောက်လဲ"

"မနက်ကပဲ။ အပြင်မှာ မခက်လည်း ပါတယ်"

"ဟုတ်လား၊ မြတ်မြတ်ရော ..."

မနေနိုင် မထိုင်နိုင် လွှတ်ခနဲ ထွက်သွားသော သူ့ ပါးစပ်ကို အားနာရသော်လည်း သူရကတော့ ဘာမှမဖြစ်သည့် အလား ခပ်ပြုံးပြုံးပင် ရှိကာ သူ့ထိုင်ခုံမှာ အေးအေးဆေးဆေး ဝင်ထိုင်လိုက်ရင်း ...

"အဲဒါတွေ ထားပါ။ ကျွန်တော် ခုပြောမှာ ဒီထက်အရေးကြီးတယ်။ ကိုသားကြီးက မမမြတ်ကို တကယ်ပဲ ချစ်တာလား"

ဘယ်လိုမေးခွန်းမျိုးလဲ ဟု မထင်ခဲ့ပေမယ့် ... ဘယ်လိုပေါက်ဖလောင်းလေးလဲ။ ဒီစကားကို သူရက ဘာမျက်နှာမှမပျက် ခပ်အေးအေးပင် မေးနိုင်စွမ်း ရှိသော်လည်း သူကတော့ ချက်ချင်းပင် နားထင်နားရင်းတွေ ပူလာအောင် မျက်နှာပူသွားရလေသည်။

မြတ်မြတ်တို့ မောင်နှမတွေဟာ တယ်လည်းဆန်းတဲ့ စိတ်ထားတွေနှင့်ပါလား။ ကြာရင် သူ့ခဲ ခေါင်းချောင်သွားရကိန်း

www.burmeseclassic.com



မြင်ပါသည်။ အစ်မလုပ်သူကလည်း ကြံကြီးစည်ရာ စိတ်ကူးတွေနှင့် လုပ်ချင်တာ လုပ်သလို၊ မောင်ဖြစ်သူကလည်း ခပ်တည်တည်ပင် မေးခွန်းလာထုတ်နိုင်သောအခါ ...။ သူ့အနေဖြင့် တကယ်လည်း နားလည်ခေတ်မီသော လူသားလေးအဖြစ် သတ်မှတ်ရတော့မှာပါပဲ။

"ပြောလေ ကိုသားကြီးရာ။ ဒါ အရေးကြီးတယ်"

"အင်း ... ကိုယ် မြတ်မြတ်ကို တကယ်ပဲ ချစ်ပါတယ်ကွာ။ ဘာလို့လဲ"

"ချစ်ရင် ပြီးတာပဲ။ မမမြတ်ကို ရုပ်ချောတာနဲ့ ချစ်သွားတာတော့ မဟုတ်ဘူးမလား"

လာပြန်ပြီ တစ်ယောက်။ လူတွေက ဒါကိုပဲ မြင်တတ်ကြသလားကွာ။

"မဟုတ်ပါဘူးကွာ။ သူ ကိုယ့်ကို လက်မထပ်လိုလို့ အဲဒီပုံစံ ဖမ်းနေတဲ့အချိန်၊ အဲဒီမှာ သနားကရုဏာ သက်သွားရတာကနေ ကိုယ် ချစ်သွားခဲ့တာပါ"

သူ့စကားကို သူရက အတော်ကြီး ချမ်းမြေ့ကျေနပ်သွားသော မျက်နှာဖြင့် ...

"ဝမ်းသာပါတယ်၊ ဒါဆို ကိုသားကြီးကို ကျွန်တော် ပြောပြတော့မယ်"





"ဘာပြောမှာလဲ"

"ဒါတွေကို ကျွန်တော် ပြောတယ် ဆိုတာကို မမမြတ်ကိုရော၊ မမခက်ကိုရော ပြန်မပြောရဘူးနော် ...။ ဒီလို ... တကယ်တော့ မမမြတ်က ကိုသားကြီးကို ဟိုးအရင်ကတည်းက သံယောဇဉ် ရှိခဲ့တာပါ ...

ဒါပေမဲ့ မမမြတ်ရဲ့ စိတ်ကလည်း တစ်မျိုးပဲ။ မိဘတွေကလည်း သဘောတူ၊ ကိုယ့်ဘက်ကလည်း သံယောဇဉ်ရှိ ချစ်ခင်ရဲ့သားနဲ့ ဘာစိတ်ကူးတွေပေါက်ပြီး သနပ်ခါးဖြစ်ထူတွေ လိမ်းလည်းတော့ မသိပါဘူး ...

သေချာတာတော့ သူ ကိုသားကြီးကို ချစ်တယ် ဆိုတာပဲ။ ကျွန်တော့်မမ ချစ်တဲ့လူကို ကျွန်တော်ကလည်း ချစ်တာပါပဲ။ ကိုသားကြီးနဲ့ ကျွန်တော်နဲ့က ပေါင်းလို့ အဆင်လည်း ပြေမှာ။ ဒါပေမဲ့ မမက ဘာတွေလျှောက်လုပ်နေမှန်း မသိတော့ သူချစ် ကိုယ်ချစ် လူနှစ်ယောက် လွဲသွားမှာ စိုးတယ်။ ဒါကြောင့် ကျွန်တော် ပြောပြတာ ...

သူ ဘာတွေပဲလုပ်လုပ် သည်းခံပြီးတော့သာ နေလိုက်ပါ။ ဒါ သူ ကိုသားကြီးကို စမ်းသပ်နေတာ။ တကယ်တော့ မမက ကိုသားကြီးကို ဓာတ်ပုံစမြင်ကတည်းက ချစ်နေခဲ့တာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို … ဘယ်လို … ဒါတွေက …"

သူ ရုတ်တရက် ယုံတောင် မယုံချင်ပေ။ ဒါပေမဲ့ မြတ်မြတ်ရဲ့မောင် အရင်းခေါက်ခေါက် ကိုယ်တိုင် လာပြောနေတာလည်း ဖြစ်နေပြန်ပါသည်။

"မြတ်မြတ်မှာ ချစ်သူ ရှိတယ်မလား"

"ဟာ … ဘယ်ကရှိရမှာလဲ။ ရှိရင်လည်း အဲဒါ ကိုသားကြီးပဲ။ ကျွန်တော် ပြောပြီးပါပကော၊ သူ အမျိုးမျိုးစမ်းသပ်လိမ့်မယ်လို့။ ဘာလဲ မမက ချစ်သူရှိတယ် ပြောတာနဲ့ နောက်ဆုတ်ပြီးပြီလား"

"ဟာ … မဆုတ်ပါဘူး။ ကိုယ် အမြဲစောင့်မယ်လို့ ပြောပြီးသားပဲ"

"အိုခေ … ဒါမျိုးမှပေါ့"

ချက်ချင်းပင် သူရင်နှင့် သားဖော်တို့ နှစ်ဦးသားရင်ချင်းအပ်ကာ ခွေးခွေးထွေးထွေး ပွေ့ဖက်နှုတ်ဆက်မိကြကာ အဲဒီတစ်ခဏမှာပင် ညီအစ်ကိုရင်းတွေလို ဖြစ်သွားခဲ့ပါသည်။

မြတ်မြတ်ရယ် … မင်းဟာ တော်တော်လည်း တတ်နိုင်တဲ့ မိန်းကလေးပါပဲ။ ကိုယ့်ကို ချစ်နေသားနဲ့များ ဘာကြောင့် ဒီလိုတွေလုပ်ခဲ့တယ်ဆိုတာ ကိုယ် နားလည်း မလည်နိုင်တော့ပါဘူး။





အင်းလေ … လောလောဆယ်တော့ နားလည်းမလည်ချင်သေးပါဘူး။ အားလုံးဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ရှင်းလင်းပြီး ပြတ်သွားမှာပဲ မဟုတ်လား။ ခုလောလောဆယ်မှာ မြတ်မြတ် ကိုယ့်ကို ချစ်တယ်ဆိုတာလေး တစ်ခုကိုသိခွင့်ရလိုက်တဲ့အတွက် ဒီနေရာ ဒီအချိန် ခဏမှာ ကမ္ဘာပေါ်ကအပျော်ဆုံး လူသားဟာ ကိုယ်ပါပဲ။

အချိန်အတော်ကြာ ဖက်ထားကြပြီးမှ သူရဲက စတင်ကာ …

"ကဲ … ဒါဆို ကျွန်တော် စိတ်ချပြီ။ အပြင်မှာ မခက်လည်း စောင့်နေတယ်။ သူ့ မေးစရာရှိလို့တဲ့။ သူ့ဘာသာဘာပဲမေးမေး၊ ပြောပြော မယုံနဲ့။ ယုံရမှာ တစ်ခုကတစ်ခုတည်းပဲ …

နောက်မှ ဆုံမယ်။ ကျွန်တော် သွားပြီ"

ချစ်စရာကောင်းသော ချာတိတ်လေး ထွက်သွားအပြီးမှာပဲ ချစ်ရာကောင်းသော မျက်နှာလေးဖြင့် စာအုပ်အဖြူလေးတစ်အုပ်ကို ကိုင်ကာ ဝင်လာသူသည် ခက်ခက်ပဲ ဖြစ်ပါသည်။

ကဲ … ခက်ခက်ရေ၊ ဘာတွေ လိမ်ဆင်တဝ် လိုမ့်ဦးမှာလဲ။ ဘာတွေပဲပြောပြော အပျင်းတော့ ပြေရတာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခက်က ကျွန်တော့်ကို ပေးစရာ ရှိလို့ဆို"

"အင်း ... ဟုတ်တယ်။ ဘာလဲ သူရ ပြောသွားတာလား"

"ဟုတ်တယ်"

ခက်ခက်က မျက်ခုံးတပင့်ပင့်ဖြင့် မေးတဆတ်ဆတ် ပြုံးကာ သူ့ကို သားရေအပြာဖုံး ဒိုင်ယာရီစာအုပ်လေး တစ်အုပ် ကမ်းပေးလာပါသည်။ သူက ချက်ချင်းမယူသေးဘဲ စာအုပ်လေးကို ငဲ့ကြည့်ကာ ...

"ဘာစာအုပ်လဲ ခက်ခက်ရဲ့"

"ယူလိုက်ပါ၊ သားဇော် ဖတ်ဖို့အတွက် မြတ်မြတ်က ပေး ခိုင်းလိုက်တာပါ"

"ဘာတွေ လိမ့်ဦးမလို့လဲ ခက်ခက်ရယ်။ မြတ်မြတ်ကိုရော မေးလိုက်စမ်းပါဦး။ ဘာစိတ်ကူးတွေနဲ့ ဒီလိုမျိုးတွေ လုပ် ရတယ်ဆိုတာကို ကျွန်တော် နားလည်း မလည်နိုင်တော့ဘူး။ ဒါပေမဲ့ ကျွန်တော် ..."

သူ ဆက်မပြောရသေးခင်မှာပဲ ခက်ခက်က လက် ကာပြလိုက်ကာ ...

"သားဇော် သိချင်တာတွေ ဒီစာအုပ်ထဲမှာ အကုန်ရှိပါ တယ်၊ ဖတ်ပြီးရင်သာ မြတ်မြတ်ရဲ့ လက်ကိုင်ဖုန်းကို ခေါ်လိုက်ပါ၊ ဟုတ်ပြီလား၊ ခက် သွားတော့မယ်"





သူကတော့ မျက်ခုံးတပင့်ပင့်ဖြင့် ကျန်နေရစ်ခဲ့ပါ သည်။ သူ့လက်ထဲက စာအုပ်လေးကို ရင်ခွင်ထဲ အသာပိုက်ကာ ဆိုဖာပေါ်ထိုင်၍ ပထမဦးဆုံး စာမျက်နှာကို စလှန်လိုက်ပါသည်။ ဘာတဲ့ ... မျက်နက်ဝန်းရဲ့ မေတ္တာတံချူ ဆိုပါလား။ လက်ရေး ဝိုင်းဝိုင်း သော့သော့လေးတွေဖြင့် ညီညာစီကာ လှပနေသော မြတ်မြတ်ရဲ့ ဒိုင်ယာရီကို တစ်ရွက်ချင်း တစ်ရွက်ချင်း လှန်ဖ ရင်းကနေ သူ့နှုတ်ခမ်းဖျားတွေလည်း အပေါ်သို့ ကော့ညွှတ်ကွေး ၍ တက်လာရပါသည်။ ဖုန်းဆက်ပြီး ကိုယ်တို့တွေ တွေ့ရတော့ အောင် မြတ်မြတ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မျော်ရှင်ရေစေတော်ကို အမြဲ[illegible] ခံစားတာပဲ ကောင်းပါတယ် သားဇော်ရယ်။ မြတ်က ရှင့်ကို ရှင်မချစ်ခင်ကတည်းက ချစ်ခဲ့ရတဲ့အကြောင်း ရှင်သိပြီးသွားတဲ့အခါမှာ ဝမ်းသာရတဲ့အဆင့်မှာပဲ ရပ်ကာ ဝမ်းသာလက်စနဲ့ ဝမ်းသာနေပါတော့။

မြတ် မမှုလေး ပြန်နေတဲ့ အချိန်မှာပဲ ထင်ထားတာထက်ကို ပတ်စပို့ အမြန်ရလာတာရော၊ လေယာဉ်လက်မှတ်လည်း ရလာတာရောကြောင့် ချက်ချင်းသွားဖို့ အကြောင်း[illegible] ခဲ့ရတာလေ။ ဒါကြောင့် မေမေတို့ကို ချက်ချင်း ပြော[illegible] ရန်ကုန်ကို ချက်ချင်း ပြန်လာခဲ့ရတော့တာပါပဲ။

ဒါတွေကို မသိရှာသေးတဲ့ မောင်လေး သူရကတော့ မြတ်ရဲ့လုပ်ရပ်တွေကို အဓိပ္ပာယ်မရှိလှဘူး တဖွဖွပြောကာ ရန်ကုန်လိုက်ဖို့ ဆိုင်းပြင်းနေခဲ့တာပေါ့။

မြတ် သိတာပေါ့။ သူရ ရန်ကုန် လိုက်လာပြီး ဘ[illegible] လုပ်တော့မယ်ဆိုတာကို။ ဒါပေမဲ့ မြတ် မမှုတော့ပါဘူး။ သူ မပြောလည်းဘဲ မြတ်က ခရီးထွက်ရတော့မှာမို့ လွမ်းဒဏ်တွေ ပိနေမဲ့ဟာကို ကြိုသိတဲ့အတွက် မြတ်ရဲ့ ဒိုင်ယာရီကို ပေးခဲ့ဖို့ စိတ်ကူးနေပြီးသားပဲ သားဇော်ရယ်။

မြတ်ရဲ့ အရည်အချင်းတွေထဲမှာ ကိုယ်ချစ်ရတဲ့လူတွေရဲ့စိတ်ကို ကြိုတင်အကဲခတ် ဖတ်နိုင်စွမ်းတွေလည်း ပါ,ပါတယ်။







အခုချိန်လောက်ဆို သားဇော် တစ်ယောက် မြတ်မြတ်ရဲ့ ဒိုင်ယာရီကို ဖတ်ပြီးကာ မြတ်ရဲ့ လက်ကိုင်ဖုန်းကို အပြေးအလွှား ဆက်နေလိမ့်မည်ဟု မြတ် ထင်ပါသည်။ ဒါပေမဲ့လည်း မြတ်နဲ့ တွေ့ရတော့မှာမှ မဟုတ်ဘဲ။ မြတ်က ဒီအချိန်မှာ စင်ကာပူ Silk Air လေယာဉ်ကြီးပေါ်မှာ ရောက်ရှိနေခဲ့ပြီ ဖြစ်လေသည်။

www.burmeseclassic.com



...ကျောပ်ဖြစ်ဖြစ် သားဇော်နဲ့ မြတ်ဟာ ...တွေ သဘောတူလို့ လက်ထပ်ခဲ့ရတာထက်စာရင် မြတ်တို့ရဲ့သမိုင်းမှာ ဒီလို ဖြစ်ရပ်လေးတွေ ရှိခဲ့တာဟာ နောင်တစ်ချိန်ကျ ပိုပြီး အမှတ်ရစရာတွေ ဖြစ်မလာနိုင်ဘူးလားကွယ်။

တစ်ဖက်သတ် ချစ်ကြရတဲ့ အချစ်တွေမှာ ယောကျ်ား လေးတွေထက် မိန်းကလေးတွေက ပိုပြီး ခံစားနောက်ကျခဲ့ရတာတွေ ...ါတယ်။ လူတစ်ယောက်ဟာ ကိုယ့်ကို ချစ်လာအောင် ...နည်းစုံနဲ့ ဆွဲဆောင်ခွင့် ရှိပေမဲ့ တစ်ဖက်သားရဲ့ မချစ်ပိုင်ခွင့် ...ညီး သူ့မှာ အပြည့်အဝ ရှိပါတယ်။

ဒါကြောင့် အချစ်ဆိုတာ ဖန်တီးပြုပြင်ယူလို့ မရပေမဲ့ အချစ်ဖြစ်လာဖို့ မေတ္တာ၊ ကရုဏာတွေ ချဖို့ ကြိုးစားရင်တော့ ...ရင် ရနိုင်ကောင်းတယ်လို့ ထင်မိတော့တာပါပဲရှင်။ "ချစ်ခြင်း အစ မျက်စန်းက"ဆိုတဲ့ စကားဟာ မြတ်အတွက်တော့ ရာနှုန်း ဝ၀ဂ် မှန်နေတော့တာပဲ မဟုတ်ဘူးလားလေ။

စာဖတ်ပရိသတ်များအတွက်
ထာဝရ

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်ချက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com